
WWW. MMTEASHOP. COM
"မောင်ချမ်းသာ၏ ချမ်းသာနည်း"
(1)
Typing by - han soe tun

# မောင်ချမ်းသာ၏ ချမ်းသာနည်း (၁)

Typing – han soe tun

Cover – noel (ရွှေရည်)

Proof&pdf - ကင်းကောင်

www.mmteashop.com

မှ

စီစဉ်တင်ဆက်သည်

## ကျွန်တော်ချမ်းသာချင်တာအရမ်းပဲ

"ငရုတ်သီး ငါးကျပ်သား၊ ပန်းသီး ငါးကျပ်သား၊ ငရုတ်ကောင်း ငါးကျပ်သား၊ ချင်း ငါးကျပ်သား၊ ဇဝက်သာ ငါးကျပ်သား၊ ဒုတ်ထာ ငါးကျပ်သား၊ အခေါက်ရွှေ ငါးကျပ်သား၊ အမှုန့်ပြု ငရဲမီး လက်ဖက်ရည်ပန်းကန် တလုံးစာထည့် သမအောင်မွှေ မြေအိုးမှာသိပ် မြေစလောင်းဖုံး ရွှံ့မံ စပါးခွံမီးငွေ့ငွေ့နဲ့ ခုနစ်ရက်ကြာအောင် ဖုတ်၊ ရလာသောပြာကို မီးတောက်အရက်နဲ့တေ၊ ဆီးစေ့ခန့် အလုံးလေးများပြု နံနက်တလုံး ညတလုံး ရေသန့် တစ်ဖန်ခွက်နှင့်..."

"ဦးလေး အဲဒါကို မှီဝဲရင် ချမ်းသာရောလား"

"ကျွန်တော်တူတော်မောင် မောင်သိန်းက သွားရည်ယိုနေတဲ့ မျက်နှာနဲ့ ကျွန်တော်ကို မေးတယ်ခင်ဗျာ"

မောင်သိန်းက အရမ်း ချမ်းသာချင်နေတာဗျာ၊ ကျွန်တော့်ဆီ ရောက်တဲ့အခါ သူဌေးဖြစ်နည်းကို မေးလေ့ရှိတယ်ခင်ဗျ။

"ဟေ့ကောင် မောင်သိန်း လောကမှာ ချမ်းသာချင်တဲ့သူတွေချည်းပဲကွ၊ ဒါပေမယ့် ချမ်းသာအောင် လုပ်တဲ့ဖော်နည်းကတော့ မရှိဘူးကွ"

"သင်တန်းတွေဘာတွေ တက်ရင်ကော မရဘူးလား ဦးလေးရာ"

"သူဌေးဖြစ်နည်း သင်တန်းရယ်လို့လည်း မရှိဘူးကွ"

"ဒါဖြင့်ဦးလေးရာ ကျွန်တော်က သူဌေးသမီးကို ယူလိုက်ရင်ကော သူဌေး မဖြစ်နိုင်ဘူးလားဗျာ"

"ဟာ... မင်းက သူဌေးသမီးကို ယူလိုက်ရုံနဲ့တော့ သူဌေးမဖြစ်ဘူးကွ၊ သူဌေးသမီး ယောကျ်ား၊ သူဌေးရဲ့ သမက်ပဲ ဖြစ်မယ်ကွ"

"သူဌေးမ အပျိုကြီး ဒါမှမဟုတ် သူဌေးမ မုဆိုးမကြီးကို ယူလိုက်ရင်ကောဗျာ"

"ဒါလည်း သူဌေးမဖြစ်ဘူး သူဌေးမရဲ့လင်ပဲ ဖြစ်မယ်"

"ထီ သိန်း ၃၀၀ ဆုကြီး ပေါက်ရင်ကော သူဌေး မဖြစ်နိုင်ဘူးလား"

"ဒါလည်း သူဌေးမဖြစ်သေးဘူးကွ၊ မင်း ထီပေါက်သူပဲဖြစ်မယ်"

"တက်ကျမ်းတွေ ဖက်ရင်ကောဗျာ"

"တက်ကျမ်းတွေ ဖက်တာကတော့ ဖတ်တာပေါ့ကွာ တက်ကျမ်းဖက်ရုံနဲ့တော့ သူဌေးမဖြစ်နိုင်ဘူးကွ၊ မင်းဟာ စာဖတ်သူပဲဖြစ်မယ်"

"ဒါဖြင့် သူဌေးဖြစ်ဖို့ မလွယ်ဘူးပေါ့နော်"

"မောင်သိန်း... မင်းဟာ အတွေးခေါင်နေတာကွ၊ မင်းဟာ အဝေးကြီးကို ကြည့်လွန်းနေတယ်၊ အမှန်က သူဌေးဖြစ်နည်းက ဟိုးအဝေးကြီးမှာ မရှိဘူးကွ မင်းမှာ ရှိနေတာ"

"ဗျာ... ကျွန်တော် နားမလည်ဘူး"

"မင်းမှာ နားရှိတယ် မဟုတ်လား၊ မျက်စိရှိတယ် မဟုတ်လား၊ နားနဲ့ မျက်စိကို သုံးကွ"

"ပါးစပ်ကိုကော မသုံးရဘူးလား၊ ပါးစပ်ရှိနေတာပဲဟာ"

"ပါးစပ်ရှိတာ မှန်ပါတယ်၊ ဒါပေမယ့် ပါးစပ်ကို မသုံးရဘူးကွ"

"ပြောပါဦး ဦးလေး၊ ကျွန်တော် နားမရှင်းသေးလို့"

"ဒီလိုကွာ... ဟိုအဝေးကို မကြည့်နဲ့၊ မင်းတို့ လမ်းထဲမှာ မင်းတို့ ရပ်ကွပ်ထဲမှာ၊ မင်းတို့ မြို့ထဲမှာ ကြည့်လိုက်ကွာ မင်းနဲ့ လက်လှမ်းမီရာမှာ မင်းတွေ့လိမ့်မယ်၊ ဘယ်သူ စီးပွား တက်နေသလဲ၊ ဘယ်သူ စီးပွားပျက်နေလဲ စီးပွားတက်နေတဲ့သူ၊ ချမ်းသာနေတဲ့သူ၊

သူဌေးကို မင်းမြင်ပြီ၊ မင်းတွေ့နေရပြီ၊ မင်းမျက်စိနဲ့ကြည့်၊ သူဘာလုပ်နေလဲ၊ သူဘယ်လိုလုပ်ပြီး ချမ်းသာလာသလဲ၊ သူ့သတင်းကို နားထောင်၊ သူ့ဆီက တစ်စွန်းတစ ထွက်လာတဲ့ စကားကို နားထောင် ၊ ပါးစပ်ကို မသုံးနဲ့ "ခင်ဗျား ဘယ်လိုဘယ်နည်း ချမ်းသာလာသလဲဗျာ၊ ကျွန်တော်ကို ပြောစမ်းပါ" အဲဒီလို မင်းပါးစပ်က သွားမမေးလေနဲ့ သူအရမ်း စိတ်ဆိုးတယ်၊ တကယ် သူဌေးက မပြောဘူးကွ၊ သူက သူ့ရှာပုံ ရှာနည်းကိုဘယ်တော့မှ ထုတ်မပြောဘူး၊ တက်နိုင်သမျှ သိုသိပ်ထားတာ၊ ရှာပုံရှာနည်းကို ပြောပြတယ် ဆိုရင်လည်း အစစ်အမှန်တွေ ဟုတ်ချင်မှဟုတ်မှာ ထုတ်ပြောတယ်ဆိုရင်တော့ သူဌေးအစစ်တော့ မဖြစ်နိုင်ဘူး လူကြွားပဲဖြစ်မယ်"

"ဒါဖြင့်"

"ဒီလိုကွာ... သူတက်လာပုံ တက်လာနည်းကို ကြည့်ရတယ်၊ သူ ဘယ်ဘဝကနေ တက်လာသလဲ၊ သူဘာတွေ လုပ်သလဲ၊ သူ့ရဲ့စိတ်ဓာတ်က ဘယ်လိုရှိသလဲ အကဲခတ်ရတယ်ကွ၊ မသမာတဲ့နည်းနဲ့ ချမ်းသာလာတာလား၊ လောင်းကစားနဲ့ တက်လာတာလား၊ တအိအိ မှန်မှန်တက်နေသလား၊ ဝုန်းခနဲ တက်လာသလား၊ တက်လိုက်ကျလိုက် ဖြစ်နေသလား၊ သေသေချာချာ ကြည့်ပေါ့ကွ၊ မင်းအားကျနေတဲ့ သူဌေး၊ မင်းမြင် မင်းတွေ့ထားတဲ့ သူဌေးဟာ တကယ်အစစ်အမှန် သူဌေး၊ နည်းယူထိုက်တဲ့ သူဌေး၊ နမူနာယူလောက်တဲ့ သူဌေးမျိုး ဖြစ်နေပြီ၊ အားကိုး အားထားပြုလောက်တဲ့ သူဌေးဖြစ်နေပြီ ဆိုပါတော့ကွာ၊ မင်းသူ့ဆီက နည်းယူလိုက်ပေတော့ မောင်"

"ဟင်... ဒါဆို လွယ်လှချည့်လား"

"ဟကောင်... မင်းက သူဌေးဖြစ်နည်းပဲ ရသေးတာကွ၊ မင်းဟာ သူဌေးမဖြစ်သေးဘူး လေကွာ"

"အယ်... ဟုတ်သားပဲ ဦးလေး၊ ဒီလိုဆို..."

"လွယ်ပြီလေကွာ၊ မင်းသူ့ဆီက နည်းတွေရပြီ၊ မင်းလုပ်တော့ပေါ့၊ မင်းတကယ် ချမ်းသာချင်တယ်ဆိုရင် သူ့နည်းတွေ လက်တွေ့သုံး၊ တကယ်လုပ်၊ မင်းလုပ်သလောက်

မင်းချမ်းသာမယ်၊ မင်း အရမ်းကြီး လုပ်လိုက်ရင် မင်းအရမ်းကြီး ချမ်းသာမယ်၊ နည်းနည်းလေး လုပ်ရင်တော့ နည်းနည်းလေးပဲ ချမ်းသာမယ်ကွ။

(သူဌေးဖြစ်ပြီးသူများနဲ့ သက်ကြီးရွယ်အိုများ ဖတ်ရန်မလို။)

## တောက တက်လာပေလို့သာပေါ့

ချက်ဖောင်းနှင့်သားများ၊ အလုပ်ရုံ၊ တွင်ခုံ၊ ခြေလှေ့စက် အမျိုးမျိုး

ကျွန်တော်တို့သည် ဦးချက်ဖောင်း အလုပ်ရုံရှေ့ တံခါးဝသို့ ရောက်ကြသောအခါ အဆင်သင့်ပင် ဦးချက်ဖောင်း၏ တပည့် ချင်ပုံရှူးနှင့် တွေ့ကြရလေ၏။

"ဟေ့... ချင်ပုံရှူး၊ မင်းဆရာရှိလားကွ"

"ဆရာ ရှိပါတယ်ခင်ဗျာ၊ ခဏစောင့်ပါ၊ ကျွန်တော် သွားခေါ်လိုက်ပါမယ်"

မကြာမီ ဦးချက်ဖောင်း ထွက်လာ၏။ လက်ထဲမှ ကိုင်လက်စတူကြီးကို သေးခဏချလိုက်ပြီး...

"ဟာ... ဦးချမ်းသာတို့ပါလား၊ လာကြဗျာ၊ အလုပ်စားပွဲကို"

ဦးချက်ဖောင်းက ပြောပြောဆိုဆို ကျွန်တော်ရှေ့ကို သူ့ ညာဘက်လက်ကြီး ဆန့်တန်းလာတယ်ခင်ဗျာ၊ လက်ဝါးကြီးက ကျားလျှာကြီးလိုပဲဗျာ၊ ကြမ်းလိုက်တာ၊ ကျွန်တော်လက်ကို အားပါးတရကြီး ဖျစ်ညှစ်လိုက်သောအခါ ကျွန်နိုပ်၏ ဖယောင်းတိုင် ကဲ့သို့ နနယ်သော လက်ချောင်းကလေး လေးချောင်းတို့မှာ ပလာယာနဲ့ အညှပ်ခံလိုက်ရ သလိုပဲဗျာ၊ နာလိုက်တာ ဘာပြောကောင်းမလဲ၊ စိစိညတ်ညတ် ကြေသွားမလား မှတ်ရ

တယ်။ တူထုနေကြ သူ့လက်မောင်းကြီးများမှာ အဖီးမထွက်ရသေးသော ဖီးကြမ်း ငှက်ပျောဖူးကြီးလို အင်မတန် မာကျောတောင့်တင်းပဗျာ။

“ကဲ... ထိုင်ကြဦးဗျာ၊ ချင်ပုံရှူး ရေနွေးကြမ်းလုပ်ပါကွ”

ထိုင်ဆိုလို့သာ ထိုင်ရတာပါဗျာ၊ ဝပ်ရှော့အလုပ်ရုံတို့၏ ထုံးစံအတိုင်း သုံးပေလေးပေ သစ်သားစားပွဲအကြမ်း ဒီဇယ်ဆီပေနေသော ခွေးခြေများ၊ ခြေထောက်နဲ့တာကနဲ့ပဲ့တာကပဲ့ပေါ့ဗျာ၊ တိုက်ပုံဖြူဖွေးသန့်၊ ပုဆိုးမီးပူကျများနဲ့ ဘယ်လိုမှ မဟပ်စပ်ပါခင်ဗျာ။ သို့သော် သူ့ဆီကို အလှူခံလာမှတော့ သူ့စားပွဲမှာ ထိုင်ရတော့မှာပေါ့ဗျာ၊ မတ်တပ်ရပ်နေလို့ ဘယ်သင့်တော်ပါ့မလဲ။

ချင်ပုံရှူးက ပြာအလူးလူး ဆီချေးအထပ်ထပ် ပေနေသော ဓာတ်ဘူးကြီးနဲ့ လက်ဖက်ရည်ကြမ်း အညိတက်နေတဲ့ အကြမ်းပန်းကန်များကို ယူလာပြီး စေတနာ အပြည့်နဲ့ ရေနွေး ငှဲ့ပေးပါတယ်ခင်ဗျာ။ ကျွန်တော်တို့မှာ သူ့ထံမှရရှိလာမည့် အလှူငွေ မျက်နှာကိုထောက်ပြီး ဒီဇယ်နံ့သင်းသော ရေနွေးကြမ်းကို မနည်းကြီး ကြိတ်မှိတ် မျိုချနေကြရတယ်ဗျာ။

“စီးကရက် သောက်ကြဦးဗျာ”

ဦးချက်ဖောင်းက သူ့အိတ်ကပ် မဲမဲကြီးထဲက ဖောက်လက်စ လန်ဒန် စီးကရက်ဘူး ဆွဲထုတ်လိုက်ပြီး ဆေးလိပ်တည်တယ်ဗျာ။ ကျွန်တော်က စီးကရက်တလိပ် ပါးစပ် တပ်လိုက်တော့ သူ့လက်ပြကြီးနဲ့ ဂတ်စ်မီးခြစ်ကို ဗျစ်ကနဲ ခြစ်ထည့်လိုက်ပြီး မီးညှိပေးတယ်ဗျာ။

စီးကရက်တစ်ဖွာ ဖွာလိုက်ပြီး ကျွန်တော် မျက်နှာမော့လိုက်တော့ နံရံမှာ ရေးထားတဲ့ စာတန်းကြီးဗျာ... ဘာတဲ့။

ငါ့ဘာကောင်လဲဆိုတာ ငါ့ဘယ်လောက် လုပ်ပြနိုင်သလဲ ဆိုတဲ့အပေါ်မှာ မူတည်တယ် (ငါ့သားနဲ့ ငါ့တပည့်များအတွက်) တဲ့ဗျာ။ အဲဒါကြီးကိုလည်း ဖတ်မိရော

ကျောက်တောင်ကို စိန်လွန်နဲ့ အဖောက်ခံလိုက်ရသလို ကျွန်တော်ငယ်ထိပ်ထဲ "ဒင်" ကနဲ စူးဝင်သွားတယ်ဗျာ၊ ငါး အရှင်လတ်လတ် တကောင်ကို မီးဖိုပေါ် ပစ်တင်ခံလိုက်ရသလိုပဲ တကိုယ်လုံးကို ပူလောင် ဆူပွက်သွားသလား မှတ်လိုက်ရတယ်ဗျာ။

"ကဲ... ဦးချမ်းသာတို့ လာရင်းအကြောင်းကို ပြောပါ"

"ဒီလိုဗျာ ဦးချက်ဖောင်း ကျွန်တော်တို့ ရပ်ကွက်က မူလတန်း ကျောင်းကလေးဗျာ၊ အသင်အပြကောင်း၊ ကျောင်းသားတွေကများလာ ကလေးတွေ စာသင်စရာနေရာ ခက်ခဲရှိ တိုးချဲ့ဆောင်လေး ဆောက်ချင်လို့ဗျာ အဲဒါ ဦးချက်ဖောင်းအနေနဲ့..."

"ဟာ... ထည့်ရမှာပေါ့၊ ဒါထက် ကျွန်တော့်အတွက် ဘယ်လောက် မှန်းထားကြသတုန်းဗျာ"

"ဦးချက်ဖောင်း တက်နိုင်မယ်ဆိုရင် ၅၀၀၀ လောက်ဗျာ"

"ဟာ... ဦးချမ်းသာ၊ ၅၀၀၀ မလုပ်ပါနဲ့"

ကျွန်တော် ရင်ထိပ်သွားတယ် ခင်ဗျာ့။

"၅၀၀၀ နဲ့ ဘာလုပ်လို့ ရမှာလဲဗျာ၊ ၁၀၀၀၀ ယူဗျာ၊ အလှူခံကြည့်ဦး လိုသေးရင် ထပ်လာခဲ့..."

ထင်ထားတာက တခြား၊ ဖြစ်လာတာက တခြားပါလားဗျာ။

"ကျွန်တော် ငယ်ငယ်တုန်းက ပညာငတ်ခဲ့တာဗျ၊ ကျွန်တော်တို့ရွာမှာ အတန်းကျောင်းမရှိလို့ အတန်းကျောင်းရှိတဲ့ ရွာကို နေစဉ်သွားပြီး ကျောင်းတက်ခဲ့ရတာဗျာ။ ခြေကျင်ဗျ၊ ဖိနပ်လဲ စီးလို့မရဘူး တောင်တက်တောင်ဆင်းလမ်းမှာ ဗွတ်တွေရေတွေနဲ့ လေးမိုင် ခရီးဗျာ၊ (အတန်းကျောင်းဆိုသည်မှာ မူလတန်းကျောင်းကို ဆိုလိုသည်။ ထိုခေတ်က ဘုန်းတော်ကြီး ကျောင်းများမှာ အတန်းစာသင်လေ့ သိပ်မရှိ၊ ရွာတိုင်းမှာ မူလတန်းကျောင်းများ မရှိသေးပါ။ ၁၉၅၀ ဝန်းကျင်) ပြောရရင်တော့ အရှည်ကြီးပေါ့ဗျာ"

ဦးချက်ဖောင်းက သူ့ညစ်ပတ် ပေရေနေသော အင်္ကျီအိတ်ကပ် ဖူးဖူးဖောင်းဖောင်းကြီးထဲမှ ၁၈၈၈ တန် ၁၈ ရွက်တိတိကို ကျွန်တော်တို့အား ထုပ်ပေးပါ၏။

"ဖြတ်ပိုင်းတွေ ဂုဏ်ပြုလွှာတွေ ရေးမနေပါနဲ့ဗျာ၊ စက္ကူ ကုန်ပါတယ်"

ဦးချက်ဖောင်းက အလှူခံဖြတ်ပိုင်း အရေးမခံဘူးခင်ဗျာ့။

"ဆရာကြီး လတ်ပွတ်တာက ဧည့်သည်တွေ ရောက်လာပြီ၊ သူတို့မှာထားတဲ့ တွင်ခုံလာယူတာ"

ချင်ပုံရှုးက သူ့ဆရာကို သတင်းပို့တယ်ခင်ဗျာ့။

"အေး... အေး... ငါလာခဲ့မယ်၊ ဦးချမ်းသာရေ နောက်များမှ စကားဆက်ပြောကြတာပေါ့နော်၊ အခုတော့ ဝယ်သူတွေ ရောက်နေလို့ဗျာ၊ ကျွန်တော့်ကို ခွင့်ပြုကြဦးနော်"

ကျွန်တော်တို့လည်း အလိုက်တသိ စားပွဲမှ ထလိုက်ကြတယ်၊ အလှူငွေပဲ ရပြီးမှပဲဗျာ၊ ပြန်ကြရုံပဲ ရှိကြတော့တာပေါ့၊ ဟုတ်ဘူးလား။

ကျွန်တော်တို့ အလှူခံအဖွဲ့ဝင်များ ဦးချက်ဖောင်းအလုပ်ရုံမှ ထွက်ခဲ့ကြပါ၏။ ကျင်ကလောင်၊ ရှီးရှဲ၊ ဒရစ်ဒရစ်၊ ဖြင်းဖြင်း၊ တောက်တောက်၊ ဘိန်းဘိန်း၊ ဂျောင်ဂျောင်၊ ဝွမ်ဝွမ်။ ဝပ်ရှော့၏ ဂီတသံစဉ်များသည် ကျွန်တော်တို့၏ နောက်မှာ ကျန်ခဲ့ပါ၏။

သို့သော် ဦးချက်ဖောင်း၏ အကြောင်းကား ကျွန်တော့်ခေါင်းထဲမှ ထွက်မသွားသေးပါ။ သူ့အကြောင်းသည် ကျွန်တော့် နောက်ကျောမှာ ကပ်ပါလာ၏။ ဦးချက်ဖောင်းကိုယ်တိုင် နောက်က လိုက်လာသလို။

ဦးချက်ဖောင်းဆိုတာက အောင်လံမြို့ အရှေ့ဘက် မိုင်အစိတ်ခန့်ဝေးသော အင်းကြီး ဆိုသော ရွာမှ တကယ့်တောသားကလေး တစ်ဦးဖြစ်ပါ၏။ ၁၉၆၈ ဝန်းကျင်က ရန်ကုန်ရောက်လာ၊ ဗဟန်းဘက်က ဝပ်ရှော့တစ်ခုမှာ ဝင်လုပ်၊ ပညာစုံတော့ ဆရာ့ထံ ခွင့်တောင်း၊ အလုပ်ရုံခွဲထောင်၊ ဒဂုံမြို့သစ်တည်တော့ တောင်ဒဂုံမှာ အလုပ်ရုံ လုပ်ငန်းခွဲ

တစ်ခု၊ သူ့တပည့်တွေက အလုပ်ရုံတွေ ခွဲထောင်ကြလို့ တပည့်တပန်း အလုပ်ရုံတွေလည်း အများကြီးဗျာ။

"ငါ ဘာကောင်လဲဆိုတာ ငါ ဘယ်လောက် လုပ်ပြနိုင်သလဲဆိုတဲ့ အပေါ်မှာ မူတည်တယ်"

တကယ် လုပ်နေတာဗျ၊ တကယ် လုပ်ပြနေတာ။

ဦးချက်ဖောင်း၊ ဦးချက်ဖောင်း၊ ခင်ဗျားဟာ ငယ်ငယ်က ပညာငတ်၊ တောက တက်လာတဲ့ လူမို့လို့ဗျာ။

ရန်ကုန်ဇာတိ၊ ခေတ်ပညာတတ်၊ မိဘကလည်း ပိုက်ဆံရှိ ဆိုလို့ကတော့ဗျာ၊ ကမ္ဘာ့ သူဌေးကြီးများ စာရင်းထဲမှာ ခင်ဗျား တစ်နေရာ ရလောက်တယ်။ တောက တက်လာ ပေလို့သာပေါ့ဗျာ။

( ကျွန်တော် ပုံပြင်မရေးပါခင်ဗျာ)

## ကစုတ်ကဖတ်လုပ်ရင် အစုတ်အပြတ်ပဲဖြစ်

"ဒီမှာကြည့်ပါဦး ကိုချမ်းသာရယ်၊ ငါခိုင်းလိုက်တာက တခြား၊ သူလုပ်လာတာက တခြား"

မိတ်ဆွေကြီး ဦးနားဝေးသည် အလွန်ဒေါသထွက်သော မျက်နှာနှင့် သူ့ရှေ့က ကြောင်အိမ်ကို ကြည့်နေလေ၏။

"ဆိုက်ကားဆရာ၊ ပြန်တင်သွား၊ ငါလက်မခံဘူးလို့ ပြောလိုက်" ဦးနားဝေး ပေါက်ကွဲလေပြီ။

"ကိုတင်အောင် နောက်က လိုက်လာမှာ၊ သူရောက်အောင်တော့ စောင့်ပါဦး"

မကြာမီ လက်သမားဆရာကိုတင်အောင် စက်ဘီးနဲ့ ဘွားခနဲ ပေါ်လာလေ၏။

"ကိုတင်အောင် ပြန်ယူသွားဗျာ၊ ကျွန်တော်မယူနိုင်ဘူး"

လက်သမားဆရာ ကိုတင်အောင် မျက်စိပျက်၊ မျက်နှာပျက်၊ ဘာလုပ်ရမှန်းမသိ ပျာယာခတ်။

"ဦးနားဝေး ကျွန်တော်မအားလို့ ကျွန်တော့်တပည့် မောင်ကျော်မြင့်ကို ခိုင်းမိ..."

"မလိုချင်ဘူးဗျာ၊ ပြန်သာတင်သွား"

"ကဲဗျာ... ဦးနားဝေး၊ အချင်းချင်းတွေဗျာ၊ ဒါလောက် ဒေါသမကြီးပါနဲ့၊ ရောက်ပြီးသားဟာ ပြန်မပို့ပါနဲ့တော့၊ ခင်ဗျားမသုံးချင်ရင် ချောင်ထဲ ထိုးထားလိုက်ဗျာ"

လက်သမားဆရာနဲ့ ဦးနားဝေးကြား ကျွန်တော် ကြားဝင်လိုက်ရ၏။

"မင်းကွာ... မြင်တဲ့အတိုင်းပဲ၊ ထစ်ရုပ်ကို သစ်ကုတ်ထားတဲ့အတိုင်းပဲ"

မှန်တယ်ဗျာ၊ ဖြစ်ကတတ်ဆန်းလုပ်လာတဲ့ ကိုတင်အောင်ကို ကျွန်တော် ကြိမ်ဖန်များစွာ အပ်ဖူးပါတယ်။ အလွန် လက်ရာကောင်းသူပါ။ အခုလည်း သူက ဝန်ခံပါတယ်။ သူ့လက်ရာမဟုတ်၊ သူ့တပည့် လက်ရာပါတဲ့။

"ငါသေသေချာချာ နမူနာပြပြီး ခိုင်းထားတာကွ၊ ဒီမှာကြည့်၊ ဒါလည်း သူလုပ်တာပဲ၊ ဟောဒါ တင်အောင့်လက်ရာပဲ၊ ငါက ဒီပုံစံအတိုင်း လုပ်ခိုင်းတာ၊ သူလိုချင်တဲ့ ပျဉ်တွေလည်း ဝယ်ပေးပြီး..."

သူပြတဲ့ နမူနာ၊ အခုလက်ရာနဲ့ ကွာဘိခြင်း၊ အလွန်သိသာကြီးကို ကွာတာဗျို့၊ စက်ရွေး စပ်သားမှအစ။

ဦးနားဝေး ကြံ့ရသကဲ့သို့ စာဖတ်နေသူ မိတ်ဆွေများလည်း ကြံဖူးကြပါလိမ့်မည်။ ကျွန်တော်ကတော့ အသက် ၆ဝ အတွင်း ကြံဖူးပေါင်း များလှပေါ့။ ၂ဝဝဝ ပြည့်နှစ် မတ်လက စည် ၁ဝဝ ဆံ့ ရေကန် တည်ဆောက်တော့။

" ဟော့ကောင် မောင်နိုင်၊ မင်းရေကန် ကိုင်နိုင်ရဲ့လား"

ကျွန်တော်က ပန်းရန်ဆရာကိုမေး။

" ဟာ… နိုင်တာပေါ့ အစ်ကို"

ဘယ်ရွှာ၊ ဘယ်သူ့အိမ်မှာ ရေကန်ဘယ်လောက်ကြီး သူလုပ်ခဲ့ကြောင်း စသည်ဖြင့် သူလုပ်ဖူးခဲ့တာတွေ ပြော။

ယုံကြည်စိတ်ချစွာနဲ့ သူ့ကို ရေကန်အပ်လိုက်၊ တွင်းတူး၊ မြေသားတွေထုတ်၊ မြေကြီးထဲ ငါးပေ၊ မြေပေါ် သုံးပေ၊ အမြင့်ရှစ်ပေ ရေကန်။ အုတ်စီ၊ မြေအောက် အတွင်းချော၊ မြေပေါ် အတွင်းအပြင်ချော၊ မတ် ၂၂ ရက်နေ့ပြီးတယ် ခင်ဗျာ့။

၄၊ ၅ ရက်ကြာတော့ ရေအစမ်းထည့်၊ ပထမ ခြောက်လက်မ၊ နောက်နည်းနည်းဖြည့် ရေကန်ခံနိုင်အောင် ၂၁ ရက်ကြာမှ ရေကန်အပြည့်ထည့်။

ဟုတ်ပြီ၊ ခိုင်ပြီ၊ တို့ရေကန် ဟန်ပြီပေါ့။

အမယ် မောင်နိုင့်လက်ရာ ဘယ်ဆိုးလို့တုံးပေါ့။ ချီးမွမ်း၊ တစ်ပတ် မကြာဘူးဗျို့၊ တစ်ရက် မနက်စောစော ထကြည့်။ ဟယ်… သွားပြီ၊ ရေကန်ထဲ ရေတစ်စက်မှ မရှိတော့ပါ။ မယုံနိုင်စရာပါ။ ရေကန်ထဲ လှေကားထောင် ဆင်းကြည့်။ ကန်ဘောင်နဲ့ အောက်ခြေအဆက် လေးမျက်နှာလုံး အက်ကြောင်းတွေ။ ရေကန်ဖင်ပွင့်။ မောင်နိုင် ပြေးခေါ်၊ မောင်နိုင် ရောက်လာ၊ အံ့သြတဲ့ မျက်နှာနဲ့ကြည့်။

" ဆင်းကြည့်ဦး… မောင်နိုင်၊ ရေကန် ဖင်ပွင့်သွားတာ"

မောင်နိုင် ဆင်းကြည့်၊ ပြန်တက်လာ။

" မောင်နိုင်ရေ... အမြန်ဆုံးပြင်ကွာ၊ နွေပေါက်လာပြီ၊ မီးထင်းကိစ္စဆို ရေရှိမှကွ"

မောင်နိုင် ဈေးသို့ပြေး၊ ငါးမူးလုံး သံချောင်းတွေဝယ်လာ၊ တုပ်ဖို့ သွပ်ကြိုးခွေပါ။

" သံချည် သံကွေးလုပ်ပြီး ကျောက်လောင်းမယ်"

" ကောင်းအောင်သာလုပ်၊ ခိုင်အောင်သာလုပ်"

သံချည် သံကွေးပြီးပြီ။ ကျောက်လောင်းပြီးပြီ၊ ရေအစမ်းထည့်။ ဟုတ်ပြီ။ ဟုတ်ပြီ။

ရေအပြည့်ထည့်လိုက်ပြီ။ တစ်လက်မမျှ မလျော့၊ ဟာ... သည်တစ်ခါတော့ ဟန်ကျပေ့။ တော်တယ် မောင်နိုင်၊ မင်းအစကတည်းက သံချည် သံကွေး ကျောက်လောင်းရင် ဖင်ပွင့်မှာ မဟုတ်ဘူး။ မထင်လိုက်ပါနဲ့ဦး။ နောက်သုံးလအကြာ မိုးဖြိုင်ဖြိုင်ကျ၊ ဖွန်လထဲရောက်၊ ဟောဗျာ... ရေကန်ထဲ ရေကမရှိပြန်ဘူးဗျို့။ အပြည့်ကြီး ထည့်ထားတာ။

ဒီတစ်ခါ မောင်နိုင့်ကို မခေါ်ရဲတော့ပါ။ ပန်းရန်ဆရာ မောင်စိုးရွှေကို သွားခေါ်။ ရေကန်ကိုပြ၊ အကျိုးအကြောင်းပြ။

"မှားနေတယ် ဦးလေး၊ ကျောက်လောင်းလည်း လောင်းပဲ၊ အခြေခံကိုက မှားနေတယ်"

"ဟယ်... ဘယ်လို"

သူက ကျောက်လောင်းပုံ လောင်းနည်း အုတ်မြှုပ်ပြီး စီပုံစီနည်း ရှင်းပြ၊ နမူနာပြ။

" ဦးသဘောပေါက်ပြီ၊ ငါ့တူ လုပ်စမ်းကွာ"

မောင်စိုးရွှေ သူ့တပည့်များကိုခေါ်၊ အောက်ခင်းကျောက်သားကို ဆစ်ထုတ်၊ အတွင်းဘေးသား မဆလာ ၈ လက်မလောက် ခွာထုတ်၊ ကျောက်အသစ် ထပ်လောင်း သူပြောတဲ့နည်းအတိုင်း အုတ်စီ၊ အချောကိုင်၊ အခု ဖွန်လမှာ နစ်နစ်တင်းတင်းပြည့်ပါပြီ။ အကောင်းပကတိဗျာ။ ရေတစက်မျှ မယိုပါ။

"မောင်စိုးရွှေ... မင်းလက်ရာ ကြိုက်သွားပြီ၊ မင်းကို ငါယုံသွားပြီ၊ မင်းနဲ့ တွဲလုပ်ဖူးတဲ့ လက်သမားထဲက လှေကားအနိုင်ဆုံး လက်သမားရှိလား"

"ရှိတယ် ဦးလေး၊ ကိုစိုးဝင်းတဲ့၊ ခေါ်လာပြမယ်"

လက်သမား ကိုစိုးဝင်းဆိုသူ စိုးရွှေနဲ့ပါလာ။ သူလုပ်ထားသော လှေကားများကိုပြော။ သူပြောတဲ့အိမ်များမှ သူ့လက်ရာလှေကားများကို ပိုင်ရှင်များထံ ခွင့်တောင်းပြီး တက်ကြည့်၊ ဆင်းကြည့်။

"ကိုစိုးဝင်းရေ... ခင်ဗျား လုပ်ထားတဲ့ လှေကားတွေထဲက ဟို ဝါးလုံးကီးတို့ အိမ်ကလှေကား အကြိုက်ဆုံးပဲ၊ အဲဒီလက်ရာမျိုးလိုချင်တယ် လက်ခကဘယ်..."

"လက်ခကတော့ တစ်ထစ်ကို ၄၀၀၀ ယူတယ်။ လက်ရာကတော့ ဦးချမ်းသာ ကြိုက်စေရမယ်"

"အေး... ကောင်းပြီ"

"မြောက်ပိုင်းက ဖိုးချမ်းတို့က အပြတ် ၈၀၀ နဲ့ လုပ်ပေးမယ် ပြောတယ်မောင်"

မိန်းမက ကျွန်တော့်နားနားကပ်ပြီး တိုးတိုးလေးပြော။ ကိုစိုးဝင်းပေးရမည့် လက်ခ များတယ်ဆိုတဲ့ သဘော။

" မင်း သူတို့လက်ရာတွေ ကြည့်ပြီးပြီလား"

" ဟင့်အင်း"

ကျွန်တော် ကိုစိုးဝင်းကို အပ်လိုက်၏။ ညီအစ်ကိုနှစ်ယောက် စိတ်ရှည်လက်ရှည် လုပ်လေရာ သုံးလကြာမှ လေ့ကားပြီးလေ၏။ ကျွန်တော် တက်ကြည့်၊ ဆင်းကြည့် လက်ရာကောင်းဘိခြင်း၊ အဲ... လက်ခကတော့ တစ်ထစ် ၄၀၀၀၊ တန်တယ်။

ကျွန်တော် ရန်ကုန်မှာနေစဉ် ၁၉၆၆-၆၇-၆၈၊ ဗိုလ်တထောင်ရှိ သူငယ်ချင်းအိမ်သို့ ခဏခဏ ရောက်၏။ အိမ်တစ်ခြမ်းမှာ တရုတ်မိသားစု အငှားနေ၏။ တရုတ်ကြီးက ဖိနပ်အကောင်းစားများ လုပ်၏။ ရုပ်ရှင်မင်းသမီးများ ဖိနပ် လာအပ်ကြသည်များကို အကြိမ်ကြိမ် တွေ့ရဖူးပါ၏။ လက်ရာကောင်းတော့ အကောင်းကြိုက်သူများ လာကြဖြင်း ဖြစ်၏။

ဘာလုပ်လုပ်၊ အစားအသောက်ပဲ လုပ်ရောင်းရောင်း၊ လက်ရာကောင်းဖို့ လိုပါ၏။ သပ်ရပ်ဖို့ လိုပါ၏။ ရေရေရာရာလုပ်မှ သေသေချာချာ ဖြစ်လာတာပါ။ ဘယ်ဟာမျိုးမဆို ကစုတ်ကဖတ် လုပ်လို့ကတော့ အစုတ်အပြတ်ပဲ ထွက်လာမှာပါခင်ဗျား၊

## မိုးလားကဲလား

"ဟေ့ကောင်... လုပ်စမ်းပါဦးကွာ"

"ဟင်... အကိုကြီးကလည်းဗျာ အရင်းမရှိ အဖျားမရှိ၊ ကျွန်တော်က ဘာလုပ်ရမှာတုန်းဗျာ"

"ငါ့သား အလတ်ကောင် ဟိုကောင် ဖိုးပေါင်ကွာ၊ ရန်ကုန်သွား အလုပ်လုပ်ချင်လို့တဲ့ကွာ၊ အဲဒါ မင်းကြည့်လုပ်ပေးစမ်းပါဦး"

"ဩော်... ဟိုကောင် ဘဲလေးလား"

သူ့သား အလတ်ကောင် ငယ်ငယ်က အလွန်ရိုကျတဲ့အကောင်လေးမို့ လောင်ဘဲလေးလို့ နာမည် ပေးထားကြတာပါ ခင်ဗျာ။

"အေး... လောင်ဘဲလေးပေါ့ ရန်ကုန်သွားမယ် ဝပ်ရှော့တခုမှာ ဝင်လုပ်မယ် ဝပ်ရှော့ပညာ သင်မယ်၊ နောက်တော့ ဝပ်ရှော့ထောင်မယ်၊ အဲဒီလိုပြောနေလို့ကွာ မင်းသူငယ်ချင်းတစ်ယောက် ရန်ကုန်မှာဝပ်ရှော့ထောင်ပြီး ကြီးပွားနေဆိုမို့လား"

"နေအုံး အစ်ကိုကြီး အလုပ်သွင်းပေးရတာက မခဲယဉ်းပါဘူး သူ တကယ်လုပ်နိုင် မလုပ်နိုင်က အဓိကပါ၊ ခုဟာ အကိုကြီးတို့က လုပ်စေချင်တာလား၊ သူကိုနိုက်က လုပ်ချင်တာလား၊ လောင်ဘဲလေးကို ကျွန်တော့်ဆီ တခေါက် လွှတ်လိုက်ပါဦး"

သည်လိုနဲ့ မကြာမီ လောင်ဘဲလေး ကျွန်တော့်ဆီ ရောက်လာတယ်ခင်ဗျာ။

"ဟေ့ကောင်... လောင်ဘဲလေး၊ မင်းအဖေပြောစကားအရတော့ မင်းက ဝပ်ရှော့မှာ အလုပ် ဝင်လုပ်ချင်တယ်လို့ ဆိုနေပါလား၊ မင်းဘယ်နှစ်တန်း အောင်ပြီးပြီလဲ"

"၁၀ တန်းအောင်ပြီးပြီ ဦးလေး၊ ကျွန်တော်က စက်ဘက်ကို အားသန်နေတယ်၊ ဒီတော့ ဝပ်ရှော့တစ်ခုမှာ ဝင်လုပ်ပြီး ပညာသင်ရ ကောင်းမလားလို့"

"ကောင်းမလားလို့ဆိုတော့ မင်းဟာ စိတ်ကူးပဲရှိသေးတာပေါ့၊ ဆုံးဖြတ်ချက် မပါသေးဘူးကွ၊ အဲဒီတော့ ဒီလိုလုပ်ကွာ မင်းကို ငါ ရက်ပေါင်း ၉၀ အချိန်ပေးမယ်၊ မင်းဘာသာမင်း လေ့လာ၊ မင်းဆုံးဖြတ် မင်းဆုံးဖြတ်လို့ ရပြီဆိုတဲ့နေ့ ငါ့ဆီပြန်လာခဲ့ မင်းအဖေပါ ခေါ်လာခဲ့" မှာလိုက်တဲ့အတိုင်းဘဲ ခင်ဗျာ၊ သုံးလလောက်ကြာတော့ သူ့အဖေရော၊ လောင်ဘဲလေးရော ကျွန်တော်ဆီကို ပေါက်ချလာတယ်။

"ဘာတဲ့လဲ အကိုကြီး၊ အကိုကြီးသား လောင်ဘဲလေးက ဘာပြောလဲ"

"သူတကယ်သွားမယ်၊ တကယ်လုပ်မယ်ပြောတယ်ကွာ"

"ဟော့ကောင်... လောင်ဘဲလေး၊ ဝပ်ရှော့အလုပ်ဟာ ရှေ့တန်း အကြမ်းပတမ်း ခံနိုင်ရမယ်နော်၊ အလုပ်နမဟုတ်ဘူး၊ ထုမယ်၊ တပ်မယ်၊ ခေါက်မယ်၊ ဖြုတ်မယ်၊ ထိခိုက်ဒဏ်ရာ ရနိုင်တယ်၊ လူလည်း ညစ်ပတ်ပေရေမယ်၊ ဒီဒဏ်တွေ မင်းခံနိုင်ပါ့မလား"

"အို... သူများဖြစ် ကိုယ်လည်းဖြစ်ရမှာပေါ့ ဦးလေးရာ"

"အေး... ဟုတ်ပါပြီ၊ ငါးနှစ်၊ ခြောက်နှစ်၊ ခုနနှစ် ကြာချင်ကြာမယ်၊ ၁၀ နှစ်လည်း ကြာချင်ကြာမယ်၊ အလုပ်ရုံ ခွဲထောင်တယ်ဆိုတာ လွယ်လွယ်နဲ့တော့ မရဘူးနော်၊ မင်းနာမည်ပေါက်လာမှ၊ မင်းတခုခုမှာ ကျွမ်းကျင်တယ်ဆိုတဲ့ နာမည်၊ မင်းလက်ရာက စိတ်ချရပါတယ်ဆိုတဲ့ နာမည်ကောင်းရထားမှ အလုပ်ရုံခွဲထောင်လို့ ရတာမျိုးနော်၊ မင်း ဖြစ်ပါ့မလား"

"ကျွန်တော့်စိတ်ကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ပြီးပါပြီ ဦးလေး"

"ကောင်းပြီ... ဒီလိုဆို မင်းဘယ်တော့လောက် သွားချင်လဲ ပြော၊ ငါက ဒီက ဖုန်းဆက်ပြီး အကြောင်းကြားထားလိုက်မယ်"

"တပတ်အတွင်း သွားချင်တယ် ဦးလေး"

"ကဲ... အကိုကြီး ခင်ဗျားသားတော်မောင် ဒီလောက်သွားချင်တာ လိုက်ပို့လိုက်ပါ"

"ဟာ... မင်းသူငယ်ချင်းဆီ မင်းပဲ လိုက်ပို့ပေးပါကွာ"

"အစ်ကိုကြီး ကိုယ်တိုင်သွားပို့ပါ၊ အစ်ကိုကြီးသားကို အစ်ကိုကြီးကိုယ်တိုင် အပ်ပါ၊ ကျွန်တော် လိုက်မပို့ပါရစေနဲ့"

"မင်းလိုက်ပို့တော့..."

"ကျွန်တော်လိုက်ပို့တော့ ကျွန်တော်အပ်လိုက်ရင် ကျွန်တော့်တာဝန် ဖြစ်မှာပေါ့၊ တခုခုဖြစ်တာနဲ့ ဟိုကောင်က ကျွန်တော့်ကို လှမ်းပြီးဆူမှာပေါ့၊ အစ်ကိုကြီးသား အတွက်နဲ့ ကျွန်တော် နာမည် အပျက်မခံနိုင်ဘူး"

"ဟာကွာ... မင်းက ငါ့သားကို အထင်သေးလိုက်တာ"

"အထင်သေးလို့ပြောတာမဟုတ်ဘူး အစ်ကိုကြီး၊ အလုပ်နဲ့ပတ်သတ်လာရင် ကျွန်တော် ဘယ်သူ့ကိုမှ အာမ မခံနိုင်ဘူး၊ ကိုယ့်သား သမီးကိုတောင် အာမ မခံရဲဘူးဗျာ"

"အေး... ကောင်းပြီ၊ ဒီလိုဆို ငါကိုယ်တိုင် လိုက်ပို့၊ ငါကိုယ်တိုင် လိုက်အပ်မယ် ကွာ၊ မင်းသူ့ဆီ ဖုန်းဆက်ပြီး အကြောင်းကြားထားလိုက်"

သူတို့သွားမည့်နေ့ သူတို့ ရောက်မည့်အချိန် ကျွန်တော်သူငယ်ချင်းဆီ ဖုန်းနဲ့ ကြိုတင် အကြောင်းကြားထားလိုက်တယ် ခင်ဗျာ့။ သူငယ်ချင်းကလည်း ကျွန်တော့်တူ လာမယ် လုပ်မယ်ဆိုတော့ ဝဲလ်ကမ်းပေါ့ဗျာ။ ကိုယ်ထဲ ကိုယ့်ဟာဆိုတော့ အစစ အရာရာအားကိုးရမယ်ပေါ့ (သူ့အတွေး)။ ပျော်လို့ရှင်လို့ ခင်ဗျာ့။ သူပြုံးနေတဲ့မျက်နှာကို ဖုန်းထဲမှာ အတိုင်းသားမြင်နေရပဲ့ဗျာ (စိတ်ကူးနဲ့ ပုံဖမ်းကြည့်တာ)။

"ဟေး... သူငယ်ချင်း ချစ်ပိန်၊ ငါပါကွ၊ ချမ်းသာပါ"

"အေးပါ... မင်းအသံကို ငါကျတ်မိပါတယ်ကွ"

"ငါ့အကိုကြီးနဲ့ သူ့သား မင်းဆီရောက်ပြီလားကွ"

"အေး ရောက်တယ်သူငယ်ချင်း မနက်အစောကြီးပဲ"

"အဆင်ပြေလောက်တယ် မဟုတ်လား၊ မင်းလည်း လူလိုနေတာနဲ့"

"အဆင်ပြေလား မပြေလားတော့ မသိသေးဘူးကွ၊ မနက်က သူတို့ သားအဖ ရောက်တယ်၊ သူ့သားကို ငါ့ဆီထားခဲ့တယ်၊ ငါလည်းရောက်ရောက်ချင်း သူ့ကို အလုပ်ထဲ ထည့်လိုက်တယ်၊ အစမ်းခိုင်းကြည့်မယ်ပေါ့"

"ခိုင်းကြည့်တော့ လုပ်တယ်လား"

"သူငယ်ချင်း ငါ့စကားကို ဆုံးအောင်နားထောင်ပါဦးကွာ သူ့ကို အလုပ်ထဲထား ငါတပည့်တယောက်ကို အပ်ပြီး မြို့ထဲကို (နံနက်) ၉ နာရီလောက်မှာ ပစ္စည်း အဝယ်ထွက်သွားတယ်ကွာ၊ အလုပ်ရုံကိုညနေ ၃ နာရီလောက်မှ ပြန်ရောက်တယ်။ ပြန်ရောက်လို့ အမေးပြေတော့ မနက်က အလုပ်ဝင်တဲ့ မင်းတူတော်မောင် ဘာတွေ လုပ်နေတုန်းလို့ ငါသွားကြည့်တယ်ကွ"

"ဘာတွေလုပ်နေတုန်း"

"ဘာတွေလုပ်မနေဘူး၊ မင်းတူတော်မောင်က ၁၂ နာရီလောက်မှာ မြို့ထဲက သူ့အဖေတည်းတဲ့နေရာ လှည်းတန်းဘက်ကို သွားဦးမယ်ဆိုပြီး ထွက်သွားတာပဲတဲ့ကွာ"

"ပြန်မရောက်သေးဘူးလား"

"ခုချိန်ထိတော့ ပြန်မရောက်သေးဘူး၊ အခု မင်းနဲ့ ငါ စကားပြောနေတာ ည ၉ နာရီ"

"ထွက်ပြေးသွားတာများလားကွာ"

"နက်ဖြန်မနက်တော့ သူ့အဖေ ပြန်ခေါ်လာချင် လာမှာပေါ့ကွာ"

ကျွန်တော်တို့နှစ်ယောက် ရှေးဟောင်းနှောင်းဖြစ်များ ငယ်ငယ်က ကဲခဲ့ သဲခဲ့ပုံများကို အားပါးတရ ပြောကြပြီးနောက် ည ၉:၃၀ တွင် စကားဖြတ်လိုက် ကြပါတော့သည်။

နောက် လေးငါးရက်ကြာသောအခါ လောင်ဘဲလေး၏ အဖေ ကျွန်တော်၏ အကိုကြီး ကျွန်တော့်ဆီ ရောက်လာပါ၏။

"ငါရုက်တယ်ကွာ မောင်ချမ်းသာ၊ ငါ့မျက်နှာကို ဓားနဲ့သာ လှီးပစ်လိုက်ချင်တော့ တာပါပဲကွာ၊ ငါ့သား လောင်ဘဲလေး..."

"တော်ပါတော့ အကိုကြီး၊ ကျွန်တော် ဇာတ်စုံသိပြီးပါပြီ၊ ကျွန်တော့် သူငယ်ချင်နဲ့ ကျွန်တော် ညတိုင်းနီးပါး ဖုန်းကွန်တက် ရနေတာပဲဟာ၊ အစ်ကို့သားက နာရီပိုင်းလေး လောက်တောင် ဒဏ်မခံ နိုင်ပါလားနော်။

(ကျွန်တော် ပုံပြင်မရေးပါ)

## လုပ်ကြည့်ရင်သိမှာပါ

"ဝုန်း... ဝုန်း... ဝုန်း... ဝုန်း..."

"ဝေါင်း... ဝေါင်း... ဝေါင်း..."

"ဟဲ့... မောင်ချမ်းသာ မင်းခွေးတွေ လုပ်စမ်းပါဦးဟယ်၊ ငါဖြင့် လန့်တောင် လန့်တယ်"

"ဟော့... ငနီ၊ ဝါကြီး၊ မိုးမိုး သိပ်မဆူကြနဲ့ကွာ ဒါအမျိုးတွေကွ"

အဲသလိုပြောလိုက်တော့လည်း ကျွန်တော်ခွေးတွေ ငြိမ်ကျသွားတယ်ဗျာ့၊ လူ့စကား နားလည်သလိုလို၊ ဘာလိုလိုနဲ့။

"မမတို့ပါလား ဘယ်ကလှည့်လာတာတုံး"

"မင်းဆီကို တည့်တည့်ကြီးလာခဲ့တာပဲ မောင်ချမ်းသာ"

မမမျက်နှာမှာ ဒေါသရိပ်တွေ လွှမ်းနေတယ်ခင်ဗျာ့။ မမဆိုတာက ကျွန်တော် အစ်ကိုရဲ့ မယား ကျွန်တော်မရီး ဒေါ်တင်တင်ကြီးပါခင်ဗျာ။ ကျွန်တော် တူတော်မောင် မောင်သိန်းရဲ့ မိခင်ပါခင်ဗျာ။

"မင်း ငါ့သားလေး မောင်သိန်းကို အတက်ကောင်းတွေ သင်ပေးလိုက်တယ် ပေါ့လေ၊ ကောင်းရော"

"ဟင်... မမကလည်း ကျွန်တော် ဘာမှ မသိရပါလား"

"ဟိုတလောက ငါ့သားမင်းဆီ လာတယ်မဟုတ်လား၊ မင်းက သူဌေးဖြစ်နည်း သင်ပေးလိုက်တယ်ဆို"

"ဟုတ်တယ်လေ မမ၊ မောင်သိန်းက သူဌေးအရမ်းဖြစ်ချင်နေတာ၊ အဲဒါနဲ့ စေတနာနဲ့ နည်းပေးလိုက်မိတယ်"

"မင်းဆီက ပြန်လာကတည်းက သူအတက်ကောင်းတွေ တက်လာတယ်၊ အိမ်ကို မကပ်တော့ဘူး၊ မော်တော်ဆိုင်ကယ်တစီးနဲ့ ထွက်လည်၊ သူဌေးဆိုတဲ့ သူတွေနဲ့ပေါင်း၊ ဘီယာ စတေရှင်တွေသွား၊ အဆိုတော်မလေးတွေရှိတဲ့ဆိုင်တွေ ညတိုင်းရောက်၊ သူတို့ ဆိုတဲ့သီချင်းသံ၊ သူတို့ရဲ့ ကဟန်ကလေးတွေကို ဘီယာနဲ့မြည်း၊ ပန်းကုံးတွေစွပ်၊ ဆုတွေချ (ပန်းကုံးဆိုလို့ တကယ့်ပန်းပွင့်များ သီကုံးထားသော ပန်းကုံးများ မဟုတ်ပါ။ ပလပ်စတစ် စုတ်ဖွားဖွား ပွပွစိစိကြီးတွေဗျာ၊ ခွေးအမြီး ဆေးဆိုးထားသလိုပါပဲ၊ သူတို့အစား လည်ကုတ်တွေ ယားယားလာတယ်)။ ယမကာလေးနဲ့ငြိမ့်၊ ငါ့သားတော့ ဟုတ်နေပြီကော မောင်ချမ်းသာ၊ မင်းလုပ်လိုက်တာလေ ကောင်းသေးသလား"

ကျွန်တော့်မရီးသည် ဘောက်ဘောက်နဲ့ သူပြောချင်တာပြောပြီး စိတ်ဆိုးမာန်ဆိုးနဲ့ ထွက်သွားလေတော့သည်။ ကျွန်တော်မိန်းမ တည်သော လက်ဖက်သုတ်လေးကိုမျှ မြည်းမသွားပါ။ ကျွန်တော့်တူတော်မောင် မောင်သိန်းက ချမ်းသာချင်လှချည်ရဲ့၊ သူဌေး ဖြစ်ချင်လှချည်ရဲ့ ဆိုလို့၊ ကျွန်တော်က သူဌေးဖြစ်နည်းကို ညွှန်လိုက်မိတယ်ခင်ဗျာ။ ကျွန်တော် ညွှန်လိုက်တာက သူဌေး ပိုက်ဆံဘယ်လိုရှာတယ်ဆိုတာကိုကြည့်၊ သူရှာသလိုရှာ၊ သူဌေး ဘယ်လို ပေါင်းသင်းဆက်ဆံတယ် ဆိုတာကိုကြည့်၊ သူ ပေါင်းသင်းသလို ပေါင်းသင်း (နှုတ်ချိုစေ၊ လက်တိုစေ)။

အဲ... တစ်ခုတော့ရှိတယ်ဗျာ၊ ဟော့ကောင် မောင်သိန်း သူဌေးငွေရှာတာ၊ သူဌေး စီးပွားရှာတာကိုပဲ အတုယူ သူဌေးပိုက်ဆံဖြုန်းတာ၊ စားတာသောက်တာ၊ သုံးတာ ဖြုန်းတာကိုတော့ အတုမယူနဲ့လို့တော့ မပြောမိဘူးဗျာ။ အဲသည်တချက် ကျွန်တော် သတိပေးဖို့ ကျန်သွားတယ်ဗျာ။

အဲသလိုနဲ့ ကိုယ့်အလုပ်နဲ့ကိုယ်ရှုပ် မေ့မေ့ပျောက်ပျောက်ဖြစ်နေတုန်း ပြုန်းဆို တနေ့တော့ မောင်သိန်း ကျွန်တော်ဆီ ပေါက်ချလာတယ်ဗျာ့။

"ဟာ... ဟော့ကောင် မောင်သိန်း မင်းလာတာအတော်ပဲကွ၊ ငါမင်းကို တွေ့ချင်နေ တာ"

"ဘာကြောင့်များလဲ ဦးလေး"

"ဘာကြောင့်မှ မဟုတ်ဘူး မင်းအမေ ငါ့မရီးက ငါ့ဆီကို လာပြီး ပွမ်သွားတယ်မောင်၊ မင်းဟာ သူဌေးဆိုသူတွေနဲ့ပေါင်းပြီး သူဌေးတွေဖြုန်းသလို ဖြုန်းနေလို့တဲ့ကွာ"

"ဖြုန်းတာမဟုတ်ပါဘူး ဦးလေးရာ၊ အပေါင်းအသင်း ဆံ့အောင် ဝင်ရောနေတာပါ၊ ဦးလေးပဲ သူဌေးကိုကြည့်၊ သူဌေးဆီက နည်းယူရမယ်ဆို"

"ဟ... ခွေးကောင်လေး၊ ငါပြောတဲ့အထဲမှာ သူဌေးငွေရှာသလိုရှာရမယ်၊ သူဌေးရှာတာ နည်းယူရမယ်လို့သာ ပြောတာကွ၊ သူဌေးနန့်သလို နန့်ရမယ်လို့ တစ်ခွန်းမှ မပြောမိပါလားကွာ"

"မသိဘူးလေ၊ ကျွန်တော်က သူဌေးဆီက နည်းယူရမယ်ဆိုတော့အကုန်ယူရမယ်၊ သူဌေးလုပ်သလို အကုန်လိုက်လုပ်ရမယ်လို့ အောက်မေ့နေတာ ဦးလေး"

"အမလေး... ငါလဲသာ သေလိုက်ချင်တော့ တာပဲ မောင်သိန်းရာ၊ မင်းဟာက သွားချေးပြောင်အောင် ကြိုစုပ်ပါလို့ဆိုခါမှ ပိန်းဥဖုတ်စားသလိုဖြစ်နေပြီ။ သွားချေး မပြောင်တဲ့အပြင် ထပ်တောင်တင်ဦးမယ်"

"ဦးလေးက အစကတည်းက သူဌေးရှာတာပဲနည်းယူ၊ သူဌေးဖြုန်းတာကို နည်းမယူနဲ့၊ တခါတည်းပြောချလိုက် ပြီးရော"

"အေး... ဟုတ်တယ်၊ ငါ အဲဒါ မပြောမိဘူးကွာ၊ ဆောရီး"

သူဌေးရှာသလိုရှာပါ (ပိုက်ဆံ)၊ သူဌေးသုံးသလို မသုံးမိပါစေနဲ့၊ ဒါဆို ချမ်းသာဖို့ လမ်းပွင့်သွားပါပြီ။

နွေခေါင်ခေါင် သဲကန္တာရထဲက ခရီးသည် ရေအေးအေးကလေး တစ်ကျိုက် သောက်လိုက်ရဘိသကဲ့သို့ မောင်သိန်းဟာ အလွန်ကြည်လင်သော စိတ်၊ အလွန်ရွှင်ပြုံးသော မျက်နှာနဲ့ ကျွန်တော်ကို နှုတ်ဆက် ထွက်ခွာသွားပါတော့သည်။ သို့သော် သည်ကောင်လေးကို စိတ်မချနိုင်သေးပါ၊ ကျွန်တော် စောင့်ကြည့်ရဦးမည်။ အပြောနဲ့ ဟောညီရဲ့လား။ တကယ်ကောလုပ်မှာလား။ တကယ်ကတော့ ဘာမျှ မခဲယဉ်းပါ။ တကယ်လုပ် အဟုတ်ဖြစ်တာပါဗျာ။ မယုံမရှိပါနဲ့။ လုပ်ကြည့်ရင်သိလာမှာပါ။

## အခံရှိမှ အရှိခံတယ်

ကျွန်တော့်ဘဝကို ပြန်တွေးမိ၏။ ၁၉၈၉-၁၉၉၀ လွန်ခဲ့သော ၁၀ နှစ်ကျော်၊ ဥစားကြက်မများ ပြုတ်ပြီး၍ အကြွေး ၂၅၀၀၀ တင်နေစဉ်က။

"အဖေ့ ချွေတာရေးရက်သတ္တပတ်က မပြီးသေးဘူးလား"

"အေး... မပြီးသေးဘူးကွာ၊ နောက်တပတ် ချွေတာလိုက်ကြဦး"

ကျွန်တော်သည်ထိုစဉ်က "ချွေတာရေးရက်သတ္တပတ်ကို" ခြောက်လတိတိ ဆင်နွှဲခဲ့ရပါ၏။ သားသမီးသုံးယောက် ကျွန်တော်တို့လင်မယား၊ ကျွန်တော့်မိန်းမ၏ အဖေ။ အားလုံး ခြောက်ယောက်။ ရက်သတ္တပတ် တစ်ပတ်လျှင် ပဲဟင်း၊ ကန်စွန်းရွက်ကြော် ငါးရက်၊ အသားဟင်းနှစ်ရက်ဖြင့် ရက်သတ္တပတ် တပတ်ကို ကုန်လွန်စေရပါ၏။ မရှိတဲ့ အခါ မသုံးတာ အကောင်းဆုံး။ ပိတ်ချည်းကျတယ်ပဲပြောပြောဗျာ၊ ကပ်စေးနဲတယ်ပြောပြောဗျာ၊ ကိုယ်ဟာကိုယ်သိ။ ပေကပ်ချွေတာ၊ ပေကပ်စုရတာဗျာ၊ အရင်းအနှီးလေးရလာအောင်၊ အထုပ်အလေး ဖောင်းလာအောင်။ သည်နေ့ဗျာ ငွေ ၅၀ ကျပ်ပေးမှ စီးကရက်တစ်လိပ် သောက်ရပါ၏။ တနေ့ ၅၀ ကျပ်စုဘူးထဲ မှန်မှန်ထည့်သွား၊ ဘယ်လိုအကြောင်းနဲ့မှ ထုတ်မသုံးနဲ့၊ သည်ငွေ ၅၀ ကျပ်ကိုစီးကရက် သောက်ပစ်လိုက်လို့ ကုန်ပြီလို့သဘောထား။ စုဘူးကို ဖောက်မိရင် ကျိန်စာသင့်ပြီလို့ သဘောထား။ စုပြီ၊ စုပြီ တရက်ပြီးတရက်၊ တစ်လပြီးတစ်လ။ စုငွေများလာပြီ။ အားရှိလာပြီ။ ထပ်စုချင်လာပြီ။ ထပ်စုနေပြီဗျာ။ တစ်နှစ်ပြည့်သွားပြီ။ ၃၆၅ ရက်ပြည့်သွားပြီ။ ရေကြည့်ပါ။ ငွေ ၁၈၂၅၀ ပိုင်သွားပြီ။ မဖြစ်နိုင်ဘူး မထင်နဲ့၊ ကျွန်တော် လုပ်ကြည့်ပြီးပြီ။ ၁၉၆၃ ခုနှစ်၊ နိဝင်ဘာလ ကျွန်တော် ကောက်ပဲသီးနှံရုံမှာ အောက်တန်းစာရေး အလုပ်ရ။ ဒီဇင်ဘာ လခထုတ်မှစ၍ တစ်လ ၂၀ ကျပ်စာတိုက်မှာ မပျက်မကွက်စုမိပါ၏။ ၁၉၆၄ ခုနှစ် ဒီဇင်ဘာမှာ စာတိုက်မှငွေ ၂၄၀ ကျပ်ထုတ်ယူ၍ ရွှေတကျပ်သား ဝယ်ခဲ့ပါ၏။ ထိုစဉ်က ရွှေတကျပ်သား ၂၄၀။ မယုံမရှိနဲ့၊ ကျွန်တော် ပထမဆုံးငွေစုခြင်း။ အခု တစ်နေ့ စီးကရက်တလိပ်ဖိုးပဲစု။ တနှစ်ပြည့်

စုဘူးဖောက်။ ငွေ ၁၈၂၅၀ ထွက်လာမည်။ ငွေ ၁၈၂၅၀ ကို သုံးနှင့်မြှောက်၊ ငွေ ၅၄၇၅၀ အဲဒါ အရင်းအနှီးပဲ။

ဟင်... ဘယ်လိုလုပ်ဖြစ်သလဲ။ လွယ်လွယ်လေးဗျာ။ ဘယ်အလုပ်လုပ် ကိုယ့်ဘက်ကသာ တည်မယ်ဆိုရင် အကြွေးပေးမယ့်လူက အဆင်သင့်ပါဗျာ။ ကိုယ်ပိုင်ငွေ ၁၀၀၀၀ ရှိမယ်ဆိုရင် ၁၀၀၀၀၀ ဖိုးလုပ်စားလို့ရပါတယ်ဗျာ။ လုပ်ကြည့်။ ကိုယ့်မှာ ကိုယ်ပိုင်ငွေလေး အခံရှိပြီဆို လွယ်ပါတယ်ဗျာ၊ ကိုယ်ကလည်း အကြွေးယူရဲတယ်။ ပေးတဲ့သူကလည်း ပေးရဲတယ်ဗျာ။ အမှန်အတိုင်းပြောတာ၊ ကျွန်တော်ဆို ဒီနေ့ အကြွေးနဲ့ ပဲလျော် လျော်နေတာ။ ၅၀၀၀၀ လောက် အခံရှိပြီဆို ၁၅၀၀၀၀ လောက် အကြွေးဆွဲပစ်လိုက်တာ။ ပေးတဲ့သူကလည်း ပေးပါတယ်။ အဲသည် အခံလေးရှိမှ။ အခံလေးနဲ့မှလည်း တစ်နေ့တခြား အရှိခံလာတာဗျာ။ တစ်ပြားမှ အခံမရှိမှတော့ ဘယ်အရှိခံလိမ့်မလဲဗျာ။ ရလာလိုက် ပြောင်သွားလိုက်ပါပဲ။ အခံရှိမှ အရှိခံတာပါဗျာ့။

(လုပ်ပြီးမှ ပြောတာပါဗျာ)။

## အတုံးလိုက်အတစ်လိုက် လှီးတာခံနေရပါသည်

"ကလေးတွေ... ပောလစ် ဘယ်သူဖျော်သောက်ကြသေးလဲဟေ့၊ ဒီမှာ ပောလစ်မှုန့်တွေ လျော့နေတယ်"

"ဟောဗျာ... မာမီကလည်း ကျွန်တော်တို့ကို ရမ်းသမ်းပြီး စွပ်စွဲနေပြီ၊ မာမီ့ပောလစ်ပုလင်းကို သေချာကြည့်ပါဦး၊ မနေ့က ဝယ်လာတဲ့အတိုင်း အဖုံးပတ်ကင်တောင် မဖွင့်ရသေးဘူး"

ကျွန်တော့် သားတွေနဲ့ သူတို့အမေ စကားအလုအယက် ပြင်းပြောနေကြတယ်ဗျာ့။ ကျွန်တော့်မိန်းမက သူ့မောင်ကြီး လူမမာ ကိုတင်အေးအတွက်မှာလို့ ဟောလစ်တစ်ပုလင်း မနေ့က ဈေးထဲက ကျွန်တော်ဝယ်ခဲ့တယ်။ ၄၀၀ဌ ပုလင်း ၁၅၅၀ ကျပ်ပေးရတယ်ဗျာ့။ ဝယ်ကတည်းက ကျွန်တော် သတိထားကြည့်မိတယ်။ ခါတိုင်းထက် တစ်လက်မခွဲလောက် လျော့နေတယ်။ ဟောလစ်အမှုန့် ခါတိုင်းလောက်မပါဘူး။ ပတ်ကင်ကြည့်လိုက်တော့ သပ်သပ်ရပ်ရပ်ပါပဲ။ ပုလင်းနှစ်လုံးသုံးလုံး ရွေးကြည့်သေးတယ်။ ပုလင်းတိုင်း သည်လိုချည့်ပဲဗျာ့။ အားလုံးလျော့နေတယ်။ ထူးခြားတာက ဇွန်းခက်ရင်းတစ်စုံဗျာ့။ ဇွန်ခက်ရင်းတစ်စုံကို ဟောလစ်ပုလင်းဘေးမှာ တိတ်အဝါနဲ့ တွဲကပ်ထားတယ်။ စာရေးထားတယ်။ ဘာတဲ့ "ကျပ် ၁၀၀ တန်စွဲမက်ဖွယ် ဇွန်းနှင့် ခက်ရင်းလက်ဆောင် ဒီအထုပ်တိုင်းမှာ ပါတယ်နော်" တဲ့ဗျာ။ အဲသည် ဇွန်းခက်ရင်းတစ်စုံ လက်ဆောင်ပါတာနဲ့ ဟောလစ်အမှုန့်လျော့သွားတာနဲ့ သိပ်တော့မကာမိဘူးဗျာ။ ဈေးကလည်း ၁၅၅၀ ကျပ်တဲ့ဗျာ၊ အလျင်က ၁၂၀၀ လောက်ပဲပေးရတာ။ ပြီးတော့ သူ့ဇွန်းခက်ရင်းဆိုတာလဲ ကြည့်ဦးဗျာ။ နို့ဆီခွက်သံပြားကို ပုံသွင်းထားသလား အောက်မေ့ရတယ်။ တကယ့်ကို ပါးပါးလေးဗျာ။ စားတောင် မစားရသေးဘူး။ ခက်ရင်းအသွားနှစ်ခုက ကွေးနေပြီဗျာ။ နေပူလို့ ညွတ်ကျသွားတဲ့ ဖယောင်းတိုင်လေးလို။

သူ့ခက်ရင်းကို ကျွန်တော်တော့ မသုံးရဲဘူးဗျာ။ မတော်လို့လျှာထိုးမိလို့ အနာဖြစ်သွားမှ သံဆိပ်တက်မှာ စိုးရသေးဗျာ။ အရင် တစ်ဘူး ၁၂၀၀ ပေးရတုံးကလည်း လက်ဆောင်တော့ပေးတယ်ဗျာ၊ ဒါပေမယ့် ကျွန်တော်တော့ တစ်ခါမှ မရဖူးဘူး။ ပေးပုံက သည်လိုဗျာ။ Free One attractive Melamine Cup worth Kyats 100 with this pack. တဲ့ဗျာ။ ကျွန်တော် အင်္ဂလိပ်စာ ဖတ်တတ်တဲ့လူတောင် ဘာမှန်းမသိဘူးဗျာ။ အင်္ဂလိပ်စာလုံးဝမတက်တဲ့ တောသားများ ဘယ်လိုလုပ်နားလည်ပါ့မလဲဗျာ။ ကြိုးစား ဘာသာပြန်ကြည့်လိုက်တော့ " ဒီ ဟောလစ်ပုလင်းနှင့်အတူ ငွေ ၁၀၀ တန် မယ်လမင်း ခွက်ကလေး အလကားပေး" ဆိုပဲဗျာ။ ကျွန်တော်တို့မှာ အဲသည် မယ်လမင်း ခွက်ကလေး ဖြူသလား၊ မဲသလား တကယ်မသိရပါ။ အဲဒါက ၂၀၀၀ ပြည့်နှစ်ထုတ် ဟောလစ်ပုလင်းများမှာ ရေထားတာပါ။ အခု ဇွန်းခတ်ရင်းပေးတယ်ဆိုတာက ၂၀၀၁

ဇူလိုင်လထုတ်၊ ၂၀၀၃ ခုနှစ် ဇန်နဝါရီ အိပ်စယာဒိတ်နဲ့ ထုတ်ထားတဲ့ပုလင်းတွေပါ။ မယုံရင် လာကြည့်လှည့်ပါ။ အိမ်မှာ ဟောလစ်ပုလင်းခွံတွေ အားကြီးပဲ။ လက်ဆောင်ဗန်းပြပြီး ဟောလစ်အမှုန့် လျော့ထည့်၊ ဈေးတင်ရောင်းတာဗျာ။ တကယ့်လူတွေ။

"ဟင် ဘယ်လိုဖြစ်တာလဲကွာ၊ ဟိုနေ့ကပဲ တစ်ဘူးကို ၂၃၀ ပါကွာ၊ အခု ၂၇၀၊ ဈေးတက်တာမြန်လှချည်လား"

"ကံစမ်းမဲပါလို့ ဈေးတက်သွားတာပါဦးလေး"

ကျွန်တော် တစ်နေ့ ဘီယာဘူးသွားဝယ်တော့ ကြုံရတဲ့အဖြစ်ပါဗျာ။ ကြားဖူးကြရဲ့လား။ ကံစမ်းမဲပါလို့ ဈေးတက်သွားတာပါတဲ့ဗျာ။ ကောင်းပြာ။

## မဆီမဆိုင်

ဒါဘာဟုတ်သေးလဲဗျာ။ တစ်နေ့ တပည့်လေးတစ်ယောက်ကို ခြင်ဆေးရည်ဘူး ဝယ်ခိုင်းလိုက်ပါတယ်။ ခြင်ဆေးရည်ဘူး (ရှူးကနဲဖြန်းရတဲ့ဘူး) မှာ ဖွန်းတစ်ချောင်း တိပ်နဲ့ပတ်ထားတာ ပါလာတယ်ဗျာ။

"ဟာ... လုပ်ပြန်ပြီဟ ဇွန်းတစ်ချောင်း"

"ဟော့ကောင် မောင်ပိစိ၊ ဒီဇွန်းကြီးက ဘာလုပ်ရမှာလဲကွာ၊ ခြင်ဆေးရည်ကို ရှူးကနဲမဖြန်းဘဲ ခပ်သောက်ရမှာတဲ့လားကွာ"

"မသိဘူးဆရာ၊ ဘယ်ဘူးကြည့်ကြည့် ဒီလိုချည်းဘဲ"

ဟယ်… သောက်ကျိုးတော့နည်းပြီ၊ သည်ခြင်ဆေးဘူးနဲ့ သည်ဖွန်းနဲ့ မသိနားမလည်တဲ့သူတွေ၊ ကလေးတွေလက်ထဲရောက်လို့ ခပ်များသောက်မိရင် ကိုယ်ကျိုးမနည်းပါလာဗျာ။

## ပါးလှည့်နားရိုက်

"ဆရာ… အဲဒါ ဘာဟုတ်သေးလဲ"

တပည့်လေးမောင်ပိစိက ပြုံးစိစိနဲ့ ပြောတယ်ခင်ဗျာ။

"ဆရာက ပါဂျရိုဆိုတဲ့ကားကို ဘယ်လောက်ပေးရမယ်ထင်လဲ"

"ဟင်… အဲဒါတော့ ငါမသိဘူး"

"သိန်း ၇၀ နဲ့ ပါဂျရိုကို ရနိုင်ပါ့မလား ဆရာ"

"ဟာကွာ… မောင်ပိစိ တန်ရာတန်ရာပြောကွာ၊ ဟိုပစ္စည်း ဒီပစ္စည်း အဆင်ပြေရာစပ်ထားတဲ့ "စပ်ထည်" ဂျစ်ကားတစ်စီးတောင် ၇၅-၈၀ လောက်ပေးရတာကွာ၊ မင်းကွာ မအစမ်းပါနဲ့"

"ကျွန်တော်ကပဲ အတာလား၊ ရေးတဲ့သူကပဲ အတာလား တစ်ခုခုတော့မှားနေပြီ ဆရာ"

"ဘယ်လိုများ ရေးထားလို့လဲ ပိစိရာ"

"ထီဆိုင်ကြီးတစ်ဆိုင်မှာ ကြော်ငြာရေးထားတာဆရာ၊ သူတို့ထီဆိုင်မှာ ကျပ် သိန်း ၃၀၀ ဆု ပေါက်ခဲ့လျှင် သိန်း ၇၀ တန်ပါဂျရို ကားတစ်စီး သို့မဟုတ် ငွေသိန်း ၇၀ ကျပ် ထပ်ဆောင်းချီးမြှင့်မည်လို့ ရေးထားလို့ပါဆရာရယ်"

"ဟာ... ဒါ ရှင်းရှင်းလေးပဲကွ၊ သူကကျပ်သိန်း ၃၀၀ ဆုပေါက်တဲ့ကံထူးရှင်ကို သိန်း ၇၀ တန်ပါဂျရိုတစ်စီး ဝယ်ပေးမယ်။ သူဝယ်ပေးတဲ့ကား မလိုချင်ဘူးဆိုရင် သိန်း ၇၀ ပေးမယ်လို့ဆိုတဲ့ သဘောကွာ၊ သူဝယ်ပေးမယ့် ပါဂျရိုက ပါဂျရိုတော့ ပါဂျရိုပေါ့ကွာ ဟဲဟဲ... နာမည်ပဲပါမှာနဲ့တူပါတယ်"

"ဒါဆို ဆရာ"

"ဆရာတွေဘာတွေ လုပ်မနေနဲ့ မောင်ပိစိ၊ ဒါလက်တလုံးခြားလှည့်တာကွာ ပါးလှည့် နားရိုက်တဲ့သဘောပဲကွ"

"ဘယ်လို ဆရာ၊ ပါးလှည့်နားရိုက်"

"ဟုတ်တယ်ကွာ၊ နားလှည့်ပြီး ပါးရိုက်ခံရတာက သက်သာသေးတာပေါ့၊ ပါးလှည့်ပြီး နားကိုရိုက်ရင် နားပင်းသွားနိုင်တယ်၊ ပိုပြီး အခံရမခက်ပေဘူးလား"

"ခိုင်းနွားတစ်ကောင် တစ်သိန်း၊ လှည်းတစ်စီး တစ်သိန်းပေါက်နေတဲ့ ခေတ်၊ ငွေသုံးသိန်းရှိမှ လှည်းတစ်စီး နွားတစ်ရှဉ်းရနိုင်တဲ့ ခေတ်ကြီးမှာ၊ ပါဂျရိုတစ်စီး သိန်း ၇၀ ဆိုတာကတော့ကွာ၊ မောင်ပိစိရေ လူတွေအားလုံးဟာ နားပေါက်တွေ၊ အချဉ်တွေချည်း မဟုတ်ဘူးကွာ၊ တောမှာလည်း သွားမပြောနဲ့၊ မြို့မှာလည်းသွားမပြောနဲ့၊ မြန်မာပြည်မှာ လာမပြောနဲ့ကွာ၊ ဘာလူသားမှ မရှိတဲ့ အခြားကမ္ဘာတစ်ခုမှာ သွားပြောကြကွာ"

"ဆရာရယ်... စိတ်ကိုထိန်းပါ"

"စိတ်ကိုတော့ထိန်းပါတယ်ကွာ၊ လက်ကိုတော့ သိပ်မထိန်းချင်ဘူး၊ ဘယ်နှယ့်ကွာ၊ အတုံးလိုက် အတစ်လိုက်လှီးတာ ခံရလွန်းလို့ လူမြင် အချည်ချည်းပဲ မှတ်နေကြသလား မသိ"

## ယူတက်ရင်ရတယ်

"ယူတက်ရင်ရတယ် ဘဘ"

"ဟဲ့ကောင်လေး စကားကိုကြည့်ပြော၊ ထိန်းထိန်းသိမ်းသိမ်းပြောပါကွာ"

"ကျွန်တော် အမှန်အတိုင်းပြောတာ ဘဘ၊ ဘာများအမှားပါလို့လဲ ဘဘရယ်"

ဖွန်လ ဒုတိယအပတ် ရန်ကုန်ရောက်တော့ တောင်ဒဂုံစက်မှုဇုန် အမှတ် (၂) က သူငယ်ချင်းမောင်သောင်းရဲ့ အလုပ်ရုံမှာ တည်းဖြစ်တယ်ခင်ဗျာ။ မောင်သောင်းရဲ့ သား အငယ်ကောင်က "ယူတက်ရင်ရတယ်" ဆိုသော စကားကို ပြောခြင်းဖြစ်ပါ၏။ မောင်သောင်းဆိုတာက ဝပ်ရှော့ထောင်ထားသူပါ။ သိန်း ၁၀၀၀ ခင်းလောက်ကိုင်ပြီး လုပ်နေသူ။

အခု သူ့လုပ်ငန်းကို သူ့သားအငယ်ကောင်လေးက ဦးစီးမလို့ အားယူနေတာပါ။ အဖေ့ဆီက ပညာယူနေတာ၊ အဖေ့ဆီက ပညာအမွေယူနေတာ။

"ဘယ်လိုလဲဟေ့ကောင်... မင်းကောင် ဖြစ်လောက်ရဲ့လား"

"ဖြစ်မယ်ထင်တာပဲ၊ ငါက အသက်ကြီးလာပြီကွာ၊ သူ့ကို တဖြည်းဖြည်း လွှဲပေးတော့မှာ"

မှန်ပါတယ်ခင်ဗျာ။ လုပ်ငန်းရှင်များဟာ မိမိရဲ့သားသမီး၊ သမတ်၊ ချွေးမ၊ တူ စသည်တို့ကို ပညာအမွေပေးရပါတယ်။ ကိုယ်က နောက်ဆုတ် သူတို့ကို ရှေ့တိုးခိုင်းရပါတယ်။ သူတို့က ရှေ့တန်း၊ ကိုယ်က နောက်ထိုင်ဒါထုံးစံ။ ပြောလိုက်တော့ အလွယ်နော်။ ပေးတိုင်းမရပါဘူးခင်ဗျာ။ ပေးတဲ့သူကပေးပေမယ့် ယူတဲ့သူက ယူတက်မှရတာပါ။ ခုခေတ်တော့ ယူကြပါတယ်။ ပညာ။ ကျွန်တော်တို့ အောင်လံမြို့မှာ ပွဲစားကြီး ဦးပြားဆိုတာ ရှိပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ခန့်က အထင်ကရပဂ္ဂိုလ်ကြီးပါ။

သူ့သား၊ သူ့သမီးများကို ပွဲစားပညာ၊ ကုန်သည်ပညာသင်ပေးပါတယ်၊ မည်သူကမျှ ပွဲစား၊ ကုန်သည် ဖြစ်မလာပါ၊ ပွဲစားကြီးကွယ်လွန်တော့ ပွဲရုံလုပ်ငန်းပျက်သုန်းပြီး တစ္ဆေအိမ်ကြီးလို ခြောက်ကပ်သွားပါတော့တယ်။

ပန်းထိမ်ဆရာကြီး ဦးစိန်ထွန်းဆိုတာလည်း နာမည်ကြီးပါ။ သူ့သားသမီးများ ရွှေတွဲလဲ၊ ငွေတွဲလဲပါ။ သူကြီးပွားစဉ်က။ ဦးစိန်ထွန်းသေသွားတော့ အောင်လံမြို့ ဈေးကြီးထဲက ဆိုင်လဲပျောက် ရွှေပန်းထိမ်ဖိုလည်းပျောက်။ ကလေးများလည်း တောင်ရောက် မြောက်ရောက်၊ နောက်ဆုံးတော့ မိဘပိုင်အိမ်ကြီးကို ရောင်းပစ်ပြီး ကွက်သစ်ထဲ ရွှေ့သွားကြတယ်ဗျာ။ အိမ်ပေါင်လိုးတဲ့သဘော။ လုပ်မစားတက်တော့ ဖြုတ်စားလိုက်ကြတာပေ့ါ ခင်ဗျာ။ ကောင်းရော။

ကျွန်တော်တို့ အောင်လံမြို့မှာတင် မဟုတ်ပါဘူးဗျာ။ ပြည်မြို့မှာလည်း သည်အတိုင်းပါပဲ။ လက်ဖက်ခြောက်ပွဲရုံ၊ ဆေးလိပ်ခုံ၊ ဆန်ကုန်သည်၊ မယူတက်တော့ မရလိုက်ပါဘူးခင်ဗျာ။ မိဘများကွယ်လွန်တော့ ဆေးလိပ်ခုံက ဂိုထောင်ဖြစ်ချင် ဖြစ်သွားတာပါဗျာ။

"ငါကတော့ ပေးတာပဲကွ၊ ယူတာ မယူတာ၊ ရတာ မရတာက သူ့အပိုင်းပဲ"

သူငယ်ချင်းက သည်လိုပဲ အမြဲပြောလေ့ရှိတယ် ခင်ဗျာ။ သူပြောတော့ ကျွန်တော့်တူတောင်မောင် မောင်သိန်းကို သွားသတိရမိတယ်။ အဲ... မောင်သိန်းကတော့ အခုထိ ဘာမျှဖြစ်မလာသေးဘူးဗျို့။ လခစားလုပ်ရကောင်းနိုးနိုး၊ ကိုယ်ပိုင်လုပ်ရ ကောင်းနိုးနိုး၊ ဟိုတယ်ကြီးဖွင့်တော့မှာလိုလို၊ စားသောက်ဆိုင်ကြီး ဟီးနေအောင် ဆော်တော့မယောင်ယာင်။ ခုချိန်အထိတော့ စားသောက်ဆိုင်မဆိုထားဘိ။ မုန့်ပြားသလတ် ဆိုင်တောင် ဖြစ်မလာသေးပါခင်ဗျာ။ မိဘလုပ်စာ ထိုင်စားနေတုန်းပါပဲခင်ဗျာ။ အခု မောင်သောင်းသားကတော့ ပြောနေပြီဗျာ။ ယူတက်ရင် ရတယ်လို့၊ လုပ်လည်းလုပ်နေပြီ၊ အပြောနဲ့အဟောနဲ့ ညီမယ်လို့တော့ ထင်ရတာပဲဗျာ။

"ငါသေသွားတဲ့အခါ ငါ့အလုပ်ရုံကြီး ခြောက်ကပ်သွားမှာ စိုးရတယ်ကွ" မောင်သောင်းကစိုးရိမ်။

"ဟေ့ကောင်... မောင်သောင်း... မင်းသား အဲဒီလောက်ကြီးတော့ ညံ့မယ် မထင်ဘူးကွ၊ မင်းကို ကျော်တက်ချင် ကျော်တက်သွားမှာပါ"

"အဲသလို ကျော်တက် သွားရင်တော့ အကောင်းဆုံးပေါ့ကွာ"

(အဖေလုပ်သူရဲ့ဆန္ဒ)

## လူလား၊ ပစ္စည်းလား၊ ငွေလား၊ နေရာလား

"ဦးချမ်းသာရေ ခင်ဗျားကို အားကိုးတယ်ဗျာ၊ အကြံဉာဏ်ပေးစမ်းပါဦး"

"ဟ... ကိုယ့်လူ၊ လူပေါင်းများနေပြီ၊ မောင်ချမ်းသာဆိုတဲ့ကောင်က ဘာမှ မဟုတ်တဲ့ကောင်၊ သူလိုငါလိုကောင်၊ ကျွန်တော်လိုကောင်ဆီက အကြံဉာဏ်တောင်းလို့ ဘာထွက်လာမှာတဲ့လဲကွာ၊ ကြည့်လည်းလုပ်ပါဦး"

"စကားကို ပိတ်ပြောမပစ်ပါနဲ့ဗျာ၊ ခင်ဗျားဆီက အကြံကောင်း ဉာဏ်ကောင်းလေးတွေရတက်လို့ အပူကပ်တာပါဗျာ"

"ကဲ...ဒါဆို စကားအေးအေးဆေးဆေး ပြောလို့ရတဲ့ တစ်နေရာ သွားကြရအောင်ကွာ၊ ဒီမှာတော့ မင်းမြင်တဲ့အတိုင်းဘဲ ဝယ်သူတွေအရမ်းကျနေပြီး ရောင်းသူဝယ်သူ တဆူဆူနဲ့ ပွတ်လောရိုက်နေတာ၊ စကားပြောဖြောင့်မှာ မဟုတ်ဘူး"

ကျွန်တော်သည် ဆိုင်ကို မန်နေဂျာနဲ့ လွှဲထားခဲ့ပြီးနောက် မိတ်ဆွေ ပြကြီးနဲ့အတူ စနက်ဘားလေးတစ်ခုသို့ ထွက်လာခဲ့၏။ ချောင်ကျသော စားပွဲလေးမှာ နေရာယူပြီးနောက်...

"ကဲ... ဆိုစမ်းပါဦး ပြကြီးရာ၊ ဘာတွေလုပ်ချင်လို့တုံး"

"ဒီလိုဗျာ... ခင်ဗျားကတော့ မြေပဲဆားလှော်လည်း လုပ်တယ်၊ မြေပဲလည်း ဝယ်တယ်၊ အအေးဆိုင်လည်း ဖွင့်ထားတယ်၊ စာလည်းရေးတယ်ဆိုတော့ "ရရာရကြောင်း" ကလေး မေးချင်လို့ပါ။"

"မမေးနဲ့ဦး၊ မင်းဘာလုပ်ချင်တာလဲ၊ အရင်ပြောဦး"

"ကျွန်တော့်ကားကို ရောင်းပစ်လိုက်တယ် ဦးချမ်းသာ၊ ဟိုဖင်ကောက်ကလေးလေ၊ ဝယ်တုန်းက ၁၀ သိန်း ၅ သောင်းဗျာ၊ အခု ၂၀၀ ကျော်ရလို့ထုတ်လိုက်ပြီ၊ အဲဒါ အထိုင်ကျတဲ့ စီးပွားရေးလေးတစ်ခုလုပ်ချင်လို့၊ ဘာလုပ်ရင်ကောင်းမလဲ စဉ်းစားနေတာ၊ အိမ်ကမိန်းမ မိပုက ခင်ဗျားဆီလွှတ်လိုက်လို့လာခဲ့တာဗျာ"

"မျိုးစေ့တော့ရှိနေပြီ မြေမချရသေးဘူးဆိုပါတော့"

"အင်း... အဲဒီသဘောပဲပေါ့"

"ထန်းလျက်ရှိနေပြီပဲကွာ၊ ဘာမုန့်လုပ်စားစားပေါ့"

"မဟုတ်သေးဘူး ဦးချမ်းသာ၊ ထန်းလျက်ရှိတိုင်း မုန့်လုပ်လို့မဖြစ်သေးဘူးလေ၊ ကိုယ်လုပ်လိုက်တဲ့မုန့်က ပျော့တူးမနပ်ကြီးဖြစ်နေ ဘယ်နှယ့်လုပ်မလဲ"

ပြကြီးဆိုတာက ကျွန်တော်သူငယ်ချင်းခင်ဗျာ။ ရန်ကုန် တောင်ဥက္ကလာမှာ နေတာ။ ငယ်ငယ်က တပြပြ အမြဲဝိုလွန်းလို့ပြကြီး အမည်တွင်နေသူပါ။ အခု သူ့ကားကို ဈေးကောင်းရလို့ ရောင်းထုတ်လိုက်ပြီ၊ ငွေတွေလက်ထဲရောက်နေပြီ၊ သည်ငွေတွေကို တိုးပွားအောင် သူလုပ်ချင်တယ်၊ ဘာလုပ်ရမှန်းလဲမသိဘူး။

"ဒီလိုရှိတယ်ကွ ပြကြီးရ၊ တို့စီးပွားရေးလောကဆိုတာက စီးပွားရေး လုပ်ငန်းတွေဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်နေတာကွ၊ တစ်ခုချင်း သီးသန့်ကြီး ရပ်တည်နေတာ မဟုတ်ဘူး၊ ဥပမာကွာ၊ စားသောက်ဆိုင်ဆိုပါတော့ သူ့မှာ အဆက် အစပ်တွေက အများကြီးကွ၊ ခေတ်စကားနဲ့ပြောရရင် ကွန်ရက်ပေါ့ကွာ၊ ဒီကွန်ရက်မှာ စားသောက်ဆိုင်၊ အအေးဆိုင်၊ တည်းခိုခန်း၊ ဆိုက်ကားဆရာ၊ တိုးရစ် (နိုင်ငံခြားခရီးသည်)၊ အဆိုတော်၊ သားငါးရောင်းသူ၊ သစ်သီးရောင်းသူ ဟာ အတွဲလိုက်ကြီးကွ၊ နည်းတဲ့အတွဲကြီးမဟုတ်ဘူး၊ အဲ တဆက်တည်းကြီးထဲမှာ တကယ်ဝင်ရောပြီး ကိုယ်တိုင် စီးပွားရေးသမားတစ်ယောက် ဖြစ်နေပြီ၊ နေ့စဉ်လုပ်ရှားနေပြီ၊ စဉ်ဆက်မပြတ် လှုပ်ရှားနေပြီဆိုမှ ဘာလုပ်ရင်ကောင်းမယ်ဆိုတဲ့ ဝင်ကို မြင်နေပြီဆိုမှ ထလုပ်လိုက် ရတာမျိုးကွ၊ အစပ်အဟပ်တည့်ရင် ပေါက်သွားနိုင်တယ်"

"ငွေလိုမှာပေါ့နော်"

"ငွေက အရမ်းကြီး အရေးမကြီးဘူးကွ"

"လူလိုမှာပေါ့နော်"

"လူကလည်း အရမ်းကြီး အရေးမကြီးဘူးကွ၊ အခုပြကြီးမှာ ငွေရှိတယ်၊ ဒီငွေက ဘာမှလုပ်လို့မရသေးဘူး၊ ငွေက ခြေထောက်မရှိဘူးကွ၊ ဘယ်မှ မသွားနိုင်ဘူး၊ ချထားလိုက်ရင် ကျောက်ခဲကြီးလိုပဲ နေရာက မရွေ့ဘူး၊ အခု ပြကြီးမှာ ပြကြီးရယ်၊ မိပုရယ်၊ သားတွေသမီးတွေ ရှိတယ်၊ လူရှိတယ်နော် ဘာမှလုပ်လို့ မရသေးဘူး"

"ဒါဖြင့် ကုန်ပစ္စည်းပေါ့နော်"

"ကုန်ပစ္စည်းကလည်း ဒီလောက်ကြီး အဓိကမကျလှဘူးကွ၊ ကုန်ပစ္စည်းတွေ ဘယ်လောက်ပဲ ကောင်းအောင်လုပ်ထားထား၊ ဘယ်လောက် အကောင်းစား အပျံစားကြီးပဲ ဖြစ်နေနေ၊ ဝယ်သူလက်ထဲ စားသုံးသူပါးစပ်ထဲ မရောက်ဘူးဆို အလကားပဲ ပြကြီးရ"

"ဒါဆိုရင်၊ ဘယ်လိုလုပ်ပါ့မလဲ ဦးချမ်းသာရယ်၊ ဖင်ကောက်ကလေး ရောင်းထားတဲ့ငွေ၊ နောက်တစ်စီး ချိတ်ဖို့ဆိုတာလည်း မလွယ်နဲ့"

"နေစမ်းပါဦးလေ၊ ဒါလောက်ကြီး အရင်မလိုစမ်းပါနဲ့၊ ပြကြီးရဲ့ ပူနေတဲ့ ရင်ကို ရေခဲစိမ်ဘီယာအေးအေးနဲ့ အပူလျှော့လိုက်စမ်းပါ၊ အကြံဉာဏ်ဆိုတာက လျှာပူထိုး လျှာလောင်ထိုး ဖုတ်ပူမီးတိုက် လုပ်လို့ရတာမျိုး မဟုတ်ဘူး၊ အချိန်ယူပြီး ခေါင်းအေးအေးနဲ့ စဉ်းစားပါရစေဦး"

ပြကြီးနဲ့ တွေ့ဆုံပြီးနောက်ပိုင်း ပြကြီးကို ဘယ်လိုအကြံဉာဏ်ပေးရင် ကောင်းမလဲ ကျွန်တော် စဉ်းစားနေမိပါ၏။ မှန်တယ် ခင်ဗျာ၊ ငွေဟာ လိုတော့လိုတယ်၊ အဓိကဇာတ်လိုက် မဟုတ်ဘူး၊ သိန်း ၅၀၀ ရင်းထားပြီး ဘာမှအလုပ်မဖြစ်တဲ့ လုပ်ငန်းတွေ၊ သိန်း ၅၀ ရင်းထားပြီး တစ်နေ့ ၅၀၀၀ မဝင်တဲ့ လုပ်ငန်းတွေလည်း ရှိတယ်ခင်ဗျာ။ အဲ... တချို့ကျတော့ ငွေ ၅၀၀၀၀ (ငါးသောင်း) လောက် ရင်းထားရုံမျှနဲ့ ၁၀၀၀၀ (တစ်သောင်း) လောက် နေ့စဉ်ရနေတဲ့ လုပ်ငန်းတွေလည်း ရှိတယ်။ (ဝင်ကြည့်မှ သိရတာ၊ အပေါ်ယံရှုပ်ကြည့်လို့ကတော့ ဘာမျှမြင်ရမှာ မဟုတ်ဘူး။ ရေထဲကငါး အပေါ်ကကြည့်၍ မမြင်ရသကဲ့သို့။) သည်တော့ ငွေက အဓိကဇာတ်ကောင် မဟုတ်ဘူးဆိုတာ သေချာသွားပြီဗျာ။

"လေးလေး ဆိုင်နှစ်ရက်ပိတ်မယ်၊ (မတ် ၂၇ တပ်မတော်နေ့၊ မတ် ၂၈ တပေါင်းလပြည့်နေ့) လိုတာဝယ်ထားနော်၊ သမီးတို့က အိမ်ပြန်အုံးမှာ"

ခရမ်းချဉ်သီးသည်မက ပြောတယ်ခင်ဗျာ။

"ဟယ်... ညည်းတို့က ပြည်မြို့သူတွေမဟုတ်ဘူးပေါ့၊ ဘယ်ကလာပြီး ဆိုင်ထွက်တာလဲ"

"ပြည်မြို့သူမဟုတ်ဘူး လေးလေး၊ ဒီမှာငွေရှာရလွယ်လို့ ဆိုင်လာထွက်တာ၊ တပေါင်းလပြည့်နေ့ ရွှေနတ်တောင်ပွဲတော်လေ၊ ကိုယ့်မြို့ကိုယ့်ရွာ ရွှေနတ်တောင်ကို ပြန်လိုက်ဦးမယ်"

ရွှေတောင်သူတွေက ရောင်းလို့ချလို့ကောင်းတဲ့နေရာ ပြည်မြို့မှာလာပြီး ဈေးထွက်တယ်ဆိုပါလား၊ ရောင်းတော့သာ ခရမ်းချဉ်သီး ရွှေဆွဲကြိုးကြီးကဖြင့် အုန်းဆံကြိုးက အရှုံးပေးရလောက်တယ်ဗျာ။

"ဟင်... မောင်မဲတူ မင်းဆိုင်လူစည်လှချည်လား"

"ဟုတ်ကဲ့ဦးလေး ခဏနော် ဆိုင်မှာလူတွေကျနေလို့"

မောင်မဲတူ အရက်ဆိုင်က ပြည်မြို့က ညဈေးတန်းမှာ ခင်ဗျာ့၊ မဲတူ၊ သူ့မိန်းမ၊ သူ့ယောက်ဖ ချွေးပြန်နေတယ်ဗျာ၊ စားသုံးသူတွေရဲ့ လိုဘကို ဖြည့်ဆည်းပေးနေရတာ။ မောင်မဲတူတို့က အောင်လံမြို့ စက်ရုံရပ်ကွက်ကခင်ဗျာ့၊ ပြည်မှာလာပြီး ဆိုင်ဖွင့်နေတာ ငါးနှစ်ရှိနေပြီ။

"ကျွန်တော်ဒီကို ပြောင်းလာတာ နည်းနည်းနောက်ကျသွားတယ်၊ ဒီမှာက တကယ့်ဂွင်ခင်ဗျာ"

တာယာပေါက်ကြီးက ပြောတယ်ခင်ဗျာ့၊ ပြည်မှာတော့ ပေါက်ကြီးရဲ့ တာယာဆိုင်ဟာ လူသိတော်တော်များတယ်ခင်ဗျာ့၊ သူ့နာမည်က ကိုပေါက်ပါ၊ ပေါင်းတည်ကလာပြီး ဆိုင်ဖွင့်နေသူပါ၊ တာယာဆိုင်ကို အကြောင်းပြုပြီး "တာယာပေါက်ကြီး" ရယ်လို့ နာမည်ကြီးနေသူပါ၊ သူ့မှာ ပျော်စီးကားတစ်စီးနဲ့ မော်တော်ဆိုင်ကယ် နှစ်စီးရှိပဲ့ဗျာ၊ တိုက်နဲ့တာနဲ့ဗျာ။

"မိတိုးနော် မကိုက်ဘူး၊ မကိုက်ဘူးနဲ့၊ နင့်နားက စိန်နားကပ်က တဖြည်းဖြည်း ကြီးကြီးလာတယ်နော်"

"ဟင်... ဦးလေးက လုပ်ပြီ၊ ကိုယ့်အချင်းချင်းတွေပဲဟာ၊ ဒီနေ့ဘာချက်မှာလဲ၊ ဘဲသားနတယ်၊ အကောင်လိုက် ၁၀၀၀ ဈေး"

ပြည်မြို့ဈေးကြီးထဲက ကြက်သား၊ ဘဲသားတွေရောင်းတဲ့ မိတိုးခင်ဗျာ့၊ ဆိုင်ပေါ်မှာခင်းထားတဲ့ ကြက်သား၊ ဘဲသားတွေ အမြင်အဆင်မကောင်းဘူး၊ စိန်နားကပ်ကြီး တပြောင်ပြောင်နဲ့ပါခင်ဗျာ့။

"ဦးလေး ပြည်မြို့သားမဟုတ်ဘူးထင်တယ်၊ ဘယ်ကပြောင်းလာတာလဲ"

" တောင်တွင်းကြီးက ပြောင်းလာတာပါကွယ်၊ ဒီမှာ အဒေါ်းဆိုင်လာဖွင့်တာ"

ကဲ...ပြကြီး ဘာလုပ်မလဲ ဆုံးဖြတ်ပေတော့၊ ဘာအရေးကြီးဆုံးလဲ ဆုံးဖြတ်ပေတော့။

## မာနကို ကြီးနိုင်သမျှ ကြီးပစ်လိုက်စမ်းပါ

"ဆရာ ခေါင်းစဉ်ကြီးလှချည်လား၊ ကြည့်လုပ်ပါဦး"

ကျွန်တော် ဆောင်းပါးရေးသည်ကို ငုံ့ကြည့်ပြီးနောက် ကျွန်တော်၏ မိတ်ဆွေကြီး ဦးနားဝေးသည် မျက်လုံးပြူး၍ ကြည့်လေ၏။

"ဒီမှာဦးနားဝေး ရင်လောက်မှန်းမှ ဒူးလောက်ကျတယ်၊ အဲဒီလောက်ကြီး တင်ထားတာတောင် အမှန်က နည်းသေးတာဗျာ့"

"ဟာ... ဆရာကလည်း"

"ဆရာကလည်းမလုပ်နဲ့၊ လူဆိုတာယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် လူ့မာန ရှိရမယ်ဗျာ့၊ မာနကို တံခွန်ထူရမယ်ဗျာ့၊ လောကကြီးမှာ မာနမိုးထိုးနေတဲ့သူတွေဟာ ထိပ်ရောက်နေတာဗျာ့၊ မယုံမရှိနဲ့"

"ဘီးလ်ဂိတ်၊ ဘီလ်ကလင်တန်၊ လီကွမ်ယု စတဲ့စီးပွားရေထိပ်သီး၊ နိုင်ငံရေး ထိပ်သီးတွေဟာ အမှန်တော့ သူလို ငါလိုတွေချည်းပဲဗျာ့၊ ဘယ်သူ့မှ ခေါင်းတစ်လုံးပို ပါလာတာမဟုတ်ဘူး၊ ဒါပေမယ့် ဒီလူတွေက သူများထက် ထူးခြားတယ်ဗျာ့၊ တခြားမဟုတ်ဘူး၊ မာနပဲ၊ လူ့မာနပဲဗျာ၊ မဖြစ်ဖြစ်အောင် လုပ်မယ်ဆိုတဲ့ မာနပဲဗျာ"

"လူ့မာန"

"ဟုတ်တယ် ဦးနားဝေး၊ လူ့မာနပေ့ါဗျာ၊ မင်းကဘာကောင်မို့လို့လဲ၊ ဘာသားနဲ့ထုထားတာမို့လို့လဲ၊ မင်းတက်သလို ငါတက်ရမယ်၊ မင်းသိသလို ငါသိရမယ်၊ မင်းချမ်းသာသလို ငါချမ်းသာရမယ်၊ မင်းကိုမှီအောင် လိုက်မယ်၊ မင်းကို ဖြတ်ကျော်ပစ်မယ်၊ မင်းရှေ့က ငါရောက်အောင်သွားမယ်ဆိုတဲ့ မာနမျိုးဗျာ"

"ဟာ... ကြောက်စရာပါလား"

"မှန်တာပေ့ါဗျာ၊ ကြောက်စရာကောင်းလောက်အောင် မာနထား၊ ကြောက်စရာ ကောင်းလောက်အောင် ကြိုးစားကြလို့လဲ ထိပ်ရောက်သွားကြတာပေ့ါဗျာ၊ ဦးနားဝေးရေ ကျွန်တော်ဆို အိုသေခါနီးပြီဗျာ၊ ခုချိန်ထိမာနကို မလျှော့ရဲသေးဘူး၊ အကယ်၍ ကျွန်တော်က မာနကို လျှော့လိုက်မယ်၊ လေပျော့သွားပြီဆိုရင် ကျွန်တော့်သားသမီး၊ ကျွန်တော့်တပည့် အလုပ်သမားတွေ စိတ်အားသတ္တိ ပျော့ညံ့သွားပြီး ကျွန်တော့် လုပ်ငန်းတွေ သံပတ်လျှော့ကုန်မှာပေ့ါဗျာ၊ ခေါင်းဆောင်ဆိုတာ သေသည်ထိ မာနကို မချရဘူးဗျာ"

"ကျွန်တော့်မိတ်ဆွေ မောင်ညိုကြီးဟာ အတန်းပညာလေးတန်းတောင် မအောင်ဘူးဗျာ့၊ ဘုန်းတော်ကြီးကျောင်းထွက် လောကနီတိ ပရိတ်ကြီးလောက်ပဲ ရောက်တယ်၊ မိဘတွေက သူငယ်ငယ်လေးတည်းက ဆုံးပါးသွားလို့ မုဆိုးမဒွေးတော်က မွေးစားထားရတယ်၊ အရမ်းဆင်းရဲဗျာ၊ ငါးပိဖုတ်နဲ့ ထမင်းတစ်နပ်ပြီးရ၊ ထန်းလျက်ခဲနဲ့ ထမင်းတစ်နပ်ပြီးရ၊ အဲဒီလိုဘဝမျိုးဗျာ၊ ဒါပေမယ့် အဲဒီမောင်ညိုကြီးဟာ အခုရန်ကုန်မှာ စားသောက်ဆိုင်ကြီးနဲ့ တိုက်နဲ့ကားနဲ့ သူဌေးကြီးဖြစ်နေပြီဗျာ၊ အောင်လံ အရှေ့ဘက်

ဆတ်ဆူဝရှာက တောသားလေး ညီကြီးမဟုတ်တော့ဘူးဗျာ၊ ရန်ကုန်သူဌေး ဦးညီကြီးဖြစ်သွားပြီ"

"ငါ့ကို မတင်ပေးလိုက်တာ မာနပေါ့ကွာ"

စကားစပ်မိတဲ့အခါ သူပြောလေ့ရှိတဲ့ စကားခင်ဗျာ့။ သူက မုဆိုးမ မွေးစား မိခင်ကြီးနဲ့ အတူနေရတယ်။ ခိုင်းနွားက တစ်ကောင်ပဲရှိတော့ တစ်ကောင်ထပ်ငှားရတယ်။ လှည်းကမရှိဘူး။ လှည်းကမရှိတော့ သူ့အစ်ကို တစ်ဝမ်းကွဲ မောင်ဘိုးကြွမ်းဆီမှာ လှည်းကိုငှားသုံးရတယ်။ တစ်ခါတော့ မောင်ဘိုးကြွမ်းက "ဟေ့… ညီကြီး၊ မင်း ယောက်ျား မဟုတ်ဘူးလား၊ ယောက်ျားစိတ်မွေးစမ်းပါကွာ၊ ငါ့လှည်းကို လာမငှားရအောင်၊ ကိုယ်ပိုင်လှည်းရအောင် လုပ်ပေါ့ကွ" လို့ဆိုသတဲ့။ သည်မှာတင် မောင်ညီကြီးက စိတ်အချဉ်ပေါက်ပြီး "ဘိုးကြွမ်းရာ မင်းကငါ့ကို အထင်သေးလိုက်တာကွာ၊ တစ်နေ့ မင်းလှည်းထက်မက ကားဝယ်စီးနိုင်အောင် လုပ်ပြမယ်ကွ" လို့ စိတ်ထဲက ကြုံးဝါးလိုက်သတဲ့။

အဲသည်လိုနဲ့ မခံချင်စိတ်နဲ့ ကြိုးစားလာလိုက်တာ နွားတစ်ကောင်က နှစ်ကောင်ဖြစ်၊ တစ်ရှဉ်းက နှစ်ရှဉ်းဖြစ်၊ လူငှားတွေနဲ့ လယ်ယာလုပ်၊ လှည်းမကြီးတစ်စီး၊ ရေစည်လှည်း (ရေစည်တိုက်တဲ့လှည်း) တစ်စီး၊ လှည်းယဉ်ကြော့တစ်စီး ဖြစ်လာရော။ မခံချင်စိတ်က တွန်းတင်ပေးလိုက်တာ။ အဲသည်အချိန်မှာ မောင်ဘိုးကြွမ်းမှာတော့ လှည်းတစ်စီးပဲ ထပ်တက်မလာဘူး။ မောင်ညီကြီးက သူ့ကိုမှီအောင်လိုက်တယ်၊ သူ့ကို ဖြတ်ကျော်တက်သွားပြီး မောင်ဘိုးကြွမ်း ငေးကြည့်နေရပြီ။ သည်မှာတင်မရပ်ဘူးဗျ့။ တောရွာမှာဆိုတော့ သည်လောက်ပဲချမ်းသာနိုင်မယ်၊ တောသူဌေးပဲဖြစ်မယ်၊ မြို့ပေါ်တက်မှပဲဆိုပြီး တောရွာကနေ အောင်လံမြို့ကို ရွှေ့ခဲ့တယ်။ မိခင်အိုကြီးကိုလည်း ခေါ်ခဲ့တယ်။

အဲသည်ကနေ မိတ်ဆွေတစ်ယောက်က အလည်ခေါ်သွားလို့ ရန်ကုန် ရောက်သွားတယ်။ တောသားမြို့ရောက် မျောက်ဖြစ်၊ တောင်ကြည့် မြောက်ကြည့်၊ ရန်ကုန်က သူဌေးတွေကားစီးတာမြင်တော့ အို ငါလည်း သူတို့လိုဖြစ်အောင် လုပ်မကွဆိုပြီး

အောင်လံကနေ ရန်ကုန်ရွှေ့၊ ရန်ကုန်မှာအခြေစိုက်၊ ဟော... အခုတော့ ရန်ကုန်မှာ တူတူတန်တန်ဖြစ်နေပြီ။

"တကယ်ပြောတာလား ဦးချမ်းသာ"

"ဦးနားဝေးရယ် မဟုတ်တာကို ဘယ်တုန်းကများ ကျွန်တော်ပြောဖူးလို့လဲ၊ ကျွန်တော်က တကယ်သိမှ၊ တကယ်မြင်မှ၊ ပြောတာ ကျွန်တော်ကိုယ်တိုင် တကယ်လုပ်ကြည့်ပြီး တကယ်ဖြစ်လာမှပြောတာဗျာ"

"ဦးနားဝေး လူ့အောက်မကျို့ရဘူးဗျာ၊ လူ့အောက်ကျို့တော့ လူပိတာပေါ့၊ လူ့ပခုံးပေါ် ကျော်တက်နိုင်အောင်လုပ်ရမယ်၊ မိမိကြီးပွားရေးအတွက် လူ့အောက်မကျို့တဲ့မာနရှိရမယ်၊ မခံချင်စိတ်ရှိရမယ်"

"လောကကြီးဟာ မခံချင်စိတ်ရှိသူများ မာနကြီးသူများအတွက်သာဖြစ်တယ်"

"အင်း... အပြင် ... အဲ... မရှိဘူးဆိုတဲ့ ဝေလေလေများအတွက် နေရာမရှိဘူးဗျာ့"

ဝေလေလေသမားဝေးရာ ရှားလော့။ မာနသမားများ ထိပ်တန်းတက်လတ္တံ့။

(လက်တွေ့လုပ်ပြီးမှ ဒီစာကိုရေးတာပါ)

## မိတ်နဲ့လုပ်စားနေတာ

"ဟီး... မောင်ချမ်းသာရေ လုပ်စမ်းပါဦးကွာ၊ ငါတော့ နောက်ဆုတ်ချင်စိတ်တောင် ပေါက်လာပြီ"

"ဘာဖြစ်လာပြန်တာလဲ... ညဏ်ကြီး"

"ဘာဖြစ်ရမလဲကွာ၊ မင်းပဲငါကိုပြောတယ် မဟုတ်လား၊ ငွေရှိနေပြီ၊ လုပ်မယ့်လူရှိနေပြီ၊ ရောင်းချမည့် ကုန်ပစ္စည်းကလည်းရှိနေပြီ၊ နေရာကောင်းလည်း ရနေပြီဆိုရင် စီးပွားရေးလုပ်လို့ ရနေပြီလို့ပြောတယ်မဟုတ်လား"

"ဟုတ်တယ်လေ"

"မဟုတ်သေးဘူးကွ၊ ငါထလုပ်ကြည့်လိုက်တာ ထင်သလောက်ဖြစ်မလာဘူးဟေ့၊ ငွေလည်း ပုံအောထည့်ထားတယ်ကွာ၊ လုပ်မယ့်လူတွေလည်း အားကြီးပဲကွာ၊ နေရာကလည်း ဘာကောင်းသလဲမမေးနဲ့၊ ဈေးနားမှာကွာ၊ လူစည်ပေ့ဆိုတဲ့ နေရာကွာ၊ ငါ စားသောက်ဆိုင်ဖွင့်ကြည့်တယ်ကွာ၊ အစားအသောက်တွေကလည်း အကောင်းစား အပုံစားပါပဲ၊ ဒါပေမယ့် ထင်သလောက်မရောင်းရဘူးမောင်၊ တစ်ခုခုတော့ လိုနေပြီကွ၊ ဘာလိုနေသလဲမသိဘူး၊ ဆိုင်နာမည်ပေးတာပဲ မှားလို့လားဆိုပြီး ငါ့မိန်းမ ဗေဒင်ဆရာဆီ သွားလေရဲ့"

"နာမည်နဲ့တော့ သိပ်မဆိုင်ပါဘူးကွာ၊ ဗေဒင်ဆရာနဲ့လည်း ဘာမှမဆိုင်ဘူးကွ၊ လူအင်အားအပြည့်၊ နေရာကောင်း၊ ပစ္စည်းကောင်း၊ ဒါပေမယ့် အရောင်းပါးတယ်ဆိုတော့ စဉ်းစားစရာပေါ့ ညက်ကြီးရာ"

"အယ်... ညက်ကြီး မင်းကို ငါတစ်ခုမပြောမိလိုက်ဘူးကွာ၊ ဆောရီး"

"ဘာလဲဟ... ချမ်းသာ လုပ်စမ်းပါဦး"

"မိတ်ကွ ညက်ကြီးရ၊ မိတ်ကွ၊ စီးပွားရေလုပ်တယ်ဆိုတာ မိတ်ရဖို့လည်း လိုသေးတယ်ကွ၊ မိတ်... မိတ်"

"ဟာကွာ... ချမ်းသာ၊ မင်းက ဆရာစားချန်ထားတာကိုးကွ၊ အစကတည်းက အကုန်ပြောရောပေါ့ကွာ"

"ဆရာစားချန်တာ မဟုတ်ဘူးဟေ့၊ ပြောတဲ့အထဲ ပါသွားပြီထင်လို့ပါကွာ၊ တောင်းပန်ပါတယ်"

ဉာဏ်ကြီးဆိုတာ ကျွန်တော့်မိတ်ဆွေပါခင်ဗျာ၊ စီးပွားရေးလုပ်ချင်တယ်၊ ဘာတွေလိုသလဲဆိုပြီး အကြံဉာဏ်တောင်းလို့ ပေးလိုက်မိပါတယ်ခင်ဗျာ၊ တမင်ညစ်လိုက်တာတော့ မဟုတ်ဘူးဗျာ၊ စီးပွားရေမှာ မိတ်လိုတယ်ဆိုတဲ့ အကြောင်းလေး ပါမသွားဘူးဗျ။

ကျွန်တော်သတိထားမိနေတာ ကြာပြီခင်ဗျ။ ကျွန်တော် ပြည်မြို့မှာ အအေးဆိုင်ဖွင့်၊ ပြည်မြို့မှာနေတော့ ကိုယ်ပိုင်တယ်လီဖုန်းမရှိတော့ ရန်ကုန်ကိုဆက်ချင်ရင် အောင်လံကိုဆက်ချင်ရင်ပုဂ္ဂလိက တယ်လီဖုန်း အငှားဆိုင်ကလေးတွေပြေးပြီး လက်လီဆက်ရတယ်ခင်ဗျ။ ဆိုင်ချင်းကပ်တွေ တယ်လီဖုန်းလေးငါးလုံးပဲဗျ။ လူမြင်သာတဲ့နေရာ ဖုန်းလေးတွေချထားကြတယ်။ အဲသည်ဖုန်းလေးငါးလုံးထဲမှာမှ ဖုန်းတစ်လုံးဟာဗျာ၊ ဖုန်းခေါ်သူ အမြဲနယ် ရှိနေတယ်ဗျာ၊ တစ်ခါတစ်လေ သုံးလေးယောက်ဆုံနေတယ်ဗျာ၊ သူတစ်လုံးတည်းရယ် ဆက်သူများနေတာ၊ အခြားဖုန်းတွေမှာ ခြောက်ကပ်လို့ခင်ဗျာ၊ ဆက်ဆံရေးခင်ဗျ၊ မိတ်ခင်ဗျ၊ သူကစကားပြောနေတာ။ ပြည်မြို့ဈေးကြီးထဲမှာ မတိုးကြက်သားဆိုင်ခင်ဗျ၊ နံနက် ၉ နာရီလောက်ဆို မသွားနဲ့တော့ သူ့ဆိုင်မှာ ကြက်သားဆို အစအနတောင် မမြင်ရတော့ဘူး၊ လိုချင်ရင် စောစောသွားဗျ၊ ကိုယ်ကစောလှပြီအောက်မေ့နေတာ၊ ကိုယ့်အရင်ရှေ့က ဝယ်သူတွေတန်းစီနေပြီဗျာ၊

တချိန်တုန်းက တန်းစီပြီးတိုးရတဲ့ သမဆိုင်လိုပါပဲဗျာ၊ သူ့ပေးပါ၊ ငါ့ပေးပါ၊ သူအလျင်ရောက်တာ၊ ငါအရင်ရောက်တာ ငြင်းခုံနေကြသေးဗျာ၊ ထမင်းဆိုင်သမားတွေ၊ အိမ်မှာချက်စားကြမယ့်သူတွေ အမြဲကျပ်ညပ်နေတယ်ဗျာ၊ ရောင်းရချက်ကတော့ လွန်တယ်ဗျာ၊ ကြက်အကောင် ၉၀-၁၀၀ လောက်ဟာ ခဏလေးနဲ့ ကုန်တယ်ဗျာ၊ သူ့ဆိုင်နဲ့မျက်နှာချင်းဆိုင်က ကြက်သားသည်မကတော့ ကြက်ကလေး သုံးလေးကောင်ခင်းထား၊ ဝယ်သူမရှိငုတ်တုတ်ဗျာ၊ နေမြင့်တော့ ကြက်သားကညိုလာ၊ ယင်စိမ်းမကြီးတွေ တဝုန်းဝုန်းနဲ့ဗျာ၊ တဈေးလုံးမှာရှိတဲ့ ကြက်သားတွေကုန်မှ သူ့ဆိုင်က

ရောင်းရထင်ပွဲရဲ့ဗျာ၊ ငယ်လိုက်တဲ့မျက်နှာ၊ မိတ်ကခေါင်းပါးဘိခြင်း။ ရွှေတောင် ဂိတ်နားမှာ စာအုပ်ဆိုင်လေးတစ်ဆိုင်လည်း သတိထားမိတယ်ခင်ဗျာ့၊ ဆိုင်နာမည်က Happy Mark (ဟက်ပီးမာ့က်) တဲ့ ဝတ္ထုတွေ၊ ဂျာနယ်တွေ၊ လုံးချင်းစာအုပ်တွေ၊ ဘာသာရေးစာအုပ်တွေ အစုံပဲဗျာ့၊ ဖွင့်တာ ဘာကြာသေးတုံး၊ မတ်လ ၁၇ ရက်နေ့ကမှ စဖွင့်တာဗျာ၊ ကျွန်တော် မကြာခဏရောက်တယ်၊ စာအုပ်မဝယ်နိုင်လို့ စာခိုးဖတ်တာ။ ဆိုင်ရှင် ကိုကြည်စိုးဆိုတဲ့သူက တော်တော်မိတ်ပေါတဲ့သူခင်ဗျာ့။ သူ့ဆိုင်မှာလူစုံပဲဗျာ၊ ကဗျာဆရာ၊ ကာတွန်းဆရာ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကျောင်းသူကျောင်းသား စာပေဝါသနာအိုးလေးတွေ၊ ဟာ... အားကြီးပဲ၊ ဂျာနယ်တွေ ဆိုတာ ခုရောက်ခုကုန်ပဲဗျာ၊ အားပေးမယ့်မိတ် များတာကိုး။ အဲ စာအုပ်ဆိုင်တစ်ဆိုင်မှာတော့ တစ်နေကုန်လို့မှ ဝယ်သူတစ်ယောက်၊ နှစ်ယောက်ဖြိုးဖြိုးဖြောက်ဖြောက်ဗျာ၊ ပတ်စရာရေမရှိသော သကြၤန်မဏ္ဍပ်ကဲ့သို့ ခြောက်ကပ်ပါဘိခြင်း။ အမှန်အတိုင်းပြောရရင် ကျွန်တော်လည်း မိတ်နဲ့လုပ်စားနေတာပါ ခင်ဗျာ့၊ ကုန်းကြမ်းသွင်းတဲ့မိတ်၊ ဝယ်စားတဲ့မိတ်၊ စားလို့ကောင်းတယ်ဆိုပြီး ညွှန်တဲ့မိတ်၊ သည်မိတ်ဆွေတွေ အားကိုးနဲ့ ထမင်းစားနေရတာပါ ခင်ဗျာ။

စီးပွားရေးမှာ ငွေရှိရုံနဲ့မပြီး၊ လူရှိရုံနဲ့မဖြစ်၊ ပစ္စည်းကောင်း နေရာကောင်းရုံနဲ့လည်း မလုံလောက်၊ အားပေးတဲ့ မိတ်ရှိမှ အောင်မြင် ပေါက်မြောက်နိုင်ကြောင်းပါခင်ဗျာ။ ကဲ... ညကျကြီးရေ မပြောဖြစ်တာလေး ပြောလိုက်ပြီကွာ။

## သူများနှပ်ချတာ မခံရစေနဲ့

"ဒူးရင်းသီး၊ ရာသီဥတုက အရမ်းပူနေတယ်၊ လူတွေက ပူတာမစားချင်ဘူး၊ နှစ်လုံးလောက်ပဲဝယ်၊ လိုရမယ်ရ"

"ပန်းသီးသုံးလုံးထက်ပို မဝယ်နဲ့၊ ပန်းသီးဖျော်ရည်က သူဌေးတွေမှသောက်တာ၊ နာနက်သီးအမှည့် ၁၀ လုံးအသင့်ရှိပါစေ၊ အစိမ်း ၃၀ ရုံထား၊ အစိမ်းလို အစိမ်း၊ အမှည့်လို အမှည့်၊ လိုတာဖြည့်ဝယ်၊ မဝယ်ခင်စာရင်းလုပ်သွား။

"ငှက်ပျောသီး အချောတစ်ဖီး (သီးမွေး)၊ အကြမ်းသုံးဖီး (ဖီကြမ်း) ဆို လုံလောက်တယ်၊ တကယ့်ရင့်၊ တင်း၊ ဖောင်းနေတာမှ ဝယ်၊ အနမှည့် ဆေးမှည့်မဝယ်နဲ့၊ အုပ်မှည့်ဆေးမှည့် သတိထားကြည့်၊ ဆေးမှည့်က နနွင်းဆိုးထားသလိုပဲ၊ အရမ်းဝါထိန်နေတယ်၊ ဒါပေမယ့် ငှက်ပျောသီးကခပ်ခပ်ပိန်ရယ်၊ သိပ်မရင့်ဘူးကွ၊

"သဘော်သီး ခုနစ်လုံးဆိုတော်ပြီ၊ စမ်းကြည့်၊ ခူးတုန်းကအောက်လွတ်ကျလို့ ဒဏ်ရာရပြီး ပျော့နေရင် မယူနဲ့"

"သဘော်သီး အရမ်းသေးတာ မဝယ်နဲ့၊ အရည်မရွှမ်းဘူး၊ ချဉ်ခါး၊ အကြီးဆုံးကို ရအောင်ရှာ၊ အကြီးမရှိမှ အလတ်စကိုဝယ်၊ လောဘမကြီးနဲ့၊ တစ်နေ့စာ လောက်ရင် တော်ပြီ။

"စတော်ဘယ်ရီ နှစ်ခြင်းသုံးခြင်းဖွင့်ကြည့်၊ သွန်ချကြည့်၊ လတ်ရဲ့လား မှိုတက်နေပြီလား၊ တစ်ခြင်းဘယ်နှစ်ခွက်စာ ရနိုင်သလဲ၊ တွက်ကြည့်ပြီးမှ ဈေးစကားပြော၊

"ဖရဲသီး နည်းနည်းရှားနေပြီ၊ အကြီးကိုယူ၊ နွမ်းနေရင် မယူနဲ့၊ အထဲကအသားက ပျော့နေပြီ၊"

"သစ္စားသီးကြီးတာကိုရွေး၊ အလုံးကိုဆကြည့်၊ အသားပြည့်မပြည့် နမ်းကြည့်၊ မွှေးနေပြီ၊ မွှေးအီနေပြီဆိုတာကို ရွေး"

"အေး... ငါမင်းကိုပြောထားမယ်၊ လူမျက်နှာမကြည့်နဲ့၊ ပစ္စည်းမျက်နှာကိုကြည့်၊ ဈေးသည်က အတင်းထိုးပေးတိုင်းမယူနဲ့၊ အလုပ်ဖြစ်လောက်မှယူ၊ တစ်လုံးကြိုက်ရင် တစ်လုံးပဲယူ"

"ပင်သည်ဆီက တက်နိုင်သမျှ ရအောင်ရှာဝယ်၊ ဖောက်သည်ဆိုတာက တဆင့်ခံ ဖြတ်ခုတ်တွေကများတယ်၊ မင်းကို ဈေးနှစ်ဆရိုက်လိမ့်မယ်"

"ဘုရားဖူးသွားချင်လို့ပါ၊ အလှူလုပ်ချင်လို့ပါ၊ ခဏနားဦးမယ်၊ ရှိတာလေးတွေ ယူသွားပါ၊ သင့်အောင်ကြည့်ပေးပါနဲ့ လက်ကျန်တွေ အတင်းထိုးပေးတက်တယ်၊ မယုံနဲ့၊ မယူနဲ့၊ မင်းတို့ ဟိုနေ့က ဈေးသည်ထိုးပေးတဲ့ ဒူးရင်းသီး ၁၉ လုံး သုံးမဖြစ်လို့ လွှင့်ပစ်လိုက်ရတာ သိတယ်မဟုတ်လား"

"ဒူးရင်းသီးဝယ်ရင် တစ်လုံးချင်းနမ်းကြည့်၊ မွှေးနေပြီလား၊ အနံ့ထွက်နေပြီလား၊ အကွဲလား၊ အလုံလား ကြည့်၊ တချို့အလုံးက လုံနေပေမယ့် မွှေးအီနေပြီ၊ အစေ့ကြီးမှာလား သေးမှာလား၊ အနှစ်ပါးမှာလား ထူမှာလား၊ ဘယ်နှစ်ခွက်ထွက်မှာလဲ တွက်၊ ခွက်ရေနဲ့ချိန်၊ ဈေးနဲ့ချိန်"

"အေး... ငါအောင်လံကို ပြန်ဦးမယ်၊ တစ်ရက်နှစ်ရက်ပါ။ သိပ်မကြာပါဘူး"

"ပစ္စည်းကောင်းရမယ်၊ အောက်ဈေးနဲ့ရမယ်၊ ဝယ်တဲ့ သစ်သီးအားလုံး အသုံးတည့်ရမယ်၊ တစ်ဝက်ပစ်စား မဖြစ်စေနဲ့၊ သစ်သီးမြင်လိုက်ရုံနဲ့ ခွက်ရေကို မှန်းနိုင်ရမယ်၊ ဝက်မြင်ရုံနဲ့ အသားထွက်မှန်းနိုင်မယ့် ဝက်ထိုးသမားလိုပေါ့"

"မင်းကို ဟိုနေ့က ငါလိုက်ပြပြီးပြီ၊ ဝယ်ရမယ့်ဆိုင်တွေ၊ မောင်ဦးကလူမှန်၊ ဒေါ်ကြည်လေးက မဆိုးဘူး၊ ကြောင်ကြောင်က ရိုက်စား၊ ဟိုမျက်နှာ ပွစိစိနဲ့ ကောင်မက ဖျံ"

"အေး... အဓိကကတော့ သူများနပ်ချတာမခံရဖို့ပဲကွ"

ကျွန်တော့်အအေးဆိုင်အတွက် သစ်သီးဝယ်မယ့်ကလေးကို မှာနေတာပါခင်ဗျာ။ ကျွန်တော်က အောင်လံကို ခဏပြန်ရဦးမှာ၊ မပြန်ခင်ဝယ်မယ့်ကလေးကို သေချာ မှာရတယ်။

သစ်သီးသည်တွေက ပြောတက်တယ်၊ နာနတ်သီးမှည့်အောင် သည်လိုလုပ်၊ ပန်းသီးကို ဘယ်လိုဟာသုံး၊ အကြံဉာဏ်ပေးတက်ပါတယ်။ ဒါပေမယ့် ပြောတိုင်းယုံလို့ မရဘူးဗျ၊ တကယ်လုပ်ကြည့် တကယ်သုံးကြည့်၊ လုပ်လို့တကယ်ဖြစ်မှယုံ။ တချို့ဈေးသည်တွေက လစ်ရင်လစ်သလို ချတာဗျ။ ဈေးနဲ့ချတယ်၊ အလေးနဲ့ချတယ်၊ စကားနဲ့မြောက်ပင့်ပြီးချတယ်၊ ချွဲနွဲ့ပြီးချတယ်၊ ချနည်းမျိုးစုံတက်ပ့ါဗျာ။ ဥပမာ စပျစ်သီးဗျာ၊ တကယ်ကောင်းတာ အောက်ကထားတယ်။ ညံ့တာ ရွဲတာ အပေါ်ယံကတင်ထားတယ်။ ရောင်းသူကဈေးတင်၊ ဝယ်သူကဈေးဆစ်။ ဈေးတည့်ပြီနော် အရွဲကို မပါပါအောင် ထည့်ချိန်ပေးလိုက်တာ၊ ဈေးသည်ပညာ။ ဟဲ့ကောင်မ၊ ငါ့ကို ပတ်တီးချဖို့ မစဉ်းစားနဲ့ ငါလည်းဈေးသည်ပဲ၊ လုပ်စားလာတာ အိုသေတော့မယ်၊ နင်က ငါ့အသက် တစ်ဝက်လောက်ပဲ ရှိသေးတယ်၊ ပညာမပြနဲ့၊ ဒါနင့်ဉာဏ်အကုန်ပဲလား၊ စိတ်ထဲကပြော။ အောက်ကစပျစ်သီးလှန်ကြည့်။

"ကဲ... ဒါချိန်ပေ့ာ၊ နှစ်ပိဿာ၊ ဟင်... နင့်အလေးက ပါးနေပြီ၊ ကြည့်ချိန်၊ ငါပြန်ချိန်မကြည့်ချင်ဘူး၊ အလုပ်ရှုပ်တယ်"

အဲသည်လိုပြောဝယ်မှ ကောင်းတာကို အလေးပြည့်ရတာ ဟား... ဟား... မနူးမနပ် ဝယ်သူများဆိုလို့ကတော့ အကောင်းဆုံးကနည်းနည်း၊ အရွဲအပြဲကများများ အလေးကလျော့သေး။

ပိုက်ဆံအိတ်ကြီးကြီးဖွင့်ဖွင့်ပြီး ဟန်ကြီးပန်ကြီး တစ်ခွဲသားနဲ့ လာဝယ်တဲ့ဝယ်သူဆို ပိုရောင်းကောင်း၊ အဲသည်လိုဝယ်သူမျိုးကိုမှ နှပ်ချလို့ရတာကလားဗျာ။ ကျွန်တော်တို့လို အကြောသိထားတဲ့ ဝယ်သူဆို သူတို့က ခပ်လန့်လန့်ဗျာ။ ဒါပေမယ့် လစ်ရင်လစ်သလို အလှော်ခံရတာပါပဲ။ တစ်နည်းမဟုတ်တစ်နည်း။

"ဘာ... လူမမာစားဖို့ ပန်းသီး ဟုတ်လား၊ အသာနေ၊ ညည်းမဝယ်နဲ့၊ ငါလိုက်ဝယ်ပေးမယ်"

မိတ်ဆွေများကို တစ်ခါတစ်လေ သည်လိုပဲ ကူညီရတယ်။ စဉ်းစားကြည့်ဗျာ ကျွန်တော်တို့ ဝယ်ရင် ဘောကြီးတွေမှ တစ်လုံး ၃၅၀၊ ၄၀၀ ကျပ် အလွန်ဆုံး။ ဝယ်သူ လူစိမ်းကို သူတို့ရောင်းပြီဆို ၅၀၀၊ ၆၀၀ ကျပ်ဗျာ။ ဈေးဆိုကတည်းက ၇၅၀ ကျပ် ဖမ်းဆိုထားတာလေ၊ ကဲ... ဆစ်ချင်သလောက် ဆစ်လိုက်စမ်း၊ သည်ဘက်က ဝယ်သူက မရှိမဖြစ် လူမမာစာဗျာ။ ဝယ်ကိုဝယ်ရတော့မှာ။ ဘာလုပ်လုပ်ပထမ သိရမယ်ဗျာ၊ သိပြီးရင် တက်ရမယ်ဗျာ၊ တက်ပြီးရင် နပ်ရမယ်ဗျာ။ အဲဒါကြောင့် ကျွန်တော်က မကြာခဏ မေးလေ့ရှိတယ်။

"ငါ့လူနပ်ကဲ့လား၊ နပ်ပြီလား" နပ်ပြီဆိုမှ မြတ်တာပါခင်ဗျာ၊ မနပ်လို့ကတော့ ခံပေဦးတော့ အလဲအကွဲ၊ အပြဲ။

## ယုံလားဟင်

"ယုံလားဟင်"

"ဟင်... မိန်းမ မင်းဟာ ဘယ်လို ဖြစ်လာရပြန်တာလဲကွာ၊ မင်းတို့ငါတို့ အသက် ၆၀ အရွယ် ခေါင်းဖြူစွယ်ကြိုးတွေဟာ၊ ကလေးကလားစကားတွေဟယ်"

"မဟုတ်ဘူးမောင်၊ မောင့်ကိုလူတွေက ယုံရဲ့လား၊ မောင့်အလုပ်ကို လူတွေက ယုံရဲ့လား၊ မောင်ထုတ်လုပ်ရောင်းချနေတဲ့ ကုန်ပစ္စည်းတွေအပေါ် ယုံကြည်မှု ရှိရဲ့လားလို့ မေးတာပါ မောင်"

"အယ်... အဲဒါ မောင် တစ်ခါမှ မစဉ်းစားမိဘူး၊ အခုမင်းပြောမှ စဉ်းစားမိတယ်၊ မင်းတော်လှချည်လားကွ၊ ဒါကြောင့်မို့ မောင့်မိန်းမ ဖြစ်နေတာ၊ ကျေးဇူးတင်တယ် တကယ်ပါ"

(စီးပွားရေးလုပ်စားနေတဲ့ မိတ်ဆွေ၊ စီးပွားရေးလုပ်စားတော့မယ့်မိတ်ဆွေ၊ သင့်ကို အကြံလာပေးပြီဆိုရင် အကြံဉာဏ်ပေးသူကိုလေးစားပါ။ သူ့အကြံဉာဏ်ကို အသိအမှတ်ပြုပေးပါ။ ကိုယ်သိထားတာပင် ဖြစ်စေဦးတော့ မသိသေးချင်ယောင်ဆောင်ပြီး ခေါင်းညိတ်ပါ။ ပြီးတော့ ကျေးဇူးတင်ကြောင်း ပြောပါ။ လက်တွေ့ကျင့်သုံး အောင်မြင်နေသော လျှို့ဝှက်ချက်တစ်ခုပါ။)

ကျွန်တော် ဒါကို သဘောပေါက်နေတာကြာပြီ၊ လက်ခံကျင့်သုံးနေတာလည်း ကြာပါပြီ။ အခုမိန်းမကပြောတော့မှ သည်ဆောင်းပါးရေးဖို့ သတိရတာပါ။ ကျွန်တော်ပြည်မြို့ ရွှေတောင်ကားဂိတ်နားမှာ အအေးဆိုင်ဖွင့်ထားတယ်ခင်ဗျာ၊ ကျွန်တော်တို့ ဒေသထွက် သစ်သီးများကို ဖျော်ရောင်းတာပါ။ ငှက်ပျောသီး၊ သဘော်သီး၊ နာနတ်သီး၊ သခွားမွှေး၊ မွန်ပြည်နယ်ထွက် ဒူးရင်းသီး၊ ရှမ်းပြည်နယ်ထွက် စတော်ဘယ်ရီ စတဲ့ သစ်သီးများကို ဖျော်ရောင်းတာပါ။

တစ်နေ့တော့ အလွန်ချမ်းသာတဲ့ သူဌေးကြီးတစ်ယောက် ကားနဲ့ဝင်လာပြီး ကျွန်တော်ဆိုင်မှာ အအေးသောက်တယ်ခင်ဗျာ့၊ တပည့်လက်သား အခြွေအရံတွေလည်း ပါတယ်။ သောက်ပြီး အအေးဖိုးရှင်းတော့…

“သားက ဒီဆိုင်ပိုင်ရှင်လား”

“ဟုတ်ကဲ့ခင်ဗျ… လိုတာရှိရင်ပြောပါ”

“ဘ… အကြံဉာဏ်တစ်ခုပေးခဲ့မယ် သား၊ သားကို လူတွေယုံကြည်အောင်လုပ်ပါ၊ သားထုတ်လုပ်တဲ့ ကုန်ပစ္စည်းတွေကို ယုံကြည်စိတ်ချ လက်ခံလာအောင်လုပ်ပါ၊ လူတွေ (လာရောက်စားသုံးသူတွေ)က လက်ခံလာပြီဆိုရင် သားတောင်းတဲ့ဈေးကို မငြင်းဘဲ ပေးပြီး သောက်ကြမှာပါ၊ အကယ်၍ သားကိုမယုံဘူး၊ သားကို အထင်သေးနေမယ်ဆိုရင် သူတို့ဈေးဆစ်ကြလိမ့်မယ်ကွ၊ တောင်းတဲ့ဈေးမပေးချင်ဘူး၊ ဈေးဆစ်နေတယ်ဆိုရင် သားကိုမယုံလို့ပဲ၊ သားပစ္စည်း ကိုတောင်းတဲ့ဈေးနဲ့ မတန်ဘူးထင်လို့ပဲကွ”

ထိုနောက် သူဌေးကြီးဟာ အခါအားလျော်စွာ လာသောက်တယ်ခင်ဗျာ့။ သူဌေးဆိုပြီး ဦးစားပေးဖျော်မပေးဘူးခင်ဗျာ့၊ သာမန်ဖျော်ရိုးဖျော်စဉ်ပဲ ဖျော်ပေးတယ်၊ သူဌေးကြီးကလည်း ကျသင့်တဲ့ဈေး အမြဲပေးတယ်။

"မင်းကိုငါယုံသွားပြီ၊ မင်းဆိုင်ကိုငါယုံတယ်၊ မင်းပစ္စည်းကိုယုံလို့ မင်းသတ်မှတ်တောင်းဆိုတဲ့ဈေး ငါပေးတယ်ကွာ"

သူဌေးကြီးက တစ်နေ့ အဲသလိုပြောတယ်ခင်ဗျာ့။ ကျွန်တော်မှာ ဝမ်းကိုသာလို့ဗျာ။ သူပြောတာ အမှန်ပဲခင်ဗျာ့။ လူကိုယုံမှ ပစ္စည်းကိုယုံမှ စီးပွားရေးလုပ်လို့ရတာပါ။ မယုံတော့ဘူးဟေ့ဆိုလျှင် အမှန်တကယ် ၁၀၀၀ တန်တဲ့ပစ္စည်းကိုတောင် ၁၀၀၀ မတန်ဘူး၊ ၅၀၀ လောက်ပဲတန်တယ်လို့ ထင်ကြတာဗျာ့၊ ယုံလာပြီဆိုရင်တော့ ၁၀၀၀ တန်တဲ့ပစ္စည်းကိုပဲ ၁၀၀၀ မကတန်တယ်လို့ ထင်ကြတယ်ဗျာ့။ လူ့သဘော လူ့လောက ကြောက်စရာ။

ကျွန်တော်တို့ အောင်လံမြို့မှာ အပ်ပိန်ဆိုတဲ့ ကုန်စုံဆိုင် တစ်ဆိုင်ရှိတယ်။ သူ့ဆိုင်က အလေးမှန်တယ်ဆိုပြီး နာမည်ကြီးတယ်ခင်ဗျာ့။ ငါးဝယ်လာလည်း သူ့ဆိုင်မှာပြန်ချိန်ကြည့်၊ ကြက်သားဝယ်လာလည်း သူ့ဆိုင်မှာပြန်ချိန်ကြည့်၊ သူ့ခမျာ သူ့ပစ္စည်းချိန်ရတယ်ပဲ မရှိပါဘူးဗျာ။ ကျွန်တော်လည်း အမျိုးမျိုးဖမ်းလှပြီ၊ အမှန်တကယ်ပဲ သူ့အလေးဟာ မှန်နေတယ်ဗျာ။ ဒါကြောင့်လည်း သူ့ဆိုင်မှာလာဝယ်တဲ့သူတွေ တိုးမပေါက်ဘူးခင်ဗျာ့။ ယုံကြည်မှု အရင်းခံကြောင့်။ ကျွန်တော်တို့ စီးပွားရေးလောကကြီးမှာ ယုံကြည်မှုနဲ့ လုပ်ကြတာပါဗျာ၊ ငွေပေးငွေယူကို ကြည့်မလား၊ ၁၀ သိန်း ၁၅ သိန်း၊ သိန်း ၅၀ သိန်း ၁၀၀ အထုပ်အတိုင်း ပေးကြယူကြတာခင်ဗျာ့၊ ဘာလက်မှတ်မှလည်းမလိုဘူး၊ ဘာမှတ်ပုံတင်ကဒ်ပြားမှလည်း ပြစရာမလိုဘူး။ ၁၀ သိန်း ၁၅ သိန်းများ စကားထဲတောင် ထည့်မပြောကြပါဘူးဗျာ၊ ငွေယူဖို့လွှတ်လိုက်တဲ့ အလုပ်သမား၊ ပုဆိုးအကျီအနွမ်းလေးနဲ့၊ စက်ဘီးအိုလေးနဲ့၊ လွယ်အိတ်အဟောင်းလေးနဲ့ သည်လိုပဲ ဂျောက်ဂျောက် ဂျောက်ဂျောက်နဲ့ လာသယ်သွားတာပါခင်ဗျာ။ ဟား... ဟား... ဟိတ်ကြီးဟန်ကြီးမရှိ၊ ပြောင်ပြောင်ရောင်ရောင် မရှိပဲ့ဗျာ၊ ပေးလိုက်တဲ့သူကလည်း

ပေးလိုက်တာပဲခင်ဗျာ။ ဘယ်သူဘယ်ဝါ လာယူသွားတယ်တောင် အတေးအမှတ် မရှိဘူးခင်ဗျာ။

"ဟဲဟဲ... လွယ်လှချည်လား"

သည်လိုများ မထင်လိုက်နဲ့နော်၊ သည်လိုယုံကြည်မှုရအောင်၊ လူလေးစား ခံရအောင် အနှစ်နှစ်အလလက တည်ဆောက်ယူရတာခင်ဗျ၊ အသက်ကြီးတာ ငယ်တာနဲ့ မဆိုင်ဘူး၊ ယုံကြည်မှုက ယုံကြည်မှုပဲ။ ယုံကြည်ပြီဆိုတော့ တစ်သက်လုံး စားမကုန်ဘူးပေါ့ ခင်ဗျာ။

အဲ... မယုံကြည်တော့ဘူးဆိုလို့ကတော့ နာမည်ပျက်ပြီဆိုလို့ကတော့ သွားပြီဗျို့၊ ဘယ်သူမှ မလေးစားကြတော့ဘူးဗျာ၊ လမ်းမှာ ပတ်ပင်းကြီးတိုးနေတာတောင် တော်ရိ လျော်ရိ နှုတ်ဆက်မယ့်သူတောင် မရှိတော့ဘူးဗျာ၊ လူတောထဲ ခေါင်းမဖော်ဝံ့တော့ဘူး ဆိုတာ သည်လိုဘဝမျိုးပေါ့ဗျာ။

မိတ်ဆွေ၊ စီးပွားရေးလုပ်စားတော့မလို့လား၊ လုပ်စားနေပြီလား။ သင့်ကို လူတွေက ဘယ်လောက် ယုံကြည်မှုရှိသလဲဆိုတာအပေါ် မူတည်ပြီး သင့်ကြီးပွားရေးကို ဆုံးဖြတ်သွားလိမ့်မယ်ခင်ဗျာ။

(ကိုယ်တွေ့ကိုသာရေးပါသည် ခင်ဗျား။)

လုပ်ချင်စိတ်ရှိဖို့သည်ပထမ
လုပ်ချင်စိတ်ရှိဖို့သည်ဒုတိယ
လုပ်ချင်စိတ်ရှိဖို့သည်တတိယ

"ကျွန်တော်က တက်လို့လုပ်တာမဟုတ်ဘူးဗျ၊ ငတ်လို့လုပ်ခဲ့ရတာ၊ လုပ်ချင်လှလို့ မဟုတ်ဘူး"

"ဟာဗျာ... ကိုချမ်းသာကလည်း မဟုတ်ကဟုတ်က"

"မဟုတ်ကဟုတ်က မထင်နဲ့ဗျာ့၊ တကယ်ပြောနေတာ၊ ဒီလိုဗျာ...."

အမှန်တော့ ကိုယ့်ပေါင် ကိုယ်လှန်ထောင်းခြင်းသာ ဖြစ်ပါ၏။ သူတစ်ပါးထောင်းတာထက် ပိုပြီး အခံရသက်သာတာပေါ့လေ။ ဒီလိုဗျာ... အစချီလျက် ကျွန်တော့် ဘဝဇာတ်ကြောင်းကို ဦးနားဝေးအား စိတ်ပါလတ်ပါ ပြောပြနေမိပါ၏။ ပြည်မြို့ လမ်းမတော်မှာ။

စင်စစ် ၁၉၈၉ ခုနှစ်သည် ကျွန်တော် ဘဝပျက်သောနှစ်ဖြစ်ပါ၏။ ကြက်ခြံသုံးခြံတွင် မွေးထားသော ဥစားကြက်မ အကောင် ၅၀၀ သည် လည်လိမ်ရောဂါ ထိ၍ အစုလိုက် အပြုံလိုက် လဲသေနေကြ၏။ ၈၉ ခုနှစ် ဧပြီလ သင်္ကြန်ရက်ကြီးဗျာ၊ သူများတွေ သီလယူရန် ကျောင်းသို့သွားနေကြစဉ် ကျွန်တော်တို့ လင်မယားမှာတော့ အကောင်းပကတိရှိသော ဥကြက်မများကို တစ်ပိဿာ ၂၇ ကျပ်၊ ၃၀ ကျပ်၊ ၃၅ ကျပ် ရရာဈေးဖြင့် ကြက်ကုလားမအား ထိုးရောင်းနေရပါ၏။ နောက်ဆုံးအခေါက် ချိန်ယူသွားသော ကြက် ၁၅ ပိဿာ (၃၅ကျပ်ဈေး) ဖိုး အခုထိမရသေးပါ။ ဥကြက်မတစ်ကောင် ငွေကျပ် ၁၀၀ ပေါက်သောကာလဗျာ၊ ကြက်အကောင် ၅၀၀၊ ငွေ ၅၀၀၀၀ ဖိုးဟာ တစ်ဝက်ပစ်စားပေါ့ဗျာ၊ ဘာရတော့မလဲ၊ ပြန်ရလှ အလွန်ဆုံး ၄- ၅- ၆၀၀၀ ပေါ့ဗျာ။

ခက်နေတာက အကြွေးနှစ်သောင်းခွဲခင်ဗျာ့။ ဥကြက်မတွေ တိုးချဲ့စဉ်က မိတ်ဆွေတစ်ဦးထံမှ ငွေ ၁၀၀ လျှင် လေးကျပ်တိုးနဲ့ ယူထားတဲ့ ငွေနှစ်သောင်းခွဲဟာ အတိုးအရင်း တစ်ပြားမျှ ပြန်မဆပ်ရသေးပါ။

"ကဲ... မိန်းမရေ၊ ဘယ်လိုလုပ်ကြမလဲ"

ထုံးစံအတိုင်း တကယ့်တကယ် အခက်အခဲ အကြပ်အတည်း တွေ့လာပြီ ဆိုတော့မှ လင်မယားပိုချစ်၊ ပိုကြင်နာ၊ ပိုဖေးမကြတယ်ဗျာ၊ ဆင်းရဲတဲ့ဒဏ်ကို အတူတကွ ခါးစည်းခံကြမယ်ပေါ့နော်။ (ဆင်းရဲဖူးသူများ ကြုံဖူးကြလိမ့်မည်)

"မောင်ရယ်... အရမ်းစိတ်ဓာတ်မကျပါနဲ့၊ after a strom there is a calm. အဆိုးပြီးရင် အကောင်းလာရဦးမှာပေါ့"

တစ်နေ့တော့ အောင်လံမြို့ ကုသိနာရုံ ဘုရားဈေးကလေးသို့ လင်မယား နှစ်ယောက် အတူသွားမိကြတယ်ဗျာ့၊ (ကြက်စာကျွေး၊ ကြက်ဥကောက်မလုပ်ရသဖြင့် အလုပ်အားနေလို့။)

"ဟယ်... နင်တို့လင်မယားလာတာ အတော်ပဲ၊ ကြက်တွေပြုတ်ပြီး ဘာမှအလုပ်မရှိကြဘူး မဟုတ်လား"

ကျွန်တော့်မိန်းမကို ဦးတည်လျက်-

"ဟဲ့ကောင်မ၊ ငါတို့တောမှာလုပ်ထားတဲ့ ဆောင်းမြေပဲတွေ သွားဖော်မလို့၊ ဆိုင်ခဏဝိတ်ထားမယ်၊ တစ်လလောက်ကြာမယ်၊ မြေပဲဆားလှော်အလုပ်လည်း ရပ်ထားရမယ်၊ ညည်းမှာ အလုပ်မရှိ အားနေတာပဲအေ၊ မြေပဲဆားလှော် လှော်ပြီး ကျောက်စိမ်းလက်ဖက်ရည်ဆိုင်ကို သွားသွင်းလိုက်စမ်းပါအေ၊ ငါတို့မရှိတုန်း"

"ဟင်... မမစန်းကလည်း ကျွန်မ မြေပဲဆားလှော်မှ မလှော်တတ်တာ"

"အို... ဘာခက်တာမှတ်လို့ဟယ်၊ မြေပဲဆန်ကို ဆားရည်ကလေးနဲ့ ညနှပ်ထား၊ မနက်မိုးလင်း ခဏတဖြုတ်နေပြ၊ နည်းနည်းကလေး ထပ်လာတော့ ဒယ်အိုးခင်းနဲ့လှော်၊ ဖြစ်ပြီပေါ့ဟယ်၊ မြေပဲဆားလှော်"

မိန်းမက ကျွန်တော်ဘက် မျက်နှာလှည့်၊ ဘယ်လိုသဘောရသလဲဆိုသော မေးခွန်းကြည့်ကြည့်။ ကဲကွာ... မင်းသဘောဆိုသော ကျွန်တော်မျက်နှာရိပ် မျက်နှာကဲ။ အမှန်အားဖြင့် ကျွန်တော်တို့လင်မယားမှာ ဘာအလုပ်မျှ လက်ရှယ်စရာ မရှိလေ သောကြောင့် ရရာအလုပ်ကို ကောက်လုပ်၍ ဘဝကို ဆက်လက်ရုန်းကန်ရပါတော့မည်။ သားသမီး သုံးယောက်နဲ့အတူ ဝမ်းဝရေး။ အဲသည်လိုနဲ့ မမစန်းကျေးဇူးကြောင့် ကျွန်တော့်မိန်းမက မြေပဲဆားလှော် လှော်၊ ကျွန်တော်က ကျောက်စိမ်း လက်ဖက်ရည်ဆိုင်

သွားပို့၊ ပိုနေသေးတာ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်လည်ရောင်း၊ ခြေကျင်ခင်ဗျာ့၊ ၉၅၀ ကျပ်နဲ့ဝယ်ထားတဲ့ မောင်ဗမာစက်ဘီးအိုလေးက ကလေးနှစ်ယောက် ကျောင်းတက်စီးသွားကြလို့။

ဝက်ဖြစ်မှတော့ မစင်မကြောက်နိုင်၊ ကျွန်တော်လည်း မျက်နှာအောက်ကျို့၊ ခေါင်းငုံ့၊ တိုးလျှိုး၊ ရှက်နိုင်ဘူးဗျာ (အဲသည်တုန်းက တစ်နေ့မှ မြေပဲဆန် နို့ဆီနှစ်လုံးဗျာ၊ တစ်ကျပ်တန်အထုပ်ကလေး ၃-၄၀ ဒါတောင်ကုန်အောင် မနည်းဖြန့်ရတာခင်ဗျာ၊ အခုတော့ တစ်နေ့ ၁၀ တင်း ၁၂ တင်းပေါ့လေ။)

"ကိုချမ်းသာ ခင်ဗျာမြေပဲဆားလှော် မဲတူးခြစ်၊ မနပ်တနပ်ကြီးက စားမကောင်းဘူးဗျာ"

"ဟုတ်ကဲ့... လှအောင်လှော်ပါ့မယ်၊ ကျက်အောင်လှော်ပါ့မယ်ဗျာ"

"ငန်တယ်ဗျာ၊ ဆားလျှော့ဦး"

"ဟုတ်ကဲ့"

"ငါးကျပ်ဖိုး ခြောက် ထုပ်ပေးနော်"

"ယူပါဗျာ"

"နောက်တစ်ခေါက်လာမှ ပေါင်းယူနော်"

"ဖြစ်ပါတယ်ဗျာ"

"ဒီလိုနဲ့ သင်လှော်၊ ပြင်လှော်၊ စမ်းလှော်နဲ့ အခုအဆင့် ရလာတာပဲဦးနားဝေးရာ"

"တကယ့်ကို ရှန်းခဲ့ရတာပဲနော်"

"ဟုတ်ပ ဦးနားဝေးရယ်၊ ကျွန်တော်ဖြင့် နောက်ကိုပြန်မတွေးချင်တော့ဘူး၊ မောလွန်းလို့၊ တက်လို့လုပ်ခဲ့ရတာ မဟုတ်ဘူးဗျို့၊ ငတ်လို့လုပ်ခဲ့ရတာဗျာ၊ နောင်ကျမှ လုပ်ရင်းလုပ်ရင်းနဲ့ တဖြည်းဖြည်းတက်သွားတာပါဗျာ"

"ဟူး... လာဗျာ၊ အအေးသောက်ကြရအောင်"

"ဦးနားဝေး တိုက်မယ်ဆို သောက်ရမှာပေါ့ဗျာ၊ ဒါနမြောက်သွားအောင်"

ကျွန်တော်တို့နှစ်ယောက်သည် ရှေးဟောင်းနောင်းဖြစ်များကို ပြောရင်း အအေးဆိုင်ကလေးထဲသို့ ဝင်ခဲ့ပါ၏။ စားပွဲ ၂၀ လောက်ခင်းထားတာ၊ ကပ်စတန်မာ (လာရောက်စားသောက်သူ) တွေ အပြည့်ပဲဗျာ၊ ကျွန်တော်တို့ ဝင်သွားတော့ စားပွဲထိုးလေးတစ်ယောက် ပြေးထွက်လာပြီး နေရာလုပ်ပေးတယ်ခင်ဗျာ့၊ ပထမ တစ်ရှူးဖန်ခွက် လာချတယ်၊ နောက်စီးကရက်တစ်ပွဲ လာချတယ်။ နောက်ရေခဲရေဘူးနဲ့ ဖန်ခွက်လာချတယ်။

"ဘာသောက်မှာလည်း ကိုချမ်းသာ"

"ကျွန်တော့်အတွက် နာနတ်သီးဖျော်ရည်မှာဗျာ"

"နာနတ်သီးဝမ်း၊ စတော်ဘယ်ရီဝမ်း"

စားပွဲထိုးလေးက အဖျော်ဆရာကို လှမ်းအော်၊ အဖျော်ဆရာ ဖန်ခွက်ဆေး စသည့် ဝန်ထမ်း ၁၄-၅ ဦးကို ညွှန်ကြားအုပ်ချုပ်နေတဲ့ ကောင်လေးက လူငယ်လေးခင်ဗျာ့။

"ဒါ ဒီ ရှိမီယို အအေးဆိုင်ရဲ့ ပိုင်ရှင်ပဲဗျာ့"

ဦးနားဝေးက ခပ်တိုးတိုးပြော။

"ဟုတ်ရဲ့လားဗျာ"

"သိပ်ဟုတ်တာပေါ့ ကိုချမ်းသာရယ်"

ဦးနားဝေး ပြောလို့သာ ယုံရ၊ တကယ့် လူငယ်လေးဗျာ၊ အလွန်ဆုံးရှိလှ အသက်အစိတ်ပေါ့။

**မလုပ်မဖြစ်၊ လုပ်ရင်ဖြစ်တယ်၊ အလုပ်လုပ်ချင်တဲ့စိတ် ရှိဖို့သည်သာ အဓိက။**

ကောင်တာနောက်က နံရံမှာ စာကလေးတစ်ကြောင်း ရေးထားတယ်ခင်ဗျာ။ ကျွန်တော်သေချာဖတ်ကြည့် နှစ်ခေါက် သုံးခေါက်။ သူ အမှတ်တမဲ့ ကျွန်တော်တို့ စားပွဲနားရောက်လာ။

"ငါ့တူက ဒီဆိုင်ပိုင်ရှင်လား"

"ဟုတ်ကဲ့ ဘဘ"

"ဟိုရေးထားတဲ့ စာကလေးက ဘယ်စာအုပ်ထဲ"

"ဘယ်စာအုပ်ထဲကမှ မဟုတ်ပါဘူး ဘဘ၊ ကျွန်တော့်ခေါင်းထဲ အမြဲရှိနေတဲ့ စာလေးပါ"

ကျွန်တော်မျက်စိ ပြာခနဲ ဖြစ်သွားပါ၏ ကျွန်တော်သောက်လိုက်သော အအေးသည် ဝမ်းခေါင်းထဲ ပူခနဲ ဆင်းသွားသည်ဟု ထင်လိုက်မိပါ၏။ ကျွန်တော် အသက် ၆၀၊ သည်ကလေးက ကျွန်တော့် အသက်ထက်ဝက်မျှပင် မရှိ။ သူ့ခေါင်းထဲ အမြဲရှိနေတဲ့ စကားတဲ့ဗျာ။

"ဒီနေ့ လူငယ်တွေက ကျွန်တော်တို့ထက် ချွန်တယ်ဗျ၊ ထက်မြက်တယ်၊ ဦးနှောက်ပြေးတယ်ဗျာ၊ ကိုချမ်းသာ ခင်ဗျားလက်ခံရဲ့လား"

"သိပ်လက်ခံတာပေါ့ ဦးနားဝေးရာ၊ အခု ကျွန်တော်မျက်စိနဲ့ တကယ် မြင်တွေ့နေရတာပဲဟာ၊ ကျွန်တော့်တုန်းက ဝတ်လို့လုပ်ခဲ့ရတာ၊ မလုပ်ချင်ဘဲ လုပ်ခဲ့ရတာ၊ သူတို့က တက်လို့လုပ်တာ၊ လုပ်ချင်လို့လုပ်တာဗျာ၊ ဉာဏ်ရည်ကလည်း မြင့်ပါဘိဗျာ"

သူခံယူထားတာက လုပ်ချင်စိတ်ရှိဖို့သည်သာ အဓိကတဲ့ဗျာ။

(လုပ်ချင်စိတ်ရှိရင် လုပ်လို့ဖြစ်တယ်ဆိုတဲ့သဘောဗျာ။)

## တစိုက်မတ်မတ် လုပ်ကြည့်ပါတဲ့ဗျာ

"ငါ ဒီကောင်မလေးကို သဘောကျတယ်ကွ"

"ဟာ... ဦးနားဝေး၊ စကားကို ဆင်ဆင်ခြင်ခြင်ပြောဗျာ၊ ဘေးကလူတွေကြားသွားရင် မကောင်းဘူး၊ ဘယ့်နယ်ဗျာ... ခင်ဗျားအသက်အရွယ်ကြီးနဲ့ မအပ်မရာ"

"ဟ... ငါသဘောကျတယ်ဆိုတာက သူ့လုပ်ရည်ကိုင်ရည်ကိုပြောတာပါကွာ၊ တလွဲမထင်လိုက်ပါနဲ့"

"အစကတည်းက အဲသလို ရှင်းရှင်းပြောရင် ပြီးနေတာပဲဗျာ"

ကျွန်တော်တို့သည် တစ်ခုသောနံနက်ခင်းတွင် အောင်လံမြို့ မော်ကွန်း လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်နေကြ၏။ ထိုစဉ် ဟွန်ဒါ ဆူပါကပ် ဆိုင်ကယ်တစ်စီး ဝှီးခနဲ ဖြတ်မောင်းသွား၍ လှည့်ကြည့်လိုက်ရာ ကုန်စိမ်းသည်မ ဖူးစိဖြစ်နေလေ၏။

ဖူးစိကိုကြည့်၍ ဦးနားဝေးက သည်ကောင်မလေး ငါသဘောကျတယ် ဆိုတဲ့ဂြိုလ်မလွတ် ဂါးမလွတ်သော စကားကို ပြောခြင်းဖြစ်ပါ၏။

"မင်း ဖူးစိကို သိတယ်မဟုတ်လား"

"သိတာပေါ့ ဦးနားဝေး၊ ၁၉၈၂ ခုနှစ် ကျွန်တော် တောကပြောင်းလာတော့ မနက်ဈေးသွားရင် သူ့ဆိုင်က ခရမ်းချဉ်သီး ငရုတ်သီး ဝယ်နေကြပဲဟာ"

ထိုစဉ် အောင်လံမြို့ ဈေးဟောင်းလမ်းမကြီး အနောက်ဘက်က လမ်းမပေါ်မှာ ထင်းရှူးသေတ္တာလေးတစ်လုံးချ၊ တုတ်ချောင်းလေးထောင်၊ ချိန်ခွင်ကလေးချိတ်၊ ငရုတ်သီးတစ်ဗန်း၊ ခရမ်းချဉ်တစ်ဗန်း အမြဲနယ်နယ် ရောင်းနေတက်၏။ မိုးရွာနေပူလျှင် ထီးကလေးမိုးလို့ပါ။

"အဲဒီ ဖူးစိပေါ့ကွာ ငါ့ကိုဆုံးမတာ"

"ဗျာ... ဖူးစိက ဦးနားဝေးကိုဆုံးမတယ် ဟုတ်လား"

"အေးကွ... သူကငါ့ကိုပြောတယ်၊ "ဦးနားဝေကြီး တောင်ယောင်ယောင် မြောက်ယောင်ယောင် ယောင်ချောက်ဆယ် လုပ်မနေနဲ့ တစ်ခုခုကို စွဲစွဲမြဲမြဲ လုပ်ဦး" တဲ့ကွာ။

တောင်ယောင်ယောင် မြောက်ယောင်ယောင် လက်ဖက်ရည်ကပ်သောက်၊ အရက်ကပ်သောက်တက်သော ဦးနားဝေကို ဖူးစိက ကြည့်ရပုံမပေါ်ပါ။

"သူကတော့ အပြောနဲ့အဟော ညီသားပဲဗျာ"

"အဲဒါ ငါပြောတာပေါ့ ချမ်းသာရာ၊ သူကအစက လမ်းပေါ်မှာ ပုံကျဈေးသည်လေကွာ၊ ဘာရောင်းနိုင်တာမှတ်လို့ကွာ ကြက်သွန်လေးနည်းနည်း၊ ငရုတ်လေးနည်းနည်း၊ ခရမ်းချဉ်သီးလေးနည်းနည်းရယ်"

"နောက်မကြာဘူး၊ လမ်းအနောက်ဘက်ကွပ်လပ်မှာ မြနန္ဒာဈေးကို ဆောက်ပြီး ပုံကျတွေကို ထည့်လိုက်တော့ သူက ဆိုင်ခန်းတစ်ခန်းရလိုက်တယ်၊ အဲဒီတစ်ခန်းကနေ ချဲ့ချဲ့လာလိုက်တာ အခုဆို ဆိုင်ခန်းငါးခန်းတွဲကြီးတောင် ဖြစ်နေတာ တွေ့ရသကွ၊

ဆိုင်ပေါ်မှာ ကုန်စိမ်းတွေဟီးလို့၊ ပြုံးပြုံးနဲ့ရောင်းဝယ်တာတွေ့ရသကွ၊ အခုမင်းမြင်တဲ့အတိုင်း သိန်းအစိတ်လောက်တန်တဲ့ ဆူပါကပ်နဲ့တစ်လွှားလွှား သွားနေတာကွာ"

"မောင်... ပူတင်းမြည်းဦးမလား"

"ညှော်သည်တွေကို ကျွေးပါကွာ"

တစ်နေ့ ရန်ကုန်မှ မိတ်ဆွေများလာသဖြင့် မိသဲက နနွင်းမကင်း၊ ပူတင်းနဲ့ ငှက်ပျောသီးပေါင်း ပြေးဝယ်တယ်ခင်ဗျာ။ ရေနွေးကြမ်းနဲ့တည်ဖို့။ ကျွန်တော်တို့ အောင်လံမြို့မှာတော့ ပုတ်ကြီး နနွင်းမကင်းဆိုတာ နာမည်ကြီးပဲ။ ပုတ်ကြီးက နနွင်းမကင်းဖုတ်တယ်၊ ငှက်ပျောသီးပေါင်းဖုတ်တယ်၊ ပူတင်းလည်းလုပ်တယ်၊ တစ်နေကုန်ဖုတ်နေတာ။ ကြာလှပေါ့၊ နှစ်ပေါင်းအစိတ်ထက် မနည်းတော့ဘူး၊ သူ့သမီးက တစ်ဆိုင်၊ သူ့ချွေးမက တစ်ဆိုင်၊ ဈေးထဲမှာခင်းရောင်းတယ်။ အိမ်မှာလည်းရောင်းတယ်။ အချိန်ပြည့်ရောင်းတယ်။ အရေးပေါ် လက်ဖက်ရည်းကြမ်း၊ အမြည်းလွယ်တာပေါ့၊ အလှူအတန်းများက အော်ဒါမှာရင်လည်း ဖုတ်ပေးတယ်။ ဖုန်းလိုက်ပို့ပေးတယ်။ လိုချင်တဲ့အချိန် ရစေ့မယ်။ သားတွေသမီးတွေ တက္ကသိုလ်ပို့။ သူတို့လေးတွေ အိမ်ထောင်ကျ။ သားအကြီးက ကုန်တင်ကားကြီးထောင်၊ သမက်က ကားလေး အော်ဒါလိုက်၊ အိမ်ကိုလည်း အကျအန ပြင်ဆောက်ပြီးပြီ။ သည်နနွင်းမကင်း လုပ်ငန်းနဲ့ပဲဗျာ။ အစက ဘာရှိတာမှတ်လို့။ သုံးပင်အိမ်ကလေး ဖရိုဖရဲနဲ့ပါ။

"ဟဲ့ပုတ်ကြီး... နင်၊ ဖုတ်နေတုန်းပဲလား၊ တိုက်ဆောက်ကားစီး သူဌေးမကြီး ဖြစ်နေပြီပဲဟာ"

"ဟင်... မောင်ကြီးချမ်းသာက ပြောရှာ့မယ်၊ ကျွန်မက ဒါပဲလုပ်တက်တယ်၊ ဒါလေးကိုပဲ တစိုက်မတ်မတ် လုပ်ခဲ့လို့ ဒီလိုနေရ စားရတာ၊ ဒါလေးရပ်ပစ်လိုက်လို့ ဘယ်ဖြစ်ပ့ါမလဲ"

အသားမည်းကြုတ်ကြုတ် ဝတုတ်တုတ် ပုတ်ကြီး။ ဒါလေး တစိုက်မတ်မတ် လုပ်ခဲ့လို့ သည်လို စားရပါသတဲ့။ "တစိုက်မတ်မတ်" တဲ့ဗျာ၊ ပြောတက်လိုက်တာ။

ဟိုကောင်မ ဖူးစိကလည်းပြောသေးတယ်။ ဦးနားဝေး တစ်ခုခုကို စွဲစွဲ မြဲမြဲ လုပ်ပါတဲ့ဗျာ။ အသားမည်းမည်းမကြီး ပုတ်ကြီးနဲ့ မိန်းမချောလေး ဖူးစိတို့သည် ကျွန်တော်တို့လုပ်ငန်း၏ ရှေ့ဆောင်လမ်းပြများဖြစ်ကြပါ၏။

ပညာတက် ဘွဲ့ရ၊ အရာရှိလူထွက်ဖြစ်သော ကျွန်တော်တို့သည် မရှက်တမ်း ဝန်ခံရလျှင် လမ်းဘေးဈေးသည်နှင့် မုန့်သည်မတို့ထံမှ နည်းယူခဲ့ပါ၏။ သူတို့ကို အားကျ၍ အတုယူခဲ့ပါ၏။ လုပ်ကြည့်ခဲ့ပါ၏။ အောင်မြင်ခဲ့ပါ၏။ သူတို့သင်ကြားပေးသော ဒဿနများသည် ကျွန်တော် ခေါင်းထဲ စွဲနစ်နေပါ၏။ တောင်ခုန် မြောက်ခုန် မလုပ်ချင်ပါနဲ့။ တစူးစိုက်စိုက် လုပ်ပါတဲ့ဗျ။

## ပိုက်ဆံဘာလုပ်ဖို့လဲတဲ့ဗျာ

"ဟေ့... ပိန်ရှုကောင် ဉာဏ်ကြီးကို မမြင်ပါလားဟ"

"အင်းမကို ကားပြင်ရအောင်သွားတယ် လေးလေး"

"ဘယ်တုံးက"

"နှစ်ရက်ရှိပြီ လေးလေး"

ပိန်ရှုကောင်ဆိုသည်မှာ ကားပြင်ဆရာ ဉာဏ်ကျော်အောင်၏ မိန်းမဖြစ်ပါ၏။ အသားဖြူဖြူ ပိန်ပိန်သွယ်သွယ်ကလေးမို့ သူ့ကို ပိန်ရှုကောင်ဟု ချစ်စနိုးခေါ်ကြပါ၏။ သူ့နာမည်အရင်းကို ဘယ်သူကမျှ အရေးတယူမရှိကြတော့ပါ။ ဉာဏ်ကျော်နှင့်ရသည်မှာ သုံးနှစ်ခန့်ရှိပေပြီ။ သားကလေးတစ်ယောက် ထွန်းပေါက်၍ တတောက်တောက် ပြေးနေလေပြီ။ ပိန်ရှုကောင်က အောင်လံမြို့ ကုသိနာရုံ ဘုရားဈေးတန်းမှာ ဆိုင်ဖွင့်၍ဈေးရောင်း၏။ ဉာဏ်ကျော်က ကားစက်ပြင် အလုပ်ရုံတစ်ခုမှာ အလုပ်လုပ်၏။

လွန်ခဲ့သော ခုနစ်နှစ်ခန့်က ဆယ်တန်းအောင်သောအခါ မိဘများက နေ့ကျောင်းသားအဖြစ် ထားလိုကြသော်လည်း ဉာဏ်ကျော်ကလက်မခံ။ သူ့စိတ်ကူးက တစ်မျိုးဖြစ်နေ၏။

"ဦးလေး... အဖေ့ကို ကူပြောပေး၊ ကျွန်တော် ဒေးမတက်ချင်ဘူး၊ ဒစ်စတင့်ဖြေမယ်"

"မင်းဘာလုပ်မလဲ"

"ကျွန်တော်ဆရာကျော့်ဝပ်ရှော့မှာ အလုပ်ဝင်လုပ်မယ်၊ အလုပ်တစ်ဖက်နဲ့ ဒစ်စတင့်ဖြေမယ်"

"မင်းသားစိတ်ကူးရှိရာလုပ်ပါစေကွာ၊ လွှတ်ပေးလိုက်ပါ"

သူ့အဖေ ကျွန်တော့် သူငယ်ချင်း ဉာဏ်ဟိန်းကို မနည်းနားချရ၏။ နောက်ဆုံးပြောလှမှ ပြောမှ-

"အေးပါကွာ... မင်းတို့တူဝရီး သဘောအတိုင်းပါပဲ"

သူ့ထံမှ ခွင့်ပြုချက်ရသည်နှင့် ဉာဏ်ကျော်သည် ဆရာကျော်ဝပ်ရှော့မှာ အလုပ်ဝင်လေ၏။ ဆီဂျီးပေနေသော ဝတ်စုံပွပွကြီးနှင့် ကျွန်တော့်ဆီ ခဏခဏ လာတတ်၏။

ပထမသော် သင်စားခင်ဗျာ့၊ သင်စားဆိုတာ အလုပ်သင်ပေးမယ်၊ ထမင်းကျွေးမယ်၊ လခမပေးသေးဘူး၊ ကြိုက်ရင်လုပ်၊ မကြိုက်နေ။ ဒါကို ဉာဏ်ကျော်ဆိုတဲ့ကောင်က ဘာမျှထည့်မတွက်၊ ဘယ်လိုမျှသဘောမထား၊ သူ့မိဘ အိမ်ကိုတောင် ပြန်ချင်မှပြန်၏။ ဝပ်ရှော့မှာ အလုပ်လုပ်၊ ဝပ်ရှော့မှာ ထမင်းစား၊ ဝပ်ရှော့မှာပဲ အိပ်တော့၏။

"ဟော့ကောင်ချမ်းသာ၊ ဝါသားကို ပြောပေးပါဦးကွာ တစ်ခေါက်တစ်ခါ အိမ်ပြန်စားပါဦး၊ အိပ်ပါဦး၊ ငါက အရေးမကြီးပါဘူးကွာ၊ သူ့အမေက လွမ်းလှပြီ၊

"မင်းကိုကျိန်ဆဲနေပြီ"

ကျွန်တော်မနေသာလို့ ကြားကဝင်ပြော၊ ပြောပြောပဲခင်ဗျာ့၊ သူ့ဆရာနဲ့လုံးမြ၊ ဝပ်ရှော့မှာ စားမြ၊ ဝပ်ရှော့မှာ အိပ်မြဲပဲခင်ဗျာ့။ အဲ ဒစ်စတင့်ဖြေရဖို့ ရက်နီးပြီဆိုရင်တော့ ဆရာထံခွင့်တောင်း၊ သွားဖြေပြီး ပြန်ဝင် အလုပ်လုပ်။

"မင်းလိုက်သွားမလား၊ နေခဲ့မလား"

"အဖေ အမေတို့ စိတ်ချမ်းသာအောင် ခဏတော့ လိုက်သွားဦးမယ်"

သူ့အဖေက ဝန်ထမ်းဖြစ်လေသောကြောင့် ရာထူးတက်၍ အောင်လံမြို့မှ မြိတ်မြို့သို့ပြောင်းသောအခါ ညဏ်ကျော်လိုက်သွားပါ၏။ တစ်လလောက်ကြာသောအခါ ဘွားခနဲပြန်ပေါ်လာ၏။

"ဟိုမှာ အလုပ်မရှိဘူးဦးလေး၊ ဆရာကျော်နဲ့ပဲ ဒီမှာလုပ်တော့မယ်"

ဆရာကျော်နဲ့ဆက်လုပ်၊ အောင်လံမှာ မိန်းမရ၊ သူ့အဖေပြောင်းရာ လျှောက်မလိုက်တော့။

"ဒီကောင်က ကျွန်တော်တို့လိုင်းမှာတော့ ဆရာကြီးပဲ"

"ဟုတ်ရဲ့လားကွာ"

"ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားလူဆရာဖြစ်နေပါပြီ၊ ကျွန်တော်တို့အိတ်စပရက်တွေ သူကိုင်ပေးနေတာ"

"အိတ်စပရက်ကားကြီး လေးစီးထောင်ထားသော ဦးဝေအောင်ကပြောတော့ ကျွန်တော် မယုံချင် ယုံချင် ယုံရ၏။ ဟုတ်လောက်တယ်ခင်ဗျာ့၊ ညဏ်ကျော်ကို အောင်လံမှာ မမြင်လို့ မေးကြည့်တဲ့အခါတိုင်း လမ်းမှာ ကားပျက်လို့ လိုက်ပြင်ပေးနေ

ရတယ်ဆိုတဲ့ သူ့မိန်းမ မပိန်ရှုရဲ့ အဖြေကို ကြားရမြဲပါခင်ဗျာ။ တစ်နေ့ ညဏ်ကြီး၊ သူ့မိန်းမ ပိန်ရှုနဲ့ သူ့သားတော်မောင်တို့ ကျွန်တော့်အိမ် ပေါက်ချလာတယ်ခင်ဗျာ။

"လက်ဖက်အကောင်းစား သုပ်စားနေကြတာနဲ့ အတော်ပဲဟေ့၊ လာကြစားကြဦး"

ကျွန်တော့်မိန်းမက ဖိတ်မန္တကပြု၊ သူတို့လည်း လက်ဖက်စားကြ။ ထွေရာလေးပါး၊ တောင်ရောက်မြောက်ရောက် စကားပြောကြ။

"ဘယ်လိုလဲဖိုးညဏ် မင်းဆရာမပါဘဲ ကားတစ်စီးကို ကိုင်နိုင်နေပြီလား၊ ငါကြားနေလို့"

"ဆရာကျော်မပါဘဲ ကျွန်တော်တစ်ယောက်တည်း ကိုယ်တိုင်ကြဲနေရတာ ကြာပြီကော ဦးလေးရာ"

"ဒါဆို မင်းတော်တော် ခရီးရောက်နေပြီပေါ့နော်"

"အင်း… ဆိုပါတော့"

မယုတ်မလွန်သူက ပြန်ပြော။

"ဒါထက်နေပါဦးကွ၊ ငါလည်းမေးမယ်၊ မေးမယ်နဲ့ မမေးမိဘူးကွာ။"

မေးလည်းမမေးကောင်းဘူးလေ

"ဘာများလည်းဦးလေး"

"ဆရာကျော်က မင်းကို လခဘယ်လောက်ပေးလဲ"

"လခရယ်လို့တော့ မဟုတ်ပါဘူးဦးလေးရာ၊ အသုံးစရိတ်ပေးတဲ့သဘောပါ၊ တစ်လတစ်လ တစ်သောင်းခွဲလောက်တော့ ရပါတယ်"

"နည်းဘူးလားကွာ၊ မင်းလုပ်ရတဲ့အလုပ်နဲ့"

"မနည်းပါဘူး ဦးလေး၊ စားလောက်ရင်ပြီးနေတာပဲ၊ တကယ်တမ်းပြောရင် ပိုက်ဆံက ဘာလုပ်ဖို့လဲ"

"ဘယ်လိုကွ"

"ပိုက်ဆံက ဘာလုပ်ဖို့လဲ ဦးလေးရာ၊ သုံးပစ်လိုက်ရင် ကုန်သွားတာ၊ ကျွန်တော်က ပညာကိုသာ မတ်တာ၊ သုံးပစ်လည်း ကုန်မသွားဘူးလေ"

ဟယ်... အာဂလူပါလားဟ။

## အရင်းမှာလည်း အမှည့်တွေရှိပ့ါ

ကျွန်တော်သည် ၂၀၀၂ ခုနှစ် မေလ ၁၄ ရက်နေ့တွင် ပြည်မြို့မှ ရန်ကုန်သို့ ဆင်းခဲ့ပါ၏။ တိုက်ကြီးက ထွက်လာကတည်းက ရန်ကုန်မိုးနှင့် တိုးတော့၏။ စဲလိုက်၊ သည်းလိုက်၊ ကဲလိုက်။ မှော်ဘီရောက်သောအခါ ပိုသည်းလာ၏။ ကားရှေ့မှန် ရေသုတ်တံသည် ရေနိုင်အောင် မသုတ်နိုင်တော့ချေ။ ကမာရွတ် လှည်းတန်း တည်းခိုအိမ်ရောက်သည့် အထိ မိုးက မပြတ်ပေ။ နောက်နေ့ နံနက် တည်းခိုအိမ်မှ သူငယ်ချင်း ကိုသိန်းဟန်ကိုခေါ်၍ တောင်ဥက္ကလာ နန္ဒဝန်ဈေးသို့သွားကြ၏။ မိုးသည်းနေသည့်ကြားမှ မြောက်ဒဂုံ ကိုဝင်းဟန်နေအိမ်သို့ ရောက်သောအခါ မိုးသာမက လေပါ ပါလေ၏။ သူငယ်ချင်းများစုမိ၍ ထွေရာလေးပါး တောင်ရောက်မြောက်ရောက်၊ ရှေ့ရောက်နောက်ရောက် စကားလက်ဆုံ ပြောမကုန်ရှိကြ၏။ ငယ်သူငယ်ချင်းများ ဆုံမိကြသည့် ထုံးစံအတိုင်း။

"ဘယ်လိုလဲ ကျောကြီး၊ အဆင်ပြေလား"

သူက တောင်ဥက္ကလာ နန္ဒဝန်ဈေးမှာ မီးသွေးရောင်းသူ။

"ငါ့မိသားစုကတော့ စားလောက်ပါတယ်ကွာ။ နေဖြစ်စားဖြစ်ပေါ့၊ သူဌေးတော့ မဖြစ်ဘူးပေါ့ကွာ"

"ကိုလှဖေကြီးကရော"

"ဟာ... မင်းကိုလှဖေက ဘောစ့်ကွ၊ တို့အထဲမှာ သူအထောဆုံးပဲမောင်၊ အိမ်ရောင်းလို့ရထားတဲ့ ငွေသိန်း ၅၀ ကို အတိုးပေးထားတာကွ၊ လုပ်ငန်းတစ်ခုမှာလည်း ငွေအပ်ထားသေးတယ်၊ တစ်လ လေးကျပ်တိုးနဲ့"

ကိုလှဖေက ပင်စင်စား၊ အသက် ၆၈ နှစ် ဘာမျှမလုပ်နိုင်တော့ပါ။ အတိုးရင်းပွား ပေးစားခြင်းသည် သူနှင့်ကိုက်ပါ၏။

"ဒါထက် ကိုဝင်းဟန်၊ ခင်ဗျားကလေးတွေကကော ဘာလုပ်ကြတုံး"

"တစ်ယောက်က တက္ကစီမောင်းတယ်ကွ၊ အငှား၊ နှစ်ယောက်က ဖိနပ်ချုပ် လုပ်ငန်းထောင်ထားတယ်"

ကျွန်တော်တို့ စကားကောင်းနေစဉ် လူငယ်တစ်ယောက် အိမ်ပေါ်သို့တက်လာ၏။

"ဒါ ငါ့သားပဲကွ ဖိနပ်လုပ်ငန်းထောင်ထားတာ သူပေါ့"

ထိုအချိန်မှာ မိုးကတပြင်းပြင်း ရွာနေပါ၏။

"အေး... မင်းတို့ဖိနပ်လုပ်ငန်းနဲ့ ခုလိုမိုးသည်းပုံမျိုးနဲ့တော့ အကိုက်ပဲကွ"

"ဟင်... ဘာဘ ဘယ်လိုလုပ်သိလဲ"

"မိုးတွေရွာ၊ မိုးရွာထဲဖိနပ်စီး၊ ဖိနပ်ပြတ်၊ မိုးသည်း၊ ဖိနပ်ပြတ်၊ အသစ်ဝယ်စီး၊ ဖိနပ်သမားရောင်းကောင်းတာ ဒီလိုအချိန်မျိုးပေါ့ကွာ"

မိုး စတင်ရွာလိုက်ပြီဆိုသည်နှင့် တစ်ပြိုင်နက် ထီးဖိနပ် အဝယ်လိုက်၊ အရောင်းသွက်၏။ ထီးပြင်၊ ဖိနပ်ပြင် ဆိုင်လေးများလည်း အလျှိုလျှို ပေါ်လာကြလေ၏။ ဘယ်မြို့သွားကြည့်ကြည့်။

နည်းနည်းကလေးမိုးအစဲတွင် ကျွန်တော်တို့သည် သူငယ်ချင်းလှမောင်၏ အိမ်သို့ အပြေးအလွှား ချီတက်ကြ၏။ လမ်းတဝက်တွင်မိုးရွာပြန်၏။ မထူးပြီ။ ဆက်လျှောက်ကြပေ့ါ။ လှမောင်အိမ်သို့ ရောက်ပြီ။ သူ့ဇနီးက ကပျာကယာ ရေနွေးကြိုု၍ ကော်ဖီဖျော်လေ၏။ ဟန်သိန်းက စကားစလိုက်၏။

"ဘယ်လိုလဲ၊ မင်းသား နိုင်ငံခြားသွားဖို့အစီအစဉ်"

"ငါလက်လျော့လိုက်ပြီကွာ၊ အရင်ပြောထားတာက ၁၇ သိန်းတဲ့ကွာ၊ အခု ၂၇ သိန်းဆိုတော့ ငါလည်း ဘယ်လိုမှ မကပ်နိုင်တော့ဘူး၊ မင်းစဉ်းစားကြည့် ငါပင်စင်ယူထားတာ ငါးနှစ်ရှိနေပြီ၊ ချွေတာရေး စားသောက်နေရတာကွ"

ဟုတ်ပ့ါ... ပင်စင်စားတစ်ယောက်၏သား နိုင်ငံခြားသွား အလုပ်လုပ်ဖို့ဆိုသည်မှာ အတော်မလွယ်ပါ။

ကံအားလျော်စွာ သူ့သားအကြီးကောင်က စက်ရုံမှာ အလုပ်ရ၊ အိမ်ပြန်ငွေပို့နေပေပြီ။ အခု နောက်ထွက်မှာက အငယ်ကောင်။

"အဲဒီတော့ ဒီကောင့်ကို ဘယ်လိုလုပ်မတုန်း"

ကျွန်တော်က ကြားဖြတ်မေးလိုက်မိ၏။ ကျွန်တော်တို့ ငယ်သူငယ်ချင်းများ အလွန်ပွင့်လင်းကြ၏။ တစ်ဦးနှင့်တစ်ဦး ဘာမျှအားနာစရာမလို။ ငတ်အတူ၊ စားအတူကောင်တွေ၊ ငယ်ငယ်လေးကတည်းက။

"ရှင်းနေတာပဲကွ၊ ၂၇ သိန်းလည်း အကုန်မခံတော့ဘူး၊ ၁၇ သိန်းလည်း အကုန်မခံတော့ဘူး၊ ခုနစ်သိန်းထုတ်ပေးပြီးတော့ (သူ့အစ်ကိုပို့ပေးတဲ့ငွေထဲက) ဒီမှာပဲ အလုပ်လုပ်နေတယ်"

"ဘယ်လိုအလုပ်မျိုးလဲကွာ"

လှဖေက ဝင်မေး၏။ တစ်ဦးနှင့်တစ်ဦး မတွေ့ဖြစ်တော့ အကြောင်းစုံမသိကြရ။

"သူ့ သူငယ်ချင်း တစ်ယောက်နဲ့ တွဲပြီး တာယာအဟောင်းတွေဝယ်၊ လုပ်သားငှား၊ တာယာရေစင်ကြိုး၊ တာယာရေစင်ပုံး၊ တာယာရေတည်ပုံး (စည်ပိုင်းပြတ်သဘောမျိုး) တွေ လုပ်နေတယ်ကွ"

"ဟာ… အဲဒီလုပ်ငန်းဆို ငါလည်း ရှယ်ယာဝင်ပါချင်တယ်ကွာ"

"ဟော့ကောင်… ဟန်သိန်း၊ မင်းအရမ်းလည်း လောဘမကြီးနဲ့၊ ကလေးတွေ လုပ်ပါစေကွာ"

လုပ်ငန်းက အလားအလာ ကောင်းနေသောကြောင့် လာဘ်မြင်သော ကိုဟန်သိန်းက သွားရည်ယိုနေလေ၏။

"လုပ်ငန်းက အဆင်ပြေနေပြီမဟုတ်လား"

ကျော်မြက ဝင်မေး၏။

"အဆင်ပြေတယ်ဆိုရမှာပေါ့၊ ရောင်းလို့မလောက်ဘူးကွ၊ ထွက်သမျှ ကုန်တာပဲ၊ အခု အလုပ်သမားတောင် ထပ်ခေါ်နေရတယ်"

စင်စစ် ထိုလုပ်ငန်းသည် အလွန်အားကိုးထိုက်သော လုပ်ငန်းဖြစ်ပါ၏။ ငွေနှင့် ကြေးနှင့် ပုံအောလိုက်လျှင် အမြန်သူဌေးဖြစ်နိုင်ပါ၏။ တာယာအစုလိုက် အပုံလိုက်ကြီးများ လေလံပစ်သည်ကို ဝင်ဆွဲလိုက်ရပါက ခပ်ကောင်းကောင်း ခပ်သန့်သန့်များကို

တာယာအတိုင်း ရောင်းစားလို့ရသေး၏။ အညံ့အစုတ်များကို တာယာပစ္စည်းများ ထုတ်လုပ်နိုင်၏။ ယခုအခါ တာယာက ထုတ်လုပ်သောပစ္စည်းများ အမယ်တော်တော်စုံ၏။ လယ်ယာသုံး လှည်းနွားသုံးပစ္စည်းအဖြစ်၊ လှည်းသိမ်းကြိုး၊ လှည်းစည်းကုံးကြိုး၊ ထွန်ကျင်ကွင်း၊ ထမ်းပိုးကြိုး၊ ဝါရှာမျိုးစုံ၊ ရေပုံး၊ ရေငင်ကြိုး၊ တာယာစည်ပိုင်းပြတ်၊ စုံလို့ပါဗျာ သည်နေ့ထုတ်လုပ်နေကြတာ။

"ငါ့သားက နိုင်ငံခြားသွား စကားသိပ်မပြောတော့ဘူးကွ"

လှမောင်ကပြော။

"ဘယ်ပြောတော့မလဲကွ၊ ဒီအလုပ်နဲ့ သူတွက်ခြေကိုက်နေလို့ဖြစ်မှာပေါ့၊ ဘယ်နယ့်လဲ ဝင်ငွေပြန်ရနေပြီလား"

"အဲဒါတော့ ငါ့မိန်းမမှ သိမှာကွ၊ သူတို့သားအမိ လုပ်ကြတဲ့ အလုပ်ကွ"

လှမောင်မျက်နှာသည် ရွှင်နေပါဒ။ သူ့မိန်းမ မိပွေး၏ မျက်နှာသည်ချိုနေပါ၏။ ရွှင်ချိုနေပုံထောက်တော့ သူတို့စီးပွားရေး အဆင်ပြေနေလို့ပဲဟု တွက်ဆလို့ရပါ၏။ သူငယ်ချင်းတို့ မင်းတို့အားလုံး ဒီည ငါ့အိမ်မှာ အိပ်ကြကွာ၊ တို့သူငယ်ချင်းတွေ မတွေ့ရတာကြာပြီ၊ ပြန်လည်ဆုံဆည်းချင်း အထိမ်းအမှတ် ဒီည ဒီအိမ်မှာ ပျော်ပျော်ပါးပါးပေါ့ကွာ ဟန်သိန်း၊ ကျော်မြ၊ လှဖေ၊ ဝင်းဟန်၊ လှမောင်၊ ဝဲကြီး၊ ကျွန်တော်စတဲ့ သူငယ်ချင်းများဟာ နှစ်နှစ်တစ်ကြိမ်၊ သုံးနှစ်တစ်ကြိမ် ဆုံဆည်းလေ့ရှိပါ၏။ လှဖေအိမ်မှာ၊ ကျော်မြအိမ်မှာ၊ ဟန်သိန်းအိမ်မှာ အဆင်ပြေသလို။ သည်နှစ် ထူးထူးခြားခြား လှမောင်တို့ လင်မယားက ဖိတ်မန္တကပြုလေပြီ။ အမှန်က ဝင်းဟန်အိမ်မှာ ချက်ပြုတ်စားသောက်၊ ရှေးခေတ်ဟောင်းအောက်မေ့ဖွယ် တဝါးဝါး တဟားဟား စားမြုံ့ပြန်ကြဖို့ စီစဉ်ပြီးသားခင်ဗျာ။

"ကဲ... ဝင်းဟန်ရေ၊ နင့်အိမ်မှာညအိပ်ဖို့ အစီအစဉ်ဖျက်လိုက်တော့၊ ဒီမှာ ဒကာပေါ်ပြီ။ လှမောင်ကို ဦးစာပေးလိုက်ပါဟာ၊ အိမ်ပြန်၊ နင့်မိန်းမပြောချေဦး၊ ချက်ရေးပြုတ်ရေး မစီစဉ်နဲ့တော့လို့"

ထိုညက လှမောင်အိမ်မှာ ညစာစားကြ၏။ ညစာ သောက်ကြ၏။ ညဥ့်နက် လတ်သော် အခန်းကျဉ်းကလေးထဲမှာ တပျော်တပါး စုအိပ်ကြရတာ။ ပျော်ရွှင်စွာအိပ်ခြင်း။ တစ်ရေးနိုးသော် ကျွန်တော် နဖူးပေါ်လက်တင် စဉ်းစားမိ၏။ (ထိုအချိန်တွင် ညက သောက်ထားသည်များ အာနိသင်ပြယ်၍ လူလန်းဆန်းနေလေပြီ။) အပြန်ပြန် အလှန်လှန် တွေးကြည့်နေမိ၏။ ဘေးက ဟန်သိန်း အိပ်မောကျ ဟောက်နေတုန်း။

ကျွန်တော် အဖြေတစ်ချက် လက်ခနဲ ရလိုက်ပါ၏။ နိုင်ငံခြားထွက်မှ အလုပ်ရသတဲ့လား။ ချမ်းသာမယ်တဲ့လား၊ သူဌေးဖြစ်မယ်တဲ့လား။ မဟုတ်ပါ။ နိုင်ငံခြားကလူတွေ သည်မှာလာပြီး စီးပွားရှာနေကြပါ၏။ ကုမ္ပဏီတွေ သည်မှာလာ ကြီးပွားနေကြပါ၏။ ချမ်းသာနေကြပါ၏။ ဟား… ဟား… သူတို့တောင် လာရှာနေသေးတာ၊ အိုးပစ်အိမ်ပစ်ဗျာ။ ကျွန်တော်တို့က ဘာလို့ မရှာနိုင်ရမှာလဲ၊ ဘာလို့မလုပ်နိုင်ရမှာလဲ၊ တစ်ခုမဟုတ်တစ်ခု၊ ဝွင်တွေရှိပဲ့ဗျာ။ အဖျားတက် အမှည့်စားရနိုးနိုး။ အရင်းမှာလည်း အမှည့်တွေရှိပဲ့ဗျာ၊ အရင်းမှာ အမှည့်တွေစားနေရသူတွေ အားကြီးပါဗျာ။ လှမောင်သားလို ကလေးတွေ အားကြီးပါ။ အလုပ်တွေ အားကြီးပါ။ ဝွင်တွေအားကြီးပါ။ ရှာတက်လုပ်တက်ဖို့ပဲ လိုတာပါဗျာ။

## မယုံနဲ့တဲ့ခင်ဗျာ့

"မယုံနဲ့ဗျ"

ခေါင်းမပါ ခြေမပါ ပြုန်းဆို စကားလုံးတစ်လုံး ဆိုင်ထဲပစ်ဝင်လာတယ်ခင်ဗျ။ ဘာများပါလိမ့်ဆိုပြီး လှည့်ကြည့်လိုက်တော့မှ အသားဖြူဖြူ လူတစ်ယောက်နဲ့ အသားမည်းမည်း လူတစ်ယောက် ဝင်လာတာကို တွေ့ရတယ် ခင်ဗျာ့။

"မယုံနဲ့ဗျ။ ဒီမိုးမှောင်ဆိုတဲ့ အကောင်က အပြောက မိုးမှာ၊ သောက်တော့ ရေအိုးစင်ဆိုတဲ့ လူစားမျိုးဗျ၊ ဘယ့်နှယ်ဗျာ ဒီတိုက်ကို ၃၅ နဲ့ဝယ်လိုက်တယ်ဆိုတာ ယုံနိုင်စရာမှ မရှိတာဗျာ၊ အဲဒီတိုက်ဟာ မနှစ်တုန်းက ၁၈ သိန်းနဲ့ အတင်း ထိုးရောင်းနေတဲ့တိုက်ပါဗျာ၊ အလွန်ဆုံးပေးရလှ ၂၀-၂၂ ပေါ့ဗျာ"

"သူက ပြန်ရောင်းကောင်းအောင် မပေါက်တဲ့ဈေးနဲ့ ဖိန့်နေသလားမှ မသိတာ"

ထိုလူနှစ်ယောက်သည် စားပွဲသို့ ထိုင်မိသည့်တိုင်အောင် စကားက မပြတ်သေး။

"ဖြစ်နိုင်တယ်ဗျ၊ ဟိုနေ့ကလည်းဗျာ၊ ကြည့် သူပြောပုံ နိုင်တီအိတ်မော်ဒယ် ၂၈ နဲ့ဆို၊ ရသလောက်ယူမယ်၊ ဆယ်စီးရရ၊ ဆယ့်ငါးစီးရရနဲ့ အော်နေပြန်တယ်ဗျာ၊ ဒီကောင့်စကား ချင့်ယုံဗျ"

"အင်း... ခက်တော့ခက်သားပဲ၊ ဟေ့... ညီလေး အိုက်စ်ကော်ဖီနှစ်ခွက်"

နောက်ထပ် ကပ်စတန်မာ (လာရောက်စားသောက်သူ) များဝင်လာသဖြင့် ကျွန်တော့်အာရုံသည် နောက်လူများထံ ရောက်သွားပါ၏။ ဆိုင်ရှင်တို့ ထုံးစံအတိုင်း။ စားသောက်ဆိုင်၊ အရက်ဆိုင်၊ ဈေးဆိုင်ပိုင်ရှင်များသည် ကပ်စတန်မာများ ပြောစကားကို မကြားတစ်ချက်၊ ကြားတစ်ချက်ဖြစ်နေကြသည်က များပါ၏။ ဘောလုံးပွဲ၊ ဆိုင်ကယ်ဈေး၊ ကားဈေး၊ တိုက်ဈေး၊ နှစ်လုံးသုံးလုံး အခြေအနေ အချိန်အခါပေါ်မူတည်၍ ပြောနေကြသော စကားများကို ခေါင်းထဲမှ အတင်းပုတ်ထုတ်ပစ်နေရပါ၏။ သောက်ချင်တာသောက်ရအောင်၊ စားချင်တာစားရအောင်၊ ခံတွင်းတွေ့သွားအောင်၊ စိတ်မငြိုငြင်အောင်၊ သူတို့ပြောနေတဲ့ စကားနောက် စိတ်အာရုံပါသွားလို့ကတော့ အလုပ်ပျက်ပြီသာမှတ်ပေတော့။ စိတ်က အိုးနင်းခွက်နင်း တောင်ရောက်မြောက်ရောက် ရောက်မသွားဖို့ အရေးကြီးတယ်ခင်ဗျ။ သို့သော် "မယုံနဲ့ဗျ" ဆိုသော စကားလုံး ကျွန်တော်ဦးခေါင်းထဲ စွဲကျန်နေပါ၏။ မယုံနဲ့ဗျတဲ့ဗျာ။

သူ့စကားကို ကျွန်တော် သဘောကျသလိုလိုပဲဗျာ။ အသက် ၆၇ အတွင်းမှာ ယုံမိလို့ ခံရပေါင်းများပကောဗျာ။

"ကိုချမ်းသာ ရှင့်လူပေါ် မလာတာကြာပြီ၊ ကြည့်လုပ်ဦး"

တစ်နေ့ ကုန်စုံဆိုင်ပိုင်ရှင် ဒေါ်အိက ပြောတယ်ခင်ဗျ၊ ရှင့်လူဆိုကတည်းက ကျွန်တော်သိလိုက်ပြီ။ ဖိုးချောကိုပြောတာ၊ ဖိုးချောဈေးစရောင်းတော့

"ဟေ့ကောင်ချမ်းသာ၊ ဒေါ်အိကိုပြောပေးကွာ" ဆိုလို့ ဒေါ်အိကို လိုက်ပြောပေး ရတယ်ခင်ဗျ။

ဖိုးချောဟာ ကျွန်တော့်မိတ်ဆွေပါ၊ ငယ်ပေါင်းကြီးဖော်တွေပါ၊ ငွေရေးကြေးရေး စိတ်ချပါ၊ ကျွန်တော်တာဝန်ယူပါတယ်ပေါ့၊ ဖိုးချောဟာ အစကတော့ ဟုတ်တုတ်တုတ် ခင်ဗျ၊ ကုန်ကြွေးယူလိုက်၊ ရောင်းလိုက်၊ ပြန်ဆပ်လိုက်၊ အသစ်ထပ်ယူလိုက်၊ အဟောင်းပေးအသစ်ယူ၊ အဆင်ချောလို့၊ ကျွန်တော့်မှာ ကြားထဲက ဝမ်းသာမိ။ အရောင်းအဝယ် မှန်ကောင်း၊ လင်မယားနှစ်ယောက်ပြုံးပြုံး ပြုံးပြုံးနဲ့ ဝင်ငွေမှန်နေပြီ။ ထမင်းနပ်မှန်နေပြီပေါ့ခင်ဗျာ။ စက်ဘီးလေးတစ်စီးဝယ်လိုက်ပြီ။ "တယ်ဟုတ်ပါလားဟ" ကျွန်တော်မှာ ဝမ်းသာ။ မြေကွက်ကလေး တစ်ခြမ်းဝယ်လိုက်ပြီ။

"ဟာ… ဟုတ်ပြီဟေ့၊ ငါ့လူဟန်ကျနေပြီ"

သုံးပင်အိမ်ကလေးဆောက်လိုက်ပြီ။

"အမယ်… အဟုတ်ကြီးပါလားဟ"

လက်လီလက်ကား ကုန်စုံဆိုင်ပိုင်ရှင် ဒေါ်အိ မိတ်ကောင်းရတာပဲ။ ဒေါ်အိ၊ တဆင့်ခံ ဖိုးချော၊ ဖိုးချောမိန်းမ မိပိန်၊ မိပိန်သမီး ဘုတ်ဘုတ်၊ ပေးကြယူကြ၊ ရောင်းကြ ဝယ်ကြ၊ ဟုတ်ပြီ ဟုတ်နေပြီ။ ဖြစ်နေပြီ အလုပ်။

"မောင်... ကြည့်ပြောဦးနော်၊ ဖိုးချောမိန်းမ မိပိန် လွတ်နေပြီ"

"ဘယ်သူက ကြိုးဖြေလွှတ်လိုက်လို့တုန်းဟ"

"ဟာ... မောင်ကလည်း"

ကျွန်တော် သဘောပေါက်ပါသည်။ မိပိန် လွတ်နေပြီ။ ပထမ တစ်ကြိမ်တွေတော့ ပါတိတ်ဝမ်းဆက် ကျောက်စိမ်းရောင်၊ နောက်တစ်ကြိမ် ရွှေအိုရောင်၊ နောက်တစ်ကြိမ် မျှင်ငါးပိရောင် သူ့နဲ့လိုက်လား မလိုက်လားမသိ၊ မိပိန်ကတော့ ဝမ်းဆက် ထည်လဲ လျှော်နေပြီ။ မြောက်တောက်မြောက်တောက် ဖြစ်လာပြီ။ ဘယ်လိုထိန်းရပါ့။

"ငွေကို ရေထင်တယ်ကွ၊ ငချောတဲ့ တစ်ချောတည်းရှိတယ်"

ဟာ... ပြဿနာ၊ ဖိုးချောပါ လွတ်လာပြီ။ ထိန်းမရ သိမ်းမရ ဖြစ်လာပြီ။ ကြားထဲက "ငွေရေးကြေးရေးကိစ္စ ကျွန်တော် တာဝန်ယူပါတယ်" ဆိုသော မောင်ချမ်းသာ မျက်ခုံးလှုပ်ချင်လာပြီ။

ရှေ့ဆက်မဖတ်ချင်ပါနဲ့တော့ ဇာတ်သိမ်းမကောင်းပါ။ အာမခံရဲသော လူမိုက်၊ ငမိုက်သား ကျွန်တော် ဖိုးချောအကြွေးများကို စိုက်လျှော်လိုက်ရပါ၏။ ဒေါ်အိမျက်နှာ မကြည့်ရဲတော့ပါ။ ကျွန်တော်ထက်ဆိုးတာက သိန်း ၅၀ ဖိုးတုတ်ခင်ဗျ၊ သိန်း ၅၀ နဲ့ နာမည်ကြီးသွားတာ၊ ဖိုးတုတ်ပါပဲ။ ပြည်မြို့မှာ။ သူ့အဝယ်တော် လူယုံမောင်ရွှေလူက သုံးလုံးပေါက်သတဲ့ဗျာ။ သိန်း ၅၀ ရတယ်ပေါ့နော်။ အမယ်... ဘုန်းကြီး ဆွမ်းကျွေးတွေဘာတွေလုပ်လို့၊ သူ့ဆရာဖိုးတုတ် ဖွတ်ဆွဲခေါ်လို့ ကျွန်တော်ပါ ပါသွားရသေး။ ကန့်လန့် ကန့်လန့်နဲ့၊ ဆွမ်းကျွေးမှာ ထမင်းစားနေတုန်း ဖိုးတုတ်မိတ်ဆွေ ဝကြီးက ဖိုးတုတ်နားနား ကပ်ပြောတယ်။ တိုးတိုးကလေး၊ ကျွန်တော် မပီမသ ကြားလိုက်တယ်။ "ဟော့ကောင် မင်းလူသုံးလုံးပေါက်တာ မင်းက "ဒိုင်" ဖြစ်နေဦးမယ်နော်" တဲ့။ ကျွန်တော်နားမရှင်းပါ၊ နားမလည်ပါ၊ အ,လိုက်သည့်ဖြစ်ခြင်း။ နောက်သုံးလလောက်ကြာတော့မှ ကျွန်တော်နားလည်သွားပါ၏။ မောင်ရွှေလူပြေးပြီ။

ဖိုးတုတ် သိန်း ၅၀ ထိသွားပြီတဲ့ဗျာ။ ပြောတယ်ခင်ဗျ၊ ပြောကြတယ်ခင်ဗျ၊ ၂၄ဝ နဲ့ဝယ်လိုက်တာ၊ ၂၅ဝ နဲ့ဝယ်လိုက်တာ၊ ဘာလုပ်လိုက်တာ ဘယ်လိုဖြစ်လာတယ်။ ဘယ်က ဘယ်လောက်မြတ်တယ်။ သည်နေ့ဘယ်ဈေးပေါက်နေတယ်၊ ဘာတွေဖြစ်နေပြီပေါ့နော်။

"ဟုတ်ကော ဟုတ်ကဲ့လားကွာ"

ကျွန်တော်ကတစ်ခါတစ်ခါ မိန်းမရလာသော သတင်းများကို ဆန်းစစ်မိပါ၏။

"မသိဘူးလေ၊ သူတို့ပြောတာ ရှင်သိအောင် ပြန်ပြောရတာ၊ နေ... ဒီလိုဆို နောက်သူများကြားထားတာတွေ ပြန်ပြောမပြတော့ဘူး"

"အယ်... အယ်... သည်လိုတော့ မလုပ်လိုက်ပါနဲ့ကွာ၊ တို့သတင်းသမားဆိုတာ မှန်သည်ဖြစ်စေ၊ မမှန်သည်ဖြစ်စေ သတင်းရဖို့တော့ လိုတာပေါ့ကွာ၊ ရတဲ့သတင်းကို ဦးခေါင်းထဲရိုက်ထည့်ထား၊ ဦးနောက်က စစ်ဆေး၊ ချင့်ယုံရတာပေါ့ကွာ"

သူများပြောတဲ့စကား တစ်ဝက်ခွဲ၊ တစ်စိတ်ထပ်စိပ်၊ အဲသည်တစ်စိပ်လောက် ယုံမိရုံနဲ့တော့ မထိခိုက်လောက်ဘူးပေါ့နော်။ ဟင်း... ဟင်း... အမှန်အတိုင်းပြောရလျှင် သူတပါးကို မဆိုထားဘိ၊ ကိုယ့်ကိုယ်ကိုယ်တောင် သိပ်မယုံချင်တော့ သလိုလိုပဲဗျာ။ ငါလုပ်ခဲ့တာတွေ မှန်သလား မှားသလား၊ ဟုတ်မှဟုတ်ရဲ့လားပေါ့နော်။ (ကျွန်တော့် အသက်အရွယ် ရောက်လာရင် ကျွန်တော့်လိုပဲ ဆန်းစစ်ကြည့်မိလိမ့်မည် ထင်ပါ၏။)

## အမောင်းခံရသူက ကျွန်တော်ပါ

"ကိုအောင်မျိုးသန့်လား"

"ဟုတ်တယ် အန်ကယ်၊ အန်ကယ် မနေ့ဖုန်းဆက်သေးတယ်ဆို၊ ကျွန်တော် မနေ့က အလုပ်အရေးကြီးနေလို့ အပြင်ထွက်နေတာနဲ့ အန်ကယ်နဲ့ လွဲသွားတာ"

"အေးကွ… ငါမနေ့က ဆက်သေးတယ်၊ မင်းနဲ့မတွေ့ဘူး၊ ဒီနေ့တော့ (တနင်္ဂနွေ) အိမ်မှာရှိလောက်တယ်ဆိုပြီး လှမ်းဆက်လိုက်တာ။ ဒီလိုကွာ မင်းတို့အပ်ထားတဲ့ ပဲကြီးတွေ ဈေးကြိုက်တာနဲ့ ငွေလည်းလက်ငင်းရတာနဲ့ ၂၇ ရက်နေ့က ထုတ်လိုက်တယ်၊ ပဲကြီးဖိုးငွေကို ဘဏ်မှာထည့်ထားတယ်၊ အဲဒီငွေကို ဘာဆက်လုပ်ရမလဲ၊ မင်းဆီ ပို့ပေးရမလား၊ ဒီမှာပဲ ထားရမှာလား၊ အဲဒီဘက်က အစီအစဉ်ကို သိချင်လို့"

"ခဏလေးနော် အန်ကယ်၊ ကျွန်တော် သွယ်သွယ်နဲ့ တိုင်ပင်လိုက်ဦးမယ် (မိန်းမနဲ့တိုင်ပင် လိုက်ပါဦးမယ်)"

ဖုန်းကို ခဏကိုင်ထား သွယ်သွယ်အသံထွက်လာ။

"အယ်… သွယ်သွယ်လား ပြော၊ ငွေကို ဘာဆက်လုပ်ရမလဲ"

"ဦးတို့အောင်လံမှာ ဘာဝယ်ရင်ရမလဲ"

"ခုအချိန် (၂၀၀၂ ဇွန်လ) မှာတော့ ဘာသီးနှံမှ မပေါ်သေးဘူး၊ နောက် ၁၀ အကြာ (ဇူလိုင်လ၁၀) ရက်မှာတော့ ပဲတီစိမ်းပေါ်မယ်၊ ဒါပေမယ့် ပဲတီစိမ်းက ပေါ်ပေါ်ချင်း ဝယ်လို့ မကောင်းသေးဘူး၊ အစိုဓာတ်ရှိတယ်၊ အရောင်ဖျော့တယ်"

"ဘာဆက်လုပ်ရင်ကောင်းမလဲ၊ ဦးစဉ်းစားထားတာရှိလား"

"ငွေတွေ သေနေမယ့်အတူတူတော့ တစ်ယောက်ယောက်ကို ပေးသုံးထားရင် ကောင်းမယ်ထင်တယ်၊ အတိုးရတာပေါ့"

"အင်း… ဟုတ်ပြီ၊ ဦးအဆင်ပြေသလို ကြည့်စီစဉ်လိုက်ပါ"

"ဟုတ်ပြီ... သမီး၊ ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁ ရက် တနင်္လာနေ့ ရက်စွဲနဲ့ မှတ်ထားနော်၊ ငွေအမောင့်ကိုလည်း မှတ်မိတယ်မဟုတ်လား"

"သမီးမှတ်ထားလိုက်မယ်"

တစ်ဖက်မှ ဖုန်းချသွား၏။ ကျွန်တော့်တူတော်မောင် မောင်အောင်မျိုးသန့်က သူ့မော်တော်ဆိုင်ကယ် ရောင်းလို့ရတဲ့ငွေကလေးကို တိုးပွားအောင် လုပ်ပေးပါဆိုပြီး ပို့လိုက်လို့ ကျွန်တော်က ပဲကြီးဝယ်ထည့်ပေးတယ်ခင်ဗျာ။ ပဲကြီးလှိုင်တုန်းက။ အခု ဝါဆို ဝါခေါင် ပဲကြီးဈေးမြောက်လာတော့ ပြန်ထုတ်ပေးလိုက်တယ်။ ငွေပြန်၍ ပေါ်သွားပြီ။ အခု သည်ငွေကိုပဲ ဆက်ပြီး၊ တိုးအောင် ပွားအောင် လော့ခတ်ရဦးမှာ၊ ဒါစီးပွားရေးပဲလေ။ ငွေလက်ထဲရောက်နေပြီ၊ ဘယ်သူတွေယူသုံးကြဦးမလဲ။ ကျွန်တော်တို့ စီးပွားရေး လောကမှာ သူတစ်ပါးက ယုံကြည်လို့ အပ်နှံထားသောငွေကို မှန်မှန်ကန်ကန် ပြုမူဆောင်ရွက်ရပါသည်။ ရောင်း၍ရသောငွေကို နေ့စွဲ ရက်စွဲ စာရင်းဇယားနဲ့တစ်ကွ အတိအကျပေးရပါသည်။ အပ်နှံထားသောငွေအပေါ် ရက်စွဲ အမှတ်အသားဖြင့် အတိုး တွက်ပေးရပါသည်။ ဒါထုံးစံ။ ယုံမှတ် အပ်နှံထားသောအလုပ်၊ ယုံမှတ်အပ်နှံသောငွေ အတွက် တစ်စွန်းတစ်စမျှ မသမာမှု မပြုရပါ။ တစ်ကျပ်တစ်ပြား လိမ်မိရုံဖြင့် နာမည်ပျက်သွားနိုင်ပါသည်။ "ဒီလူ အလကားပါကွာ၊ ငွေရေးကြေးရေး စိတ်မချရဘူး၊ ကလိမ်ကကျစ်ပါကွာ" ဟု အပြောခံရခြင်းသည် ဓားနဲ့ထိုးအသက်ခံရတာထက် ပိုဆိုးပါသည်။

ဓားနဲ့ထိုးသတ်တာက တစ်ကြိမ်ပဲ သေပါတယ်။ နာမည်ပျက်တာက မသေမချင်း အကြိမ်ကြိမ် အဖန်ဖန်သေပါသည်။ ဒါကြောင့် နာမည် မပျက်အောင် အလွန် ဂရုစိုက်ရပါသည်။ လူကိုယုံကြည်ပြီဆိုလျှင် အလုပ်ကိုယုံပါသည်။ ငွေကိုယုံပါသည်။ သိန်း ၃၀၊ သိန်း ၅၀ ကို ကြွပ်ကြွပ်အိတ်နဲ့ထည့်ပြီး သည်အတိုင်း ပေးကြယူကြသည်ကို မကြာခဏ တွေ့ရပါ၏။ တစ်ဖက်လူ သိက္ခာကျမည်စိုး၍ ထိုပေးသူ၏ ရှေ့မှာ မစစ်ပါ။ ထိုသူကွယ်ရာမှာလည်း မစစ်ပါ။ သည်အတိုင်း သိမ်းထားလိုက်ပါသည်။ ဒါဟာ လူကို ယုံလို့ပါပဲ။

ဟင်း... ဟင်း... မယုံလို့ကတော့ လက်ညှိုးကို တံတွေးဆွတ်တဲ့ပြီး သူ့ရှေ့မှာ တစ်ရွက်ချင်း စစ်တော့မှာပါ။ အစစ်ခံရတာဟာ ရက်စရာ။ ကဲ... ငွေတွေ လက်ထဲရောက်နေပြီ။ လုပ်ဖော်ကိုင်ဘက်များနဲ့ ခွဲဝေသုံးကြမည်။ ခွဲခြမ်း ခွဲခြမ်း မလုပ်။ ဝေစားမျှစားပေ့ါဗျာ။ အဲသည်နေ့က ခွဲတမ်းချလိုက်တော့ ကျွန်တော်က ငါးသိန်း တာဝန်ယူရတယ်။ ငွေငါးသိန်းယူပြီးပြီ။ အတိုးဆိုတာက အပျင်းသည်းပြီး အိပ်မောကျနေတက်သည့် အမျိုးမဟုတ်ပါ။

"ကဲ... သားတို့ ရပေါက်ရလမ်းလေးတွေ စစ်စစ်ပေါက်ပေါက် ရှာကြစမ်းကွာ၊ သူ့အတွက် အတိုးပေးဖို့လည်းရအောင် ကိုယ့်အတွက်ကလေးလည်း နည်းနည်း ကျန်လေအောင်..."

သည်လိုပဲခင်ဗျာ့၊ အတိုးနဲ့ချေးယူထားတဲ့ငွေ ကိုယ့် လက်ထဲရောက်နေပြီဆို တက်သုတ်နှင်ရတယ် (လေ့စကား) ရပ်ထား အောင်းထားလို့မဖြစ်ဘူးဗျာ့။ (အတိုးကမီတာ တက်နေပြီ မရပ်မနား) အမှန်ကတော့ ချေးငွေဆိုတာ လိုအပ်တယ်ခင်ဗျာ့၊ ဒါမှ ပေ့ါမနေမှာ။ သူက မောင်းနှင်အားလေဗျာ။

"အိပ်မနေနဲ့၊ အပျင်းသည်းမနေနဲ့၊ ငေးမနေနဲ့၊ မြန်မြန်လှုပ်ရှားလော့"

ချေးငွေက အမိန့်ပေးနေတာ ခင်ဗျာ။ အဆင်းလှည်း ရုန်းရတဲ့နွားလိုပဲ နေးနေလို့ကတော့ တံကောက်ခွက်ကို လှည်းဘီးက တက်နင်းသွားမှာ။ (တံကောက်ခွက်ကို လှည်းဖနောင့်ကြိတ်ထားသော ဒဏ်ရာများနဲ့ နွားဖျင်းများကို) တွေ့မြင်ဖူးကြပါလိမ့်မည်။

## သည်လင် သည်မယား အိုအောင်မင်းအောင်ပေါင်းရပါစေ

"မောင်ရေ... ကြက်သွန်တွေ ပုပ်ကုန်ပြီ"

ကျွန်တော့်မိန်းမက ကြက်သွန်အပုပ်ရွေးရင်း လှမ်းအော်တယ်ခင်ဗျာ့။

"မင်းကိုပြောသားပဲကွာ၊ ကြက်သွန်တွေ လှောင်မထားပါနဲ့လို့"

"အို... မောင်ကလည်း တောက ဆွေမျိုးတွေက လက်ဆောင် လာပေးကြတဲ့ ဟာကို"

"ဘယ်သူကပေးပေးကွာ၊ လှောင်မထားပါနဲ့ ရောင်းစားပစ်လိုက်၊ ပြီးတော့မှ ကိုယ်စားချင်တဲ့အချိန် ပေါက်ရာပေါက်စျေး ဝယ်စား"

အဲသည်လိုပဲဗျာ၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ် ကြက်သွန်အိုတဲ့ ရာသီရောက်လာပြီဆို ကျွန်တော်တို့ လင်မယား ပွစိပွစိ ဖြစ်ကြပြီ၊ နစ်စဉ်။ ဘယ်နယ့်ဗျာ... လှောင်ထားတဲ့ ကြက်သွန်တွေထဲက နည်းနည်းနွမ်းတာ၊ ရိတာ၊ ပုတ်တာရွေးစား၊ အကောင်းလေးချန်ထား၊ အဲသည်အကောင်းလေးက နောက်တစ်ခါ ရွေးတော့ ပုပ်နေပြန်ပြီ၊ ဘယ်မှာ အကောင်းစားရလို့တုံး၊ အပုပ်နဲ့ပဲ ပြီးနေရတာ။ တကယ်ဆို ကိုယ်လိုချင်တဲ့အချိန် စျေးသည်မဆီက ဒေါင်ဒေါင်မြည် ကြက်သွန်ဝယ်စား၊ ကြွပ်ခနဲ ကိုက်စား၊ ဘယ်လောက်ကောင်းမလဲဗျာ။ မိန်းမကလည်း ကြက်သွန် ပေါ်ချိန်တုန်းက သူ့ဆွေမျိုးတွေ လာပေးတဲ့ကြက်သွန်၊ ဂုဏ်ယူပြီး လှောင်လှောင် ထားတယ်ခင်ဗျာ့၊ ကြွားချင်တာလည်းပါမှာပေါ့။ ကျွန်တော်သာဆို အကုန် ရောင်းပစ်လိုက်မှာ။

"ကိုချမ်းသာ ဒီနစ် ဘာကုန်လှောင်ရင် ကောင်းမလဲဗျာ၊ အကြံပေးစမ်းပါ၊ မြတ်ရင်ခင်ဗျားကို ဂုဏ်ပြုမယ်၊ ဝမ်းတေဘယ်... "

"ဟင်... ဖောင်းဖောင်း... မင်းတို့လင်မယားကြားထဲ ငါ့ဆွဲမထည့်ပါနဲ့ကွာ၊ အေးအေးနေပါရစေ၊ ပဲလှော်ကြား ဆားညှပ်နေပါဦးမယ် မောင်"

တရုတ်သူဌေးလေး ဖောင်းဖောင်းက ကျွန်တော့်ဆီက အကြံတောင်းတယ်ခင်ဗျာ့၊ အထင်ကြီးတစ်ခွဲသားနဲ့ အကြံမပေးရဲပါဘူးဗျာ၊ ကိုယ် တစ် ပေးလိုက်တဲ့ ကုန်ပစ္စည်း

စျေးတက်လာလို့ မြတ်ရင်တော်ပါ၏။ ရှုံးရင် ကျွန်တော့်ခေါင်းပေါ် ပုံကျလာမှာဗျ။ တစ်ခါ ဖြစ်ပြီးပြီ။ တစ်နှစ်ဟာ ကျွန်တော်က ပဲစင်းငုံကို တစ် ပေးလိုက်တာ၊ ပဲစင်းငုံက ထမပွ၊ နမ်းကထ၊ ပွလို့၊ နမ်းသမားတွေထော၊ ပဲစင်းငုံသမားတွေမော၊ ကျွန်တော့်မှာ လူတောထဲတောင်မသွားရဲဘူးဗျာ။

ဖောင်းဖောင်းမိန်းမ ဇီဇီဆိုတာ ကျွန်တော့်ကို လက်ညှိုးငေါက်ငေါက်ထိုးတဲ့ပြီး ရန်တွေ့လို့မဆုံးတော့ဘူးဗျာ။ အတုံးလိုက် အတစ်လိုက် ရှုံးသွားတာကိုခင်ဗျာ့။ သိန်း ၅၀ ဖိုးလောက်ထည့်ထားတာ ၂၀ ဖိုးလောက်ပဲ ပြန်ရတော့တယ်ဆိုတော့ စိတ်ဆိုးမယ်ဆိုလည်း ဆိုးလောက်စရာပေါ့။ (စိတ်ကူးယဉ်မဟုတ်ဘူး၊ တစ်ကယ်ဖြစ်ခဲ့တာ) ဖောင်းဖောင်းတို့ လင်မယားရန်ဖြစ်၊ ဇီဇီက ဖောင်းဖောင်းကို နှင်ချ၊ ဖောင်းဖောင်း နားညည်းလို့ အိမ်ပေါ်က ဆင်းပြေး၊ နောက်မိန်းမ ပေါက်စလေး အပျင်းပြေယူထားလို့ ဒုက္ခရောက်ပါလေရောလာဗျာ။ အဲသည်အခါမှ ဇီဇီ ကျွန်တော့်ဆီပြေးလာ။

"ဇီဇီ ကိုယ့်ပြဿနာကိုယ်ရှင်း၊ ညည်းတို့လင်မယားကြား ငါမဝင်ပါရစေနဲ့ဟယ်"

တော်သေးတာပေါ့ လေးငါးခြောက်လကြာတော့ ဖောင်းဖောင်း အိမ်ပေါ် ပြန်တက်လာပေလို့၊ ဇီဇီလည်း အဲသည်တော့မှ ပြုံးနိုင်တော့တယ်၊ သူ့ယောကျာ်း သူပြန်ရလို့။

ကုန်လှောင်တယ်ဆိုတာက အဲသည်လိုမျိုးဗျာ့၊ ရှုံးပြီဟေ့ဆိုရင် အတုံးလိုက် အတစ်လိုက်၊ မြတ်ပြီဟေ့ဆိုရင်လည်း နှစ်ဆလောက်ဗျာ။ မြတ်တဲ့နှစ်၊ မြတ်တဲ့ကုန် နမူနာယူကြပြီး ဆော်ကြ၊ ကွဲကြ၊ မြတ်ကြ၊ ပွကြ။ မိန်းမရေ၊ ယောကျာ်းရေနဲ့ ချိုလို့ပေါ့ဗျာ။ ရှုံးပြီဟေ့ဆိုရင်တော့ ဖောင်းဖောင်းတို့လင်မယားဟာ နမူနာပဲ။ ပြောစမှတ်ကြီးကိုဖြစ်လို့ဗျာ။ အဲဒါကြောင့် ဖောင်းဖောင်းက အကြံဉာဏ်တောင်းတာကို အကြံမပေးဘဲ ခေါင်းယမ်း လိုက်တာဗျာ့၊ ဘာလုပ်ဖို့လဲဗျာ၊ သူ့ဝမ်းတေ ဘယ်လ်။

၁၉၇၅-၇၆-၇၇ ကျွန်တော် ရန်ကုန်ကြည့်မြင်တိုင် ညစျေးတန်းမှာ စျေးရောင်းစားတော့ ရွှေဝါဆပ်ပြာတောင့်ကောက်ပြီး လှောင်ဖူးတယ်၊ အေဗီစီ

(ခေါင်းကိုက်ပျောက်ဆေး) ပုလင်းတွေ ကောက်လှောင်ဖူးတယ်၊ နမ်းဆီလှောင်ဖူးတယ်၊ မြတ်တာကမြတ်၊ ရှုံးတာကရှုံး ဘယ်ဟာမှ ကံသေကံမ ပြောလို့မရဘူးဗျာ။ သူဖြစ်ချင်တာ လျှောက်ဖြစ်သွားတာဗျာ။ ကုန်လှောင်တာက အရှုံးအမြတ်ကြီးမားတော့ လူသိတယ်၊ ရှုံးတာလည်းသိ၊ မြတ်တာလည်းသိ။ မိသားစုတွေ စိတ်ဝမ်းကွဲတက်တယ်။ သူ့ကြောင့် ငါ့ကြောင့် အဖေ့ကြောင့် အမေကြောင့် အပြစ်တင်တက်ကြတယ်။ ကုန်အရွေးမှားရင် ပြဿနာ၊ အမြတ်နည်းရင် ပြဿနာ၊ ရှုံးပြီဟော့ဆိုရင် ပေါက်ကွဲကုန်ပြီ။ ကုန်လှောင်တယ်ဆိုတာက မီးပင်လယ်အပေါ်မှာ တန်းထားတဲ့ ကြိုးတန်းပေါ် လမ်းလျှောက်ရသလိုပဲ၊ အလွန် အန္တရာယ်ကြီးတယ်ဗျာ။ ကုန်လှောင်ဖို့မလှောင်ဖို့ ကျွန်တော်တော့ ဘာမှအဆုံးအဖြတ် မပေးရဲဘူးဗျာ။ ကံတိုက်အလုပ်ကြီးဗျာ။ ကျွန်တော့်မှာသာ ပိုက်ဆံကလေး တူတူတန်တန်ရှိမယ်ဆို ကျွန်တော်တော့ ကုန်မလှောင်ချင်ဘူး၊ ဝယ်ရောင်းပဲလုပ်မယ်၊ ကုန်စုံဆိုင်သဘောမျိုးပြောတာ။ ဝယ်ရောင်းက အရှုံးအမြတ် ထုထည်မကြီးမားဘူး။ ငွေသေမနေဘူး။ ငွေက အမြဲလည်ပတ်နေတယ်။ တအိအိ တက်တယ်။ အရှုံးကြီးသွားလို့ မိသားစု စိတ်ဝမ်းကွဲရတဲ့ ပြဿနာမျိုးလည်း မပေါ်နိုင်ဘူး။ မိသားစုဘဝတည်ငြိမ်တယ်ဗျာ။ ဒါ ကျွန်တော့်ရဲ့ ပုဂ္ဂလိက အမြင်နော်။ ကိုယ့်ဘာသာဆုံးဖြတ်၊ ကိုယ်ဖြစ်ကိုယ်ခံ။

## ဖောက်ထွက်

"မောင်ရေ… မှိုတွေ ထွက်နေပြီ"

ဝါဆိုလ၏ တစ်ခုသော နံနက်ခင်းတွင် ကျွန်တော့်မိန်းမသည် ရွှင်လန်းဝမ်းမြောက်စွာ သတင်းလာပို့လေ၏။

"မှိုတွေပေါက်နေပြီ လို့ပြောစမ်းပါကွာ၊ မင်းဟာ… "

"ဟင်... မောင်ကလည်း မှိုကပေါက်လာတာမှ မဟုတ်တာ၊ မြေကြီးထဲက ထွက်လာတာကြီးကို၊ မယုံ လာကြည့်"

"ဟောဗျာ... ဝေါဟာရထွင်တဲ့ ပညာရှိမနဲ့တွေ့နေပြီ၊ မှန်းစမ်း ဘယ်မှာလဲ"

သူခေါ်ရာလိုက်ခဲ့၊ ကျွန်တော်တို့ အိမ်နောက်က ခြံတောင်ပို့မှာ၊ နှစ်စဉ် ဝါဆိုလတိုင်း ပေါက်နေကျ တောင်ပို့မှိုကျင်းကြီးခင်ဗျာ။ တွေ့ပါပြီ၊ မှိုတွေဖွေးလို့။ သူပြောတဲ့အတိုင်းပဲဗျာ၊ မှိုတွေမြေကြီးထဲက တိုးထွက်လာတာ။ မြင်ဖူးကြမှာပေါ့။ မှိုပေါက်တာ။ မှိုဆိုတာ ဒုံးပျံထိပ်ဖူးလို အဖျားက ခပ်ချွန်ချွန်၊ မြေကြီးထဲက အတင်းတိုးထွက်၊ အပြင်ရောက်မှ အပွင့်က ကားလာ၊ ဟော... ထီးကြီးဖွင့်လိုက်သလိုပဲဗျာ။ ကျွန်တော်တို့ မှိုကျင်းက မှိုတွေ တစ်ခါပေါက် ၁၀၀-၁၅၀ ဗျာ။ ကျွန်တော့်မိန်းမ မှိုရတဲ့မျက်နှာနဲ့ ဟိုအိမ်ပို့ သည်အိမ်ပို့ ဝေငှချက်စား၊ အဲသည်နေ့များဆို သူမျက်နှာချိုလို့ရွှင်လို့ဗျာ။

မြေကြီးထဲက မှိုတွေ တိုးထွက်လာတာနဲ့ ဥထဲက ကြက်လေးဖောက်ထွက်လာတာ သဘာဝချင်းတူတယ်ဗျာ့၊ ကြက်ကလေးတွေပေါက်တာကို ကျွန်တော် အကြိမ်များစွာ မြင်ဖူးတယ်။ ဥထဲက ဝါဝါအနှစ်ကလေးက ကြက်ကလေးဖြစ်လာ၊ အတောင်ပံလေးတွေနဲ့ အမွေးလေးတွေပေါက်လာ၊ ဟော... သူ့ရက်စေ့တော့ ကြက်ကလေးက ကြက်ဥအခွံကို သူ့နှုတ်သီးချွန်ချွန်ကလေးနဲ့ ထိုးဖောက်တော့တာပဲဗျို့၊ ပထမ အရာကလေးဖြစ်၊ နောက်အက်လာ၊ မကြာဘူးဗျို့ ကြက်ဥအခွံက ထက်ပိုင်းကွဲပြီး ကြက်ကလေး အပြင်ရောက်လာတော့တာပဲဗျာ၊ အပြင်ရောက်စကြက်ကလေးများ အပ်ဂလီးချက်ကင် (ugly chicken) အရမ်းအရုပ်ဆိုးတာဗျာ၊ ပေစုတ်နေတာပဲ။ ပြင်ပလေနဲ့ တွေ့ထိ၊ အမွေးနလေးတွေ ဖွာလာ၊ နာရီပိုင်းအတွင်း လုလုကလေး ဖြစ်လာတော့တာပဲ။ ကြက်ကလေးယူ နမ်းကြည့်၊ ညှပ်ညှပ်နဲ့ တကယ့်ချစ်စရာလေးဗျာ။

"ဒီမှိုနဲ့ ကြက်ဟာ လူ့ဘဝ တော်တော်အတုယူဖို့ ကောင်းတယ်ကွ"

"လာပြီဖျက်မြင်း၊ ကဲ... ဉာဏ်ကြီးရှင် ဦးနားဝေး လုပ်စမ်းပါဦး၊ ဘယ်လိုအတုယူဖို့ ကောင်းတာလဲဗျာ့"

ကပ်တီးမူးလဲ ဦးနားဝေသည် ရေနွေးကြမ်း ဖန်ဖန်ကလေးကို အားရပါးရ ကျိုတ်ချလိုက်ပြီးနောက် (ဦးနားဝေးက အလကားရ အကုန်တွယ်တဲ့ လူစားဗျာ့၊ ဒါပေမယ့် ဦးနှောက်ကတော့ မဆိုးဘူး)

"ငါ အဲဒါစဉ်းစားမိနေတာ ကြာပြီကွ"

"စဉ်းစားရုံပဲလားဗျာ။ အကောင်အထည်မဖော်ဘူးလား"

"မင်းလည်းငါ့အကြောင်း သိသားနဲ့"

"မှန်တယ်၊ သူဘယ်တော့မှ လက်ကြောမတင်းဘူး၊ ခြေကြောလည်းမတင်းဘူး၊ ပျင်းဖို့ပဲတက်တယ်။"

"ပျင်းတာမဟုတ်ပါဘူးကွာ၊ မလုပ်ဖြစ်တာပါ"

ကျွန်တော်တို့နှစ်ယောက် လေကြော ရှည်ကြလေ၏။ တယ်လီဖုန်းထဲမှာ ဆိုရင်တော့ မီတာတော်တော်တက်မှာ၊ ကွန်ပျူတာကို လှည့်စားလို့မရဘူး။

"လူတွေဟာ မွေးလာကြတုန်းက အတူတူပဲကွ၊ ဘယ်သူမှအပိုပါမလာဘူး"

"အပိုပါမလာလို့ တော်သေးတာပေါ့ဗျာ၊ အပိုပါလာရင် ဒုက္ခများကုန်တော့မှာပေါ့၊ ဥပမာဗျာ ပါးစပ်တစ်ပေါက် အပိုပါလာပြီဆိုပါတော့ အရမ်းစား အရမ်းစား..."

"ဟော့ကောင်... မင်းပါးစပ်ပိတ်ထာစမ်း"

ဦးနားဝေးက ငေါက်၍ ကျွန်တော့်ပါးစပ်ကို ဘရိတ်အုပ်လိုက်လေ၏။ ဒက်စတော့။

"ဒီမှာ စကားအကောင်းပြောနေတယ်။ နားထောင်"

"ဟုတ်ကဲ့"

ကျွန်တော် မျက်နှာပိုးသတ်လိုက်ရ၏။ ဆရာ့ရှေ့ရောက် ကျောင်းသားကလေးကဲ့သို့။

"အမေမွေးတုန်းက ခြေနှစ်ချောင်း၊ လက်နှစ်ဖက်၊ ဦးခေါင်းတစ်လုံးကွ၊ ဒါပေမယ့် တချို့လူတွေက ကြီးလာတော့ လူလားမြောက်လာတော့ လက်တွေ ခြေတွေ ပွားလာတယ်"

"ဟာဗျာ... မဟုတ်ကဟုတ်က"

"ဥပမာ တင်စားတာကွ၊ တကယ်တော့ ဘယ်ပွားထွက်လာမလဲဟာ"

"အင်း... ဆိုပါဦး"

"ဒီလိုကွာ... ခပ်ထူထူလူတွေထဲက ခပ်ချွန်ချွန်လူတွေက အတင်းကုန်းရုန်းဖောက်ထွက်၊ ညာဏ်ရှိသလို လှော်ခတ်ကြတော့၊ လုပ်ငန်းတွေက တစ်ခု နှစ်ခုဖြစ်၊ တစ်နေရာက နှစ်နေရာဖြစ်၊ တချို့များကွာ မိမိဇာတိမြို့ရွာမှာလည်း လုပ်ငန်းတွေနဲ့ပြည့်၊ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်လို မြို့ကြီးတွေမှာလည်း လုပ်ငန်းခွဲတွေထောင်"

"သဘောပေါက်ပြီ ဦးနားဝေး"

သည်တစ်ခါတော့ ဦးနားဝေးစကား မှန်သဗျာ၊ ဟုတ်တာပေါ့ဗျာ၊ သည်ဟိုတယ် လုပ်ငန်းကိုပဲ၊ သည်စားသောက်ဆိုင် လုပ်ငန်းကိုပဲ၊ သည်မော်တော်ကား လုပ်ငန်းကိုပဲ ကိုယ့်ပြည်ကိုယ့်ရွာမှာသာမကဘာ အမေရိကန်မှာ၊ ဂျပန်မှာ၊ တောင်ကိုရီးယားမှာ၊ စင်္ကာပူမှာ စသည်အားဖြင့် လုပ်ငန်းခွဲ ထူထောင်ကြတာဗျာ့၊ သူတို့ အတိုင်းအတာနဲ့ သူတို့ပေါ့နော်။ အဲဒါ ဘာကြောင့်လဲဆိုတော့ သူလို ငါလိုမနေဘဲ အတင်းဖောက်ထွက်ကြလို့ပေါ့ဗျာ။

"ဟား... ဟား... ဒါကြောင့် အချို့များလက်တွေ ခြေထောက်တွေ ပွားလာတယ်လို့ပြောတာကွ"

"တော်ပါတော့ ဦးနာဝေးရယ်"

## ဗျာကြီးကြက်ယက်

၂၀၀၂ ခုနှစ် ဩဂုတ်လ ၁ ရက်။ ပဲစင်းငုံ ၇၁၅၀။ ပဲတီစိမ်း ၇၀၀၀။ ပဲကြီး ၈၀၀၀။ ကုလားပဲ ၇၂၀၀။ နှမ်းသစ် (ညှံ့) ၄၂၀၀၀။ နှမ်းဟောင်း ၄၇၀၀၀။ မတ်ပဲအေး၊ ဆီပဲဆန် ၉၅၀။ မုန့်ပဲလုံးဆန် ၁၈၀၀၀။ ကြက် ၂၀၀၀။ ဝက် ၁၆၀၀။ အမဲ၁၆၀၀။ ၂၀၀၁ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်။ ပဲတီစိမ်း ၅၇၀၀။ နှမ်း ၆၁၀၀ (တစ်တင်း)။ သုံးတင်းတစ်အိတ် ၁၈၃၀၀။ နှမ်းဆီ ၇၅၀။ ကြက် ၂၀၀၀။ အမဲ ၈၀၀။ ဆား ၆၂ ကျပ်။ မုန့်ပဲလုံးဆန် ၆၀၀၀။ ပဲခွံတစ်အိတ် ၈၀။ ဒိုင်ယာရီနှစ်အုပ်ကို တိုက်ဆိုင်မှတ်သားနေစဉ် ကျွန်တော့်မိန်းမသည် အနားသို့ ရောက်လာလေ၏။

"မောင်ရေ... မြေပဲဆန် ကုန်ကြမ်းဈေးမြင့်လွန်းလို့ ဆားလှော်လုပ်ငန်း ရပ်ထားရတာ တစ်လပြည့်တော့မယ်၊ ဝင်ငွေမရှိ ဘာမရှိနဲ့ ထိုင်စားတွေဖြစ်နေပြီမောင်"

"ထိုင်မစားလို့ ထစားရမှာလားကွ"

ဟုတ်တယ်ဗျာ၊ သည်မှာ အလိုလိုမှ အကြံအိုက်နေရတဲ့အထဲ သူကတစ်မျောင့်ဗျာ။

"ဟာကွာ... မောင်ကလည်း၊ သူများ အကောင်းပြောတာကို"

အမှန်မှာ သူပူမည်ဆိုလည်း ပူလောက်ပါ၏။ လုပ်ငန်းရပ်ထားရတာ တစ်လတင်းတင်း ပြည့်သွားပါပြီ။

"ပဲတီစိမ်း ခြွေလှေ့စက် ထောင်ရ ကောင်းမလားလို့ မောင်စဉ်းစားနေတာကွ"

"အဲလို လုပ်စမ်းပါမောင်ရယ်၊ ဝင်ငွေ ပုံမှန်လေးနဲ့ ဆိုတော့ ထမင်းစားရတာ ဖြောင့်တာပေါ့"

"ဝင်ငွေကတော့ ပုံမှန် မဟုတ်ဘူးပေါ့ကွာ၊ ပဲတီစိမ်းပေါ်တဲ့အချိန် ဖူလိုင်လမှာ တစ်ကြိမ်၊ အောက်တိုဘာနိုဝင်ဘာမှာ တစ်ကြိမ် နှစ်ကြိမ်တော့ အလုပ်ဖြစ်တယ်ကွ"

"စုံစမ်းကြည့်ပါလားမောင်"

"မောင် စုံစမ်းပြီးပြီ၊ မြောက်ပိုင်းက ကိုမျိုးမြင့်တို့ဆင်တဲ့ စက်တွေသွားကြည့်ပြီးပြီ၊ အခိုင်အခံ့ အကောင်းစား ဒီနေ့ပေါက်ဈေး သုံးသိန်းခွဲ၊ အင်ဂျင်မပါ၊ အင်ဂျင်က ၂၁ ကောင်ကိုသုံးရမယ်တဲ့၊ အင်ဂျင်ဈေးတော့ မစုံစမ်းရသေးဘူး၊ အင်ဂျင်နဲ့ဆို ခြောက်သိန်း၊ ခုနစ်သိန်းလောက်တော့ သွားလိမ့်မယ်ထင်တယ်"

"ပဲတီစိမ်း ပြီးရင်ဘာလုပ်လို့ ရသေးလဲ"

"ပဲတီစိမ်းပြီးရင်တော့ တပေါင်းတန်ခူးမှာ ကုလားပဲပေါ့ကွာ၊ သူက ပဲတီစိမ်းလောက်တော့ အားမကောင်းလှဘူး၊ သင့်ရုံပဲရမှာ၊ ပဲတီစိမ်းကတော့ မိန်းပေါ့ကွာ"

"ဒီလိုဆို အခြားတစ်ခု စဉ်းစားဦးမောင်"

"မောင်လည်း စဉ်းစားရတာ ခေါင်းပူနေပြီကွာ"

မှန်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့လုပ်ငန်း လုပ်နေကြသူများဟာ မိမိလုပ်ငန်း ပုံစံပျက်သွားတယ်ဆို နည်းနည်း ယောင်သွားတက်ကြတယ်။ လောဘ၊ သောက ဦးဆောင်တဲ့နောက် ပါနေရတာကိုးဗျာ့။

"ဟော့ကောင်… ချမ်းသာ၊ ငါ မင်းကိုကြည့်မရချင်တော့ဘူး"

"ဟင်… အပါးကလည်း… အလိုလိုမှ စိတ်ညစ်နေရတဲ့အထဲ"

တစ်နေ့ အပါး (တရုတ်အဖိုးကြီး ဦးခွေးလေး) ဆီရောက်သွားတော့ အပါးက ဆီးဆူတယ်ဗျာ့။ အမှန်က သူ့ဆီ အကြံဉာဏ်တောင်းရအောင် သွားတာ။ သူက ပဲကြီးလှော် လှော်ဖူးတယ်။ ပဲခြမ်းကြော် ကြော်ဖူးတယ်။ လက်ဖက်စို၊ လက်ဖက်ခြောက်လုပ်ငန်းလဲ လုပ်ဖူးတယ်။

"မင်းကွာ... ဆပ်ပြာသည် လင်ပျောက်တဲ့အတိုင်း ယောက်ယက်ကို ခတ်နေတာပဲကွာ"

"ဆပ်ပြာသည် လင်ပျောက်တာ ဘာအကြောင်းလဲ အပါးရယ်၊ နောက် တစ်ယောက် ကောက်ယူလိုက်ရုံပေါ့ ရှာကျွေးနိုင်ရင် ပြီးတာပဲဗျာ"

"မင်းကိုပြောလိုက်ရင် သည်လိုချည်းပဲ၊ ရှုတ်နောက်နောက်နဲ့ကွာ၊ ငါနားသယ် ပိတ်ထိုးလိုက်ရ ဟင်း..."

အပါးက သူ၏ သန်မာလှသော လက်ကြီးနဲ့ ကျွန်တော့်ညာဘက်နားရွက်ကို လိမ်ဆွဲလိုက်ရာ ပွဲပါသွားပြီလားမှတ်ရပါ၏။ နာလိုက်သည့်ဖြစ်ခြင်း။

"ဟော့ကောင်... မြဲမြဲမှတ်"

"ပြော အပါး"

"အပြောင်းအလဲတစ်ခုဖြစ်တိုင်း အရမ်းမပျာရဘူးကွ၊ "ဗျာကြီးကြက်ယက်" ဆိုတဲ့စကား ကြားဖူးလား"

"ကြားဖူးတယ် အပါး"

"မြင်ကော မြင်ဘူးလား"

"မြင်ဘူးတယ် အပါး၊ ကျွန်တော်ငယ်ငယ်တုန်းက နေ့ခင်းတိုင်း စပါးလှန်းဖျာကို ကြက်စောင့်ရဖူးတယ်"

"ဘာတွေ့လဲ"

ကျွန်တော်ငယ်ငယ်က စပါးလှန်းဖျာစောင့်ရသည်များကို ပြန်မြင်ယောင်မိပါ၏။ အိမ်ရှေ့ကြမ်းပြင်ပေါ် နေပူကျဲကျဲကြီးမှာ ဖျာခင်း၍ စပါးများကို လှန်းထားပါ၏။ ကြက်ဖသို့မဟုတ် ကြက်မ သည် မြေပြင်မှ ကြမ်းပြင်ပေါ်သို့အားယူ၊ ဝုန်းခနဲခုန်တက်လာကာ စပါးလှန်းဖျာကို ဂျက်ဂျက် ဂျက်ဂျက်နှင့်ယက်နေ၏။ တကယ်ဆို စပါးစေ့တွေ အများကြီးဗျာ၊ တစ်စေ့ချင်းကောက်စားစမ်းပါ၊ စလုပ်တောင်ပေါက်ထွက်သွားဦးမယ်၊ ဟုတ်ဘူးဗျာ၊ အပြေးအလွှား ကပျာကယာ ယက်လိုက်၊ ကောက်လိုက်၊ အမလေးဗျာ၊ သူ့ပါးစပ်ထဲရောက်တာက တစ်စေ့နှစ်စေ့ အောက်ကမြေပြင်ပေါ်ရောက်သွားတာက တစ်ပြည်သားလောက်ဗျာ။

"ဟ... ကြက်မ"

ကျွန်တော်က မောင်းချ၊ သူကခုန်ဆင်းသွား၊ အောက်မှာ ကျနေတဲ့ စပါးတွေကို ကြက်ကလေးတွေက အေးအေးဆေးဆေးကောက်စား၊ ကျွိကျွ ကွိကွနဲ့။ ဟာ... မကြာဘူး၊ သူကတက်လာပြန်ပြီဗျို့။ ဝုန်းခနဲ့ ယက်ပြန်ပြီဗျာ။ တဂျက်ဂျက်။ ကျသွားပြန်ပြီ၊ စပါးစေ့တွေ အောက်ကို။ အေးအေးဆေးဆေးယက်ရတာ မဟုတ်ဘူး။ လောက်စာလုံးမှန်မှာကလည်း ကြောက်ရတော့ ကပျာကယာ ယက်ရတာ။

"ဘာတွေ့လည်း"

အပါးကထပ်မေးတယ်။

"အယ်... တွေ့တယ်အပါး၊ သူ့ပါးစပ်ထဲရောက်တာက နည်းနည်း အောက်ထွက်ကျသွားတဲ့ စပါးက များနေတယ် အပါး"

"အေး... ဒီသဘောပဲကွ၊ ဒါမဟန်သေးဘူးဆို ဟိုဟာပြောင်း ဟိုဟာမဟန်သေးဘူးဆို ဒီဟာပြောင်း၊ အကျိုးအမြတ်ရတာက နည်းနည်း ဆုံးရှုံးမှုက များနိုင်တယ်ကွ၊ ဗျာများလေဆိုးလေပဲကွ"

"ဟုတ်ကဲ့ အပါး"

"နည်းနည်း အချိန်ယူပြီး ခေါင်းအေးအေးနဲ့ စဉ်းစားကွာ၊ စဉ်းစားပြီးပြီ လေ့လာပြီးပြီဆို မှထလုပ်ကွာ၊ အမှားနည်းတာပေါ့"

အပါးက ကျွန်တော် သွေးပူပြီး ထင်ရာစွတ်မလုပ်မိဖို့ သတိပေးတာခင်ဗျာ၊ အင်း... သူက အသက် ၈၀ ကျော်၊ ခေါင်းဖြူစွယ်ကျိုး ထုသားပေသားရနေတဲ့ တရုတ် အဘိုးကြီးကလားဗျာ၊ သူ့အကြံဉာဏ်ဟာ ကျွန်တော့်အတွက် အဖိုးတန်ပေတာပေါ့ဗျာ။ သူပြောလို့ဗျာ၊ နို့မို့ဆို ကျွန်တော်က ထင်မိထင်ရာ စွတ်ချတော့မှာ။

(စွတ်ချတာ မှန်တဲ့အခါလည်း မှန်တက်တယ်။ အခြားတစ်ဖက်မှ ပြောင်းပြန်အတွေး။)

## အမှတ်တမဲ့တွေ့ရှိ လမ်းမကလေးပေါ်မှာ

"ကရင်ရင်... ကရင်ရင်"

ကျွန်တော်စိတ်ပါလက်ပါ ဆောင်းပါးတစ်ပုဒ်ရေးနေစဉ် တယ်လီဖုန်းသံသည် စူးရှစွာ ထွက်ပေါ်လာသည်။ ရေးလက်စခဏရပ်၊ သွားပြီ အတွေး။

"ဟဲလို... အမိန့်ရှိပါခင်ဗျာ၊ ကျွန်တော်မောင်ချမ်းသာပါ"

"ဦးလေး ကျွန်တော်ပါ၊ မောင်စံသောင်းလေ၊ ကျွန်တော့်ကို မမှတ်မိဘူးလား"

ဟယ်... ဝှတော့ အကျသားပါလား၊ ဘယ်ကစံသောင်းတုံး၊ စံသောင်းတွေက အများကြီး၊ တရုတ်မယောကျာ်း စံသောင်း၊ ထိပ်ပြောင်စံသောင်း၊ လူပြိန်တော်စံသောင်း၊

ဘယ်သူပါလိမ့်။ သူ့မမှတ်မိဘူးလားတဲ့။ ပြဿနာ။ တယ်လီဖုန်းထဲမှာ သူ့ရုပ်ကြီးလဲ မြင်ရတာမဟုတ် (သူများနိုင်ငံတွေမှာတော့ မြင်နေရပြီ)။

"အယ်... ဘယ်ကစံသောင်းပါလိမ့်၊ ဆောရီးနော် သိပ်မမှတ်မိ..."

ဟင်... မတက်နိုင်ဘူးဗျာ၊ တကယ်မမှတ်မိတာကြီးကို။

"မှတ်မိတာ မမှတ်မိတာ အသာထား ဦးလေးရဲ့ တပည့်တစ်ယောက်လို့ သတ်မှတ်လိုက်၊ ညနေ ၆ နာရီ ရွှေအောင်လံကို လာခဲ့ပါ၊ ကျွန်တော်စောင့်နေမယ်"

ဟာ အဲဒါမှ ဒုက္ခ၊ သူအချိန်းအချက်လုပ်တဲ့နေရာက ဘီယာစတောရင် ဘီယာ သောက်မယ်ဆိုတဲ့သဘော၊ သူကတိုက်မှာလား၊ ကျွန်တော်က တိုက်ရမှာလား၊ သွားလို့ ဟိုကျ မတွေ့တော့မှ တောင်ကြည့်မြောက်ကြည့် သူ့မသိ မမြင်အရှက်တော်ကွဲရချည့်။

"ဒီလိုလုပ်ပါလား မောင်စံသောင်း၊ မင်းကားနဲ့ဖြစ်ဖြစ်၊ မော်တော်ဆိုင်ကယ်နဲ့ ဖြစ်ဖြစ် လာခေါ်ပါလား၊ ဦးလေးဆိုင်ကယ်ကို သားကပြည်ယူသွားလို့ ဖြစ်နိုင်ရင် လာခေါ်လေ အိမ်ကစောင့်နေမယ်"

ဟဲဟဲ... အဲသည်အစီအစဉ် ကောင်းတယ်ဗျာ၊ ငဖြီးဆိုလည်းပွဲကပြတ်ပြီ၊ တကယ့်အစစ်အမှန်ဆိုလည်း ကျွန်တော့်ဘက်က နာစရာမရှိ။ အပိုင်။

"ကောင်းတယ်ဦးလေး၊ အိမ်ကစောင့်၊ ကျွန်တော်လာခဲ့မယ်၊ တခြား အချိန်းအချက်ရှိရင်လည်း ဖျက်ထားနော်"

သူ့စကားကပြတ်နေပြီ၊ လိမ်လည်ခြင်းမဟုတ်၊ အစစ်အမှန် စံသောင်း၊ ဘယ်စံသောင်းလဲဆိုတာသာ မသိရတယ်။ အဲသည်တယ်လီဖုန်းပဲဗျာ၊ ကျွန်တော် အရှက်ကွဲဖူးတာ၊ တစ်ညပေါ့ဗျာ။ နာရီပြန် တစ်ချက်လောက်ကြီး ဖုန်းလာတယ်ဗျာ၊ သားတစ်ယောက်က ရန်ကုန်မှာ၊ သားတစ်ယောက်က ပြည်မြို့မှာ၊ တူတော်မောင်

တစ်ယောက်က ပေါင်ကောင်မှာဆိုတော့ ညကြီးအချိန်မတော် သည်ကောင်တွေ ဆီကများ ဆက်သလားပေါ့။ ဘာတွေများ အရေးပေါ်ပါလိမ့်ပေါ့။ စိုးရိမ်မိ၊ ဖုန်းကောက်ကိုင်။

"မြေပဲဆားလှော် ကိုယ်စားလှယ် ယူချင်လို့ပါ ငါးကျပ်တန်ဘယ်ဈေးပေးလဲ"

သေရောဗျာ၊ သည်လိုအချိန်ကြီး ဈေးစကားပြောရတာမျိုးတဲ့လားဗျာ။ ဟိ... ဟိ... ခွိ... ခွိ... ဆိုတဲ့ ကောင်မလေးတွေအသံတွေလည်း ကြားနေရသဗျာ့။

ဟား... ဟား... ဖုန်းသရဲပေါ့ဗျာ၊ စားသောက်ဆိုင် တစ်ဆိုင်ကဆက်တာဗျာ့၊ သိသာတယ်။ ကျွန်တော့်မြေပဲဆားလှော်ကို အရက်နဲ့မြည်း၊ တံဆိပ်ပေါ်မှာရိုက်ထားတဲ့ ဖုန်းနံပတ်ကောက်လှည့်ပြီး နောက်တာဖို့၊ နောက်စရာရှားလို့ဗျာ။ တန်... တန်... နောက်ဆို ည ၉ နာရီဆို ဖုန်းဖြုတ်လိုက်ပြီ။ သားတွေကိုလည်း အကြောင်းကြားထားတယ်။ ည ၉ နာရီကျော်ရင် ဖုန်းမဆက်နဲ့လို့။ အဲသည်နေ့က ညနေ ၆ နာရီမှာ လူငယ်လေး တစ်ယောက် ကားနဲ့တကယ်ပဲ ရောက်လာတယ်ခင်ဗျာ့။ ရွှေအောင်လံ ဘီယာစတေရှင်ကို လစ်ကြတယ်။

"စည်တစ်ဂျား၊ ဘဲကင်တစ်ခြမ်း"

ကောင်လေးက ရောက်ရောက်ချင်း ဘီယာနဲ့ ဘဲကင်မှာတယ်ခင်ဗျာ့။

"စိတ်ဆိုးချင်ဆိုး၊ ရိုင်းတယ်လို့ထင်လည်း မတက်နိုင်ဘူး၊ မင်းကိုငါ မသိတာအမှန်ပဲကွ မောင်စံသောင်း"

စိတ်ထဲရှိတဲ့အတိုင်း ဒဲ့ကြီးပြောချလိုက်တယ်၊ ဘာမသိ ညာမသိ သူ့ဘီယာ မသောက်ချင်ဘူးဗျာ။

"ဦးလေးမေ့နေလို့ပါ၊ ကျွန်တော် ဖောင်ရိုးစံသောင်း (ဖောင်ရိုးရွာသား စံသောင်း) လေ၊ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်က ဦးလေးနဲ့ ကျွန်တော် တစ်ညမှာဆုံဖူးတယ်၊ အောင်လံ-သမ္ဘူလသွား ကားလမ်းပေါ်က ကျောက်ပန်းတောင်းချောင်းမှာ"

"အင်း... ဆိုပါဦး"

"အဲဒီနေ့က အောင်လံကထွက်တော့ ည ၈ နာရီလောက်ရှိပြီ၊ ပဲချိန်ကြီး၊ ဦးလေးကပဲရောင်း (မြေပဲရောင်းပြီး) အောင်လံကပြန်လာတာ၊ ကျွန်တော်က မိတ္ထီလာဘက်က တက်ပြီး ဂွမ်းရောင်းပြီး ပြန်လာတာ၊ ကားပေါ်မှာဆုံတာ၊ လမ်းမှာ မိုးတွေရွာ ကျောက်ပန်းတောင်းရောက်တော့ ချောင်းရေတွေ တအားကျနေလို့ ကားမကူးနိုင် ညအိပ်စောင့်ကြရတယ်လေ"

"ဆက်ပါဦး"

"ညကြီးအချိန်မတော် ကျောက်ပန်းတောင်းက ဆိုင်တွေမှာ ထမင်းဟင်းက မကျန်တော့ဘူး၊ အဲဒါနဲ့ဆိုင်ရှင် ကိုလှသောင်းကြီးကို အပူကပ်၊ ရှိတဲ့ ဘဲဥကြော်ခိုင်း၊ ပဲလှော်သုပ်ခိုင်းပြီး စိတ်ပျက်ပျက်နဲ့ တစ်ခွက် တစ်ဖလားစီ လှော်ခဲ့ကြတယ်လေ၊ ဦးလေးမမှတ်မိဘူးလား"

"အေး... ကျောက်ပန်းတောင်းမှာ၊ ချောင်းရေမိလို့ အခါခါပဲ အိပ်စောင့်ရဖူးတယ်ကွ"

"အဲဒီ အခါခါထဲက တစ်ခါပေါ့ဦးလေးရ၊ အဲဒီတုန်းက ကျွန်တော်က ဂွမ်း (ဝါဂွမ်း) ရှုံးပြီးပြန်လာလို့ စိတ်ပျက်နေတဲ့အချိန်၊ ဦးလေးက ပဲလောကမှာ နာမည်ကြီးနေတဲ့ အချိန်ပေါ့"

"ပြောပါဦးလေ"

"ဦးလေးဆီက ပညာတစ်ခုရလိုက်တယ်"

"ဟယ်... ငါ့ဆီက ဘာများလဲကွာ၊ ငါမူးမူးနဲ့ဘာတွေ လျှောက်ပြောမိပါလိမ့်ဟယ်"

"ဦးလေးကို ကျွန်တော်က မေးတယ်၊ ဦးချမ်းသာ ဦးချမ်းသာနဲ့ ဒီလမ်း တစ်လျှောက်မှာ နာမည်ကြီးလှတယ်၊ ဘာကြောင့်လဲခင်ဗျာလို့ ကျွန်တော်က မေးတယ်"

"ဟယ် မင်းကမေးတယ်"

"ဟုတ်တယ်... ကျွန်တော်ကမေးတော့ ဦးလေးက ခပ်မူးမူးနဲ့ပြောတယ်၊ ဟော့ကောင်စံသောင်း ချမ်းသာချင်ရင် အပါးမကွပ်ရဘူးကွ၊ မြဲမြဲမှတ်ထားတဲ့"

"အဲဒီ အပါးမကွပ်နဲ့ဆိုတဲ့စကားလည်း ကြားမိရော ကျွန်တော်အမူးပြေ၊ ကြက်သီးဖြန်းဖြန်းထ၊ နားထဲသံရည်ပူတွေလို စီးဆင်းသွားတယ်၊ အမှန်အတိုင်းပြောရရင် ဦးလေးရာ၊ ကျွန်တော် အဲဒီတစ်ခေါက် ဝွမ်းရှုံးခဲ့တာက အပါးကွပ်လို့ပဲဗျ၊ ဝွမ်းညှံ့ကို အောက်ကခံ ဝွမ်ကောင်းကို အပေါ်ကသိပ်၊ သူတပါးကိုနိုပ်မယ်ဆိုပြီး အပါးကွပ်လိုက်မိလို့ ခွက်ခွက်လန်ရှုံးခဲ့တာဗျာ"

"ဦးလေးက ကျွန်တော်လုပ်တာကို တပ်အပ်သိနေသလိုကြီး ဒိုင်းခနဲဆို ဆော်ချလိုက်တော့ ကျွန်တော် တော်တော်လန့်သွားတယ်၊ ကြောက်သွားတယ်၊ ဦးလေးကတော့ စိတ်ထဲရှိရာပြောချ၊ မူးပြီးအိပ်ပျော်သွားတယ်၊ ကျွန်တော်က အမူးပြေ တစ်ညလုံးအိပ်ကို မပျော်တော့ဘူး"

"ဦးလေးနဲ့တွေ့ပြီးကတည်းက နောက်ဘယ်တော့မှ အပါးမကွပ်ရဲတော့ဘူး၊ မှန်မှန် ကန်ကန်ပဲ လုပ်စားတော့တယ်"

"ဒါထက် မင်း အခုဘယ်မှာ"

"ကျွန်တော် ရန်ကုန်တောင်ဒဂုံမှာ သစ်ဆိုင်ဖွင့်ထားတယ်၊ ဦးလေး ရောက်ရင်ဝင်ပါ"

သူ့လိပ်စာကဒ်ပြား ကျွန်တော့်ကို ထုပ်ပေး။

"အဆင်ပြေရဲ့လား"

"ပြေတယ်ဦးလေး၊ အိတ်စပရက်တစ်စီးလည်း ထောင်ထားတယ်၊ ရန်ကုန်နဲ့ မုတ္တမကို ပြေးတယ်"

"အမယ်... တယ်ဟုတ်ပါလား"

"အဲဒါ ဦးလေး ကျေးဇူးပဲ၊ ဦးလေးရ"

"ငါကတော့ ဘာမျှမသိလိုက်ပါဘူးကွာ၊ ငါ့စိတ်ထဲရှိရာ အမှန်ကိုပြောချလိုက်တာ"

"အဲဒီအမှန်ကိုက ကျွန်တော့်အတွက် တန်ဖိုးဖြတ်မရတဲ့ သင်ခန်းစာကို ပေးလိုက်တာပါပဲ ဦလေး၊ သောက်နော် ဘာမှ အားမနာနဲ့၊ ဦးလေးကို တွေ့ချင်နေတာ ကြာပြီ၊ ဒီနေ့အောင်လံကို ပြန်ရောက်လာလို့ ဦးလေးကို အမှတ်တရ လှမ်းချိန်းလိုက်မိတာ"

မောင်စံသောင်း၊ ကျွန်တော် အမှတ်တမဲ့ ပြောချလိုက်မိသောစကားတစ်လုံးကို အမှတ်တမဲ့ တွေ့ရှိကောက်ယူသွားပြီး တယုတယ သိမ်းဆည်းထားတဲ့ မောင်စံသောင်း။

## ရောင်းတက်ရင်ဈေးကောင်းရတယ်

ဩဂုတ်လ ၁၇ ရက် စနေနေ့က အောင်လံမြို့တောင်ပိုင်း ရွာထောင်ရပ်ကွပ်ကို ရောက်တယ်ခင်ဗျာ့။

"ကိုချမ်းသာ လာစမ်းပါဦးဗျာ့"

ပွဲစားဦးအောင်မြင့်က ပွဲရုံထဲက လှမ်းခေါ်လို့ စက်ဘီးအသာရပ်ပြီး သူ့ပွဲရုံထဲ ဝင်လိုက်တယ်။ ပဲတီစိမ်းအိတ်တွေက အထပ်လိုက်ပဲ။

"ကျွန်တော်တော့ ၇၁၀၀ နဲ့ထုပ်လိုက်ပြီ"

"အမယ်... တယ်ဟုတ်ပါလား၊ ထိပ်ဈေးပဲနော်"

"ဟား... ဟား... ရောင်းတက်ရင် ဈေးကောင်းရတာပေါ့ဗျာ"

"ဗျာ... ဘယ်လို"

"ဘယ်ပစ္စည်းမဆို ရောင်းတက်ဖို့လိုတယ်ဗျာ၊ ရောင်းတက်ရင် ဈေးကောင်းရတယ်ဗျ၊ ကိုယ်က ရောင်းတော့မယ်ဆိုရင် ဝယ်သူကို အကဲခတ်ရတယ်၊ တကယ်ဝယ်ချင်တဲ့သူလား၊ ဈေးသိရုံ လာအကဲခတ်တဲ့သူလား၊ လက်ငင်းချေမယ့်လူလား၊ ငွေဆိုင်းထားမယ့်သူလား၊ လည်စေ့ညှစ်ပြီးဈေးဆစ်မယ့်လူလား၊ လှုံ့နေသူလား၊ ဆာနေသူလား ဝယ်သူ့အကဲကိုကြည့်"

"ဟုတ်ပြီဗျာ"

"ပြီးတော့ ကိုယ့်ဘက်ကလည်း အရမ်းရောင်းချင်နေတဲ့ ပုံစံမျိုး မဖမ်းရဘူး၊ ငရုံပြာလူး မလုပ်ရဘူး၊ တက်နိုင်သမျှ ဂုဏ်ခံထားရတယ်ခင်ဗျ၊ အဲ... တစ်ခုရှိတာက ကိုပစ္စည်းကလည်း ဂုဏ်ခံနိုင်လောက်တဲ့ အဆင့်အတန်း အရည်အသွေးမျိုး ရှိရမယ်၊ ကိုယ့်ကတ္တား ကိုယ့်အလေးက စံကိုက်ဖြစ်နေရမယ်ဗျာ"

ပွဲစားငဲ့ပေးတဲ့ ရေနွေးကြမ်းလေး တစ်ငုံသောက်၊ ပွဲကတော် သုပ်လာတဲ့ လက်ဖက်ကလေးတစ်ဖွန်းတို့ပြီး မြောက်ပိုင်းသွားတယ်။ (တောင်မြောက်မြို့တန်းရှည်၊ တောင်ပိုင်းမြောက်ပိုင်းအဝေးသား။) မြောက်ပိုင်းပွဲရုံများရောက်၊ လေးငါးရုံလျှောက်မိတော့ ဈေးသိရပြီ။ ပဲတီစိမ်း အစုတ် (အညှံ့ဆုံး နောက်ကျပဲသီး မအောင်၊ မမာ၊ စိုပျော့၊ မွဲခြောက်၊ အရောင်မတောက်) က ၆၂၀၀။ ဒုတိယတန်း အသင့်အတင့်က ၆၈၀၀။ အမြင့်ဆုံးအကောင်းဆုံးက ပထမတန်းစားက ၇၀၀၀ (အချိန်ပိဿာ ၂၀ ဝင်တစ်တင်းဈေး)။ ပေါက်တယ်ဗျာ။

"တောင်ပိုင်းမှာ ဘယ်ဈေးကြားခဲ့သလဲ ဆရာသမား"

"အယ်... ကျွန်တော် တောင်ပိုင်း မရောက်ခဲ့သေးဘူးဗျာ"

"ရောင်းတက်ရင် ဈေးကောင်းရတယ်"

ဦးအောင်မြင့်စကား ကျွန်တော့်နားထဲက မထွက်ဘူးဗျာ၊ သည်ဥပဒေသကို မလိုက်နာမိလို့ ကျွန်တော် ခံရပေါင်းလဲ များလှပါပြီ။ ၁၉၇၈-၁၉၈၅ ခုနှစ် အောင်လံမှာ ကျွန်တော် တောကုန်သည်ကလေးလုပ်ခဲ့စဉ်က လူကဲလည်း မခတ်တတ်၊ မျက်နှာရိပ် မျက်နှာကဲလည်း မသိ၊ ဝယ်နေသူ အနားရောက်နေမှန်းလည်း မသိ၊ တောသား ငအ။ ကားပေါ်က ဖုတ်ကနဲဆင်း၊ ပွဲရုံထဲဝင်၊ ပွဲစားရှေ့ရပ်။

"ဟာ… ပွဲစားရေ၊ ကျွန်တော်ပဲအိတ် ၅၀ ပါတယ်ဗျို့"

"ဘယ်ဈေးရရင်ရောင်းမလဲ"

ပွဲစားကမေး၊ (အနားမှာ ဝယ်သူကရှိနေသည်။)

"ပွဲစား ကြည့်သာရောင်းလိုက်၊ ကျွန်တော်နားမလည်ပါဘူး၊ ပေါက်ဈေးရရင် တော်ပြီ"

ဟိုတုန်းက အဖြစ်ကို တွေးမိ၊ ရှက်ပြုံးကလေးပြုံးမိ။ "ပေါက်ဈေးရရင်တော်ပြီ" ကျွန်တော်ပြောလိုက်တဲ့စကား။ ပွဲစားနဲ့ အဝယ်တော် အကြိုက်ပေါ့။ ကျွန်တော့် စကားကြားရတော့ ပွဲစားက အားရဝမ်းသာ၊ အဝယ်တော် နှုတ်ခမ်းပါးနားများ လျှာနဲ့လျက်လိုက်လို့။ ဟာ… အချဉ်တော့တွေ့ပြီပေါ့။ ဩော်… အလွန်မိုက်မဲခဲ့တဲ့ မောင်ချမ်းသာပါတကား။ အ,ချက်ကယ်နာဘိခြင်း။ ဟင်း… ဟင်း… အဲသည်တုန်းကတော့ ကိုယ့်ကိုကိုယ် ဟုတ်လှပြီပေါ့။ အဝယ်တော်နဲ့ ပွဲစား လက်ခုပ်လက်ဝါးရိုက်။

"ဒီဈေးပေးတယ် ကိုချမ်းသာရေ၊ ကျွန်တော်တော့ လွှတ်လိုက်ပြီ၊ စုံစမ်းကြည့်၊ ခင်ဗျားပဲနဲ့ ဒီဈေးနဲ့ အသင့်ဆုံးပဲ"

"အို… ဘာစုံစမ်းစရာလိုလဲဗျာ၊ ပွဲစားပြီး ပြီးတာပဲ"

ပွဲစားရှင်ပေးတဲ့ ငွေကလေးကိုယူ၊ ပွဲရုံကကျွေးတဲ့ ကြက်သားရေတိသီးချက်နဲ့ ချဉ်ရည်ဟင်းနဲ့ ထမင်းကလေးစား၊ အိတ်ခွံကလေးလိပ်၊ ကားပေါ်တင် ပြန်လာခဲ့၊

တောသို့တစ်ခေါက်။ ပဲကုန်ကူးတာ ခုနစ်နှစ်ဗျာ၊ ဝယ်တယ်၊ ရောင်းတယ်၊ သည်လောက်ပါပဲ။ သည်ထက်ပိုမတက်ခဲ့ဘူး။ သည်ခုနစ်နှစ်မှာ ပွဲစားနဲ့ အဝယ်တော် ကျွန်တော့်အပေါ်က ဘယ်လောက်ဆော်လိုက်ကြသလဲ ကျွန်တော်မသိတော့ပါ။ ပဲဝယ်တယ်ဗျာ၊ ပဲ လက်ထဲရောက်နေပြီဆို စိတ်က ရောင်းဖို့ပဲ အားသန်နေတော့တယ်။ ဈေးကောင်းရအောင်ဆိုတာလေးကို အရေးတကြီး ထည့်မတွက်မိဘူး။ ကျွန်တော်မှ မဟုတ်ဘူး။ အရောင်းသမား တော်တော်များများ ဖြစ်တက်ကြတယ်။ ရောင်းမယ်လို့ စိတ်ပိုင်းဖြတ်လိုက်သည်နှင့် တစ်ပြိုင်နက် ရောင်းစိတ်ဆိုတာ ဖြစ်သွားပြီ။

"နှစ်ရက် သုံးရက်စောင့်ဦး၊ တက်ရိပ်ရှိတယ်"

တစ်ယောက် ယောက်ကလာပြော လက်မခံဘူးဗျာ၊ ရောင်းစိတ်ကြီးက လွှမ်းမိုးနေတော့ ဘယ်ဈေးရရ ရောင်းမယ်ပဲ ဖြစ်ကရောဗျို့။ ဟော... ဒရောသောပါး ရောင်းချလိုက်ပြီ။ နောက်တစ်ရက် နှစ်ရက်အကြာ ဈေးက တက်သွားပြီ။ အဲသည်အခါကျမှ ကိုယ့်နှဖူး ကိုယ်ပြန်ထုမိ၊ ဟိုနေ့က ဟိုလူပြောတာ အမှန်သား ငါကို လောမိလို့။ ငိုရခက် ရယ်ရခက်၊ ခံရချက်နာလွန်းလို့ဗျာ။ အမှန်က အရောင်းသမားဆိုတာ ဗိုက်နာတဲ့ လက္ခဏာကို လုံးဝ မပြရဘူး။ ဘယ်လောက်ပဲ ဗိုက်နာနေနေ တင်းခံထားရမှာဗျ၊ (မျက်နှာကြော တင်းခိုင်းတာ မဟုတ်ဘူး၊ မျက်နှာက ပြုံးထား၊ စိတ်ကိုတင်းခိုင်းတာ။) ဝယ်သူတစ်ကယ်ကြိုက်နေပြီ၊ တကယ်ဗိုက်ဆာနေပြီဆို ပြန်လာပါလိမ့်မယ်ဗျာ။ တစ်ရစ်ဝဲဝဲနဲ့။ (ညိုပြာညက်ညက်ကလေးနား ကာလသားကလေးများ မခွာနိုင် သလို။)မှုထားဗျာ၊ ဈေးကောင်းရတော့မယ်၊ ရတော့မယ်။ အဝယ်တော်ကြိုက်နေပြီ။ ကျိန်းသေဝယ်တော့မယ်၊ တောင့်ထား။ တောင်းတဲ့ဈေးပေးတော့မယ်။ အဲသည်အချိန်မှာ မသိချင်ယောင်ဆောင်၊ ဘေးကိုအသားလေးရှောင်ထွက်သွား၊ ပွဲစားနဲ့ အဝယ်တော် စကားပြောကြပါစေ။

ကြည့်နေ၊ ကြည့်နေ အသာမယောင်မလည် ဘေးနားလေးက မကြည့်တကြည့်နဲ့ ကြည့်နေ။ ကိုယ်ကြည့်တာ လူမသိစေနဲ့၊ သူတို့မသိစေနဲ့။ ပွဲစားနဲ့ အဝယ်တော် လူချင်းပူးသွားပြီ။ (ခပ်မှိန်မှိန် မီးရောင်အောက်က အတွဲကဲ့သို့) နှုတ်ခမ်းချင်းပွတ်နေပြီ။

ဘေးဘီကိုလည်း တစ်ချက်တစ်ချက် အကဲခတ်လို့၊ သူတို့ပြောတာလူသိမှာစိုး။ မျက်နှာရိပ် မျက်နှာကဲပြ။ ဘေးခွာလိုက်ကြ၊ (မိဘရှေ့ရောက် အတွဲကဲ့သို့) အမယ် ခုမှတွေ့ရတဲ့ လူတွေလိုလို ဘာလိုလို။ ဘေးရှောင်နေရာမှ ရောင်းသူက ဝင်လာ။ သူတို့အကဲကို သိသော်လည်း မသိသကဲ့သို့။

"ဒီဈေးတော့ ပေးတယ်ဗျို့"

ဘယ်နှယ့်လဲဆိုတဲ့ အမေးမျက်နှာနဲ့ ပွဲစားက ပြောမေး။ အရောင်းသမားက စိတ်ထဲကတွက် ဦးနှောက် ကွန်ပျူတာကို သတင်းပို့။ ဦးနှောက်က ရောင်းချင်နေပြီ။ နှလုံးသားကွန်ပျူတာက ဈေးဆွဲချင်သေး။

"နည်းနည်းလောက် ထပ်တိုးခိုင်းကြည့်ပါဦး"

ပွဲစားက အဝယ်တော်ကိုခေါ်၊ ဈေးတိုးတောင်း၊ ရောင်းသူရှေ့မှာ ရောင်းသူ လိုချင်သော ဈေးတောင်းပေးတယ်ပေါ့၊ ဟဲ ဟဲ။ အဝယ်တော်က ပေးပြီ။ (အမှန်က အစောကတည်းက သည်ဈေးပေးပြီးသား၊ ရောင်းသူ အမြင်ကောင်းအောင် ဝွင်ရိုက်နေတာ။) ပွဲစား၊ အဝယ်တော်၊ ရောင်းသူ သုံးဦးညီပြီ။ အရောင်းအဝယ်တည့်သွားပြီ။ ရောင်းလိုက်ပြီ။ ဝယ်လိုက်ပြီ။ သည်နေ့ သည်ဈေး အမြင့်ဆုံးပါပဲ။ စံချိန်တင်ဈေး အရောင်းတော်လှ၊ တော်လှ၊ ဟုတ်လှပြီ၊ ငါမှငါ။ ဟဲ... ဟဲ... မထင်လိုက်ပါနဲ့။ နောက်နေ့ ဈေးက ခုန်တက်သွားပါပြီ။ ပွဲစားနဲ့ အရောင်းသမား ခံလိုက်ပါပြီ။ အမှန်က ဈေးတက်တော့မယ်ဆိုတာ အဝယ်တော်က ကြိုတင်သိပြီးသား။

(ရည်းစားလူလု ခံရတာထက်ဆိုး။)

## စောင့်မနေနဲ့

"ဟလို.... မောင်မောင်လားဟေ့"

"ဟုတ်ကဲ့ခင်ဗျာ၊ ဘယ်သူပါလိမ့်"

"ချမ်းသာပါကွ"

"ပြော... ဦးလေး"

"ဒီလိုကွာ.... မင်းတို့ ဩဂုတ်လ ၁၃ ရက်နေ့ (အင်္ဂါနေ့) က လွှဲတဲ့ငွေ ခုထိရောက်မလာလို့"

"ဟင်... ဘယ်လိုဖြစ်ပါလိမ့်၊ အရင်က နေ့ချင်းလွှဲ နေ့ချင်းရောက်ပါတယ်၊ စောင့်ရ နောက်နေ့ပဲ"

"အေး... တစ်ခုခုတော့ တစ်ခုခုပဲ၊ ဒီနေ့ ၁၅ ရက်နေ့ (ကြာသပတေး) အခု ဆယ့်နှစ်နာရီခွဲနေပြီ၊ ဘဏ်ကဖုန်း ခုထိဝင်မလာလို့"

"အောင်လံ ရှီးမဘဏ်ကို ဆက်ကြည့်ပြီးပြီလား"

"ဆက်ကြည့်ပြီးပြီ၊ အင်္ဂါနေ့က ပဲခူးကလွှဲတဲ့ငွေ ခုထိရောက်မလာတဲ့အကြောင်း ပြောပြီးပြီ၊ မင်းလည်း ပဲခူးဘဏ်ကိုမေးကြည့်ဦး၊ ဖုန်းချထားလိုက်မယ်"

ကျွန်တော် ဖုန်းချထားပြီး စာရေးရင်းစောင့်နေလိုက်၏။ ဆယ်မိနစ်ခန့်ကြာသော်-

"ကရင်... ကရင်... ကရင်"

"မောင်မောင်လား"

"ဟုတ်ကဲ့ဦးလေး၊ ပဲခူးအာရုံခံနေဘက်က ဖက်ဇ်အမှတ် ၃၂၀၄ နဲ့ ၁၃ ရက်နေ့က လွှဲလိုက်ပြီလို့ဆိုတယ်"

"အေး... ကောင်းပြီ"

ပဲခူးနဲ့ဖုန်းဖြတ်၊ အောင်လံ ရိုးမဘက်သို့ဆက်၊ အကျိုးအကြောင်း ကောင်းစွာမသိရ။ နာရီကြည့်လိုက်တော့ ၃း၁၅ နာရီ။ စောင့်နေလို့မဖြစ်ဘူး၊ သူ့ဖုန်း၊ ဘယ်တော့လာမှန်းမသိ။ သူတို့အလုပ်နဲ့ သူတို့ရှုပ်နေကြတာ (ဘဏ်များ အလွန် အလုပ်များတယ်။ သွားကြည့်၊ တွေ့မှာပါ။) ကိုယ်တိုင်လိုက်သွားတာပဲ ကောင်းတယ်။ စက်ဘီးပေါ်တက်၊ ဂျောက်ဂျက် ဂျောက်ဂျက် နင်း၊ ဘဏ်သို့ရောက်။

"ဖက်ဇ်နံပတ် ၃၂၀၄ နဲ့ပဲခူး အာရုံခံနေဘက်က ၁၃ ရက်နေ့က ပို့တယ်လို့ပြောတယ်"

တယ်လီဖုန်းတစ်လုံးနဲ့ အလုပ်ရှုပ်နေသော စာရေးမကိုပြော။ ထိုစကားကို မန်နေဂျာက ကြားသွား၊ သူ့စားပွဲမှ ထလာ။

"လာပါဦး၊ ထိုင်ပါဦး"

ဘဏ်မန်နေဂျာ အမျိုးသမီး ခပ်ချောချောက သူ့စားပွဲရှေ့မှာ ထိုင်ခိုင်း အကြောင်းစုံကိုမေး။ ကျွန်တော်က ရှင်းပြ။ နာရီကြည့်လိုက်တော့ သုံးနာရီခွဲနေပြီ။ အချိန်သိပ်မရှိတော့ပါ။

"ရန်ကုန်ကို တင်ပေးစမ်း၊ ရန်ကုန်ကို တင်ပေးစမ်း၊ ခဏလေးနော်ဦးလေး" "ဒီလိုလုပ်ပါလား၊ ဒီနေ့ အချိန်မရှိ၊ နက်ဖြန်မှ ကျွန်တော်..."

"ဟာ... မပြန်ပါနဲ့ဦးလေး၊ ကျွန်မ ကြိုးစားကြည့်ဦးမယ်"

"ရန်ကုန်ရပြီ"

စာရေးမတစ်ယောက်က အော်။ မန်နေဂျာ သူ့စားပွဲမှထ။ ရန်ကုန်မှ သက်ဆိုင်ရာတာဝန်ရှိသူနဲ့ အပြန်အလှန်ပြော။ အိမ်ပြန်ရန်ဟန်ပြင်နေသော ကျွန်တော့်ဆီ လှမ်းလက်ကာပြ။ မပြန်နဲ့ဦးဆိုတဲ့သဘော။

"ရမယ်ဦးလေး၊ ခဏစောင့်ပြီးထုပ်ယူသွားပါ၊ မနေ့က တစ်နေ့လုံး ရန်ကုန်မှာ မုန်တိုင်းရှိလို့ အွန်လိုင်း (on line)က အလုပ်လုပ်မရဘူး၊ အခု သမားရိုးကျနည်း ဖက်ဇ်နဲ့ ပို့လိုက်ပြီ"

"ရပြီ ဦးလေး"

ဘဏ်မန်နေဂျာက ရန်ကုန်မှပို့လိုက်သော ဖက်ဇ်စာရွက်ကို ကိုင်မြှောက်လို့လာ၊ ပြုံးရွှင်သောမျက်နှာနဲ့။ ကျွန်တော်ရှေ့သို့ရောက် ဆိုင်ရာစာရေးမလက်ထဲ ဖက်ဇ်ကိုအပ်။ ကျွန်တော်က သူတို့ထိုးခိုင်းတဲ့ နေရာလက်မှတ်ထိုး၊ ရပြီ ငွေကျပ် ၂၀၀၀၀၀ (နှစ်သိန်း)။ ၁၄ ရက်နေ့က ဘဏ်က ဖုန်းဝင်လာမလား၊ တစ်နေကုန်စောင့်၊ ဖုန်းမလာပါ။ စိတ်မရှည်တော့သဖြင့် ၁၅ ရက်နေ့ ၁၂း၃၀ နာရီ ပဲခူးကိုဖုန်းဆက်၊ အောင်လံ ရိုးမဘဏ်ဆက်။ ခုလိုဆိုတော့လည်း မြန်လိုက်တာ၊ ချက်ချင်းကြီးဗျာ။ ဘဏ်မန်နေဂျာ မိန်းမချောလေးနဲ့တကွ ဘဏ်ဝန်းထမ်းများကို နှုတ်ဆက်၊ ဘဏ်ထဲမှ ထွက်ခဲ့။ ထိုင်စောင့်မနေတော့ဘဲ ကိုယ်တိုင်သွားလိုက်တဲ့ အကျိုး လက်ငင်းခံစားရ။ မောင်မောင် ဖုန်းနားမှာ ထိုင်စောင့်နေလိမ့်မည်။

"မောင်မောင်ရေ... ရပြီဟေ့၊ မနေ့က မုန်တိုင်းရှိနေလို့ အွန်လိုင်းက ဆက်မရလို့တဲ့ကွာ"

မောင်မောင်ထံ ချက်ချင်းဖုန်းနဲ့ သတင်းပို့။ သူလည်းဟင်းခနဲ ပင့်သက်ပြင်းချ။ ကျွန်တော်လည်းသက်ပြင်းချ။

"စောင့်မနေနဲ့၊ စောင့်မနေနဲ့"

ကျွန်တော်ခေါင်းထဲ ၁၉၆၃ ခုနှစ်ကတည်းက ရိုက်ထဲ့ထားခဲ့သည့် စကားလုံးများ။

"စောင့်မနေနဲ့"

ကျွန်တော် ငေးငေးငိုင်ငိုင် ငူတူတူဖြစ်နေလျှင် အပါးက ကျွန်တော့်ဖင် သံချွန်နဲ့ထိုးလေ၏။ (တရုတ်ကြီး ဦးခွေးလေးကို ကျွန်တော်က ချစ်စနိုး "အပါး" ဟုခေါ်ပါ၏။)

"ငါ့မှာ မွေးထားတဲ့ သားသမီး ၁၀ ယောက်ရှိတယ်၊ ထိုင်စောင့်နေ ဒီပါးစပ်ပေါက်တွေ ဘာနဲ့ ကျွေးမလဲကွ၊ ငါ့မှာ အမြဲ အလုပ်လုပ်နေရတယ်"

အပါးသည် ဆေးရွက်ကြီးများကို ဂုန်နီအိတ်နှင့် လိမ့်၍ အလိပ်ကြီးလုပ်နေရင်းမှ အော်ပြောလေ၏။ သူ့ အသက် ၈၀ ကျော် ၉၀ နား ကပ်နေပြီ။ သွားကျိုး၊ ပါးကျိုးနဲ့ လုပ်နေတုန်းဗျာ။ ဘာကိုမှ စောင့်မနေပါ။ မသေမချင်းလုပ်မယ့်လူကြီး။

## မလျှော့နဲ့

"ခေါင်းခန်းထဲမှာ နေရာရသေးလားဟေ့"

"ဝေါင်လံကို၊ ဝေါင်လံကို..."

ကားစပယ်ယာကလေးသည် သူ့အော်လက်စ ဝေါင်လံကို အသာရပ်၍ ကျွန်တော့်ဆီ ပြေးလာလေ၏။

"ဘယ်နှစ်ယောက် လိုက်မှာလဲခင်ဗျာ့"

"တစ်ယောက်တည်းပါကွာ"

"ရသေးတယ်ခင်ဗျာ့"

ရှေ့ခန်းတံခါးဖွင့်ပေးပြီးနောက် ကားစပယ်ယာသည် ဆက်အော်လေ၏။

"ဝေါင်လံကို ဝေါင်လံကို"

ကားစပယ်ယာများသည် လည်ချောင်းပုံတောင်းလိုက်အောင် ခရီးသည်ကို အော်ခေါ်နေကြရလေရာ အောင်လံသည် ဝေါင်လံဖြစ်သွားလေတော့သည်။

"ဟင်... ဘယ်သူတွေများမှတ်တယ်၊ ဖူးဖူးတို့ပါလား၊ ညည်းတို့ဘာလုပ်ကြ..."

"ဆေးခန်းလာပြတာ"

"ဟယ်... ဘယ်သူ့ကို"

"ဖေဖေ့ကို လာပြတာလေ"

ထိုအခါကျမှ သူ့အဖေ ဝကြီးမောင်ကို မြင်မိ။ မျက်စိများ အခက်သား၊ အချောအလှကို ရှေးဦးမြင်မိတက်တယ်။

"ကို ဝကြီးမောင် ဘယ်လိုဖြစ်တာလဲဗျာ"

"အအေးမိပြီးချောင်းဆိုးချင်သလို ဖြစ်နေလို့ပါဗျာ"

"ကို... ကိုဝကြီးမောင်နယ်၊ နာစေး ချောင်းဆိုးများ ရောဂါလုပ်လို့ဗျာ၊ မနက်မိုးလင်း ရေနွေးပုလင်းသောက်၊ ဆေးလိပ်ဖြတ်၊ အရက်ဖြတ်၊ ကွမ်းဖြတ်၊ အသီးအရွက်များများစား ပျောက်ရောပေါ့ဗျာ၊ နာစေချောင်းဆိုး"

ကျွန်တော့်လက်တွေ့နည်းကို ပြောပြ။ ကိုဝကြီးမောင် မျက်နှာ အနည်းငယ်ရွှင်လာ။ ၂၀၀၂ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက် စနေနေ့က ကျွန်တော့်သားဖွင့်ထားသော ပြည်မြို့ ရှိမီယို အအေးဆိုင်မှ အောင်လံသို့ ပြန်ခဲ့ခြင်းဖြစ်ပါ၏။ အောင်လံမှာ ပင်မလုပ်ငန်း၊ အိုကေမြေပဲဆားလှော်။

ကားခေါင်းခန်းထဲနေရာယူပြီးနောက် ကိုဝကြီးမောင်၊ သူ့သမီးဖူးဖူးတို့နဲ့ စကားစမြည်ပြော။ စကားအရှိန်သေတော့ ကိုဝကြီးမောင်အကြောင်း တွေးမိ။ ကိုဝကြီးမောင်၊ ကိုဝကြီးမောင်။ တစ်ချိန်က တကယ့်ပဂေးကြီးပါ။ သစ်စက်ကြီး တဝီးဝီး လည်ခဲ့ဖူးသည်။ နောက်တိုက်ပေါင် ငွေချေးလုပ်ငန်းပေါ်လာတော့ ကန်ထရိုက်တိုက်တွေ တစ်လုံးပြီးတစ်လုံး ဆောက်ဖူးသည်။ တိုက်နဲ့ ကားနဲ့ မယားအချောအလှလေးတွေ တပြုံးပြုံးနဲ့ပါခင်ဗျာ။

တစ်ချိန်က ကိုဝကြီးမောင်သည် ယခု ကိုပိန်ကြီးမောင် ဖြစ်နေပါ၏။ တစ်ကိုယ်လုံးလည်း ချုံးကျ။ အရိုးချောင်းကြီး ထောင်ထားသလို။ ယခုအခါတွင် သစ်စက်လုပ်ငန်းကလည်း ဟန်မကျ။ တိုက်ပေါင်ငွေချေးကလည်း တာမစား။ ထိုအခါ ကိုဝကြီးမောင် မော်တော်ကား အိမ်သာထဲကျ၊ ခရမ်းသီးပိန် ဓားတုံး၊ ကားမရှိတော့၍ လိုင်းကားခေါင်းခန်းမှာ အပင်ပန်းခံ စီးနင်းလိုက်ပါလာခြင်းဖြစ်ပါ၏။ စင်စစ်အားဖြင့် ကိုဝကြီးမောင်ကိုယ် ခန္ဓာအတွင်းတွင် ဘာရောဂါမှ ရှိပုံမပေါ်ပါ။ အကြောင်းမရှိ အကြောင်းရှာ၍ ရောဂါထူနေခြင်းဖြစ်ပုံရပါသည်။ ပါရဂူဆရာများအား သက်သက်မဲ့ သွားရောက် ဒုက္ခပေးနေခြင်းဖြစ်ပုံရပါ၏။ ရောဂါမည်မည်ရရ ရှိဟန်မတူ။ လုပ်ငန်းကိုင်ငန်းကျ၍ စိတ်ကျခြင်းဖြစ်ပုံရပါ၏။

"ပို့ဆွမ်းကလေးပဲ အားပြုနေရတော့တယ်ကွာ"

ကျွန်တော့်စိတ်သည် ကျွန်တော့်ဆရာ ဘိုးဝမ်းဆီ ရောက်သွားလေ၏။ ဆရာဘိုးဝမ်းသည် ကျွန်တော်တို့ ၁၀ တန်းကျောင်းသားဘဝ ၁၉၆၂-၁၉၆၃ ပညာသင်နှစ်များလောက်က အောင်လံမှာ ဘိုးဝမ်းမှ ဘိုးဝမ်းခင်ဗျာ့။ အသင်အပြကလည်း ကောင်း၊ သြဇာကလည်းရှိ။ ကျန်းမာရေးလိုက်စား တင်းနစ်ကစားထားတော့ ကိုယ်ခန္ဓာကလည်း တောင့်မှတောင့်၊ ယနေ့အသက် ၇၀ ဘိုးဝမ်းနင့်များ ကွာပါဘိခြင်း။ ပို့ဆွမ်းကလေး။ မှန်ပါသည်။ ပင်စင်နာ၊ ဆရာဘိုးဝမ်း၊ ပင်စင်ကလေး အားကိုးပြုရ၊ သူ့သား သူ့သမီးများ ကူညီပံ့ပိုးမှုကလေးဖြင့် ရပ်တည်နေရ။

"ငါတော့ စိတ်ကို လျှော့လိုက်ပြီကွာ"

ဆရာသည် ပျော့လျက်ရှိ၏။ ကျွန်တော်တို့ ၁၀ တန်းတုန်းက သင်ပြခဲ့သော လေမျိုးမဟုတ်တော့။ မာန်များဒှာန်များ တစ်ခုမျှမကျန်တော့။ ထိုအခါ ဘဘဦးသန်းမြင့်ကို မြင်ယောင်မိပြန်လေ၏။ ပူပူနွေးနွေး ဩဂုတ်လ ၂၀ ရက်နေ့က ဦးသန်းမြင့် ဆန်ပွဲရုံတည်ရှိရာ အောင်လံမြို့ ကမ်းနားလမ်းသို့ရောက်လေ၏။

"ဟယ်... နင်တို့ ဘယ်လိုလုပ်ကြတာလဲ၊ ငါ့အဖေကို အလုပ် လုပ်ခိုင်းနေကြတုန်းပဲလားဟ"

ကျွန်တော် ပွဲရုံထဲသို့ ရောက်ရောက်ချင်း တုံတုံနဲ့ ပုံပုံကို ကြိမ်းမောင်း လေတော့သည်။

"ဟင်... အကို၊ ကျွန်မတို့ခိုင်းတာမဟုတ်ဘူး၊ သူ့ဘာသာဝင်လုပ်တာ၊ တားလို့ကို မရဘူး၊ ကြည့်ပြောဦး"

ဘဘဦးသန်းမြင့်သည် အသက် ၈၇ နှစ်ရှိပါပြီ။ မာတုန်းသန်တုန်းဗျာ။ သူက ကျွန်တော့်ကို သားလိုချစ်သည်။ သားလိုသဘောထားသည်။ ကျွန်တော်ကလည်းသူ့ကို အဖေလိုသဘောထား၏။ သူ့သားသမီးများခေါ်သလို အဖေဟုခေါ်တတ်၏။ ကျွန်တော် ရောက်သွားသောနေ့က ဘဘသည် ပွဲရုံထဲမှ ကားပေါ်သို့ ဆန်အိတ်ထမ်းတင်နေသော အလုပ်သမားများထံမှ ဂရို့တံများကို သိမ်း၍ တောင်းတစ်လုံးထဲ ထည့်နေလေ၏။ တာလီစာရေးလုပ်သောအလုပ် ဝင်လုပ်နေခြင်းဖြစ်ပါ၏။ သူ့ဆန်ပွဲရုံလုပ်ငန်း အောင်မြင်နေတာပဲဗျာ။ အသာ အေးအေးဆေးဆေး အနားယူ ဘေးထွက် ထိုင်နေရသားနဲ့ဟာကို။ အဘိုးကြီးက တခါတလေ အောက်ဖိတ်ကျနေသော ဆန်များကို ဆန်ကောတစ်ချပ်နှင့် လိုက်ကျုံးနေတတ်၏။ အောက်ကျုံးဆန်များကို အိတ်တစ်လုံးနဲ့ ထည့်သိမ်းနေတတ်၏။ အလုပ်တွေ ကုန်းရုန်းလုပ်နေတုန်း။

"သက်သောင့် သက်သာနေစမ်းပါ အဖေရာ၊ ကလေးတွေလုပ်ပါလိမ့်မယ်" "ဟော့ကောင်ချမ်းသာ၊ မင်းကပြောတော့ လွယ်တယ်၊ ဒါပေမယ့် အလုပ်လုပ်ချင်နေတဲ့ ငါ့စိတ်ကို ဖျောက်လို့မရဘူးကွ"

"ဗျာ... အဖေ"

ကျွန်တော် လက်မြှောက်လိုက်ပါ၏။ သည်အဘိုးကြီးသည် သေသည်အထိ အလုပ် လုပ်သွားတော့မည့် အဘိုးကြီးဖြစ်ပါ၏။ ယနေ့ သူ့အသက် ၈၇၊ ၉၀ နားကပ်နေပါပြီ။ သတင်းစာဖတ်တုန်း၊ ဆွမ်းလောင်းတုန်း၊ သန်တုန်း မြန်တုန်း အလုပ်လုပ်နေတုန်းဗျာ၊ ကြောက် ကြောက်စရာ၊ အလုပ်နဲ့လက်နဲ့ ပြတ်တယ်မရှိ။ ငါသေမှလျှော့မယ်၊ ဖွဲ့။ သူ့စိတ်ထဲကပြောနေတဲ့စကား။ ကျွန်တော်ကြားနေရ။ အာဂလူစား။

## ရှင်းရှင်းရေးပါလား

"ဦးလေးချမ်းသာ ရှိလား"

"အေးရှိတယ် လာကြလေ၊ အထဲကို"

မြင့်မြင့်နှင့် စိန်စိန်တို့ ညီအစ်မ အိမ်ထဲ ဝင်လာကြတယ်ခင်ဗျာ့။

"ဦးလေးချမ်းသာ ဒီမှာ အဖေ့စာရင်းစာအုပ်ထဲမှာ ဦးလေးက အုတ် ၉၅၀ ယူသုံးတယ်လို့ ရေးထားတယ်"

ကလေးမလေးတွေက ဗလာစာအုပ်ထိုးပေး၊ ကျွန်တော်ယူကြည့်၊ ဘကြီးချို လက်ရေးနဲ့ ရေးထားသောစာကြောင်းများ။ မနှင်းအိ ၁၅၀၀။ မောင်ချမ်းသာ အုတ် ၉၅၀ ယူသုံး။ မလှကြီး ပေါင် ပုဆိုးတစ်။ ဝဝဝ ဒန်အိုး ၂၅ ကျပ်၊ အဖုံးမပါ။ စာရင်းက

အရှည်ကြီးခင်ဗျာ့၊ အတိုကောက်တွေရော၊ အရှည်ကောက်တွေရော။ သည်ထဲမှာ ကျွန်တော့်နာမည် ပါနေတယ်။ မောင်ချမ်းသာ အုတ် ၉၅၀ ယူသုံးတဲ့ဗျာ။ လွန်ခဲ့သော ၁၀ နှစ်၊ ၁၉၉၂ ခုနှစ်မေလကဖြစ်ခဲ့တဲ့ အဖြစ်ခင်ဗျာ။ ကျွန်တော် နှစ်လုံးတွဲရေအိမ်သာ ဆောက်တယ်။ အဲသည် ရေလောင်းအိမ်သာဆောက်တော့ အုတ် ၈၀၀၀ ဝယ်ပုံထားတာဗျာ၊ ဆောက်နေရင်းတန်းလန်း အုတ်က မဖြစ်စလောက်ကလေး လိုနေတယ်ဗျာ့။

"ဟေ့ကောင်... ချမ်းသာ၊ မဖြစ်စလောက်ကလေး ဝယ်မနေပါနဲ့ကွာ၊ ငါ့ဆီကယူသုံး"

အခန့်သင့်ချင်တော့ ခြေရင်းအိမ်က ဘကြီးချိုက သူ့တိုက်ဆောက်ဖို့ ဝယ်ပုံထားတဲ့ အုတ်ပုံကြီးကို လက်ညှိုးထိုးပြတယ်။ အဲဒါနဲ့ ပန်းရံဆရာ ဦးထွန်းအေးကိုပြော၊ ပန်းရံတပည့်လေးများ သွားသယ်။

"၉၅၀ ရောက်ပြီ တော်တော့ဟေ့"

ရေလောင်းအိမ်သာ ဆောက်ပြီး မကြာဘူးခင်ဗျာ့။ မေလကြီး နေအလွန်ပူတဲ့လကြီး။ နေ့လည် ၂ နာရီလောက်။

"ဦးလေး... ဦးလေး... လာကြည့်ပါဦး၊ ဘကြီးချို ဘာဖြစ်သွားမှန်း မသိဘူး"

သူ့မြေးမလေး အပုစိန် ပျာပျာနဲ့ပြေးလာပြော။ ကျွန်တော် ကပျာကယာလိုက်ကြည့်။ ဘကြီးချို အသက်မရှိတော့ပါ။ မနက် ၈ နာရီလောက်က အကောင်းကြီးဗျာ့၊ ကျွန်တော်နဲ့ စကားပြောနေသေး။ အရပ်ကူပါ၊ လူဝိုင်းပါ၊ လမ်းထဲက လူကြီးတွေ ပြေးခေါ်၊ လူငယ်လေးတွေခေါ်၊ သူ့သားသမီးများထံ ကြေးနန်းရိုက် အကြောင်းကြား။ (အဲသည်တုန်းက အောင်လံမှာ တယ်လီဖုန်း သိပ်မများသေး၊ အသုံးလည်းနည်းသေး။)

ဘကြီးချိုက မုဆိုးဖို။ သူ့မြေးမလေး အပုစိန်နဲ့ အတူနေတာ။ သားသမီးများက ပုသိမ်မှာ၊ ရန်ကုန်မှာ၊ တောင်ငူမှာ။ တာဝန်ကျရာမှာနေရသော ဝန်ထမ်းများ။ သားသမီးများရောက်လာ၊ နာရေးကိစ္စဆောင်ရွက်ကြ၊ ရက်လည်ဆွမ်းသွပ်။ ခွင့်ရက်စေ့တော့မည်၊ ကိုယ့်လုပ်ငန်းခွင် ပြန်ကြရတော့မည်။ အဖေမရှိတော့ဘူးဆိုတော့ အမွေခွဲကြရတော့မည်။ သေတ္တာဖွင့်ကြည့်၊ အိပ်ရာခင်းအောက်ရှာ၊ ခေါင်းအုံးထဲမှာ စိန်တွေ ရွှေတွေများ ကျန်သေးလား။ ရှာကြ၊ ဖွေကြတော့ ခေါင်းအုံးအောက်က ဗလာစာအုပ်တွေ့ရှိ။ ပေးရန်၊ ရရန်စာရင်းများ၊ သည်အထဲမှာ မောင်ချမ်းသာကပါနေ။

"အေး... ဟုတ်တယ်၊ အုတ် ၉၅၀၊ ဦးလေး ယူသုံးတယ်"

"အဖေ့ကို ပိုက်ဆံပေးပြီးသားလား"

သူတို့က မဝံ့မရဲမေး။

"ပေးပြီးသားကွ၊ အဲဒီတုန်းက အနားမှာ ဘယ်သူရှိပါလိမ့်၊ အဲ... အဲ... သမီးတို့ ခဏနေကြဦး၊ ဟော့... စိန်သောင်း ပန်းရန်ဆရာဦးထွန်းအေး သွားခေါ်စမ်းကွာ"

အိမ်မှာ အဆင့်သင့်တွေ့ရှိ၊ သူ့တပည့် မောင်ပုနဲ့အတူ ဦးထွန်းအေး ကန့်လန့်ကန့်လန့် ပါလာ။

"ကိုချမ်းသာ ဘာအလုပ်အပ်မလို့လဲဗျာ့"

"အယ်... ဟိုဦးထွန်းအေး ကျွန်တော်တို့ ရေလောင်းအိမ်သာလုပ်တုန်းက ဘကြီးချိုဆီက အုပ်ယူသုံးသေးတယ်နော်"

"ဟုတ်တယ်လေ... ယူသုံးတယ် ၉၅၀၊ ဒီကောင်တွေ သွားသယ်တာပဲ" (သူ့တပည့်ဘက် မေးငေါ့ပြ။)

"အဲဒါ အုတ်ဖိုးချေတယ်နော်"

“အဲဒီနေ့ညနေ အလုပ်သိမ်းတော့ ခင်ဗျားနဲ့ ကျွန်တော်ပဲ သွားချေတာလေ၊ အုတ်တစ်ခဲ တစ်ကျပ်နှုန်းနဲ့ အုတ် ၉၅၀၊ ငွေ ၉၅၀ ကျွန်တော်သေချာရေပြီး ဘကြီးချိုလက်ထဲ ထည့်ခဲ့တာ”

ဘကြီးချို သမီးများ ပြန်သွားကြ၏။ သံသယမရှိ ကြည်လင်သောမျက်နှာများနှင့်။ တော်တော်ဆိုးတဲ့ ဘကြီးချိုဗျာ၊ ဘယ်နှယ့်ဗျာ၊ သူပေးထားတာတွေကိုတော့ရေးထား၊ သူရတာကျ ရေးမထားဘူးဗျာ။ ဆရာဦးထွန်းအေးက အပ်ချမတ်ချ ပြောပြနိုင်ပေလို့ တော်သေးတာပေါ့။ နို့မို့ဆို ကလေးတွေ ယုန်ထင်ကြောင်ထင် ဖြစ်သွားမကောင်းဘူးဗျာ။ ဘကြီးချို အသက်ရှင်လျက်ရှိသေးရင်တော့ ရှင်းရလွယ်တာပေါ့။ ခုတော့ သူသေသွားပြီ။ အကောင်းပကတိကြီးက ရုတ်တရက်ဖြစ်သွား။ သေခြင်းတရား ဘယ်သူကြိုသိပ့ါမလဲ။ ကျွန်တော်သည် ထိုအကြောင်းကို အမြဲဆင်ခြင်နေမိ၏။ ဒါသင်ခန်းစာပဲ၊ တန်ဟ၊ နောက်ဘယ်တော့မှ အလွတ်သဘောမလုပ်ရဲတော့ဘူး။

“သူငယ်ချင်း စာနဲ့ရေး၊ သေချာပီပီပြင်ပြင်ရေး” သည်နေ့ ရက်စွဲနဲ့ ဩဂုတ်လ (၁၅)၊ ၂၀၀၂ ကြာသပတေး၊ ကိုချမ်းသာယူ ငွေငါးသိန်း၊ အတိုးနှုန်း၊ ပေး ပိုက်ဆံ၊ ထိုးလက်မှတ်၊ သူလည်းထိုး၊ ကျွန်တော်လည်းထိုး၊ ငွေထုပ်ပိုက်ပြန်ခဲ့ ရှင်းလို့။ ကျွန်တော့်သူငယ်ချင်း မောင်တိုးထံမှ ငွေချေးယူသည့်အခါတိုင်း စာနဲ့ရေး လက်မှတ်ထိုးပေး၊ လက်မှတ်ထိုးယူ။ ကျွန်တော်က ချေးငွေ ပြန်ဆပ်သည့်အခါတိုင်း ငွေကိုပေး၊ သူ့လက်မှတ်ထိုးယူ၊ ကျွန်တော့်လက်မှတ်ထိုး။ သူငယ်ချင်းက သူငယ်ချင်း၊ ငွေကငွေပဲဗျာ့။ အပေးအယူ စာရင်းဇယားရှိတော့ ရှင်းရလွယ်တယ်ဗျာ့။ ဖွ၊ မဆိုစကောင်း တစ်ယောက်ယောက် မတော်မဆ တစ်ခုခုဖြစ်ဦး၊ ရှုပ်စရာမရှိ။ ဘကြီးချိုထံမှ ယူသုံးသော အုတ် ၉၅၀၊ ကျွန်တော့်ဘဝမှာ သင်ခန်းစာ။

## ငယ်ရာကကြီး

လွန်ခဲ့သော ၂၅ နှစ်၊ ၁၉၇၈ ခုနှစ်က တပေါင်းလပြည့်နေ့တွင် ကျွန်တော်နှင့် ကျွန်တော့်ယောက်ဖကြီး ဦးကြန်ထွန်းတို့သည် နွားတစ်ယောက်တစ်ကောင်စီဆွဲလျက် အောင်လံမြို့မှ အရှေ့ဘက် ၁၅ မိုင်ခန့်အကွာ ရေပြည့်ရွာသို့ ခြေကျင် ပြန်လာကြလေ၏။ ညနေ ၃း၃၀ နာရီ နည်းနည်းနေညိုကတည်းက ဆွဲပြီး ခြေကျင်လျှောက်ခဲ့ကြရာ ည ၁၂ နာရီထိုးမှ ရေပြည့်သို့ ပြန်ရောက်လာကြ၏။ လသာညကြီးဗျာ နွားဝယ်သွားတဲ့လူတွေ ပြန်လာပြီ၊ နွားတွေ ပါလာပြီဆိုတော့ အိမ်နားနီးချင်းတွေ အိပ်ရာမှထ၊ တချို့လည်း မအိပ်ကြသေး၊ လာရောက်ဝိုင်းအုံကြည့်၊ ဝေဖန်သုံးသပ်၊ ကျွန်တော့် ယောက်ကွထီးကြီး ဦးဖိုးချီသည်လည်း အိမ်ပေါ်မှ ဆင်းလာ၊ နွားများကို ကြည့်။

"ဘယ်လောက်ပေးရလဲ"

"နှစ်ထောင့်တစ်ရာ ငါးဆယ်ကျတယ်အစ်ကို"

ယောက်ဖကြီးက အဖေကို အစ်ကိုဟုခေါ်သည်။ ရွာဓလေ့နှင့်တူပါသည်။

"ခိုင်းဖြစ်စေဖြစ်ဆို တော်ပြန်ရာပေ့ါကွယ်"

နွားကြည့် အိမ်ပေါ်တက် ပြန်အိပ်သွားလေ၏။ ၁၉၇၇ ခုနှစ် ယောက်ကွမကြီး ဒေါ်မြရှင် ရန်ကုန်ဆေးရုံကြီးမှာ ကွယ်လွန်သောအခါ ကျန်ရစ်သူ ယောက်ကွထီးကြီး ဦးဖိုးချီအား ပြုစုလုပ်ကျွေးရန် ကျွန်တော်တို့ မိသားစု ရန်ကုန်မှ တောရွာသို့ ပြန်ပြောင်းခဲ့ကြ၏။ ကြည့်မြင့်တိုင်မှ အိမ်နှင့် ဆိုင်ခန်းကို ရောင်းပစ်ခဲ့ကြ၏။ မိုးဦးကျလျှင် ယာလုပ်မည်၊ လယ်ထွန်မည်။ အလုပ်ဇယားဆွဲလိုက်၏။ တစ်ကောင်လျှင် ၅၀၀၀ တန်သောနွား တစ်ရှဉ်းဝယ်မည်၊ ဘယ်အကွက်တွေလုပ်မည်၊ ဘယ်သူ့ကိုအကူခေါ်မည် စသည်ဖြင့်။

"ဟော့ကောင် ပါးစပ်နဲ့ တန်ရုံပဲ ဟပ်ပါကွာ၊ အဟပ်မကြီးချင်စမ်းပါနဲ့။ ငယ်ရာက ကြီးရတယ်ကွ၊ မင်းက လခစားလူထွက်၊ လယ်ယာနဲ့ သိပ်နီးစပ်သေးတာမဟုတ်ဘူး၊ ဒီတော့ အစပထမမှာ အဖိုးနည်း ဝန်ပါနဲ့ နိုင်ရုံကလေးပဲ လုပ်ကြည့်ပါဦးကွာ၊ ကျွမ်းကျင်လာပြီဆိုတော့ နွားတစ်ရှဉ်းမက နှစ်ရှဉ်းလုပ်ပေါ့ကွ၊ ၅၀၀၀ တန်နွားမကလို့ ၁၀၀၀၀ တန်နွားနဲ့ပဲလုပ်လုပ်ကွာ"

အထက်ပါစကားကြောင့် ကျွန်တော်တို့ သမီးယောက်ဖနှစ်ယောက်လည်း ခပ်သင့်သင့် နွားတစ်ရှဉ်းကို ဝယ်ခဲ့ကြခြင်းဖြစ်ပါ၏။ နွားနှစ်ကောင် အိမ်ရောက်၊ နမ်းဖက်နဲ့ ဖိ၊ နံစားနဲ့ဖိလိုက်တော့ တပေါင်းလပြည့်နေ့က ဝယ်တဲ့နွား တန်ခူးလပြည့်မှာ ဝဝဖြိုးဖြိုး စိုစိုပြည်ပြည်ကြီးတွေ ဖြစ်နေကြပါပြီဗျာ။ မိုးရွာ ယာထွန်တော့ ကျွန်တော့်နွားတစ်ရှဉ်းဟာ ခုနှစ်ထိုင်းလို့ရနေပါပြီ။ ၅၀၀၀ တန်ဆိုတာကြီးတွေနဲ့ နှင်လားငါလားပါပဲဗျာ။ ရုန်းအား ဆွဲအားကောင်းချက်ကတော့။ ထိုအခါကျမှ ကျွန်တော့်ယောက်ခထီးကြီးကို ကျိတ်ပြီး ကျေးဇူးတင်နေပြန်ပါ၏။ "ခိုင်းဖြစ်စေဖြစ်ဆို တော်ပြန်ရောပေါ့ကွယ်" သူပြောတဲ့စကား။ ကျွန်တော်သည် ထိုနွားတစ်ရှဉ်း လူငှားတစ်ယောက်နဲ့ နှစ်နှစ်ယာလုပ်လိုက်၏။ သုံးနှစ်ရောက်သောအခါ နောက်ထပ်နွားတစ်ရှဉ်းထပ်ဝယ်၊ လူငှားတစ်ယောက်ထပ်ငှား၍ နှစ်ရှဉ်းကိုင်လုပ်လေ၏။ ယာခင်းကွက် နည်းနေသဖြင့် သူများထံမှ ယာခင်းကွက် ဝယ်၍ လုပ်ငန်းကို တိုးချဲ့ရ၏။

ကျွန်တော့်ယောက္ခထီးကြီး အသက် ၉၀ အရွယ် ၁၉၉၃ ခုနှစ်က ကွယ်လွန်သွားလေ၏။ သူကွယ်လွန်သွားသော်လည်း သူ့စကားများကို ယနေ့တိုင် ကျွန်တော့်နားထဲ စွဲကျန်ရစ်နေပါ၏။ ငယ်ရာက ကြီးရမယ်တဲ့ဗျာ။ ပါးစပ်ဆံ့ရုံပဲ ဟပ်ပါတဲ့ဗျာ။ ကျွန်တော်သည် ထိုအဆိုအမိန့်ကို နှလုံးသွင်းပြီးသကာလ ဘာလုပ်လုပ် ငယ်ရာက စခဲ့၏။ ခြေနိုင်လက်နိုင်က စခဲ့လေ၏။ မြေပဲဆားလှော်ကို တစ်နေ့ နို့ဆီနှစ်ဘူးစာ မြေပဲဆန်ဖြင့် စလှော်ခဲ့လေ၏။ မြေပဲယိုထိုးသောအခါ ကြံသကာတစ်ပိဿာ၊ ကပ်စေးနဲ ၅၀ ကျပ်သား၊ လှော်ပြီးသားမြေပဲဆန် နို့ဆီလေးလုံးမှ စတင်ခဲ့လေ၏။ ၁၉၈၃ ခုနှစ်က အိမ်တစ်လုံး (မြေကွက်ပါ) ကို ၂၄၀၀၀ ဖြင့်ဝယ်ယူခဲ့လေ၏။ မီတာဘောက်မပါ၊ ရေတွင်းမတူးရသေး။ အိမ်သာက တွင်းအိမ်သာ။ မြေပဲဆားလှော်လုပ်ငန်းလေး

အခြေတည်မိ၍ ငွေပိုကလေးရလာသောအခါ အခေါက်ရွှေတစ်မက်သား (လေးပဲသား) ပြေးဝယ်၍ လက်စွပ်ကလေးကွင်းလိုက်၏။ ကိုးကွင်းဆယ်ကွင်း စုမိသောအခါ မီတာဘောက်ကို ဝယ်လိုက်၏။ ငွေပိုကလေးဖြင့် ရေတွင်းတူးရ၏။ ရေလောင်းအိမ်သာ ဆောက်ရ၏။ အိမ်ကွက်တိုးချဲ့ဝယ်ရ၏။ အိမ်ကလေးကို ဖျက်၍ အလုပ်ရုံ အခိုင်အခံ့ ဆောက်ရ၏။

"တော်တော်ကြိုးစားခဲ့ရတာပဲနော်"

"ဒါပေါ့ဦးနားဝေရာ၊ ပြုန်းဆို အလုံးလိုက် အခဲလိုက်ကြီး မထုတ်နိုင်တော့ ကိုယ့်ငွေအားကလေးကြည့်ပြီး နိုင်တန်ရာကလေး စခဲ့ရတာပေါ့"

"ခုတော့လည်း အကျယ်ကြီး၊ အကြီးကြီးပဲနော်"

"အဲဒါ ကောင်းတာပေါ့ဗျာ၊ ငယ်ရာကကြီးရတာ အရသာရှိတယ်ဗျာ၊ ကျုပ်က ကြီးရာက ငယ်သွားမှာကိုကြောက်တာ"

ကျွန်တော့်သူငယ်ချင်း ဒေါက်တိုသည် လက်ဖက်သုပ်စား၊ အဖန်တစ်ကျိုက် သောက်ရင်း ဝင်ထောက်လေ၏။ ဒေါက်တိုပြောလိုက်သော စကားကြောင့် မီးဖုတ်ထားသော တူရွှင်းပူဖြင့် တင်ပါးအထိုးခံရသောနွားကဲ့သို့ လန့်ဖျပ်သွားမိလေ၏။ (တောရွာမှာ နွားရောဂါကင်းအောင် သံပူကပ်ကြ၏။) မှန်ပါသည်။ သူငယ်ချင်း ဒေါက်တိုစကား မှန်ပါသည်။ ငယ်ရာကကြီးရတာ အရသာရှိသလောက် ကြီးပြီးမှ ငယ်သွားမည်ဆိုပါလျှင်။ ကျွန်တော်မတွေးရဲ၊ ကြက်သီးမွေးညင်းများထောင်ထလာပါ၏။

## ဖြတ်မထားနဲ့ ရပ်သွားမယ်

"ဟော့... ဒီကား စိမ်းနေသလိုလိုပဲကွ၊ တို့အောင်လံလိုင်းထဲ မမြင်မိပါဘူး၊ ဘယ်သူ့ကားလဲ"

"အဲဒါ ကိုလှကြီးကားလေ၊ ဦးလေး"

"ဟင်... လှကြီးက တို့လိုင်းထဲ ပြန်ဝင်လာပြန်ပြီလား"

"ဟုတ်တယ် ဦးလေး"

ဇူလိုင်လ ၁၈ ရက်နေ့ အောင်လံမှ ပြည်သို့အလာ ဘွတ်ကြီးတံတား အလွန်ကလေးတွင် ကျွန်တော်စီးလာသောကား ပျက်လေ၏။ စတက်ကတည်းက စိတ်ထဲတွင် တထင့်ထင့်ခင်ဗျာ့။ သည်ကား ပြည်ကိုမှ ရောက်ပါ့မလား။ လမ်းမှာ ပျက်နေမလား။ ကားကတော်တော်ရွဲနေပြီဗျာ။ ထင်တဲ့အတိုင်းပါပဲခင်ဗျာ၊ ဂရီး ဂရပ်ထိုးရပ်သွား၊ ပျက်ပြီ ကား။ နောက်ကလိုက်လာသော ကားကိုတား၊ ဖတ်ခနဲ တက်၊ ကံကောင်းချင်တော့ ခေါင်းခန်းထဲကနေရာရ၊ ခုတက်တဲ့ ကားကတော့ ဘာကောင်းသလဲ မမေးနဲ့။ အင်ဂျင်ပိုင်း ဘော်ဒီပိုင်း ပြောစရာမရှိ၊ လှချော၊ တောင့်ဖြောင့် သန့်ဗျာ။ သည်လိုနဲ့ အုံနာ ဒရိုင်ဘာနဲ့ စကားပြောဖြစ် (ကားပိုင်ရှင် တက်မောင်းတာဆိုတော့ အုံနာဒရိုင်ဘာပေါ့)။

ကိုလှကြီးဆိုတာက ၁၉၈၀-၈၅ ခုနှစ် ကာလတစ်လျှောက် ပြည်-အောင်လံလိုင်းမှာ မသိသူမရှိ၊ ကားနှစ်စီးတောင်ပိုင်တာဗျာ။ နောက် အောင်လံ-မကွေးပြေး၊ နောက်တော့ ပျောက်သွား၊ အခုပြန်တွေ့ရတော့ အောင်လံလိုင်းမှာ၊ ကားကခပ်ရွှဲရွှဲ လူကလည်းသိပ်မတောက်ပြောင်။

"ဘယ်လိုဖြစ်တာလဲကွာ၊ ဒီလူ ဒီရုပ်မျိုးမဟုတ်ပါဘူး၊ သူ့ကားတွေဆို ဒေါင်ဒေါင်မြည်"

"မပြောတတ်တော့ပါဘူး ဦးလေးရာ၊ ဘယ်ရောက် ဘယ်ပျောက်ပြီး အခုမှ ဘယ်ကပြန်ပေါ်လာတယ်မသိ"

အလုပ်ဖြစ်နေရာက ပျောက်သွား၊ ပျောက်သွားပြီးမှ ပြန်ပေါ်လာ။ ပြန်ပေါ်လာတော့ ခပ်မိုန်မိုန်။ ကိုလှကြီးအကြောင်းစဉ်းစားရင်း ပြည်မြို့ဈေးကြီးထဲက ရုံ (၂) နှင့် ရုံ (၃) ကြားက အရိုးရှောင်းကို သွားသတိရမိတယ်။ အရိုးရှောင်း၊ တရုတ်ပိန်ကလေးခင်ဗျာ၊ သူ့နာမည်ရင်းက ဖောင်စိန်ပါ။ အသားခြစ်ယူထားခံရသော ငါးဖယ်ရိုးကဲ့သို့ ပိန်ပါးလှပ် အရိုးပဒေသာကလေးဖြစ်နေ၍ သူ့အား အရိုးရှောင်းဟု ခေါ်ကြကုန်၏။

၁၉၈၃-၈၉ ကျွန်တော် ဥစားကြက်မတွေမွေးတော့ (ကျွန်တော်က မွေးတာမဟုတ်ဘူး၊ လူကကြက်မွေးပို့မလား၊ သူများဆီက ဥစားကြက်မတွေ ဝယ်ယူပြီး ခြံထဲထည့် အစာကျွေးတာ) အဲဒီ အရိုးရှောင်းကလေး စတွေ့တာပဲခင်ဗျာ။ သူက ကြက်ဆေးလည်းရောင်းတယ်၊ လူဆေးလည်းရောင်းတယ်၊ ထိုးဆေးတွေဘာတွေဆို ဒိုင်လျှိုရောင်းရတာ၊ မှောင်ခိုခေတ်။ သူ့ဆိုင် တော်တော်အလုပ်ဖြစ်တယ်ခင်ဗျာ၊ ကြက်သမား (ကြက်မွေးမြူသူများ) မှန်သမျှ သူ့ဆိုင်မှာချည်းပဲ။ ဈေးကလည်းချို၊ ပစ္စည်းကလဲလတ်တော့ ဝိုင်းအားပေးကြတယ်။ ကြက်သမားတွေလုပ်ကျွေးလို့ သူတော်တော်လေး စီးပွားတက်သွားတယ်။ အရိုးရှောင်း အရိုးရှောင်းနဲ့ နာမည်တော်တော်ထွက်သွားတယ်။

မကြာဘူး၊ အရိုးရှောင်း ဆေးလောကထဲက ပျောက်သွားတယ်။ သူ့ဆိုင်မှာ အသားမည်းမည်း ဝဝကြီးတက်လာတယ်။ အပြတ်ရောင်းလိုက်တာ အရိုးရှောင်း သူ့မိတ်ဆွေတစ်ယောက်နဲ့ ပေါင်းပြီး ကားထောင်းသလိုလို ကြားလိုက်တယ်။ ပြည်-ကြို့ပင်ကောက်လိုင်း။ တစ်ခါတွေ့သေးတယ်။ ပြုံးပြုံးရွှင်ရွှင် ပြောင်ပြောင်ရောင်ရောင်။ အရိုးရှောင်း ဟုတ်နေပြီ။ ငြိမ့်နေပြီပေါ့။ ကျွန်တော် ဝမ်းသာ။ ၂၀၀၂ ခုနှစ် ကျွန်တော်

ပြည်မှာလာပြီး အအေးဆိုင်ဖွင့်၊ ပြည်ဈေးကြီးသို့ နေစဉ်နယ်နယ်ရောက်၊ ဆိုင်အတွက်လိုအပ်သော ပစ္စည်းများဝယ်။

တစ်နေ့ မုန့်ဟင်းခါးစားနေတုန်း အရိုးရှောင်း ဝင်လာထိုင်။ ကျွန်တော် မျက်စိ သေချာပွတ်ကြည့်၊ အသက်ကြီးလာတော့ မျက်စိက မှုန်ချင်နေပြီ။ လူမှားပြီး နှုတ်ဆက်မိပေါင်းများလှပြီ။ လူတွေ့တိုင်း နှုတ်မဆက်ရဲ။ ယောကျ်ားချင်းမှားတာ ကိစ္စမရှိ။ မိန်းမကို သွားနှုတ်ဆက်လို့မှားရင် ဒုက္ခဗျ။ (မျက်စိမှုန်သူများသတိထား)။ သေချာပါတယ်။ အရိုးရှောင်းမှ အရိုးရှောင်းအစစ်။ ကျွန်တော် အရဲစွန့်၍-

"ဟယ်... အရိုးရှောင်း"

"ဟာ... အစ်ကို"

တော်ပါသေး၏။ လူမမှားသေးဘူး။

"အရိုးရှောင်း နင်ဘာတွေလုပ်နေတုန်းဟယ် နင့်မတွေ့မိတာကြာပေါ့"

"ကျွန်တော်---------ရောင်းနေတယ်"

"အယ်"

ကျွန်တော် စကားမဆက်နိုင်တော့ပါ။ သူ့မုန့်ဖိုး ကျွန်တော် ဒကာခံလိုက်ပါ၏။ ဘာမျှမဆိုင်။ အရင် အရိုးရှောင်းနဲ့ အခုအရိုးရှောင်းနဲ့ ဘာမျှမဆိုင်။ အင်္ကျီအနွမ်း၊ ပုဆိုးဖင်ပေါက်နဲ့ အရိုးရှောင်း။ ဟိုအရင်က စိန်လက်စွပ်နဲ့ အရိုးရှောင်း၊ ဟန်းချိန်းကြီးနဲ့ အရိုးရှောင်း၊ စီးကရက်ပါးစပ်ကမချွတ်သော အရိုးရှောင်း၊ ဘီယာကို ဖာလိုက်တင်၍ ကားတစ်စီးအပြတ်ငှားကာ သူငယ်ချင်းများနှင့် ပျော်ပွဲစားထွက်ခဲ့သော အရိုးရှောင်း။ ကျွန်တော်တွေးမိပြီ၊ သတိရပြီ။ ယခု ကိုလှကြီးတို့၊ အရိုးရှောင်းတို့ ဘဝပြောင်းသွားခြင်းမှာ အရှိန်ရနေသော၊ အောင်မြင်နေသော အလုပ်ကို ဆက်မလုပ်တော့ပဲ ရပ်ပစ်လိုက်ကြသောကြောင့် ဖြစ်ပါ၏။ ဆက်မလုပ်သောအခါ အဆက်ပြတ်သွားပါ၏။ မိတ်များနှင့်

ပြတ်သွားပါ၏။ အောင်မြင်မှု ရပ်သွားပါ၏။ ထိုအခါ နောက်ပေါက်များက အရှိန်ရနေလေပြီ။ ကိုယ့်ကို ကျော်တက်သွားကြလေပြီ။ ပြန်စ၊ ပြန်လုပ်၊ ပြန်ဝင်သော်လည်း အရှိန်ကသေနေလေပြီ။

ကျွန်တော် သင်ခန်းစာ ရလိုက်ပြီ။ အဆင်ပြေနေသောအလုပ်၊ အရှိန်ရနေသော အလုပ်၊ အောင်မြင်နေသောအလုပ်။ ဆက်လုပ်ပါ၊ စဉ်ဆက်မပြတ်လုပ်ပါ၊ အရှုံးအမှုံး သဲကြီးမဲကြီးလုပ်ပါ။ ဖြတ်မထားပါနဲ့၊ ရပ်မထားပါနဲ့၊ သံချေးတက်သွားပါလိမ့်မည်။ (လုပ်ငန်းအားလုံးကို ဆိုလိုပါ၏)။ မယုံမရှိပါနဲ့ခင်ဗျာ။

## ကြီးလာလေကြောက်တက်လာလေ

တစ်နေ့ ကျွန်တော်၊ ပဲကြော် ပြောင်ကြီး၊ အရက်ရွှေနားပေ၊ ပါလေရာ ဦးနားဝေးတို့သည် လက်ဖက်ရည်ဆိုင်တွင် လူစုမိကြလေ၏။

"ကျုပ်ကတော့ ကြီးလာလေလေ ကြောက်လေလေပဲ"

အရက်ချက်စက်ရုံပိုင်ရှင် ရွှေနားပေက ကောက်ကာငင်ကာ စကားစလေ၏။

"မဟုတ်မှလွဲရော၊ မင်းအရက်ထဲ မဟုတ်ကဟုတ်ကတွေ ထည့်ချက်ပြီနဲ့တူတယ်"

"မဟုတ်ရပါဘူးကွာ"

"အေး... မင်းဘက်က နောက်ကြောင်းရှင်းရင် ဘာမှကြောက်စရာမလိုပါဘူးကွာ၊ မသမာတာလုပ်မိရင် နောက်ကြောင်းရှုပ်ခဲ့ရင်သာ ကြောက်စရာလိုတာပါကွာ"

ကျွန်တော်က လူတက်ကြီးလုပ်ပြီး တရားချလေ၏။

"ငါလည်း ရွှေနားပေလိုပဲကွ၊ ကြီးလာလေ ကြောက်လေပဲ"

"ဟ... ဘယ်လိုများလဲကွာ၊ ပြောင်ကြီး"

ဦးနားဝေးက ဝင်ထောက်၏။ ပဲကြော်ပြောင်ကြီးကလည်း ကြီးလာလို့ ကြောက်သတဲ့ဗျာ။ လာပြန်ပြီ တစ်ယောက်၊ သူက ပဲကြော်သမား၊ ဆီမဟုတ်တာတွေနဲ့ ဆော်ခဲ့မိပြီထင်တယ်။ အရက်ချက်သမားကလည်း ကြောက်၊ ပဲကြော်သမားကလည်း ကြောက်၊ နောက်ဆုံး ကျွန်တော့်အလှည့် ရောက်လာလေ၏။ မင်းသဘောက ဘယ်လိုလဲဟူသော အကြည့်ဖြင့် ကျွန်တော့်ကို ဝိုင်းကြည့်ကြလေ၏။

"ဟီး ဟီး ငါလည်း ကျောထဲစိမ့်သလိုလိုပါပဲကွာ"

သူတို့စကားနောက် သံယောင်လိုက် လိုက်၏။ သူတို့သဘောကို သိလို သောကြောင့်။

"ဟဲ... ဟဲ... ချမ်းသာ နင်လည်း အနူနူပဲ မဟုတ်လား"

ကျွန်တော့်ကို ဝိုင်းနှာကြလေ၏။

"စကားကို ရှင်းအောင် ပြောကြကွာ၊ ဘာကိုကြောက်တာလဲ"

"ဟော့ကောင်ချမ်းသာ မင်းလည်းသိသားပဲ၊ ငါဆို ပဲကြီးတစ်တင်း ၆၅ ကျပ်ကတည်းက အကြော်လောကထဲ ရောက်လာတာ၊ အခု ပဲကြီးတစ်တင်း ၈၅၀၀ ကျပ်၊ မင်းစဉ်းစားကြည့်"

"ဟ... ဒါတော့ ရေမြင့် ကြာမြင့်ပေါ့ကွ၊ ပြောင်ကြီးရ"

"အဲဒါ အပြောပါကွာ၊ တကယ်လက်တွေ့မှာ အဲဒီလိုသိပ်မဟုတ်တော့ဘူးကွ၊ မင်း အကြော်ကုန်းလာကြည့်စမ်း၊ မီးခိုးတိတ်နေပြီ"

အကြော်ကုန်းဆိုသည်မှာ ပဲကြော် ပဲလှော်သမားများ ကြော်ကြလှော်ကြ မီးခိုး တလူလူ ညှော်နံ့တသင်းသင်း၊ ခွေးတစ်စီစီ၊ ကလေးတဆူဆူ နေသော တောင်ကုန်းကလေးခင်ဗျာ့၊ အောင်လံမြို့ အရှေ့မြောက်ဖျားက ကုန်းကလေး။

"နို့ မင်းအကြော်ဖိုကကော"

သိချင်သဖြင့် ကျွန်တော်က စကားထောက်။

"ငါအထိပ်ထိပ်အပျာပျာဖြစ်နေတာ အဲဒါပဲကွ၊ မင်းတို့သိတဲ့အတိုင်းပဲ၊ ငါ့လုပ်ငန်းမှာ အလုပ်သမားတွေ အများကြီးပဲ၊ ဆီ၊ ပဲကြီး ကုန်ကြမ်းတွေက ဈေးမြင့်၊ ကုန်ချောကျတော့ မြှင့်ချင်တိုင်း မြှင့်မရ၊ ရပ်ထားပြန်ရင်လည်း အိတ်ထဲကပါဦးမယ်၊ ဘယ်လောက်ကြာရှည် အပါခံနိုင်မှာလဲကွာ၊ မောင်ချမ်းသာ မင်းစဉ်းစားကြည့်"

"ဟော့ကောင် ရွှေနားပေ၊ မင်းအရက်ဖိုကော အခြေအနေ ဘယ်လို"

"ဘာထူးမှာလည်းကွာ၊ ပြောင်ကြီးလိုပေါ့"

ကျွန်တော်သည် လက်ဖက်ရည်ဆိုင်က မသဒ္ဒါရေစာ လာချပေးသော ရေနွေးကြမ်းကို အလိုက်ကမ်းဆိုးမသိ တစ်ခွက်ပြီးတစ်ခွက် ငုံ့ငုံ့သောက်ရင်း အတွေးနယ်ချဲ့မိလေ၏။ မြေပဲဆားလှော်လုပ်ငန်းကို ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့က စတင်လုပ်ခဲ့ပါ၏။ ငါးပိရည်ကျိုသော ဒန်ဒယ်အိုးကလေးဖြင့် စတင်လှော်ခဲ့ပါ၏။ တစ်နေ့မှ နို့ဆီဘူးနှစ်ဘူးသာ လှော်နိုင်ခဲ့ပါ၏။ လက်ထွင်မြေပဲဆန်တစ်ပြည် ၃၀ ကျပ်၊ တစ်တင်း ၄၆၀ ကျပ်။ ဆားတစ်ပိဿာ တစ်ကျပ် ၅၀ ပြား၊ နှစ်ကျပ်။ ထင်းတစ်ကျပ်ဖိုးဆို ပုတ်တောင်းကြီးတစ်လုံး မထမ်းနိုင်အောင်ရတာဗျာ၊ အလုပ်သမားမရှိ၊ မိသားစု လုပ်ငန်းကလေး၊ လှော်၊ ဝိုင်းထုပ်၊ လိုက်ရောင်း။

ဟော အခုဗျာ၊ ဆားတစ်ပိဿာ ၉၀ ကျပ်၊ မြေပဲခွံ ကားတစ်စီး ၁၅၀၀၀ (တစ်သောင်းငါးထောင်)၊ မြေပဲလက်ထွင် လုံးဆန်တစ်တင်း ၁၈၀၀၀ (တစ်သောင်းရှစ်ထောင်) တဲ့ဗျာ။ လုပ်ငန်းသေးတုန်းက အလုပ်သမားမရှိ၊

ကိုယ့်မိသားစုချည်း သိပ်ကိစ္စမရှိ။ အခု ကိစ္စရှိတယ်ဗျာ့၊ လုပ်ငန်းနည်းနည်းကြီးလာတော့ အလုပ်သမားဆိုတာ ရှိလာတယ်၊ သူတို့ရဲ့ စားဝတ်နေရေးဆိုတာ ရှိလာတယ်။ ရပ်ထားရမလား၊ ဆက်သွားရမလား၊ အခြားလုပ်ငန်းတစ်ခုခုကိုပြောင်းရမလား၊ အမျိုးမျိုးစဉ်းစားရတာဗျာ။

ပြောင်ကြီး အကြော်ဖိုဆိုဗျာ နည်းတဲ့လူတွေမှ မဟုတ်တာ။ ပဲဆေး၊ ပဲကြော့၊ ပဲရွေး၊ ပဲထွတ်၊ (ရေစိမ်ထားတဲ့ပဲကြီးစေ့ကို လက်ညှိုးလက်မညှပ်၍ အခွံချွတ်သည်ကို ပဲထွတ်သည်ဟုခေါ်သည်။ လက်ထွက်သည် အကြော်မှာ အလှဆုံး)၊ အလော်သမား၊ အကြော်သမား၊ ထုပ်ပိုးထည့်သွင်း၊ ထမ်းတင်ထမ်းချ၊ အလုပ်သမားတွေ အားကြီးဗျာ၊ သူတို့အရေးဟာ ကိုယ့်အရေးပေ့ါနော်၊ တကယ်တမ်းကျတော့… ။

ရွှေနားပေရဲ့အရက်ဖို (အရက်ချက်စက်ရုံ) မှာလည်း လူတွေ အများကြီးပေ့ါဗျာ။ လုပ်ကိုင်လုပ်ရှား မှီခိုအားထားနေကြတာ။ ကြီးလာလေ ကြောက်တက်လာလေဆိုတာ အမှန်ပေ့ါဗျာ၊ လုပ်ငန်းကြီး ကြီးလာပြီဆို သည်လုပ်ငန်း လည်ပတ်နိုင်အောင်ကို မနည်း ရုန်းကန်လှုပ်ရှားကြရတာကလားဗျာ၊ လုပ်ငန်းကြီးလာလေ ပိုင်ရှင်ခေါင်းကြီးလာလေပဲဖို့။

## နင့်ကို ငါကြိုက်တယ်၊ ငါ့ကို နင်ကြိုက်မလား

၂၀၀၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့ သရက်မြို့ အိုကေ မြေပဲဆားလှော် ကိုယ်စားလှယ် ဒေါ်ကြည်လေးထံမှ ပြန်အလာ ပဲ့ထောင်လိုင်းပေါ်မှာ လူငယ်အတွဲလေးကို တွေ့ရတယ်ခင်ဗျာ့။ သူတို့က ကျွန်တော့်ရှေ့တည့်တည့်က ခုံပေါ်မှာလာထိုင်ကြတာ။ ကောင်လေးက ကောင်မလေးရဲ့ မရမ်းစေ့ရောင် လက်သည်းကလေးများကို တယုတယ ရွရွလေးပွတ်သပ်။ ကောင်မလေးက ကောင်လေးရဲ့ ရုပ်အင်္ကျီကြယ်သီးများကို ထိတွေ့။ ကယုကယ ချစ်တုံ့ကင်စကားလေးတွေ ဖလှယ်လို့။ လူငယ်ဘာဝ။ အင်း မောင်ချမ်းသာတို့ ကျင်လည်ကျက်စားနေရသည့် ဘဝနှင့် ကွာဘိခြင်း။

မောင်ချမ်းသာတို့ဘဝက-

“ဦးချမ်းသာရေ လုပ်ကြည့်နေတုန်းပဲဗျို့၊ အဆင်ပြေမယ်လို့ခန့်မှန်းရတာပဲ”

မြေပဲလုံးဆန် စျေးနှုန်း နှစ်ဆ သုံးဆဖြစ်သွားတော့ မြေပဲဆားလှော် ငါးကျပ်တန်ထုပ်မဖြစ်၊ ၁၀ ကျပ်တန်လုပ်မရ။ ဆိုင်ရှင် ဒေါ်ကြည်လေးသား ကိုဦးနဲ့ စည်းဝါးရိုက်၊ ၂၅ ကျပ်တန်အောက်ခံထုပ်ဖို့ညှိ။ အခေါက်ခေါက် အခါခါလာ။ အဖန်ဖန်အထပ်ထပ်ညှိ၊ အရက်ကို အရာက်ပို့ရမယ့်စျေး၊ ကိုဦးတို့က ပြန်ဖြန့်မည့်စျေး၊ တဆင့်ခံက ပြန်လွှတ်ရမည့်စျေး၊ လက်လီဆိုင်က ပြန်ရောင်းရမည့်စျေး စသည်အားဖြင့်။ လှော်လိုက်ပြီ။ ထုပ်လိုက်ပြီ၊ ရောင်းကြည့်နေပြီ။ ရောင်းနေပြီ။ အဝယ်လိုက်ရဲ့လား၊ ဝယ်စားသူရဲ့ အမြင်ကဘယ်လိုလဲ။ တွေးကြည့်မနေနိုင်ဘူးခင်ဗျာ၊ ပြေးကြည့်ရတယ်။ ပြေးကြည့် ပြေးကြည့်၊ မြင်ပြီ မြင်ပြီ၊ အကဲခပ်လို့ရပြီ။ သည်လိုမျိုးခင်ဗျာ။ အတွဲကလေးများကဲသို့ နရှမနေနိုင်ဘူးဗျို့။ ရေတံခွန်ဇောက်ထိုးကျ အတင်းခုန်ချ၊ တုံးတိုက်တိုက် ကျားကိုက်ကိုက် ဒုန်းတရကြမ်း လှော်ခတ်ကြရတာဗျို့။

“ဘယ်လိုသဘောရလဲကိုချမ်းသာ ကျွန်တော်တော့ လွှတ်ချင်ပြီ”

ဩဂုတ်လ လကုန်ပိုင်း၊ မြေပဲတောင့်အသစ်ပေါ်တော့မည်၊ ငွေက ခဏအားနေသဖြင့် ထည့်ထားသော ပဲတီစိမ်းကလေးများ ပြန်လွှတ်ရတော့မည်။ မအောင့်နိုင်ဘူးဗျို့၊ ငွေအတွက်ပိုက်ကနာနေပြီ။

“လွှတ်လိုက်တော့ ကိုစံအုန်းရေ”

မတက်နိုင်ဘူး၊ နောင်ခါလာနောင်ခါစျေး၊ ရှေ့လုပ်ငန်းက ရှိသေး။ ၂၇ ရက်နေ့က ၆၉၀၀ နဲ့လွှတ်လိုက်တယ်။ ၂၈ ရက်နေ့ ၇၀၀၀- ၇၂၀၀ ဖြစ်သွားတယ်။ ၂၉ ရက်နေ့ ၇၅၀၀၊ ၃၀ ရက်နေ့ ၇၆၀၀။ အင်း… မထိုက်တော့လည်း မရပေဘူးပေါ့။

“ဘယ်လိုလဲကိုချမ်းသာ ယူမှာလား၊ ခင်ဗျားမယူဘူးဆို ကိုမောင်မောင်ကို လှမ်းခေါ်လိုက်တော့မယ်”

ပွဲစားကိုချစ်ပိန်သည် သူ့ပွဲရုံရောက်လာသော မြေပဲတောင့်များကို ကျွန်တော့်ကို ရှေးဦးခေါ်ပြ၏။ ဦးစားပေးသည့်သဘော။ မြေပဲအိတ်ကို ပုတ်ကြည့်၊ မြေပဲတောင့် အနည်းငယ် ထွင်ကြည့်၊ ရက်စေ့အသက်ပြည့်ပဲလား။ စားရမယ့် ပဲလား။ အိတ်ထဲက ပါသွားမည့်ပဲလား။

"ဒီဘက်က ၁၀ လုံးကိုတော့ ကြိုက်တယ်၊ ပဲသားပြည့်တယ်၊ ဟိုဘက်က ၁၅ လုံးပုံကိုတော့ မကြိုက်ဘူးဗျာ၊ ၁၀ ရက်လောက်စောပြီး နုတ်လာတဲ့ပဲ၊ အဆန်ထွက် ညံ့မယ်ဗျာ၊ ပဲသားလည်းနုမယ်ဗျာ"

ထိုအချိန်တွင် ပဲအဝယ်သမား မောင်စိန်သောင်းကလည်း ကျွန်တော့်လိုပဲ ပဲများကို ထွင်ကြည့်နေပြီ။ ဆ,ကြည့်နေပြီ၊ ဝယ်သင့် မဝယ်သင့်။ သို့သော် သူသည် အလိုက်သိပါ၏။ ကျွန်တော်နှင့်ဆိုင်ထားသောကြောင့် ဘာမျှမပြော၊ ခဏ ဘေးရှောင်ထွက်သွားလေ၏။ ကျွန်တော်နှင့် မတည့်လျှင်တော့ သုတ်မည်ဆိုသည့်သဘော။

"နေဦး ပွဲစားရေ စဉ်းစားဦးမယ်ဗျာ"

ရွှေမိုးလက်ဖက်ရည်ဆိုင်ဘက်သို့ ထွက်ခဲ့၏။ လုပ်ဖော်ကိုင်ဖက် ကိုထူး၊ ကိုဝင်းတို့နှဲ့ဆုံ။ ဈေးအနေအထားကိုစဉ်းစား၊ ပဲအနေအထားကိုစဉ်းစား။ မိုးရွာမှာလား၊ နေပူမှာလား၊ မိုးရွာလျှင် ပဲလှန်းလို့မရ၊ နေပူမှ ပဲလှန်းလို့ရမည်။ နှမ်းဈေးကတော့ ဘယ်လိုလဲ၊ ၄၈၀၀၀ မှ ပြုတ်ကျလာခဲ့သောနှမ်းသည် ဈေး ၃၀၀၀၀ အောက်သို့ တစ်ရက်ဆင်းသွား၊ ၃၃၀၀၀ ပြန်ဖြစ် ၊ စားအုန်းဆီကကော ဘယ်လိုလဲ၊ ငွေဈေးကကော၊ ယနေ့လက်ရှိပေါက်ဈေး၊ နက်ဖြန်ဖြစ်နိုင်မည့် အလားအလာ နောက်တစ်ပတ်ကြာ ဖြစ်လာနိုင်မည့် အခြေအနေ။ ပဲနဲ့ဈေးကတော့ မဆိုးပါဘူး၊ ဒါပေမယ့် ပဲသားက နုလှသဗျာ

"ကဲပါဗျာ၊ ဆွဲလိုက်ကြတာပေါ့၊ နောက်မှ ကြည့်ရှင်း"

ဆုံးဖြတ်ချက်ချပြီးနောက် ကိုချစ်ပိန်ပွဲရုံဘက်ပြန်လှည့်၊ ဗာဒံပင်အောက်တန်း လျားလေးမှာ ထိုင်၊ အဖန်ကလေး တစ်ကျိုက်သောက်။

"ဘယ်လိုလဲ ပွဲစားဈေးမပြင်တော့ဘူးလား"

"ကိုချမ်းသာရေ အဝယ်တော် မောင်ရှူးရှားနဲ့ တည့်သွားတယ်ဗျို့၊ ဆိုတဲ့ဈေးပဲ"

အဝယ်တော် မောင်ရှူးရှားဆိုတာ ရှူးရှူးရှားရှား ဝူးဝူးဝါးဝါးနဲ့ဒေါသ အလွန်ကြီးတက်လွန်းလို့ သူ့ကို မောင်ရှူးရှားလို့ခေါ်နေကြတာ။

"သူက မျိုးအတွက် ဝယ်တာတဲ့ဗျို့၊ ဈေးတောင်မဆစ်ဘူးဗျာ"

ကဲ ကောင်းရော၊ ကျွန်တော်တို့က ချိန်ဆ စဉ်းစားနေတုန်းရှိသေး၊ သူက သုတ်သွားပြီ။ သည်နေ့ ကျွန်တော်တို့ အရောင်းအဝယ်လောကမှာ ရှေ့နောက် စဉ်းစားချိန်မရ၊ အိမ်ပြန် မိန်းမနဲ့တိုင်ပင်ချိန်မရ။ ငွေဈေး ရွှေဈေး စနည်းနာနေချိန်မရ။ ဟန်ဆောင်မနေနဲ့ မူမနေနဲ့။ ကြောင်ကလေးကဲ့သို့ ညောင်ညောင် လုပ်မနေနဲ့၊ ရောင်းချင်တယ်နော် ဝယ်သူကို မလွတ်တမ်းဖမ်း၊ ကမန်းကတမ်းရောင်းချ၊ ရောင်းပြီးမှ တက်သွားလည်း ခံပေရော့။ ဝယ်ချင်တယ်နော်၊ တွေ့နေပြီ၊ အောက်တန်းကြိုက်တာတွေ မကြိုက်တာတွေ အသာဘေးချိတ်၊ သိမ်းကျုံးဝယ်ပစ်လိုက်။ ဝယ်ပြီးမှ ဈေးထိုးကျသွား။ မှားသွားပြီ၊ သိတယ်၊ ပြန်ပြင်လို့မရ။ အချိန်မရဘူးဗျာ့၊ အချိန်၊ အခြေအနေ လုလုပ်ကြရတာ။ ကျားများ၊ ခြင်္သေ့များတွေ့ရာသားကောင် မလွတ်တမ်း ဖမ်းအုပ်ကြရသလို ပါပဲဗျာ။ လုဝယ်၊ လုရောင်း၊ ဟန်တာလည်းရှိ၊ မဟန်တာလည်းရှိ၊ ဒါသည်နေ့ မောင်ချမ်းသာတို့ ကျင်လည်နေကြရသည့် လက်တွေ့ဘဝ။

နင့်ကိုငါကြိုက်တယ်၊

ငါ့ကိုနင်ကြိုက်မလား

ဟား... ဟား....

အောင့်နိုင်ဘူး

စောင့်နိုင်ဘူး

ဟူး… ဟူး… မောပဲ့။

လူ့ဘဝ

ဆုံလည်သည့်နွား မရပ်နား။

## ဖွားဖွားထမှ များများရမတဲ့ဗျာ

“ဟဲ့ကောင်မလေး တိုးတိုးပြော၊ နင်ဟာ ငါ့တူမလေး အရင်းခေါက်ခေါက်ကြီးမို့ ပြောတာ၊ သူများဆိုပြောပြပါလိမ့်မယ် စောင့်နေ အားကြီးပဲ”

ကျွန်တော် ဦးနားဝေး အိမ်ထဲသို့ဝင်သွားသောအခါ သူတို့ စကားပြတ်သွားကြလေ၏။

“ဟော… ဦးလေးချမ်းသာ လာပြီ၊ သူ့ကိုမေးရဦးမယ်၊ ဒီမှာ ဦးလေးနားဝေးက ပြောနေတယ်၊ ငွေသုံးသိန်းရင်းရင် တစ်နှစ်မှာ ၁၅ သိန်းလောက်မြတ်နိုင်သတဲ့ ဟုတ်ပဲ့မလား ဦးလေးချမ်းသာ”

“မြတ်နိုင်တာပေါ့ဟ၊ လုပ်တဲ့အလုပ်နဲ့ လုပ်တဲ့လူပေါ်မှာ မူတည်တာပဲ၊ နင့်ကို ဦးနားဝေးက ဘယ်လိုတွေပြောပြနေလို့တုံး”

ကျွန်တော် သူတို့စကားဝိုင်းထဲ ဝင်လိုက်သောအခါ ရေးစုံကွက်စုံသိရလေ၏။ ခင်ရွှေရီဆိုတာက ဦးနားဝေးရဲ့တူမ၊ ဦးနားဝေးနမကမွေးတာ၊ သည်ကောင်မလေး အိမ်ထောင်ကျသွား၊ ပြည်မြို့ကို ပါသွား။ အရက်ဆိုင်ကလေးဖွင့်ထား၊ သူ့ယောကျ်ား ပိန်ညှောင်ကောင်က သည်ဘက်မှာ အစကတည်းက အားသန်၊ အရက်ဆိုင်ဆိုတော့ “လိပ်ဆေး” ပေါ့။ ရောင်းလိုက် သောက်လိုက်၊ ပထမတော့ ညနေပိုင်းလောက်၊

နောက်တော့ နေ့ခင်းရော ညနေပါ၊ နောက်တော့ တစ်နေကုန်၊ နောက်ဆုံး အရက်နှင့်မျက်နှာသစ်လေ၏။ ပုလင်းထဲဦးစိုက်ကျသွား၊ ပုလင်းထဲက ပြန်မထွက်နိုင်၊ အသက်သာထွက်သွားလေ၏။ ခေတ်အရက် ကောင်းချက်ကတော့။

ခင်ရွှေရီ ငယ်ငယ်ရွယ်ရွယ် မုဆိုးမဖြစ် ကလေးနှစ်ယောက်ကျန်ခဲ့။ ယောကျ်ား ပုလင်းထဲနစ်၊ အဖြစ်မလှ၊ သေတော့မယ်ဆိုတာ အကဲခတ်မိတော့ ရွှေကလေးဝယ်စု၊ အမေ့အပ်ထား၊ အခု ယောကျ်ားသေသွားတော့ ရွှေတိုရွှေစကလေးတွေ ဈေးကောင်းရ၊ သုံးသိန်းဆိုလား လက်ထဲရှိ၊ ပြည်မှာအရက်ဆိုင်ဆက်ဖွင့်ဆိုတာက မိန်းမသား တစ်ယောက်တည်းမို့ မတင့်တယ်။ ဒါနဲ့ အောင်လံပြန်ရောက်၊ အခု သူ့ဦးလေး ဦးနားဝေးနှင့် တိုင်ပင်နေခြင်းပါပဲ။ ဘာလုပ်စားရင် ကောင်းမလဲပေါ့။

"ငါက တွက်ပြတယ်ကွ"

ဦးနားဝေးက စကားဆက်လေ၏။

"ဘယ်လိုများလဲဗျာ"

"သူ့ငွေသုံးသိန်း ဆိုပါတော့ကွာ၊ ငါက တတ်လို့တော့ မဟုတ်ဘူး၊ ငါ့အိမ်ဘေးက မောင်ပန်းမောင် လုပ်နေတာကိုကြည့်ပြီး ပြောတာ"

"ပန်းမောင်ကွာ၊ အစကဘာရှိမှတ်လို့၊ လက်ထဲ ၁၀၀၀၀ တောင်ပြည့်အောင် မရှိဘူး၊ အဲဒီငွေရင်း ကချောက်ကချက်ကလေးနဲ့ ဝက်ပုတ်နဲ့ အောင်လံ ခြေကလန်ထိုးနေတာ"

(ဝက်ပုတ်ဆိုတာ ပြည်- ရန်ကုန်ကားလမ်းမပေါ်ရှိ ကုန်စိမ်းအလွန်ထွက်သော ရွာကလေး၊ ခြေကလန်ထိုးတယ်ဆိုတာက မပြတ်မလပ် ကူးကယ်ခေါက်ကယ် ကုန်ကူး ရောင်းဝယ်နေသည်ကို ဆိုလိုသည်။ ကျွန်တော်တို့ တောစကား။)

"အဲဒီအကောင်ကွာ၊ အခု အိမ်အိုကလေးကိုဖျက်ပြီး တိုက်ဆောက်နေပြီ၊ မင်းအမြင်၊ သူလုပ်တာကိုလည်း ကြည့်ဦး၊ ငွေရင်း ၁၀၀၀၀ လောက်ကို ဖွပေးနေတာကွ"

"ဘယ်လိုဖွတာလဲဗျာ"

"မင်းကလည်းကွာ (ညံ့ရန်ကောဆိုသော မျက်နှာနဲ့ ကျွန်တော့်ကိုကြည့်) ဖွတယ်ဆိုတာ ပွားအောင်လုပ်တာကို ပြောတာကွ၊ ရေထဲ ဆပ်ပြာမှုန့်ထည့် မွှေသလိုဟာမျိုးဟာ၊ မွှေတယ် မွှေတယ်၊ ပွထလာတယ်၊ ပွထလာတယ်၊ ဖွားဖွား ဖွားဖွားနဲ့။ သူလုပ်တာက ဒီသဘောကွ၊ မူလအရင်းက ၁၀၀၀၀ ပဲထားကွာ၊ ဒါပေမယ့် ဒီကောင် တကယ်လည်ပတ်နေတာက လေးငါးသောင်းဖိုးကွ၊ ဟိုကခေါက်ပြန်ပေး အကြွေးယူတယ်၊ (၁၀၀၀၀ ရှိလျှင် ၃၀၀၀၀ ဖိုးအကြွေးယူလို့ ရပါ၏။) ဒီအောင်လံမှာ လက်ငင်းလည်း ရောင်းတယ်၊ အကြွေးလည်းပေးတယ်၊ တစ်လ တစ်လကို ၁၀ ခေါက်ထက် မနည်းဘူး၊ ဒီကောင် သွားနေတာ၊ တစ်ခေါက် လေးငါးသောင်းဖိုးပါတာကွာ၊ ၁၀ ခေါက်ဆိုတော့ လေးငါးသိန်းအရင်း ဖြစ်မသွားဘူးလား၊ တစ်လတစ်လ"

"အင်း... ဒီလိုဆိုတော့"

"ဒီလိုဆိုတော့ မင်းတွက်ကြည့်လေ၊ တစ်နှစ်မှာ လည်ပတ်ငွေ သိန်းလေးငါးဆယ် ဖြစ်မသွားဘူးလား"

"တွက်ရေးကိုဗျာ့"

"ဟေ့ကောင်... မင်းကန့်လန့်မတိုက်နဲ့"

ကန့်လန့်တိုက်တယ်ဆိုတာ လှေသမားများ မြစ်ကို ကူးတဲ့အခါ ရွက်ကိုတိုက်ရ ဟိုဘက် သည်ဘက် တည့်တည့်ကြီး မဖြတ်ရဘူးဟု ဆိုလိုပုံရပါ၏။

"ကဲဗျာ... ခေါင်းပဲ တိုက်ပါ့မယ်"

"မင်းကွာ... တော်တော့မလိုလိုနဲ့၊ အဲဒီ တစ်နှစ် လည်ပတ်ငွေပေါ်မှာ အမြတ်ပါးပါးကလေးပဲယူဦး၊ ၁၀ ရာခိုင်နှုန်းလောက်ပဲ ယူဦး၊ ဟော့ကောင်... တစ်နှစ်ဘယ်လောက်အမြတ်ရမလဲ မင်းတွက်ကြည့်"

အမှန်ကတော့ ကုန်စိမ်းဆိုတာ ပါးပါးလေး မြတ်တာမဟုတ်ပါဘူး ခင်ဗျာ။ တစ်ကျပ်ဖိုးရင်းရင် ငါးမူးဖိုးလောက် မြတ်၊ အတုံးလိုက် အတစ်လိုက် မြတ်တဲ့အမျိုးဗျာ။ အဲ... လမ်းမှာ တံတားကျိုးလို့၊ တောင်ပြိုလို့ ကားကိုရပ်ထားနေရရင်တော့ ပုပ်သိုးသွားနိုင်တာပေါ့လေ။ ဆယ်ကွေ့တစ်ကွေ့ ဖြစ်တတ်တာမျိုးပါ။

ကျွန်တော် စိတ်တွက်တွက်ကြည့်၏။ အမယ် ငွေအရင်းကလေး ၁၀၀၀၀ အရင်းခံ၊ လူအပင်ပန်းခံရုံနဲ့ တစ်နှစ်မှာ လေးငါးသိန်း မြတ်နိုင်တာ ကလားဗျာ၊

"အဲဒါ အရင်းရှင်ကွ"

"ဗျာ ဘယ်လို"

"အရင်းသေမနေဘဲ အမြဲရှင်နေလို့ အရင်းရှင်လို့ ပြောတာကွ၊ ရှင်းရှင်းလေးရယ်ပါ၊ မင်းမြန်မာစကား မတတ်ဘူးလား"

ဦးနားဝေး ကျွန်တော့်ကို ဆော်ပြီဗျို့။

"ဒါဖြင့် အရင်းသေဆိုတာ ရှိဦးမှာပေါ့"

"ဟာ ရှိပါပြီလား မောင်ရာ၊ အရင်းသေနေတာ အရင်းသေပေါ့ကွာ" ဆရာ မောင်စူးစမ်း ကယ်တော်မူပါ။ ဦးနားဝေးကို လိုက်မမီတော့ဘူး။

"အရင်းသေဆိုတာ ဘယ်လိုဟာမျိုး"

"ဘယ်လိုဟာရမလဲကွာ၊ အိမ်ဆောက်ပြီး ငှားစားတာမျိုး၊ အတိုးနဲ့ ငွေချေးတာမျိုး၊ ကုန်လှောင်တာမျိုးပေါ့ကွ၊ တို့အောင်လံမှာဆို ဥပမာ ပဲကြီးလှောင်တယ် ဆိုပါတော့ကွာ၊

တပေါင်းလပြည့်က တန်ခူးလပြည့်အတွင်း ပဲကြီးထည့်၊ ဆေးအုပ်၊ လေးငါးခြောက်လကြာ ဝါခေါင်၊ တော်သလင်း ပြန်ထုတ်၊ ဈေးတက်ရင် စားရမယ်၊ ကျရင်ရှုံးမယ်၊ အမှတ်အသားရှိတာတော့ သုံးနှစ်တစ်ကြိမ် အတက်ရှိတယ်"

"ခင်ရွှေမှာ ရှိတဲ့ ငွေကို ပဲကြီးဝယ်ကြည့်စမ်း၊ လှိုင်တုန်းက တစ်တင်း ၅၀၀၀၊ ငွေရင်း သုံးသိန်းခွဲဆိုတော့ တင်း... ရမယ်၊ ၁၀၀၀ တက်ရင် ၇၀၀၀၀ ရမယ်၊ ၂၀၀၀ ဆို ၁၄၀၀၀၀ ပေါ့ကွာ"

"အတိုးပေးမယ်ဆို ၁၀၀ မှာ ငါးကျပ်တိုး တစ်လ ၁၇၅၀၀၊ တစ်နှစ်မှာ နှစ်သိန်းကျော်ရမယ်ကွာ"

"အဲ... ပဲလှော်လှော်မယ်၊ မုန့်ပဲသရေစာ လုပ်ရောင်းမယ်၊ ကုန်ကူးမယ်ဆို မတည်ရင်းနှီးငွေ သုံးသိန်းခွဲဟာ တစ်နှစ်လည်ပတ်ငွေ သိန်း ၂၀၀ လောက်ဖြစ်သွားမယ်၊ ငါးရာခိုင်နှုန်းမြတ်ရင် သိန်း ၂၀ ရမယ်ကွာ"

ငွေကိုဖွပေးရမယ်တဲ့။ အရင်းရှင်တဲ့။ အရင်းသေတဲ့။ ဦးနားဝေးထံမှ ကျွန်တော် အများကြီးရလိုက်ပါ၏။

## ရွှေတောင်ကြီး ပြိုလဲကျသွားနိုင်

"ကောင်ရေ ဖြုတ်စားတာ မဝလို့ လုပ်စားနေပြန်ပြီလေ"

၂၀၀၂ ခုနှစ် ဇူလိုင်လက ဇာတိချက်ကြွေ ဆက်ဆူဝသို့အသွား သမ္မုလဈေးတန်း နဲ့ ဆက်ဆူဝအကြား ယာခင်းထဲတွင် နှမ်းပေါင်းထိုးနေသော ဦးနားဝေးနှင့် တွေ့ရလေ၏။ လမ်းဘေး သူ့ယာခင်းထဲ ဝင်လိုက်သောအခါ အထက်ပါစကားဖြင့် နှုတ်ဆက်လေ၏။ တောင်စောင်းကလေး၊ ပြီးတော့ ကြောပြင်၊ ကြောပြင်ပေါ်က ယာတဲကလေး၊ တဲကလေးမှာ

ခဏနား၊ ရေတစ်ခွက်သောက် အမောဖြေ၊ မတွေ့ရတာကြာပြီဖြစ်သော သူငယ်ချင်းနဲ့ စကားပြော၊ ငယ်ဘဝရောက်၊ ကြီးဘဝရောက်။

"ငါဖြုတ်ဖြုတ်စားလာတာ မင်းအသိ"

ဟုတ်ပါ၏။ ဦးနားဝေးသည် ငယ်စဉ်က အလွန်ချမ်းသာ၏။ မောင်နမ နှစ်ယောက်တည်းရှိ။ သူတို့မိဘများမှာ လယ်တွေလုပ်မကုန်၊ လူငှားနှင့် လုပ်ရ၏။ တန်ဆောင်မုန်း၊ နတ်တော် ကောက်လှိုင်းတိုက်ပြီဆို အားချ တစ်ရွာလုံး ဝိုင်းတိုက်၊ ကောက်လှိုင်းတိုက်သူများကို မနက်အစောကြီး ကောက်ညှင်းပေါင်း အဝကျွေး၊ မနက် ၁၀ နာရီ ၁၁ နာရီ ဆွမ်းခံဝင်ချိန် ကောက်လှိုင်းတိုက် လှည်းတွေ ပြန်လာပြီ၊ ရွာမြောက်ဘက်က လယ်ကွင်းတလင်းထဲမှာ ကောက်ဆိုင်ပုံတွေပုံ၊ ကောက်လှိုင်းတိုက်သူများကို ကြက်သားနဲ့ ကျောက်ဖရုံသီး ရောချက်ထားတဲ့ဟင်းနဲ့ နေ့လည်စာကျွေး၊ ပြန်ချေဦး ညနေတစ်ခေါက်။ ရွာလယ်ခေါင်မှ ဦးနားဝေးတို့အိမ်ကြီးမှာ ဟီးလို့ပါဗျာ။ ပျဉ်ထောင်အိမ် နှစ်ဆောင်ပြိုင်ကြီး၊ အဝေးကပင် မြင်နိုင်ပါ့။

"ငါ ဘာလုပ်စရာလိုလဲကွာ၊ တို့အမေ အဖေမှာ ပစ္စည်းတွေရှိပါ့၊ တို့တစ်သက် စားမကုန်ဘူး ဟော့ကောင်"

ငယ်စဉ် လူပျိုဘဝက ဦးနားဝေးပြောသောစကား ကျွန်တော့်နားထဲခုအထိ ကြားယောင်နေဆဲ။ သူဌေး ပဂေးရဲ့သား ဖြစ်သောကြောင့် မျက်နှာအလွန်ပွင့်၊ အပျိုချောကလေးများက စတင်မျက်စပစ်ရသည်ထိ။ ဦးနားဝေးမင်္ဂလာဆောင်တော့ အခြား တစ်ရွာမှ အပျိုချောကလေးကို သွားတောင်း၊ ကျွန်တော်က လှည်းကြော့ကလေး တစ်စီးမောင်းလိုက်။ မင်္ဂလာလှည်းများ သူ့ထက်ငါ အတင်းကျော်တက်၊ မင်္ဂလာအုပ် လွှင့်ကျမှာစိုးလို့ အတင်းဖက်ထားရ၊ လူ့ငယ်ဘာဝ ပျော်လိုက်သည့်ဖြစ်ခြင်း။ သူ့မိန်းမ လှမှလှ၊ အသားဖြူ၊ ဥစ္စာပေါ၊ ရုပ်ချော၊ နေနဲ့လ ရွှေနဲ့မြ။ တစ်ရွာသူလေး ဆက်ဆူဝပါလာ၊ ဦးနားဝေး ကြွားလို့မဆုံး။ သည်လိုနဲ့ သူက အိမ်ထောင်ကျ၊ ကလေးတွေရ၊ ကျွန်တော်က ရန်ကုန်ရောက်သွား။ လွန်ခဲ့သော အနှစ် ၂၀၊ ၁၉၉၂ ခုနှစ်က ရန်ကုန်မှ

ဆက်ဆုဝသို့ ခေတ္တပြန်လာတော့ လွမ်းလွမ်းနဲ့ ဦးနားဝေးအိမ် ကျွန်တော်ပြေးကြည့်။ အိမ်ကြီးပေါ်မှာ သူမရှိတော့။

"ရှာထိပ်က နတ်စင်ကုန်းပေါ်ရောက်နေပြီ"

ကျွန်တော့်တူကလေးများပြောပြ၍ သိရ။ အိမ်ကြီးကို ရောင်းပစ်လိုက်ပြီ။ လယ်တွေလည်း ရောင်းပစ်လိုက်ပြီ။ သူတို့လင်မယားအတွက် တစ်ကွက်နှစ်ကွက်ပဲ ကျန်ခဲ့။ ဦးနားဝေး သွားတွေ့ သုံးပင် သက်ကယ်မိုးအိမ်ကလေးမှာ နီးဖြာနေတုန်းရောက်သွား၊ သူ့မယားလည်း အနားမှာရှိ၊ ထမင်းအိုးတည်ထားသော မီးဖိုကို မီးပြောင်းနဲ့ကုန်းမှုတ်၊ ဖြူစပြုနေပြီဖြစ်သော ဆံပင်များပေါ်သို့ ပြာတွေကျ။ ငယ်စဉ်က အပြုံးကလေး မပျက်သေး၊ သွားတစ်ချောင်းကျိုးအရွယ်နဲ့ မလိုက်အောင် ရုပ်ကကျနေပြီ။

"ဟဲ့ချမ်းသာ၊ ထမင်းစားသွား၊ ရောက်တုန်းရောက်ခိုက်"

သူတို့ချကျွေးသော ငါးပိရည်ကျိုနဲ့ ပဲသီးပြုတ်၊ ကြက်ဟင်းခါးသီးပြုတ်၊ ချဉ်ပေါင်ဟင်း စားလို့ကောင်းလိုက်သည့်ဖြစ်ခြင်း၊ ထမင်းသုံးခါ ထပ်ထည့်ရ။

"ဟကောင်... မင်း ငါတို့ထမင်းဟင်းတွေ စားနိုင်ပါ့မလား အောက်မေ့နေတာ အတွယ်သားပါလားကွ"

သူ့ထမင်း မြိန်ရေရှက်ရေစားနေသော ကျွန်တော့်အား ဦးနားဝေး ပီတိပြုံးကြီးနဲ့ပြော။

"ကောင်ရေ ပြောမပြောချင်တော့ဘူးကွာ၊ ကုသိုလ်ကံများ"

"မပြောပါနဲ့တော့ဗျာ"

စိတ်မကောင်းစရာများ မပြောကြ၊ ငယ်ငယ်က ထန်းရည် သောက်ကြတဲ့အကြောင်း၊ ကောင်မလေးများကို ပိုးကြတဲ့အကြောင်း ပျော်စရာလေးများ ရေနွေးကြ။

ဟော... အခုတစ်ခေါက်ပြန်တော့ ဦးနားဝေးတို့လင်မယား နတ်စင်ကုန်းက သုံးပင်အိမ်ပေါ်မှာ မဟုတ်တော့ပါ။ ယာခင်းထဲက တဲကလေးပေါ်မှာ။

"တောထဲဝင်နေတာ လေးငါးနှစ်ရှိပြီကွ၊ သာရေးနာရေး အကြောင်းကြီးငယ်ရှိမှပဲ ရွာကို ပြန်ဖြစ်တော့တယ်"

ဦးနားဝေးက သူ့ဘဝ တစ်စွန်းတစ်စကို ဖောက်သည်ချ။ ဦးနားဝေးတဲမှာ ဝအောင် သူစိတ်ကျေနပ်အောင် နေခဲ့ပြီးနောက် ရွာဘက်သို့ခရီးဆက်ခဲ့။ သူက ကျွန်တော့်ထက် အသက်သုံးလေးနှစ်ပဲ ပိုကြီးသည်။ ညီအစ်ကို သူငယ်ချင်းလိုချစ်ခဲ့ကြ။ လမ်းတစ်လျှောက်လုံး သူ့အကြောင်း ခေါင်းထဲကပ်ပါလာ။

"ဖြုတ်စားလို့မဝဘူးကောင်ရေ"

မချိတင်ကဲပြောလိုက်သော သူ့စကားနားထဲမှမထွက်။

"ကျေလဲကျ ကင်စွမ်ပန်"

ကျွန်တော့်မိတ်ဆွေ အသက် ၈၀ ရှိပြီဖြစ်သော တရုတ်ကြီး ဦးပေါင်ပေါင် ခဏခဏပြောလေ့ရှိသည့်စကား ကျွန်တော်သွားသတိရ။

"ကျေလဲကျ ကင်စွမ်ပန်"

ပြည်ကြီးပေါက်တရုတ်ကြီး မပီကလာပီကလာပြော။

"ဗမာလို ဘယ်လိုပြန်ရမလဲဗျာ"

ဦးပေါင်ပေါင်က မြန်မာပြန်ပေးတဲ့စကား။

"ထိုင်စားနေမယ်ဆို ရွှေတောင်ကြီးတောင် ပြိုကျသွားနိုင်တယ်ကွ"

## ဟယ် တယ်မလွယ်ပါလား

"ဦးလေး ကျွန်မရွှေဝယ်ချင်လို့ လိုက်ခဲ့ပါဦး"

ကျွန်တော့်တူမ တင်တင်ရီသည် တောမှ ရောက်ရောက်ချင်း အမောတကော အပူကပ်လေ၏။

"ပိုက်ဆံပေး ငအေးတေးဆိုလို့ဟာ ငွေရှိ ဝယ်လိုက်ပေါ့ဟယ်၊ ရှင်းနေတာပဲ"

"ငွေနဲ့ဝယ်မှာ မဟုတ်ဘူး၊ ရွှေ ရွှေချင်းလဲမှာ၊ ရွာက မင်္ဂလာဆောင်မှာ ဆွဲဖို့"

သည်လိုနဲ့ ဈေးသို့ ရောက်ခဲ့ကြလေ၏။ အောက်တိုဘာ ၁၆ ရက်နေ့က။ ပထမ ဖောင်းဖောင်းတို့ရွှေဆိုင်။

"ဒါလေးက ဘယ်လောက်သားလဲဟင်"

"သုံးကျပ်သုံးရွေး မမ"

"ဘယ်လောက်ကျလဲ တွက်ကြည့်ပါဦး"

ဖောင်းဖောင်းက သွယ်ပျောင်းနေသော လက်ချောင်းကလေးများနဲ့ တွက်စက်ကို နှိပ်၊ ကျသင့်တန်ဖိုးပြော၊ အလျော့တွက်နဲ့လက်ခပါ ထည့်တွက်။ ထိုအခါ ကျွန်တော့်တူမက သူ့အထုပ်ကိုဖြေ၊ ရွှေဆွဲကြိုးတစ်ကုံး၊ အခေါက်မောင်းကွင်း လက်စွပ်တစ်ကွင်း၊ ကျောက်နီလက်စွပ် တစ်ကွင်း၊ ငါးမူးသား ရွှေဒင်္ဂါးပြားတစ်ခုထွက်လာ။

"ဒါတွေနဲ့လဲမယ် ချိန်ကြည့်ဟယ်"

"ဟင်… အစ်မ၊ကျွန်မတို့က ပြင်ပရွှေမဝယ်ဘူး၊ ဒီလိုလုပ်ပါလား၊ အစ်မတို့ရွှေကို ဘေးမှာသွားရောင်း၊ ရတဲ့ပိုက်ဆံနဲ့ ဒီဆွဲကြိုးကိုဝယ်"

"အေး... ကောင်းသားပဲ၊ လာငွါတူမ"

ကျွန်တော့်အသိ ရွှေဆိုင်ရောက်။

"ကြိုးက ၁၄ ပဲရည်၊ ဒင်္ဂါးက အနာလေးပါတယ်၊ ဒီမောင်းကွင်းက အင်း... အဲ... နည်းနည်းဖန်တယ်ဗျာ့"

သူက ရေနွေးကြမ်းသောက်ရင်းပြော။

"ပေးစမ်းဗျာ"

ကျွန်တော်သူ့လက်မှ ရေနွေးကြမ်းကိုယူမော့။

"ဘယ်မှာ ဖန်လို့လဲဗျာ၊ အနေတော်ပါပဲဗျာ"

"ဟာ... ဦးချမ်းသာကလည်း၊ ရေနွေးကြမ်းကိုပြောတာမဟုတ်ဘူး၊ ဒီအခေါက်က နည်းနည်းဖန်တယ်လို့ ပြောတာဗျာ့"

"အို... မသိပါဘူးဗျာ၊ ကဲ... ဖန်တာ ငန်တာအသာထား၊ အားလုံးတွက်စမ်းဗျာ၊ ဘယ်လောက်ရနိုင်မလဲ"

တစ်ခုပြီးတစ်ခုချိန်ကြည့်၊ ဈေးဖြတ်၊ စုစုပေါင်း ရွှေသားအလေးချိန် သုံးကျပ် တစ်မူးသား။ အားလုံး တန်ဖိုးသင့်။ ရမည့်ငွေပမာဏပြော။ (အလျော့တွက်လက်ခမပါ။)

"ငွါတူမရေ... သူပေးတဲ့ဈေးနဲ့ဆို တို့က ၉၀၀၀၀ တောင်လိုက်ရဦးမှာဟေ့"

"ကိုးသောင်းဆို ဦးလေး နမ်းကိုးတင်း ထုတ်ရောင်း ရတော့မှာပေါ့" (နမ်းတစ်တင်း တစ်သောင်း)

"လာ... လာ... ငွါတူမ အခြားဆိုင်သွားကြဦးစို့၊ နင်ဝယ်တဲ့ဆိုင်ကို သွားမယ်၊ ဈေးချင်းတူရင် ခင်ဗျားဆီ ပြန်လာခဲ့မယ်ဗျို့"

ဆိုင်ရှင်ကို နှုတ်ဆက်ထွက်ခဲ့။

"ကျွန်မ ဒီဆိုင်ကဝယ်တာ၊ ဒါတွေအားလုံး"

"အေး... ကောင်းတယ်၊ သူ့ဆိုင်ပြန်ရောင်းမယ်၊ ဟင်... ဆိုင်ကခုထိ မဖွင့်သေးပါလားဟ"

မျက်နှာချင်းဆိုင်မှ ဒန်အိုးသည်မက ထွက်လာ။

"ဖီးဖီးတို့ ဒီနေ့ဆိုင်မထွက်ဘူး ဦးလေး၊ ဘုရားဖူးသွားကြတယ်"

အဲဒါမှ ဂွပဲ။ သည်ဆိုင်ကလုပ်တဲ့ ၁၅ ပဲရည် ဟိုဆိုင်က ၁၄ ပဲတဲ့။ အခေါက်က နည်းနည်းဖန်သတဲ့။ ခက်ဘူးလား။ မခက်ပါ၊ ကျွန်တော့်အသိ ရွှေဆိုင်တွေမှ ပြည့်လို့။ ကျွန်တော်တို့ ဦးသာဝဆိုင်ရောက် တွေ့ပါပြီ၊ နို့အုံကြီးနှစ်လုံးက ကျောက်ဖရုံသီး အလယ်က ပိုင်းပြီးကပ်ထားသလိုပဲ။ ဗိုက်ကြီးက အချိန်နှစ်ဆယ်ဝင် စဉ့်အိုးလောက်ရှိတယ်ဗျာ့။

"ဘာကိစ္စလဲ ဦးချမ်းသာ၊ ငွေချေးချင်လို့လား (သူ့ဆီက ငွေအမြဲချေးနေကျ) မျက်နှာက ပြုံး၊ မျက်လုံးက အရောင်တဖိတ်ဖိတ်တောက်၊ ဗိုက်ကြီးလက်ဝါးနဲ့ပွတ်ရင်းပြော။

"ငွေချေးရအောင်လာတာ မဟုတ်ဘူးဗျာ့၊ ရွှေရောင်းချင်လို့"

အမှတ်မထင် ခွေးချေးတုံး ဝါးစားမိသကဲ့သို့ မျက်နှာတွေသွား။

"ရွှေမဝယ်ချင်ဘူးဗျာ၊ ရောင်းပဲရောင်းချင်တယ်"

လေသံပျော့ကလေးနဲ့ပြော။

"ဘာကြောင့်လဲဗျာ"

"ရွှေဈေးက နောက်ကထိုးကျနေတယ်ဗျာ"

မဟန်သေး။ ကျွန်တော့်တူမ လက်ကုပ်၊ ခပ်သုတ်သုတ်ထွက်ခဲ့။

"ညည်းတို့ဆီက ဝယ်တုန်းက ၁၅ ပဲရည်ပြောပြီး ရောင်းလိုက်ကြတယ်၊ ခုတို့ တစ်ဈေးလုံးက ရွှေဆိုင်တွေ လိုက်ပြပြီးပြီ၊ ၁၃ ပဲလို့ပြောနေကြပါလား"

တောသူမသုံးယောက်က အော်ကြီးဟစ်ကျယ် ပြောနေကြလေ၏။ ချိုချောင် ဝါးနဲ့တော့ သူမ မစွာကျယ်တို့တွေ့ကြလေပြီ။ ချောင်ချောင်တို့ဖွင့်ထားသော "ဝါးရီး" အမည်ရှိဆိုင်ရှေ့မှာ။

"အစ်မကြီးတိုးတိုးပြောပါ"

"ဟော့... တို့တောသူမတွေက ကျယ်ကျယ်ပဲပြောတတ်တယ်၊ မဟုတ်ဘွင်းဘွင်း ဟုတ် ဘွင်းဘွင်းပဲအေ့၊ ညည်းတို့ကတောသားနာပေါက်ဆိုပြီး ဆော်တာပေါ့လေ၊ ဘယ်နယ် ၁၃ ပဲရည်ကို ၁၅ ပဲရည်တဲ့တော့"

ချောင်ချောင်ယောကျ်ား ဝါးဝါးဆိုသူ ပျာပျာသလဲထွက်လာ။

"အစ်မရေ... မှားရောင်းလိုက်မိတာပါ၊ ကျွန်တော့်ရွှေပြန်ပေး၊ အစ်မတို့ပိုက်ဆံ ပြန်ယူပါ၊ ကျေပါနော်"

ဝါးဝါးက ဖုံးဖုံးဖိဖိပြော၊ သူ့ရွှေယူ၊ ငွေပြန်ပေး။

"လာဟေ့... ငါ့တူမ၊ တို့ကြားညပ်နေပါဦးမယ်၊ တစ်မျိုးကြံကြသေးတာပေါ့ဟယ်"

ကျွန်တော်တို့ တူအရီးနှစ်ယောက် အိမ်သို့ပြန်ရောက်၊ ရေအိုးစင်မှ ရေအေးအေး တစ်ခွက်ခပ်သောက်။

"ပေးစမ်း နင့်ရွှေတွေ"

ဆွဲကြိုးက ဂျိတ်ကိုဖြေ၊ ရွှေဒင်္ဂါးထိပ်က ကွင်းကလေးထဲ ဆွဲကြိုးအစကိုထည့်၊ လက်စွပ်က ကွင်းတွေကိုထည့်၊ ဂျိတ်ကိုပြန်ပိတ်။

"ရော့ ဆွဲကြည့်စမ်း၊ ဟိုဆွဲကြိုးက သုံးကျပ်သုံးရွေး၊ အခု နင့်ဆွဲကြိုးက သုံးကျပ်တစ်မူးသားတောင် ရှိပါတယ်ဟာ"

"ဝက်သားတွဲကြီးလိုပဲ၊ မလှဘူး"

(တောရွာများတွင် ဝက်သားကိုနီးနဲ့တွဲပြီးရောင်းကြသည်)

"ဝက်သားတွဲမကလို့ အမဲသားတွဲပဲဖြစ်ဖြစ်ဟယ်၊ နင့်ရှိတဲ့ရွှေနင်ဝတ်တာ ဘယ်သူ့ဘာမှုရမလဲဟယ်၊ ဟုတ်ဘူးလား"

"အင်း... ဟုတ်"

ဘယ်နှယ်ဗျာ၊ သုံးကျပ်သားချင်းအတူတူ ကိုးသောင်းတောင် ထပ်လိုက်ရဦးမယ်ဆိုတော့။

ဟင်... တယ်မလွယ်သေးပါလား။

## အစိမ်းရဲ့သဘော အိမ်ပြန်မိန်းမနဲ့ တိုင်ပင်လိုက်ပါဦးမည်

"ကျွန်တော်တို့ အရောင်းအဝယ် လောကမှာ မိတ်ကောင်းဆွေကောင်းဟာ အရေးကြီးဆုံးပဲဗျာ့"

ဩဂုတ်လ ၃ ရက်နေ့က အောင်လံမြို့ မြောက်ပိုင်း ရှေ့ဆောင်ပွဲရုံသို့ ရောက်သောအခါ ပွဲစားကြီးဦးစိုးညွန့်ရွှေက အထက်ပါအတိုင်း နိဒါန်းချီလေ၏။

"အင်း... ခင်ဗျားတို့က ပွဲစားလက်ဟောင်းကြီးတွေဆိုတော့ လူ့သဘောကို နောကျေနေပြီပေါ့လေ"

"ဒီလိုဗျာ့ ကိုချမ်းသာရ၊ ကျွန်တော်တို့အောင်လံမှာ အဝယ်တော် ၁ဝ ဦးရှိတဲ့အထဲမှာ လူအမျိုးမျိုး စိတ်အထွေထွေပေါ့ဗျာ"

ကျွန်တော်သည် "အင်း" လိုက်ရင်း သူ့ဆီမှ ပွဲစားပညာကို သင်ယူနေလေ၏။

"အဲဒီ ၁ဝ ဦးထဲမှာ နှစ်ဦးသုံးဦးဟာ သဘောထား တော်တော်ပြည့်ဝကြတယ်ဗျာ့။ သူ့ဘက်ကိုယ့်ဘက်မျှတယ်"

သူက နာမည်တွေထုပ်ပြော၏။

"ဟာ... တစ်ယောက်ကတော့ဗျာ၊ သူ့ဂွင်ထဲဝင်ပြီဆို လည်ပင်းလျှာထွက်အောင် ညှစ်တော့တာပဲဗျို့၊ သူ့ကိုတော့ ကျွန်တော်က "မရှိပေါင်း" ပဲဗျာ့"

သူ့ပွဲရုံသို့ ပဲတီစိမ်းအိတ် (တစ်အိတ်ပိသာ၃ဝ) ၁ဝဝ မှ ၅ဝဝ အထိ နေ့စဉ် ဝင်လေရာ အဝယ်တော်များနှင့် အမြဲ နပန်းလုံးနေရသော ပွဲရုံဖြစ်ပါ၏။

"ပဲတီစိမ်းလှောင်ရင် ဘယ်နှယ့်နေမလဲဗျာ"

ကျွန်တော်က ကိုလိုချင်တာ ဆွဲပြောလိုက်၏။

"ခင်ဗျားဘာသာ ဆုံးဖြတ်ဗျာ၊ ပဲတီစိမ်းရဲ့သဘောကို ပြောပြမယ်"

အောင်လံတွင် ယခုနှစ် ပဲတီစိမ်း အထွက်ကောင်းတယ်ခင်ဗျာ့၊ ကျွန်တော် ခန့်မှန်းတာက မေလ ၅ ရက်နေ့မှာ ထွန်လို့ယက်လို့ဖြစ်လောက်အောင် မိုးရွာလိုက်တော့ စိုက်ရက် အပင်လုပ်ရက်ကိုတွက်ပြီး ဇူလိုက် ၁ဝ နေ့ပေါ်မယ် မှန်းခဲ့တယ်။ မှန်းတာထက် သုံးရက်စောပြီး ခုနစ်ရက်နေ့မှာ ပဲတီစိမ်းစဝင်တာပဲ။ စပေါ်ပေါ်ချင်း အချိန် ၂ဝ တစ်တင်းကို ၆၂ဝဝ နဲ့ဈေးဖွင့်ခဲ့ကြတယ်ဗျာ။ ၆၃ဝဝ-၆၄ဝဝ ဇူလိုင် ၂၈ တနင်္ဂနွေနေ့မှာ ၆၅ဝဝ ဖြစ်တာပါပဲ။ အဲသည်နောက် ဆက်တက်၊ ဩဂုတ်လ ၃ ရက်နေ့ စနေနေ့ကျတော့ နည်းနည်း ပြန်အေးချင်သလိုလို (စနေ၊ တနင်္ဂနွေ ဘဏ်ပိတ်ရက်၊ ငွေလွှဲမလာ၊ သီးနှံဈေးများအီတက်၏။ ထုံးစံ။)

"အတက်ကြမ်းတယ်လို့ ဆိုရမယ်ဗျာ့၊ ဒီဈေးမနေသေးဘူး ကိုချမ်းသာ တက်ဖို့ အလားအလာ ရှိသေးတယ်ဗျာ"

"အဟုတ်လား ပွဲစား"

"စောင့်ကြည့်လေ"

"ဒါဆို ဝယ်ထားရင် ဘယ်နှယ့်နေမလဲ"

"ခက်တယ်ကိုချမ်းသာ၊ မိုးပဲတီစိမ်းက "အထပ်" မခံချင်ဘူးဗျာ့" (အိတ်နဲ့ထည့်ပြီး ထပ်ထားသည်ကို အထပ်ဟုခေါ်သည်)

"ပဲတီစိမ်းဟာ အသီးရဲ့ အခွံစိမ်းရာကနေ ရင့်မှည့်လာပြီ၊ အဆန်ရင့်ပြီ၊ ကျောက်စိမ်းလို ပြောင်လက်နေပြီ၊ အခွံက မည်းသွားပြီ၊ ခြောက်သွားပြီဗျာ၊ ဆွတ်လို့ရပြီပေါ့ခနော်။ (ပဲတီစိမ်းဆွတ်သည်ကို ပဲခြောက်ကောက်သည်ဟု ခေါ်သည်။)

"အဲ... ရင့်လို့ ခြောက်လို့ ကောက်တဲ့အခါ မိုးထဲရေထဲ လုပ်ရတာဆိုတော့ အခွံမှာ အစိုဓာတ်က ရှိနေတယ်၊ အခွံမှာရှိနေတဲ့ အစိုဓာတ်က အဆန်ကို သွားဟပ်တယ်ဗျာ့၊ အဲဒီတော့ အဆန်ဟာ ကောင်းကောင်းမသွေ့ခြောက်ဘဲ ဖြစ်နေတယ်"

"ပဲခြောက်ကောက်ပြီး နေလှန်းမနေတော့ဘဲ ခြွေလှေ့စက်ပေါ်တင် ခွဲလိုက်တယ်ဗျာ၊ စက်ကထွက်လာတာကို အိတ်နဲ့ထည့်ပြီး ပွဲရုံလာချတယ်ဗျာ၊ ဝိတ်(အချိန်) နဲ့ ရောင်းစားရတာဆိုတော့ အချိန်လျော့မှာ စိုးတာကိုးဗျာ"

"ဟုတ်တာပေါ့ ပွဲစား၊ သူသူကိုယ်ကိုယ် လူ့သဘာဝ ရသလောက် ယူချင်ကြတာ ပေါ့ဗျာ၊ ဘယ်အလျော့ခံချင်ပါ့မလဲ"

"အဲဒီလို ဝိတ်လျော့မှာစိုးလို့ ဖုတ်ပူမီးတိုက် ပွဲရုံလာချတော့ ထပ်ထားမယ်ဆို အရည်အသွေးက ကျသွားနိုင်တယ်ဗျာ့စျ အရောင်ဖျော့လာမယ်၊ မိုးမိရေစိုလာမယ်ဆို

ပိုဆိုးတာပေါ့၊ အရောင်ပျက်ရုံတင်မဟုတ်ဘူး၊ တစ်စေ့နဲ့တစေ့ ကပ်ပြီး အခဲလေးတွေ ဖြစ်သွားနိုင်တယ်ဗျ၊ ဒါကြောင့် အထပ်မခံဘူးလို့ပြောတာ”

“ထပ်ထားလို့ အရောင်ပျက်သွားမယ်၊ ခဲသွားမယ်၊ ထွေးသွားမယ်ဆို အဝယ်ဘက်က ငြင်းမယ်ဗျာ”

“ဟုတ်တာပေါ့”

“ဈေးမြောက်လာမယ်ဆိုတာ အကဲဖမ်းလို့ရတယ် ကိုချမ်းသာရဲ့၊ ဒါပေမယ့် ကျွန်တော်လည်း ထိန်းမထားရဲဘူးဗျာ၊ ရောက်လွှတ်ပဲ”

“အင်း... ပဲတီစိမ်းရဲ့သဘောက အခတ်သားပါလား”

“ဒီလိုတော့ရှိတယ် ကိုချမ်းသာရဲ့၊ ဝယ်၊ ခြောက်နေအောင်လှန်း၊ အစေ့ကို သွားနဲ့ကိုက်ကြည့်လို့ “ဂျွတ်” ခနဲနေပြီဆိုတော့မှ အိတ်ထဲထည့် ထပ်ထားလိုက်ရင်တော့ စိတ်ချရမယ်ဗျ၊ မပျက်နိုင်တော့ဘူး”

“အဲဒီလို “ရှယ်” ပြန်ကိုင်လိုက်မယ်ဆို ဝိတ်ကလျော့သွားမှာပေါ့”

“ဟာ... သေချာတာပေါ့ကိုချမ်းသာရယ်”

“ဈေးကျသွားရင် ပိုဆိုးမယ်နော်”

“အမယ်လေး ကိုချမ်းသာ၊ ဝိတ်ကလျော့၊ ဈေးကကျဆိုရင်တော့ အမြီးနတ် ခေါင်းနတ်နဲ့ ဘာကျန်တော့မလဲဗျာ၊ ပဲတီစိမ်းရဲ့သဘောက ငါးရှဉ့်ဖမ်းဆုပ်ရသလိုပဲဗျ၊ အကိုင်ရခတ်တယ်၊ အဲဒါပဲကိုချမ်းသာ၊ အကျိုးအကြောင်း အဆိုးအကောင်းကို ပြောပြလိုက်ပြီ၊ လှောင်ဖို့မလှောင်ဖို့ကတော့ ခင်ဗျား သဘောပေါ့ဗျာ၊ လှောင်မယ်ဆို အိတ် ၁၀၀ လား၊ အိတ် ၂၀၀ လား၊ အခုကျွန်တော် သိမ်းခိုင်းလိုက်မယ်”

“ဟာ... ဟာ... နေပါဦးပွဲစားရဲ့၊ အိမ်ပြန်မိန်းမနဲ့ တိုင်ပင်ပါရစေဦးဗျာ”

"အဲ... အဲဒါကောင်းတယ်"

## ဟာကွာ မင်းတို့ အရေးတကြီး

"ကရင် ရင် ကရင် ရင်"

၂၀၀၂ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့ နေ့လည်စာစားပြီး ထမင်းလုံးစီနေစဉ်။

"ဟဲလို... အန်ကယ်လား၊ ကျွန်တော် အောင်မျိုးသန့်ပါ"

"အယ်... ဆို ကိုမျိုး"

"ဟိုလေ ကျွန်တော် အပ်ထားတဲ့ ပိုက်ဆံကလေး စက်တင်ဘာလကုန်မှာ ပြန်လိုချင်လို့၊ အန်ကယ်က တစ်လ ကြိုတင် အကြောင်းကြားဆိုလို့"

"ရတယ်ကိုမျိုး၊ ရတယ်၊ အောက်တိုဘာလဆန်း ဆက်ဆက်ပို့လိုက်မယ်နော်၊ စိတ်ချနေ"

တူတော်မောင် အောင်မျိုးသန့်က ကျွန်တော့်ကို အပ်နံထားတဲ့ငွေကို ပြန်ယူလို၍ ကြိုတင် အကြောင်းကြားတော့ ငွေရှာဖို့ အချိန်ရတာပေါ့၊ သည်အစီအစဉ်ကောင်းတယ်။ ယခုမှမဟုတ်၊ လွန်ခဲ့သော ၁၅ နှစ် ၁၉၈၇ ခုနှစ်က သည်လိုမျိုးကြုံခဲ့ဖူးလေပြီ။ တစ်ညနေအခါ ကိုအောင်စိုးနှင့် မရင်သိန်းတို့ လင်မယား ပေါက်ချလာကြတယ်ဗျာ့။

"ငွေပြန်ယူချင် သုံးလကြိုတင်အကြောင်းကြားဆိုလို့ လာခဲ့တာပဲ ငါ့ညီရေ"

ထိုစဉ်က ကျွန်တော် ကြက်မွေးနေ၏။ ဥစားကြက်မများ တိုးချဲ့မွေးလိုသဖြင့် သူတို့ထံမှငွေ ၁၀ လျှင် လေးကျပ်တိုးနှင့် ငွေ ၂၅၀၀ သည် ကြက်အကောင် ၂၅၀ ရလေ၏။ ဥကြက်မကြီးတစ်ကောင် ၁၀ ကျပ်နှုန်း။

"အား... ရပါတယ် ကိုအောင်စိုး"

ကျွန်တော်ပြက္ခဒိန်မော့ကြည့်၊ ၁၃၄၉ ခုနှစ် ဝါခေါင်လပြည့်နေ့ တနင်္ဂနွေ၊ ၁၉၈၇ ခုနှစ် ဩဂုတ်လ ၉ ရက်။

"ကိုအောင်စိုး ဒီနေ့ ဝါခေါင်လပြည့်နေ့ဗျာ၊ ဒီနေ့ကနေ စရေတွက် တန်ဆောင်မုန်းလပြည့်နေ့ မပျက်မကွက် ဆက်ဆက်ရစေ့မယ်ဗျာ၊ ည ၉ နာရီထက် နောက်မကျစေရဘူး၊ အခု ခင်ဗျားတို့လာတဲ့အချိန်"

ကျွန်တော်တို့သည် ငွေပေးရမည့်ရက်ကို အတိအကျ သတ်မှတ်လိုက်ကြ၏။

"ကဲ... မိန်းမရေ၊ ရှိတဲ့အခါ တန်ဆာ၊ မရှိတဲ့အခါ ဝမ်းစာပေါ့ကွာ"

ကျွန်တော်တို့ ရန်ကုန်မှာ လုပ်ခဲ့သော ဆောက်ဖြတ်လက်ကောက်လေးကွင်း၊ နစ်ကျပ်သား အုန်းဆံကြိုးခေါ် ရွှေဆွဲကြိုးလှတပတကြီးတစ်ကုံး ရောင်းလိုက်ကြ၏။ ငွေလိုနေသေးသဖြင့် ရေပြည့်ရွာမှာ အမွေရထားသော ယာခင်းကွက်ကို ထုတ်ရောင်းလိုက်ကြပြန်၏။ ဒါလည်း မပြည့်သေး။

"မလေးရေ... သမီးနားကပ်လေး ဖြုတ်လိုက်မယ်"

အဲဒါတောင် ငွေ ၁၀၀၀ က ကြံဖန်ပြီးလိုနေသေးတယ်ဗျာ၊ ဖြစ်ပုံ။

"ဟေ့ကောင် ဘိုစိုး၊ ဆက်ဆူဝကို သွား၊ ဆက်ဆူဝမင်္ဂလာဆောင်မှာ ကိုကြီးညီတိုး အချိန် ၈၀ ထွက် ဝက်ကြီးကို သွင်းမယ်ကြားတယ်၊ ငါစာရေးပေးလိုက်မယ်၊ ငွေ ၁၀၀၀ သွားဆွဲချေကွာ"

ဘိုစိုး ဆက်ဆူဝသို့သွား၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့ ဆက်ဆူဝမှ ပြန်ရောက်။

"ရခဲ့လားကွ"

"မရခဲ့ဘူးဦးလေး၊ မိုးတွေ တအားရွာလို့ မင်္ဂလာဆောင်ကို တစ်ပတ် ထပ်ရွှေ့လိုက်တယ်၊ ဝက်မပေါ်ဖြစ်သေးဘူး"

"ဟာ... သေရောကွာ"

သည်မှာ အလိုလိုမှ အရေးကြီးပါတယ်ဆိုကာမှ မင်္ဂလာဆောင် ရက်ရွှေ့တာနဲ့ ကြုံရသဗျာ၊ ဖြစ်ရလေမောင့်ကံ။ သည်လိုနဲ့ တန်ဆောင်မုန်းလပြည့်နေ့သို့ရောက်၊ ဘယ်လိုကြံပါ့ မောင်ကြံရယ်၊ သူ့ရက်စေ့တော့မယ်။ ကံကောင်းချင်တော့ သမ္မုလ ဈေးတန်းမှ ကားအုံနာ ဘိုငယ် (အငယ်ကောင်) ကျွန်တော့်အိမ်ရှေ့ကားလာရပ်၊ တောကုန်တွေနဲ့။

"ဟေ့ ဘိုငယ်"

"ဘာကုန်တင်ဖို့ရှိလဲ ဦးလေး"

"ကုန်တင်ဖို့တော့ မရှိဘူးကွ"

ကျွန်တော်သူ့အိတ်ကပ်ထဲကို ကြည့်၊ အိတ်ထဲမှာ ပိုက်ဆံတွေ။

"ဘိုငယ်ရေ ငွေသုံးရာလောက် ခဏလှည့်စမ်းပါ၊ နှစ်ရက် သုံးရက်ပဲကြာမှာ"

"ရတယ် ဦးလေး၊ ရော့"

သုံးရာတော့ ရပြီ၊ မြို့ထဲသွားဦးမှ၊ ပွဲစားဦးစံပေ၊ မမကြည်တို့အိမ်ရောက်။

"မမကြည်ရေ... ငွေ ငါးရာလောက်ခဏချေးစမ်းပါ၊ သိပ်မကြာစေရပါဘူး"

မမကြည်က စားပွဲအံဆွဲထဲမှ ငွေငါးရာထုပ်ပေး။ အိမ်ပြန်ခဲ့။ အကြွေးကအိုက်နေပြီ။

"မိငယ်ရေ... ငွေနစ်ရာလိုသေးတယ်ကွ၊ တို့မှာ ထပ်ထုပ်စရာမရှိတော့ဘူး၊ ဘယ်နယ့်လုပ်ရပ့်၊ ဥကြက်မကြီး အကောင်နစ်ရာလောက် ထုပ်ရောင်းလိုက်ရ ဘယ်နယ့် နေမလဲ"

"ဟာ... မောင်ကလည်း ကြက်မတွေရောင်းလို့ တစ်ပိသာမှ ၁၃ ကျပ်ပဲရမှာ၊ တစ်ရာတန်ကြက်မကို ၁၃ ကျပ်နဲ့တော့ ရောင်းမပစ်ပါနဲ့မောင်ရယ်"

ဥစားကြက် ကြက်မတစ်ကောင် တစ်ရာပေါက်သော်လည်း အသားဈေးနှင့် ရောင်းသောအခါ ကြက်ကုလားမက တစ်ပိသာ ၁၃ ကျပ်ပဲပေးတာဗျာ၊ သူက သတ်ပြီး ပြန်ရောင်းတော့ တစ်ပိသာ ၁၅ ကျပ်။ သူက ဥစားတွေဘာတွေ နားမလည်ဘူး၊ အသားဈေးနဲ့ပဲတွက်တာ။ ခက်တော့နေပြီ။ ညနေကလည်းစောင်းလာလေပြီ။ ငွေပေးရမယ့် အချိန် နီးသည်ထက်နီးလာပြီ။

"အဟမ်း... အဟမ်း"

အိမ်ရှေ့မှာ လူရိပ်ကို မြင်လိုက်၏။ ငွေလိုပါတယ်ဆိုမှ ဧည့်သည်ကလာချေပြီ။ စရိတ်ကလည်း တက်ဦးမည်။

"ဟင် မောင်လေး တင်အေးပါလား၊ လာမောင်လေး"

ကျွန်တော့်မိန်းမ ခင်မိငယ်ရဲ့မောင် ကိုတင်အေး မြို့လုရွာမှလာခြင်းဖြစ်ပါ၏။ သူလာလျှင် ပွဲရုံမှာ မတည်း၊ ပွဲရုံမှာ မစား၊ ကျွန်တော်တို့အိမ်မှာ တည်းနေကျ၊ စားနေကျ။ ဟင်းကောင်းကလည်း ကြိုက်တက်ပါဘိ။ ကိစ္စမရှိ၊ ခြံထဲဆင်းကောက် ကြက်ဥကြော် ကျွေးလိုက်ရုံပဲ။

"မောင်လေး ဘာလာလုပ်တာလဲ"

သူ့နမကမေး။

"ဈေးသုံးလိုလို့ နမ်းကလေးလာရောင်းတာ"

သူ့မောင်ကဖြေ။

"ဘယ်ဈေးရောင်းရတုံး၊ ငွေရှင်းခဲ့ပြီလား"

"မရှင်းရသေးပါဘူးဟာ၊ အလွယ်သုံးဖို့ ငွေလေး သုံးရာထဲယူခဲ့တယ်၊ မနက်ကျမှ ငွေရှင်း၊ ဈေးဝယ်ပြီး ပြန်မယ်"

"မောင်လေး ငွေနှစ်ရာလောက် ခဏ ချေးပေးစမ်းပါ"

"အေး… ရပါတယ်"

"ရပါတယ်ဆို ခပေး၊ ခုကို အရေးကြီးနေတာ"

ငွေ ၂၅၀၀ ပြည့်သွားပါပြီ။ ကျွန်တော်နာရီ ကြည့်တော့ ည ၈း၃၀ နာရီ။

"မောင်ရေ… မြန်မြန်သွားကြစို့"

လင်မယားနှစ်ယောက် ကိုအောင်စိုးတို့အိမ်ရောက်။

"ဗျို့ကိုအောင်စိုး… ကိုအောင်စိုး… အစောကြီးရှိသေးတယ်၊ အိပ်တော့မလို့လား ဗျာ့"

ကိုအောင်စိုးတို့လင်မယား တံခါးလာဖွင့်ပေး။

"မင်းတို့ ဘာလာလုပ်ကြ…"

"ငွေလာပို့တာလေဗျာ၊ ရက်ချိန်းစေ့နေပြီပဲဟာ"

"ဟာကွာ… မင်းတို့အရေးတကြီး"

ပြောမည့်သာပြောတာခင်ဗျာ့၊ သူတို့မျက်လုံးလေးလုံးက ငွေထုပ်ပေါ်ရောက်နေပြီ။

"မင်းတို့နယ်ကွာ ညကြီးမိုးချုပ် နောက်နေ့မှ လာပေးလည်း ပြီးတဲ့ဟာ"

"ရက်ကူးလို့ ဘယ်ဖြစ်မလဲဗျ၊ ကျွန်တော့် ကတိ ပျက်သွားမှာပေါ့၊ ကတိပျက်ရင် အလကားကောင်ဖြစ်သွားမှာ"

နာရီမော့ကြည့် ည ၉ နာရီ ကွက်တိ။

(တကယ်ဖြစ်ခဲ့တာဗျာ။)

## ဩော် ပေါ် စိန်ခေါ်တယ်လား၊
## အို သည်လောက်များတော့ဟယ်

၂၀၀၂ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်၊ တန်ဆောင်မုန်းလပြည့်နေ့၊ ကျွန်တော်တို့အဖွဲ့သားများ အားခဲထားသောနေ့၊ အသားကုန်ရောင်းချလိုက်မည်ဟု မောင်းတင်ထားသောနေ့။ ကျွန်တော် နံနက် ၅ နာရီ အိပ်ယာမှထ၊ အောက်ရှင်း၊ ဘုရားရှိခိုး၊ ဆိုင်ရှေ့တံမြက်လှည်း၊ ဆိုင်အတွက်လိုအပ်သည့် ပစ္စည်းများဝယ်ရန် စာရင်းလုပ်။ နံနက် ၈ နာရီထိုးပြီ။

"ဇော်မြင့် မရောက်သေးဘူးလားဟေ့"

"မရောက်သေးဘူး ဘဘ"

"မိသဲရော"

"သူ့အမေက ဆေးရုံတင်ထားရလို့ ဒီနေ့ အလုပ်မဆင်းနိုင်ဘူးလို့လာပြောတယ် ဘဘ"

"ရွှေပြားရောဟ"

"ပွဲတော်ရက် ညည့်သည်တွေရောက်နေလို့ အလုပ်မလာနိုင်ဘူးလို့ ညက ပြောသွားတယ်"

ဟောဗျာ... အတက်လှည်း စည်းကုံးပြတ်ပြီ။ (လှည်းသန်နဲ့ ထမ်းပိုးတုံးဆုံရာမှာ စည်းချည်ထားသော ကြိုးကို လှည်းစည်းကုံးဟု ခေါ်သည်။ ဝန်တင်လှည်း တောင်အတက်မှာ စည်းကုံးကြိုးပြတ်သည်ကို အတက်လှည်း စည်းကုံးပြတ်ဟခေါ်သည်။ လှည်းသမားစကား။) ဘယ်နယ့်ဗျာ... လွန်ခဲ့တဲ့ လေးငါးရက်ကတည်းက ပတ်ကြို ညှိထားတာ။ လဆန် ၁၃၊ ၁၄ လပြည့်နေ့ ဈေးရောင်းကောင်းလိမ့်မည်၊ ဝယ်သူ တအားကျလိမ့်မည်၊ တအားရောင်းရလိမ့်မည်၊ မည်သူမျှ မပျက်ကွက်ကြနဲ့၊ အားမွေးထား။ သေချာမှာပြီးသား။ ဖြစ်ချင်တော့ မန်နေဂျာက လဆန်း ၁၃ ရက်နေ့က ရန်ကုန်ဆင်းသွားရသည်။ သူ့မင်္ဂလာဆောင်ရန်အတွက် သော့ချိတ်လုပ်ရန်။ အဲသည်တော့ ကျွန်တော်က မန်နေဂျာနေရာမှာ တာဝန်ယူ၊ မန်နေဂျာလက်သစ်။ ပြည်ရွှေဆံတော် ဘုရားပွဲတော်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်မှ လပြည့်ကျော် ၂ ရက်နေ့အထိ။ ၁၂၊ ၁၃၊ ၁၄ လူစည်မည်။ လပြည့် ၁၅ ရက် လူအစည်ဆုံး၊ ရောင်းအကောင်းဆုံး၊ အစောကတည်းက သတင်းက ရပြီးသား။ ဟော... အခု မန်နေဂျာက ခရီးလွန်၊ အလွန်အားထားရသော လူနှစ်ယောက်စလောက် လုပ်နိုင်သော အဖျော်ဆရာ မောင်ဇော်မြင့်က ပေါ်မလာ။ အမုန်က နံနက် ၈ နာရီ အလုပ်ဆင်းရမှာ။ ဖန်ခွက်ဆေးတာဝန်ခံ မိသဲက မဆင်းနိုင်၊ ထမင်းချက်၊ နို့အိုးကျိုမရွှေပြားကလည်း မလာရောက်နိုင်။

၁၂ ရက်နေ့ ပုံမှန်၊ ၁၃ ရက်နေ့ ငြိမ့်ငြိမ့်လေး၊ ၁၄ ရက်နေ့ရောင်းအားကောင်း။ ဟော... အခု လပြည့်နေ့၊ မောင်းတင်ထားသောနေ့၊ ရှက်မစုံ၊ တက်မစုံ။ ရုတ်တရက် လေမုန်တိုင်းကျ၊ သီချင်းကလေး တအေးအေးနဲ့ ငြိမ့်ငြိမ့်ကလေးပြေးနေသော လှေသည် ဝုန်းခနဲတုန်ခါသွားလေ၏။ လူကိုးယောက် တက်ညီလက်ညီလုပ်မှ လည်ပတ်သော အလုပ်၊ ယခု ငါးယောက်နဲ့ နိုင်အောင်လှော်ခတ်ရပေတော့မည်။

"ကဲ... တို့လူတွေ စိတ်မလျှော့နဲ့၊ မင်းတို့ငါတို့ ဘယ်လောက်လုပ်ပြနိုင်သလဲဆိုတာ လူစွမ်းပြရတော့မှာ"

"ညီလေးကြီး မင်း အိုက်စကရင် စပ်တက်လား၊ ကူးလ်ဖီလ်စပ်တက်လား၊ လုပ်ကွာ၊ ငါမြည်းကြည့်မယ်"

ညီလေးကြီး၊ ရဲလင်းအောင်၊ ဝဏ္ဏ အားကုန်ရုန်းကြလေ၏။ ညှစ်ထုတ်ကြလေ၏။ ငါပဲ့။ အိုက်စကရင် ရပြီ၊ ကူးလ်ဖီးလ်ဖြစ်ပြီ။ ဘာကြောင့်မဖြစ်ရမှာလဲ၊ မဖြစ်ရင် ဖြတ်ပစ်မယ်။ ယောကျာ်းသတ္တိ အစွမ်းကုန်ထုတ်ကြစမ်း။ ဘဝအားစမ်းပွဲ။

"ကဲ... အသေးလေး၊ ကျော်ကျော်ကို ပြေးခေါ်ချေ၊ မချိုကိုဆွဲခဲ့"

အရေးပေါ် အကူအညီ နှစ်ယောက်ခေါ်။ သူကြီးဟင်းလိုက်၊ ကျွန်တော်မနေအား၊ ကောင်တာမှာ ကျွန်တော် ကြီးကြပ်ရေးမှာ ကျွန်တော်၊ ငွေ့ကြိုကျွန်တော်၊ စားပွဲထိုးရာ ဝင်ပါ၊ ဖန်ခွက်သိမ်းရာမှာ ဝင်ဆွဲ၊ ဆရာကြီးလုပ်ပြီး ငြိမ့်နေလို့မရ။ (သူကြီးဟင်းလိုက် ဆိုသည်ကား တောစကား၊ တောရွာအလှူမှာ လူထောင့်မစေ့သဖြင့် ရွာဂုဏ်မပျက်စေရန် သူကြီးကိုယ်တိုင် ဟင်းပန်းကန်ထဲ ဟင်းလိုက်ဖြည့်နေသည်ကို သူကြီးဟင်းလိုက်သည်ဟု ခေါ်သည်။ သူကြီးနေရာမှာ မနေရ။ နေရာတကာ ဝင်ပါနေရသည် ဟူလို။)

လူအင်အားက နည်း၊ ထောင့်မစေ့သည့်နေ့မှပဲ၊ နံနက် ၁၀ နာရီကတည်းက ဝယ်သူကျ၊ ကပ်စတန်မာများရောက်လာ။ အဖျော်ဆရာ လက်သစ်ချွေးပြန်နေ၏။ တော်သေး၏။ အစပ်အဟပ်တည့်နေပေလို့။ ပန်းကန်ဆေး လက်သစ်ကလည်း မတက်တတက်နဲ့ လက်စွမ်းပြနေရလေ၏။ အရေးပေါ်ခေါ်ထားသော စားပွဲထိုး ကျော်ကျော်ကလည်း မခေပါ။ အိုးနင်းခွက်နင်း တစ်ကြိမ်နှစ်ကြိမ်ဖြစ်ပြီးနောက် စားပွဲထိုး အသေးလေး (ကျွမ်းပြီးသား) ကို အမှီလိုက်လေ၏။ ထုံးစံအတိုင်း ပွဲကြီးပွဲကောင်း နေ့များတွင် ဝိုင်းကြီးဝိုင်းကောင်းများ ကျလေ၏။ ၁၀ ယောက်ဝိုင်း၊ ၁၅ ယောက်ဝိုင်း ခါတိုင်းထက် သုံးဆမျှရောင်းရလေ၏။

"ထမင်းအသာထား၊ အလုပ်ကို နိုင်အောင်သာ ကြည့်လုပ်ကြဟေ့"

(လူအင်အားလျော့နေသောကြောင့် အလုပ်မပီပြင်တာမျိုးမဖြစ်စေရ။)

တကယ့်တကယ် အခက်အခဲ အကျပ်အတည်းကိုရောက်မှ လူစွမ်းလူစတွေ ပေါ်လာသည်။ အိုက်စကရင် ဘရိတ်၊ ကူးလ်ဖီးလ် ဘရိတ်၊ ငှက်ပျောသီး ဘရိတ် (ဘရိတ်ဆိုတာ ကုန်ပြီလို့ပြောတာ၊ ဆိုင်စကား။) ၁၁ နာရီ လူစဲသွားပြီ။ ဆိုင်သိမ်းလိုက်ပြီ။ ကျွန်တော်တို့တစ်တွေ ချွေးတစ်လုံးလုံး၊ ခေါင်းဦးပေါက်ကြီး။

"ကဲ... တို့လူတွေ မင်းတို့ စာမေးပွဲအောင်သွားပြီ၊ ဒီအောင်မြင်မှုဟာ ဘဝတစ်ခုလုံးအတွက် အရေးအကြီးဆုံးပဲ၊ မလုပ်နိုင်ဘူး၊ မဖြစ်နိုင်ဘူးလို့ထင်ထားတာကို လုပ်ပြနိုင်ပြီ၊ မနိုင်ဝန်ကို နိုင်နိုင်နင်းနင်း ရဲရဲတင်းတင်း ထမ်းပြလိုက်ပြီ"

"လုပ်နိုင်တယ်လို့ ထင်ထားတာထက် ပိုလုပ်ပြနိုင်တယ်၊ မရှိဘူးလို့ ထင်မှတ်ထားရတဲ့ စွမ်းအားတွေဟာ အလိုအလျောက် ပေါ်ထွက်လာတယ်"

"ဒါဟာ မင်းတို့ ဘဝတစ်လျှောက်လုံး အတွက် အလွန်တန်ဖိုးရှိတဲ့ အတွေ့အကြုံပဲ။ ဘဝကို ငါတို့ ရဲရဲကြီးရင်ဆိုင်ဝံ့ပြီ၊ ခရီးဆက်ကြပေတော့"

(တကယ်ကြုံဖူးသူများ သိပါ၏။)

## ခုန်ပျံကျော်လွှား ဖြတ်တောက်ပစ်လိုက်စမ်းပါ

"အိုကေကြီး လာတယ်ဟေ့၊ ပါးပါးလေးတစ်ပွဲ"

ကျော်ဝေ ကော်ရည်ဆိုင်ထဲသို့ ဝင်သွားသည်နှင့် တစ်ပြိုင်နက် ယောကျ်ားက မှာလေ၏။ မိန်းမက မုန့်ပွဲပြင်လေ၏။

"ဘာလဲကွ ပါးပါးလေးဆိုတာ"

"လာတော့ကြည့်ဗျာ၊ ခင်ဗျားလည်းမှာလေ"

မကြာမီ ပါးပါးလေးတစ်ပွဲ ရောက်လာ၏။ ခေါက်ဆွဲဖတ်နည်းနည်း၊ ကြက်ဥ အကာကျက်ကလေးတစ်လုံး၊ ကော်ရည်အနေသင့်၊ မွှေးချိုစိမ့်ကလေး။

"ပါးပါးလေးဆိုတာ ဒါကိုး"

"ဟုတ်ပ့ါ ဦးတိန်တောင်"

"ဟိုနေ့က လက်ဖက်ရည်ဆိုင်မှာလည်း "ကြက်ပလာတာ ပူပါးကြွပ်နပ်ကလေး" လို့မှာတာ ကြားမိသလိုပဲ"

"ဟုတ်တယ်ခင်ဗျ၊ ပါးပါးလေးခေတ်လေဗျာ"

"ကောင်မလေးတွေကို ပြောတာလား"

"လိုရာဆွဲမတွေးပါနဲ့ဗျာ၊ အတုံးလိုက်အတစ်လိုက် ထူလပျစ်ကြီးတွေ ခေတ်မရှိတော့ဘူးလို့ ဆိုလိုတာ"

"အတုံးလိုက်အတစ်လိုက်ဆိုတာ..."

"ဒီလိုလေဗျာ ဦးတိန်တောင်..."

ကျွန်တော်နှင့် ဦးတိန်တောင် စကားတစ်ပြောပြောနဲ့ မုန့် တစ်ပန်းကန်စီ ချောလေ၏။ ၂၀၀၂ ခုနှစ် အောက်တိုဘာ ၂၈ ရက်နေ့ကဗျာ၊ ကျွန်တော်တို့သားအဖ နှစ်ယောက် ပြည်မြို့က ပရိဘောဂဆိုင်တွေ၊ လက်သမားရုံတွေ၊ မင်္ဂလာပစ္စည်းဆိုင်တွေ

နံရော၊ တစ်နေကုန်ရောဗျာ။ မင်္ဂလာခန်းဝင်ပစ္စည်း ခုတင်၊ ဗီရို၊ မှန်တင်ခုံ လိုက်ရှာကြတာ၊ တွေ့ပါ၏။ မျက်စိမှာ မတိုး။

"တို့သားအဖ ရန်ကုန်ဆင်းရှာကြစို့ကွာ"

အောက်တိုဘာ ၃၀ ရက်နေ့ နံနက် ၉ နာရီ ယုဇနပလာဇာရောက်၊ တစ်ထပ်လုံး မင်္ဂလာခန်းဝင်ပစ္စည်းတွေချည်း ခင်းကျင်းပြသထားတာဗျာ။

"ရှာကြပေ့၊ ဈေးမမေးနဲ့ဦး၊ ဈေးမဆစ်နဲ့ဦး၊ ငွေမချေနဲ့ဦး၊ မဝယ်နဲ့ဦး၊ ကြည့်ရုံပဲကြည့်"

ဈေးဝယ်တာ မလောရဘူး၊ နံနေအောင် တစ်ပတ်လျှောက်ကြည့်ရတယ်၊ လောကြီးဝယ်ပြီးကာမှ သူ့ထက်လှတာ၊ ကောင်းတာ၊ သူ့ထက်ဈေးချိုတာ တွေ့ရတက်တယ်။ သည်အခါမှာ ဝယ်ပြီးသားပစ္စည်းကြီး မကြိုက်ဘဲနဲ့ ယူလာရတာမျိုး ဖြစ်တတ်တယ်ဗျာ့။

အခန်းကျယ်ကြီးထဲမှာ တကယ့်နနရွရွကလေးတွေ အလှကလေးတွေ၊ အတုံးလိုက် အတစ်လိုက် ဆော်ထားတာတွေ၊ ဒုကြီး ပြက်ကြီး ထူလပျစ်ကြီးတွေ၊ ခုတင်၊ ဗီရို၊ မှန်တင်ခုံ၊ မွေ့ယာ၊ ခေါင်းအုံး၊ စားပွဲ ကုလားထိုင်၊ ဆက်တီစုံမှစုံဗျာ။ အဲသည်အထဲက ခေတ်မီလှပ နိုင်ငံခြားဖြစ် ပါးပါးကလေးကို ဆွဲလိုက်တယ်။ ခုတင်၊ ဗီရို၊ မှန်တင်ခုံ။ နိုင်ငံခြားဖြစ်ကို အရမ်းအထင်ကြီးလွန်းလို့၊ နိုင်ငံခြားဖြစ်ဆိုပြီး ရောဟ သဘောမျိုးနဲ့ ဆွဲတာမဟုတ်ဘူး။ သူ့ဈေးနဲ့သူ အဆင့်သင့်တယ်ဆိုပြီး ဝယ်တာ (ပြည်တွင်းဖြစ်တွေထက်တောင် ဈေးကချိုပါသေး။) ဖြုတ်လို့ရတယ်၊ ပတ်ကင် လုပ်လို့ရတယ်၊ အဝေးကို သယ်လို့လွယ်တယ်။ ပတ်ကင်လုပ်၊ တင်ပို့၊ ပြည်ရောက်တော့ ကတ်တလောက်ကြည့်ဆင်၊ သူတို့သားသမီးများ လုပ်ထားလိုက်တာ၊ လုပ်တက်လိုက် ကြတာ၊ ပေါ့ပေါ့ကလေးကို အခိုင်အခံ့ဖြစ်အောင် လုပ်တက်ပုံဗျာ၊ ပညာ။ သစ်သားဗီရို၊ သစ်သားမှန်တင်ခုံဆိုလို့ ကျွန်းသားတွေ ပျဉ်းကတိုးသားတွေလို့ မထင်လိုက်ပါနဲ့ဦး၊ ကြိတ်သားပါတဲ့ဗျာ။ ဘာသားမှန်းမသိ၊ ဈေးပေါသစ်သားကို

ခေတ်မှီနည်း ခေတ်မှီစက်ကရိယာများနဲ့ လုပ်ထားတဲ့လက်ရာ။ နောက်ကျောတစ်ချပ်၊ ဘေးတစ်ချပ်စီ၊ အမိုးတစ်ချပ်၊ ဖင်ပိတ်တစ်ချက်၊ တံခါးတစ်ရွက်တစ်ချပ်စီ၊ သည်မှာလို ပျဉ်တွေကို လျှာထိုး၊ နဘေထပ်၊ ကော်နဲ့ကပ်ဆက်စပ်ထားတာမျိုးမဟုတ်ပါ။ ဗီရိုတစ်လုံး။ ကျွန်တော်တို့ တောရွာမှာတော့ သည်လိုဗီရိုဆို သုံးတစ်လက်မတွေ၊ ခြောက်တစ်လက်မတွေ၊ ပေပျဉ် (ဒုတစ်လက်မ ပြတ်တစ်ပေ) ကြီးတွေနဲ့ လော့ခတ်ကြတာ။ ပတ္တာတပ် အသေစပ်ထားကြတာဆိုတော့ အလုံးကြီးအတိုင်း မရွေ့ရတာ။ လေးထပ်တိုက်ပေါ်ရောက်အောင် လူရှစ်ယောက်လောက် ဝိုင်းမရမယ်။ ၁၀ ထပ်တိုက်ပေါ် တင်ရမယ်ဆို လျှာထွက်သေလောက်တယ်။ ဘာထူသလဲမမေးနဲ့။ ဘာလေးသလဲ မမေးနဲ့။

ခုတင်ဆိုလည်း သည်အတိုင်းပဲ။ ဒုကြီး ပြတ်ကြီး ကျွန်းပျဉ်ကြီးတွေနဲ့ ဆော်ထားတာ။ လက်သမားရုံထဲသွားကြည့်၊ လူကိုယ်တိုင် ရွှေဘော်ထိုး၊ ခုတ်ဟ၊ ထစ်ဟ၊ ဖောက်ဟ၊ ထွင်းဟ၊ ချွေးတစ်ပြိုက်ပြိုက်ကျ၊ ပင်ပန်းလှ။ ထွက်လာတဲ့လက်ရာကတော့ သည်နေ့ထွက်တဲ့ပစ္စည်း နက်ဖြန်ပြတိုက်သာ ပို့လိုက်ပါတော့။ ကျွန်တော်တို့ တောသားများမှာတော့ ဒါကြီးတွေကိုပဲ အဟုတ်ကြီးမှတ်ပြီး ဂုဏ်ယူဝံ့ကြွားစွာ သုံးနေကြရတာကလားဗျာ။ တကယ်ဆိုဗျာ၊ သူများလုပ်တာကြည့်၊ သူများပါးပါးလွှာလွှာ၊ ကိုယ်လည်းလွှာ၊ သူများပါးပါးလှီး၊ ကိုယ်လည်းလှီး၊ သူများနည်းပညာသုံး၊ ကိုယ်လည်းသုံး၊ သူများက ကြိတ်သားဆို၊ ကိုယ်လည်း ကြိတ်သားပေါ့ဗျာ။ ကျွန်းပျဉ်းကတိုး သစ်သားမပါရင် ပရိဘောဂ မဖြစ်တော့ဘူးလားဗျာ။ ပုံတုံးကြီးတွေနဲ့ပဲ ငြိမ်းကြတော့မှာလား။ နောက်မှာ အဝေးကြီး ပြတ်ကျန်နေရစ်ခဲ့ကြတော့မှာလားဗျာ။ သည်အတိုင်းကတော့ ပျဉ်သာကုန် မောင်ပုံလက်သမားကျော် မဖြစ်နိုင်ပါ။ အတင်းနင်းကန် ဖြတ်ကျော်တက်ပစ်ကြစမ်းပါ။ အမီလိုက်ကြလော့၊ ခုန်ပျံကျော်လွှားကြလော့၊ သူများရှေ့က ဖြတ်တက်ကြကုန်လော့။ မြန်နိုင်သမျှ မြန်မြန်။

**ဟင်း မပါလိမ့်မယ်အားကြီး စောင့်နေ**

"မမ ရှိလားဟေ့"

"အမေရယ် အပေါ်ထပ်မှာ ဘုရားရှိခိုးနေတယ် လေးလေး"

မမ ရှိခိုးပြီးအောင် ထိုင်စောင့်နေလိုက်၏။ ဂျာနယ်များ တစ်စောင်ပြီး တစ်စောင် ဖတ်နေရာ သုံးစောင်ကုန်သွားလေ၏။ မမအပေါ်ထပ်က ဆင်းမလာသေး။ အဲဒါနဲ့ ကျွန်တော် အပေါ်ထပ် တက်လိုက်သွားလေ၏။ မမသည် ဘုရားတရားကို အာရုံပြု မျက်စိမှိတ်လျက် ပါးစပ်က တတွတ်တွတ် ရွတ်နေလေ၏။ ဗုဒ္ဓရုပ်ပွားတော်၊ အလွန်ကြည်ညိုစရာကောင်းသော ကျောက်ဆင်းတုတစ်ဆူ၊ သူ့အောက်နားမှာ ဘိုးမင်းခေါင်၊ ဘိုးဘိုးအောင်၊ တရုတ်ဘိုးတော်၊ ကွမ်ယင်မယ်တော်၊ သူရသတီ မယ်တော်၊ ဆင်းတု ဘေးဝဲယာမှာ ရွှေတိဂုံ၊ မြတ်မုနိ စသည့် တန်ခိုးကြီးဘုရားပုံတော်များ၊ နောက်တစ်ဖန် မြန်မာနိုင်ငံတွင် ထင်ရှားသော ဆရာတော်ကြီးများ၏ ပုံတော်များ။ ဆင်းတုရှေ့ စားပွဲရှည်ကြီးပေါ်တွင် ငှက်ပျောအုန်းသီးပွဲသုံးပွဲ၊ သာသနာပွဲ၊ ဘိုးဘိုးပွဲ စသည်ဖြင့် ရခိုင်ငှက်ပျောသီး အစိမ်းခင်ဗျာ့၊ နပြန်လွန်းလျင်လည်း မှည့်ခါကျ စားမကောင်း၊ ရင့်ပြန်လွန်းလျင်လည်း မြန်မြန်မှည့်မှာဆိုတော့ (ပွဲမြန်မြန်လဲရမှာဆိုတော့) တွက်ခြေ မကိုက်၊ ဒါကြောင့်မနုမရင့်ထိုးကြရ၊ ဉာဏ်တော့ အပြေးသားခင်ဗျာ၊ ကျွန်တော့်အစ်မ။ မီးညှိပူဇော်ထားလိုက်တဲ့ အမွှေးတိုင်၊ မြန်မာပြည် အထက်ပိုင်းက မန်ကျည်းပင်တွေ ကုန်တော့မည်၊ အပေါ်စား ရေမွှေးနံ့ပြင်းပြင်းကြောင့် မြတ်စွာဘုရားနှင့်တကွ ဘိုးတော်၊ မယ်တော်၊ ဆရာတော်များ ရင်ကျပ်၍ အသက်ရှုရပ်တော့မည်။ ခန္တီပါရမီကြီးပါဘိ။ ဘုရားစင်နဲ့ ဆယ်ပေအကွာ ခပ်မှိန်မှိန်ကလေးမှာက ဦးမင်းကျော်ရုပ်ပုံကား၊ သူ့ရှေ့က အရက်ကောင်တာမှာတော့ တိုက်ဂါးဘီယာပုလင်း၊ မန္တလေးဘီယာ၊ မြန်မာဘီယာ၊ မန္တလေးရမ်၊ အိုးဘာရမ်ဒီ၊ ဘီယာအရက် အတော်စုံသား ခင့်ဗျာ။ အရက်နှင့် မြည်းရန် ကြက်သားကြော်ကိုတော့ မတွေ့ရ။ အရက်ပုလင်းတွေနားမှာ ဖောက်တံကလည်းမရှိ၊ ဖန်ခွက်လည်းချမထား။ မမသည်ဦးသုံးကြိမ်ချ၊ ကြေးစည်သုံးချက်ထုပြီးနောက် ရှိခိုးခြင်းအမှုကို အဆုံးသတ်လိုက်၏။

"နောင် ဝေဝေ အေးရင့် အေးရင့်"

"မမ နိဗ္ဗာန်ရောက်ကြောင်းလား"

"ဟင် ငါ့မောင် နင်ဘယ်အချိန်ကရောက်နေ..."

"မမ အာရုံပျက်မှာစိုးလို့ ထိုင်စောင့်နေတာ၊ မမတို့များ ဘုရားနဲ့ တရားနဲ့၊ သမထလား၊ ဝိပဿနာလား"

"ဒီလိုလည်း မဟုတ်ပါဘူးကွယ်၊ ဒီနေ့ လကုန်ရက်လေ ငါ့မောင်၊ နက်ဖြန် လဆန်း (၁) ရက်နေ့ဆိုထီဖွင့်တော့မှာ"

"ဟင် ဘာဆိုင်လို့လဲဗျာ"

"ဆိုင်ပါပြီကောကွယ်၊ ပြီးခဲ့တဲ့အပတ်က သိန်းသုံးရာဆု နောက်ဆုံးတစ်လုံးလေး ကပ်လွဲသွားတာ၊ အာရုံပြုတာ အားနည်းသွားလို့ ဖြစ်မှာပေါ့ကွယ်၊ အဲဒါကြောင့် ဒီတပတ် မဲနေရတာ၊ ဆိုင်ရာပိုင်ရာများက ကြည့်မနေပါဘူး"

"ဗျာ... မမ"

"မဗျာနဲ့ ငါ့မောင်၊ သိန်းသုံးရာဆို တိုက်တစ်လုံး ကားတစ်စီး၊ စိန်နားကပ်ကြီးတစ်ရန် ရနိုင်တာကွဲ့၊ ပြီးတော့ အပိုဆုတွေလည်း ရဦးမှာ"

"ထီဆိုင်အုပ်စုကြီးတစ်ခုက အပိုဆုများ မချီးမြှင့်တော့ပါဘူး လို့ အတိအလင်း ကြော်ညာနေပြီ မမ၊ ပြီးတော့မမရယ်၊ သိန်းသုံးရာပေါက်ဖို့ဆိုတာလည်း သိပ်လွယ်လှတာ မဟုတ်ဘူး၊ အက္ခရာတစ်လုံးမှာ ထီစာအုပ် ၈၁၈၁၈ အုပ်၊ အက္ခရာပေါင်း ၃၆ လုံးဆိုတော့ ထီစာအုပ်ပေါင်း ၂၉၄၅၄၄၈ အုပ် မမ၊ နည်းတဲ့ထီစာအုပ်တွေလား။ ထီစာအုပ်ပြောတာ ထီစောင်ရေ မဟုတ်ဘူး၊ ထီစောင်ရေတွေ အများကြီး မမ၊ အဲဒီထဲက သိန်းသုံးရာဆိုတာ တစ်စောင်တည်းသောလက်မှတ်က ပေါက်တာဗျာ ခက်ခဲပ့ါ"

"ဟဲ့ ငါ့မောင် လူကံဆိုတာ မသိနိုင်ဘူးလေ"

"လက်ခံပါတယ် မမရယ်၊ အဲဒီ မမြင်ရတဲ့ ကံကြီးကို မဲနေမယ့်အစား မြင်ရတဲ့ ကံကိုမဲဖို့ကောင်းတာ"

"မြင်ရတဲ့ကံဆိုတာက..."

"ရှင်းပါတယ် မမရယ်၊ အတိတ်ကံ၊ ပစ္စုပ္ပန်ကံ၊ အနာဂတ်ကံတွေ မဟုတ်ဘူး၊ ခုလုပ်ခုဖြစ်တဲ့ကံကို ပြောတာ မမ"

"မမြင်ရတဲ့ကံဘက် မဲမယ့်အစား မြင်ရတဲ့ကံဘက် မဲလိုက်မယ်ဆိုရင် တိုက်တစ်လုံးမက ဆယ်လုံး ဆောက်နိုင်တယ်၊ ကားတစ်စီးမက ၁၀ စီးဝယ်နိုင်မယ်၊ စိန်နားကပ်တစ်ရန်မက ၁၀ ရန်ဝယ်နိုင်တယ် မမ၊ လုပ်ရင်ဖြစ်တာပေါ့၊ ရတာပေါ့"

မမ သဘောပေါက် မပေါက်တော့မသိ၊ ဆောင့်ကြီးအောင့်ကြီးဖျော်၍ ကျွန်တော့်ကို ကော်ဖီတစ်ခွက် တိုက်လေ၏။ ကျွန်တော့်မျက်စိကတော့ ကိုကြီးကျော်ရှေ့က အရက်ကောင်တာသို့ ရောက်လေ၏။ ဒါကမှ လက်ငင်းလက်တွေ့ အကျိုးခံစားရမှာလေဗျာ။

## ကျွန်တော့်ကို မယုံကြနဲ့ဗျာ့ မှန်ချင်မှန်မယ်၊ မှားချင်မှားမယ်၊ သူဖြစ်ချင်တာဖြစ်သွားတာ

၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်၊ နတ်တော်လဆန်း ၁၄ ရက်နေ့က အောင်လံမြို့ ပွဲစားကြီး ဦးစိန်ကုလား အလှူညှော့်ခံမဏ္ဍပ်တွင် ရေခဲမုန့်အတူစားနေကြစဉ် (ထိုနေ့က နင်းတွေ နင်းကန်ကျ၊ ချမ်းလှသဗျာ့။)

"ဘယ်နှယ်နေလဲ မထည့်သေးဘူးလား"

"အင်း... စထည့်နေပြီဆိုပါတော့"

"ခပ်ဆိုင်းဆိုင်း လုပ်မနေနဲ့ ကိုယ့်လူ၊ ကိုရင်တို့ မနှစ်တုန်းက ၅၈၀ လောက်နဲ့ ထည့်ခဲ့တာ၊ နောက်ဆုံးပွဲသိမ်းမှာ ၉၅၀ ဈေး ရောင်းစားခဲ့ကြရတယ် မဟုတ်လား"

"အဟင်း... အဟဲ"

အချီအချ စကားပြောနေကြသူများမှာ ကျွန်တော်နှင့် ကိုဝင်းတို့ ဖြစ်ပါ၏။ ခွံ (လောင်စာ) မလုံလောက်မှာစိုးလို့ ပြန့်ပဲ (ခြောက်လပဲ) များ ဝယ်ထည့်ထားခဲ့လေရာ ပဲခွံက ကားတစ်စီး ၁၅၀၀၀ ခန့်နဲ့ စာရင်းပိတ်၊ ပဲဆန်က ၉၅၀ နဲ့ စာရင်းပိတ်၊ ပဲဆန်ကချည်းပဲ တစ်ပိဿာ ၃၀၀ လောက် ကိုယ့်တွက်ကျန်တယ်ဗျာ၊ ပိဿာချိန် အများကြီး၊ အမြတ်လည်း အများကြီးပေါ့ဗျာ၊ ငွေအောင်တာကိုး။

"ငေါ်ပငေါ် (၅၅၀) ဖြစ်သွားပြီ အစ်ကို"

"ဟာ... မင်းငါ့မပြောဘူးလား လက်မနေးနဲ့လို့"

နောက် ၁၅ ရက်အကြာမှာတွေ့တော့ ကိုဝင်းကပြောတဲ့ စကား၊ ဈေးတက်သွားပြီဆိုတော့ မောင်ချမ်းသာ အားရှိသပေါ့နော်။ ကိုဝင်း စထည့်စဉ်က ပြန့်ပဲတောင့် တစ်ပိဿာ ၄၉၀-၅၀၀ ကျပ်ဗျာ၊ ယခု ၅၅၀ ဖြစ်သွားလေပြီကိုး။ ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်၊ စနေနေ့။

"ဝေါင်... ဝေါင် ဝူ... ဝူ... ဝုတ်... ဝုတ်"

ကျွန်တော့် အိပ်ဖန်စောင့် ခွေးကြီးသုံးကောင် ဝိုင်းဟောင်သံကြားရသဖြင့် တံခါးပေါက်သို့ ကြည့်လိုက်ရာ လူစိမ်းတစ်ယောက်။ တံခါးသွားဖွင့်ပေးပြီး ကြည့်လိုက်တော့ လူစိမ်းမဟုတ်၊ လူကျက်။ ကျွန်တော့်တူတော်မောင် ညောင်ညောင် အမည်တွင်သွားသူ။

"ဟ... မင်းအခုမှပဲ လာရသလားကွ၊ ငါ့သား မင်္ဂလာက ပြီးသွားပြီ၊ မင်းဝက်သားဟင်းနဲ့ လွဲသွားတာပေါ့ကွာ" (ကျွန်တော့်သားမင်္ဂလာဆောင်က ဝက်သားကျွေးခင်ဗျာ၊ ဘာမှမဟုတ်ဘူး ကြုံလို့ ကြွားတာ။)

"ဝက်သားဟင်းထက် အရေးကြီးနေတယ် ဦးလေး"

"ဟယ်... လုပ်စမ်း၊ ဒါမှ ငါ့တူ"

"ကျွန်တော် နမ်းတင်း ၈၀ ရောင်းထားတဲ့ ပိုက်ဆံ ပွဲရုံမှာ အပ်ထားတာရှိတယ်၊ အဲဒါ ဘာဝယ်ထားရ ကောင်းမလဲဟင်"

"ဒီလိုလား... မင်းဆိုတဲ့အကောင်က ရပေါက်ရလမ်းရှိမှ ငါ့ဆီလာတဲ့ကောင်၊ မင်း ဝယ်ချင်တာဝယ်ကွာ"

"မလုပ်ပါနဲ့ ဦးလေးရာ"

"စပါးရော ဖွဲရော မလုပ်နဲ့၊ အခမဲ့ အကြံဉာဏ်မပေးနိုင်ဘူးကွ၊ ဆွေမျိုးစပ်ရင် မင်းဟာ ငါ့တူ၊ ဒါပေမယ့် ငွေမှာ အမျိုးမရှိဘူးကွ၊ တန်ရာတန်ကြေးတော့ရမှပဲ ပြောမှာ"

ကျွန်တော်သူ့ကို တမင်စလိုက်ပါ၏။

"ညနေ ဘီယာအဝတိုက်မယ် ဦးလေး"

"အစကတည်းက အဲဒီစကားပြောပြီးမှ ဝင်လာခဲ့ဖို့ကောင်းတာ"

(ကျွန်တော့်ထံလာသူများ ဘီယာသယ်ခဲ့ရမည်ဟု မဆိုလိုပါ။)

သူအပ်ထားသော ပွဲစားအိမ်မှ အလုပ်သမားလေး ဈေးကွက်ထဲတွင် နောက်နေ့နံနက် ပဲစင်းငုံ လိုက်ဝယ်နေသည်ကို တွေ့ရပါ၏။ ညောင်ညောင့် အမိန့်အရ။ ထိုနေ့ (ဒီဇင်ဘာ ၃၁)က ပဲစင်းငုံ့အနီ (ပိဿာ ၂၀ တစ်တင်း) ၆၀၀၀ကျပ်ဈေး။

"ဦးလေး ပြောတဲ့အတိုင်း ကျွန်တော် ဝယ်လိုက်ပြီ"

"အေး... ငါသိတယ်"

"ဟယ်... ငါက သတင်းထောက်လေ"

"မိန်းမ ရွှေတွေ ခဏာဆွဲပေါင်ပြီး ထပ်ထည့်ရ ဘယ်နှယ့်နေမလဲ"

သူနဲ့ တွေ့သည်မှာ ဇန်နဝါရီလ ၉ ရက်နေ့၊ ပဲစင်းငုံအနီ ၆၅၀၀။ ကြား (နီဖြူရောရော) ၆၃၅၀။

"ဟာ... ဘိုကွမ်း ပြန့်ပဲမထည့်ဘူးလား"

"ထည့်မယ် အိုကေကြီး၊ နှမ်းတွေထုတ်လိုက်ဦးမယ်"

"ရေရာတာ လုပ်စမ်းပါဟ"

"ဟုတ်ကဲ့ပါ"

ကွမ်းယာပါးစပ်ထဲ ထည့်နေသောကြောင့် ဘိုကွမ်းဟု ခေါ်ကြ၏။ ခံတွင်းကင်ဆာကို လက်ယပ်ခေါ်နေသူ။ သူ့ဂိုဒေါင်ထဲမှာ နှမ်းအိတ်တွေ အပုံလိုက်ကြီး၊ ကျွန်တော်မြင်ယောင်မိ။

"အိုကေကြီးတို့များ မှန်းလိုက်ရင် မလွဲတမ်းပဲဟေ့"

ကျွန်တော့်စိတ်သည် မိုးပေါ်သို့ ရောက်သွားလေ၏။ အောက်ကလူတွေကို လှမ်းကြည့်လိုက်တော့ ပီသေးသေးလေးတွေ၊ ပုတ်သင်ညို မတ်တတ်ထောင်ထားသလား အောက်မေ့ရတယ်။ ဂုတ်ထိပ်တံတားပေါ်က အောက်ငုံ့ကြည့်လိုက်တော့ ကျောက်တောင်နှစ်ခုကြား ချောင်းကလေးထဲက လူကိုမြင်လိုက်ရသလို။ ဇန်နဝါရီ ၂၀ ရက် တနင်္လာနေ့ နံနက်။

ကျွန်တော်က မြောက်ပိုင်းက ပြန်အလာ၊ ဘိုကွမ်းက တောင်ပိုင်းကပြန်အလာ၊

"၄၄၀၀၀ တုန်းက ထုတ်လိုက်တယ် မဟုတ်လား"

"ဟင့်အင်း... ၄၅ ဖြစ်တော့မယ်ဆိုပြီး စောင့်နေတာ၊ ၄၅ ဖြစ်ရင်ထုတ်မယ်ပေ့ါ၊ လွဲသွားတယ် အိုကေကြီးရေ"

ကျွန်တော် စိတ်တွက် တွက်လိုက်၏။ ဘိုကွမ်း ၁၆ သိန်းနာသွားပြီ။ ၄၄၀၀၀မှာ ထုတ်ပြီး ပဲစင်းငုံ့ဘက် လှည့်လိုက်မယ်ဆို အိုကေမှာ စိုပြည်နေပြီပေ့ါ။ ကျွန်တော်ရှေ့ဆက် စက်ဘီးနင်းလာရာ ကိုဝင်းနဲ့ ပက်ပင်းတိုးလေ၏။ ရှောင်ပြေးမည် လုပ်သေးသော်လည်း မလွတ်တော့ချေ။

"ဆောရီး ကိုဝင်း၊ ကျွန်တော် အကြံဉာဏ်ပေးမိတာ မှားသွားတယ်"

ဒေါသတကြီး ထိုးချေခံလိုက်ရသော စီးကရက်တိုကဲ့သို့ ရှုံ့တွနေသော ကိုဝင်းက မချိတင်ကဲကလေးပြုံးပြ။ ကိုဝင်း ၅၀၀ မှ စကျုံးခဲ့သော ပြန့်ပဲ ၆၁၅ ကျပ် ရောက်ပြီးမှ ၅၄၅ ကျပ်သို့ ပြန်ကျ။ ဆီထွက်သီးနှံ ကိုင်မိသူများ မျက်နှာမလှ။ ထိုနေ့က ပဲစင်းငုံ ၇၁၅၀ ဖြစ်၊ ပဲတီစိမ်းက ၈၅၀၀- ၉၀၀၀ ဖြစ်။ ပဲကျစ်ပဲမာ လက်ထဲရှိသူများ လက်မထောင်။ (ပဲတီစိမ်း၊ မတ်ပဲ၊ ကုလားပဲ၊ ပဲကြီး၊ ပဲစင်းငုံ စသည်တို့ကို ပဲကျစ်ပဲမာဟုခေါ်၏။)

## သေချာတာကို မဲလိုက်စမ်းပါ

"နင့်ယောကျာ်းလည်း ပေါ်မလာတာ အတော်ကြာပါ ရောလားဟ"

တစ်နေ့ ကျွန်တော့်ယောက်ဖကြီးရဲ့ သားအကြီးကောင်ရဲ့မိန်းမ အိမ်သို့လာသဖြင့် ကျွန်တော့်တူအကြောင်း ရောက်သွားလေ၏။

"ဦးလေးတူ အလုပ်ကောင်းတွေ လုပ်နေတယ်လေ၊ ဒါကြောင့်မလာဖြစ်တာ"

"ဘာတွေများလဲဟ"

"ငါးရှဥ့်လိုက်စုပြီး ရန်ကုန်သွားရောင်းတယ်၊ သူကိုယ်တိုင်လည်း ချောင်းထဲဆင်း ငါးရှဥ့်ဖမ်းတယ်လေ"

"အို... ဟယ်... မရေမရာတွေ"

"အဲဒါကြောင့်လည်း ကျွန်မနဲ့ တကျက်ကျက်ဖြစ်နေတာ၊ ကိုယ့် အလုပ်အကိုင် ပစ်ပြီး ပေါ်ပင်နောက်လိုက်နေတာ"

သည်ကောင်ကလည်း တစ်မျိုးခင်ဗျာ၊ လယ်တွေ ယာတွေ နွားတွေ ရှိလျက်နဲ့ သေချာတာကို မဲချင်သဗျာ။ ယောက်ဖအငယ်ရဲ့သား အလတ်ကောင်ကျတော့ တစ်မျိုးခင်ဗျ။ ဈေးထဲမှာ ကုန်စိမ်းဆိုင်ကလေး ထူထောင်ထားပေးတယ်။ ကုန်စိမ်းသမားတွေနဲ့လည်း မိတ်ဆက်ပေးထားတယ်။ ဆိုင်ကလေးတစ် ထူတစ်ထောင် ဖြစ်နေပြီဗျာ၊ မိတ်တွေလည်းရနေပြီဗျာ၊ အဲသည်ဟာ မဟုတ်ပြန်ဘူးတဲ့၊ သုံးလုံး ယောင်ယောင် နှစ်လုံး ယောင်ယောင် ဖြစ်သွားပြန်ကရောဗျာ၊ ခက်လိုက်တာ။ တစ်နေ့ သူ့နှမ သန်းသန်းအေးတို့ လင်မယားရောက်လာ။ သုံးနှစ်သမီးကလေး တစ်ယောက်လည်း ပါလာ။

"ကဲ... ညည်းတို့ ဘာရောင်း"

"ပဲတီစိမ်း ဦးလေး၊ တစ်တင်း ၈၂၀၀ ကျပ်ဈေး"

သူ့ယောကျ်ားနဲ့ စကားစပ်မိ၊ သည်နှစ် တွက်ခြေအကိုက်သား၊ နမ်းက ၁၅ တင်းလောက်ရသတဲ့။ ပဲတီစိမ်းက တင်း ၂၀၊ ပြောင်းဖူးက ၁၃၅၀၀၀ ကျပ်ဖိုး ရောင်းရသတဲ့။ စပါးက အတင်း ၅၀ ဝမ်းစာလောက်ရှိမကလို့ ပိုတောင်ပိုဦးမတဲ့။

"ခုဒီကအပြန်မှာ ကြက်သွန်စိုက်ဖို့ စီစဉ်ရမယ် ဦးလေး"

"မနှစ်ကလည်း စိုက်သေးလား"

မနှစ်ကလည်း ကြက်သွန်စိုက်ပါသေးသတဲ့။ တစ်ပုလင်းပျိုးစိုက်တာ ကြက်သွန်တစ်ပိဿာ ၈၀ ကျပ်ဈေးနဲ့ ရောင်းရလို့ ငွေ ၂၅၀၀၀ ကျပ် ရပါသတဲ့။ ကြက်သွန်အစေ့တစ်ပုလင်းကို ထောင်သော ပျိုးပင်ပေါက်များကို တစ်ပုလင်းမျိုးဟု ခေါ်သည်။ တစ်နှစ်လုပ်စာ သူတို့မိသားစု ဗိုက်ရိုက်စားလို့ မကုန် ပိုတောင်ပိုပါသေး။

"အကွက်ကိုယ်ပိုင်က နည်းနေလို့ တချို့သူများအကွက်ကို လုပ်ဖက်ယူလုပ်ရတာ ဦးလေး"

"ဟေ..."

ဟုတ်ပ့ါ၊ လုပ်ဖက်ဆိုတော့ ထွက်သမျှ ကိုယ်ချည်းမရ၊ တစ်ယောက်တစ်ဝက်၊ သုံးစုတစ်စု၊ လေးစုတစ်စု စသည်အားဖြင့် အခင်းရှင်ကို ပေးရတာ။ ဒါတောင် ကျားကုတ်ကျားခဲလုပ်တော့ ရွှေတွဲလဲ ငွေတွဲလဲပါ။ တန်ဖိုးသင့်မယ်ဆို သူတို့လုပ်စာ တစ်နှစ်လေးငါးသိန်းရတာ။ အကွက်ကလည်း လုပ်လောက်အောင် မရနိုင်ပေဘူးလေ။ သူတို့အဖေအမေက သားသမီး ၉ ယောက်မွေးထားတာ သူ့သားသမီးတွေ လုပ်ကိုင်စားလောက်အောင် အကွက်တွေ နွားတွေ ဘယ်ဝေပေးနိုင်ပ့ါမလဲ။ သန်းသန်းအေးတို့လင်မယားက တောသားပေမယ့် အကင်းပါးတယ် ဆိုရမယ်။ သေချာတာကိုပဲ မဲကြတော့ ဝမ်းဝခါးလုံ၊ ငွေပိုကလေးများ ဆုပ်မိ။ ကျွန်တော်နဲ့ အလွန်ရင်းနှီးသော သူဌေးတစ်ယောက်ရှိတယ်။ အတော်အလေးကို ချမ်းသာတာပါ။

"အစိမ်းထည့်မလား"

ပဲတီစိမ်းပေါ်ချိန် သူ့အဖော်ညှို။

"ဟင့်အင်းဗျာ"

သူခေါင်းခါ။

"အငုံကိုက်လောက်တယ်၊ ဘယ်လို သဘောရလဲ"

ပဲစိမ်းငုံ လှောင်လက်တွေ ဆွဲတဲ့ အချိန် သူနဲ့တွေ့။

"မသေချာတာကြီး မလုပ်ချင်ဘူးဗျာ၊ သေချာတာပဲ လုပ်ချင်တယ်"

သူ အသက် ၆၀ ပြည့်တော့မည်။ တစ်ကြိမ်မျှ ကုန်မလှောင်ခဲ့ဖူးဘူးတဲ့။ ဘာလုပ်တယ် မှတ်သလဲ။ ကုန်စုံဆိုင်ဖွင့်ထားတယ်။ အရမ်းကို စုံတာပါဗျာ။ ကျွန်တော့်ဆီက မြေပဲဆားလှော်တောင် တင်ရောင်းလိုက်သေး၊ အဝေးပြေးကား ထောင်ထားတယ်။ အဲသည်မှာ ငွေက ပိုနေတုန်းပဲ။

"ဟား... ဟား... ငွေချေးတာလည်း သေချာပေါက် အမြတ်ရတဲ့ အလုပ်ပဲကွ"

သူနဲ့ ရင်းနှီးလို့ မကြာခဏ ကျွန်တော့်ကို ပြောတယ်။ ဘယ်လောက် ထုတ်ပေးထားတယ် ဆိုတာကတော့ တော့ပ်စီးကရက်ပေါ့။ (မသိချင်ပါနဲ့။) ကျွန်တော်ကတော့ သန်းသန်းအေးတို့ လင်မယားကို သဘောကျတယ်။ သူဌေးရဲ့ ငွေရှာပုံကိုလည်း သဘောကျတယ်။ ငါးရှဥ့်ယောင်ယောင်၊ သင်းခွေချပ်ယောင်ယောင်၊ သုံးလုံးယောင်ယောင်တွေကို သဘောမကျဘူး၊

"သေချာတဲ့ဘက်ကို မဲလိုက်စမ်းပါကွာ၊ သူဌေးဖြစ်ဖို့ မြေကြီးလက်ခတ် မလွဲပါဘူး"

ကျွန်တော့်ဦးလေး ဦးထောင် မကြာခဏပြောလေ့ရှိသော စကား။ ယခုဦးလေးထောင် မရှိတော့ပါ။ သူ့စကားဟာ သည်နေ့အထိ မှန်ကန်နေတုန်းပါပဲ။ ကျွန်တော် ကြိုက်တယ်။ စိတ်ကူးမလွဲနဲ့။ သေချာတာကို မဲ။

## မင်းမရှိလည်း ရပါတယ်

နံနက် ၈ နာရီ ထပ်ခနဲ အရောက်၊ စူးရှသော ဥဩသံ ထွက်ပေါ်လာလေ၏။ အလုပ်သမား ၂၀-၂၅ ယောက်ခန့် ကိုယ့်နေရာကိုယ် ရောက်ကုန်ကြလေပြီ။

"တင်ကလောင် တင်ကလောင်၊ ရှီးရှီးရှဲရှဲ ၊ ဖြီးဖြီးဖြဲဖြဲ၊ ဒရစ်ဒရစ်၊ ဖျစ်ဖျစ်၊ ဗရော၊ ကလစ်ကလစ်၊ ကျင်ကျင်ကျောင်ကျောင်"

ဝပ်ရှော့တစ်ခုလုံး သက်ဝင်လှုပ်ရှားလာလေပြီ။ အသံမျိုးစုံ ထွက်လာလေပြီ၊ ဝယ်ဒလင်တို့သံ၊ နိုင်ငံခြားက အော်ခက်စထရော အသံစုံတယ်ဆိုတာ သည်ဝပ်ရှော့ကို မီပါ့မလား။ ကျွန်တော့်သူငယ်ချင်း မောင်သောင်းဝပ်ရှော့၊ တောင်ဒဂုံစက်မှုဇုန် ၂ မှာ တွင်ခုံတွေ ထုတ်လုပ်နေတာ၊ ခြွေလှေ့စက်တွေ ထုတ်လုပ်နေတာ။ အစက ဗဟန်းဘက်မှာ လုပ်နေတာ၊ စက်မှုဇုန်တွေဖွင့်၊ မြို့ထဲကထွက်ကြဆိုတော့ တောင်ဒဂုံ ၂ ကို ရောက်သွားတာ။

"သူငယ်ချင်း… ဟိုပိန်ပိန်ရှည်ရှည် အသားဖြူဖြူကောင် မမြင်ပါလားကွ၊ ဟိုတစ်ခါ ငါလာတုန်းက တွေ့တယ်လေကွာ၊ လုပ်ငန်း အရမ်းကျွမ်းတယ်ဆိုတဲ့လူကွာ"

"အာ… မင်း မိုးပျံကို ပြောတာထင်တယ်။ အခု သူမရှိတော့ဘူးကွ"

"ထွက်သွားတာလား၊ ထုတ်ပစ်တာလား"

"သူ့ဘာသာ ထွက်သွားတာပါကွာ၊ ငါ သူ့ကို လခအမြင့်ဆုံးပေးထားတာပါကွာ၊ ဒါတောင် မမြဲဘူးဟ"

"အဲဒီလူ အလုပ်အရမ်းကျွမ်းဆိုမို့လား၊ မင်းငါ့ကို တစ်ခါပြောဖူးတယ်"

"အလုပ်ကတော့ တကယ့်ကို ကျွမ်းတာကွ၊ အလုပ်ရှုံပေါင်းလည်း နံ့နေပြီ၊ လူနှစ်ယောက်စာ အလုပ်ကို တစ်ယောက်တည်းပြီးအောင် နိုင်နိုင်နင်းနင်းလုပ်တဲ့လူကွ၊ လူတော်တစ်ယောက်ပဲ၊ ပညာအရမ်းကောင်းတယ်၊ ငါတောင် လက်ဖျားခါတယ်၊ ဒါပေမယ့်…"

ရှေ့မဆက်ဘဲ စကားကို ဆ... နေပြန်၏။

"ဒါပေမယ့် ဘာဖြစ်သလဲကွ"

"ပညာက တော်ပါတယ်၊ ဒါပေမယ့် အကျင့်တန်တယ်ကွ၊ အုပ်စုဖွဲ့တယ်၊ သွေးခွဲတယ်၊ ချောက်တွန်းတယ်ကွ၊ ငါသိ ငါတတ် ဆရာကြီးလုပ်ချင်တယ်၊ ငါနဲ့ သိပ်ကီးမကိုက်ပါဘူးကွာ၊ ပညာကြောင့်သာ ကြည့်နေရတာ"

"အဲဒီ ပညာကို မက်လို့ပဲကွ၊ အခြားအလုပ်ရုံတစ်ခုက သူ့ကို မျက်စိကျသွားတာ"

"အခု အဲဒီအလုပ်ရုံမှာလား"

"နောက်ထပ် တစ်ရုံတောင် ပြောင်းသွားပြန်ပြီ၊ ခက်တာကွ၊ သူက အရမ်းတတ်နေတော့ ပညာပြချင်တယ်၊ သူမရှိရင် အလုပ်ကို ရပ်ထားရလိမ့်မယ်၊ သူ့ခြေသလုံး ဖက်လာလိမ့်မယ်၊ ဒီလိုထင်နေတာကွ၊ ငါကလည်း ရင့်နေပြီပဲကွာ၊ တစ်နေ့ ဒီလိုဖြစ်လာလိမ့်မယ်ဆိုတာ သိထားတော့ သူ့ဆီက ပညာတွေ ယူထားလိုက်တာပေါ့"

ဟုတ်လောက်တယ် ခင်ဗျာ၊ ကျွန်တော့် သူငယ်ချင်း မောင်သောင်းဆိုတာက ၁၈ နှစ်သားလောက်ကတည်းက ဝပ်ရှော့ထဲရောက်လာတာ၊ အောက်သက်ကျေရုံဘယ်ကမလဲ၊ အမှုန့်ဖြစ် အရည်တောင်ပျော်ကျသွားပြီ၊ အသက် ၆၀ ကျော်သွားပြီဗျာ၊ နည်းတဲ့ လုပ်သက်မှတ်လို့၊ ဝပ်ရှော့အလုပ်သမားဘဝကနေ ကိုယ်ပိုင်အလုပ်ရုံ ထောင်ရုံတင်မက သူ့ဆီက ပညာတတ်သွားတဲ့ တပည့်တပန်းတွေ အလုပ်ရုံခွဲ ထောင်သွားကြတာ၊ သူ ထောက်ပံ့ကူညီပေးလိုက်တဲ့ အလုပ်ရုံတွေ ၂၀-၂၅ ထက်နည်းမယ်မထင်ဘူး၊ သူ့သွားပညာပြလို့ ဘယ်ရပ့်မလဲနော၊ သူ့သွားပြရင် ပညာကလေး ဖတ်ခနဲကောက်ပြီး အိတ်ထဲထည့်ထားလိုက်မှာပေါ့ သူက။

"သူထွက်သွားတော့ သူကိုင်ထားတဲ့ စက်တွေ ချောချောမွေ့မွေ့လည်ပတ်ရဲ့လား ဟကောင်ရ"

"လည်ပတ်ပါတယ်ကွာ၊ ငါကိုယ်တိုင်လည်း သင်ယူထားလိုက်တယ် လည်ရည်ပတ်ရည်ရှိတဲ့ ငါ့တပည့်တစ်ယောက်ကိုလည်း မသိမသာ သင်ယူခိုင်းထား လိုက်တယ်ကွာ"
"သူက ချပ်ခနဲ အလုပ်ကထွက်သွားတော့ ဖတ်ခနဲ သူ့နေရာ လူစားဝင်လိုက်တာပေါ့ကွာ"

မှန်ပါတယ် ခင်ဗျာ။ ကုန်ထုတ်လုပ်ငန်းလုပ်နေတဲ့ လုပ်ငန်းပိုင်ရှင်များဟာ အလွန်ဦးနှောက်ခြောက်ပြေးရပါတယ်၊ ကြိုမြင် ကြိုတွက်ထားရပါတယ်၊ လျှင်နိုင်သမျှ လျှင်ရပါတယ်။ မောင်မဲ မလာလို့ အလုပ်ရပ်ထားရတာမျိုး၊ မိဖြူအလုပ်မဆင်းလို့ ဟာသွားတာမျိုး မဖြစ်ရလေအောင် လစ်လပ်သွားတဲ့ နေရာမှာ လူစားထိုးဖို့ အဆင်သင့် လုပ်ထားရတာကလားဗျာ။ အဲဒါကြောင့်လည်း ကျွန်တော့်သူငယ်ချင်းဟာ နှစ်ပေါင်း ၄၀ ကျော် အတွေ့အကြုံများကို အခြေခံထားသဖြင့် သူ့အလုပ်ရုံ ရပ်ထားရသည်၊ နားထားရသည်ဟူ မရှိဘူးခင်ဗျာ့။

"သူမရှိလည်း ငါရှိနေတာပဲကွာ"

ကျွန်တော် သူ့စကားကို အလေးအနက် စဉ်းစားမိပါ၏။ အရည်အချင်းပြည့် ခေါင်းဆောင်ရှိနေသမျှ လုပ်ငန်းက လည်ပတ်နေမှာပါ။ သူ့ဆီက နည်းယူရပါ၏။ နမူနာ ယူရပါ၏။ အခုကြည့်လေ... တစ်စုံတစ်ယောက် အလုပ်ကထွက်သွားရုံနှင့် သူ့အလုပ် ဘာမျှမထိခိုက်ပါ။ ဘယ်လောက်ကျွမ်းကျင်သူပဲ ထွက်ထွက်။

"ဟင်း... ဟင်း... မင်းမရှိလည်း ရပါတယ်"

## အပတ်စေ့တော့နပ်လိမ့်မယ်ပေါ့ဟယ်

"ဘယ်လိုလဲဟေ့ကောင်၊ အဆင်ပြေပုံပေါ်ရဲ့လား"

ကျွန်တော် မတ်လ ၁၉ ရက်နေ့က ပြည်မြို့ရောက်တော့ အအေးဆိုင်ဖွင့်ထားတဲ့ သားအငယ်ကောင်လေးနဲ့ တွေ့တယ်ခင်ဗျာ့။ ရောက်တဲ့ အခါတိုင်း သည်လိုပဲ မေးမိတယ်။

"အဆင်ပြေမှာပါ အဖေ"

သူကလည်း သည်လိုပဲ အမြဲပြန်ဖြေလေ့ရှိတယ် ခင်ဗျာ့။ သူ့အအေးဆိုင် အလုပ်ဟာ ကျွန်တော်တို့နဲ့ ရင်းနှီးတဲ့ အလုပ်မဟုတ်ဘူး ခင်ဗျာ့။ တကယ့် အစိမ်း။ ကျွန်တော်တို့ ရမ်းစွတ်ကြိတ်ခဲ့ကြတာ။ ပူရင် ဘယ်လိုနေမလဲ။ မိုးဦးကျမှာ ဘယ်လိုနေမလဲ။ မိုးတွေစွေနေရင် ဘယ်လိုနေမလဲ။ ဆောင်းဦးမှာ ဘယ်လိုလဲ။ ဆောင်းလယ်မှာ ဘယ်လိုလဲ။ ကျောင်းဖွင့် ကျောင်းပိတ် ဘယ်လိုလဲ။ ပြည်ဆံတော်ဘုရား ပွဲတော်ရက်မှာ ဘယ်လိုလဲ။ ရွှေနတ်တောင် ဘုရားပွဲရက်မှာ ဘယ်လိုလဲ။ လဲပေါင်း အပြောက်အမြားကို စိတ်တစောစောနဲ့ စောင့်ကြည့်လုပ်ခဲ့ရတာ၊ ဒါလည်း စစ်ပွဲတစ်ပွဲပဲ ခင်ဗျာ့။

အမေရိကန်နှင့် ဗြိတိန်က အီရတ်ကိုဝင်တိုက်ကြတော့ ဘာဖြစ်လာမလဲ၊ ဘယ်လိုဖြစ်လာမလဲ၊ ဘာတွေ ရင်ဆိုင်ရမလဲ၊ ရင်တမမနဲ့ စောင့်ကြည့်နေရသလိုပေါ့ဗျာ။ မှန်းထားတာနဲ့ တကယ်ဖြစ်လာတာ ညီချင်မှ ညီတာကလားဗျာ။

"ဟဲ့... ကိုလေးစိတ်တွေ အရမ်းစောမနေနဲ့၊ အပတ်စေ့တော့ နပ်လိမ့်မယ်ပေါ့ ဟယ်"

ကျွန်တော်တို့ ငယ်ငယ်က တောရွာ ယာခင်းထဲမှာ နှမ်းကြဲကြတဲ့အခါ (လွန်ခဲ့တဲ့ နှစ်ပေါင်း ငါးဆယ်လောက်ကတော့ ယာထွန်၊ ထွန်ရေးညက်၊ နှမ်းကိုလက်နဲ့ပက်ပြီး ကြဲကြတယ်၊ ယခုအခါမှာတော့ ထွန်ရေးညက်ပြီဆို မျဉ်းဆွဲပြီး အတန်းလိုက်စိုက်ကြတယ်၊ ခေတ်က ပြောင်းသွားပြီဗျာ။) အထူအပါး ညီပါ့မလား၊ အပင်ပေါက် ညီပါ့မလား၊ စိတ်က တစောစောခင်ဗျာ့။ စိတ်က အရမ်းစောနေတော့ အပင်ဖြစ်နေးတယ်ထင်ပြီး ဆွဲနုတ်ကြည့်မိ၊ ခုနေအခါ ပြန်တွေးပြီး ပြုံးမိပါသေး။ နှမ်းပင်လေးတွေ ပေါက်လာပြန်တော့လည်း စက်လှည့်တော့ စိတ်ကတစ်မျိုး (အရွက်လေးရွက် ထွက်လာသည်ကို စက်လှည့်တဲ့ဗျာ)။ လက်ပံပွင့်မှာ စိတ်ကတစ်မျိုး (လက်ပံပွင့်ဆိုတာက လက်ပံပွင့်ကလေး ထောင်ထားသလို

ကားတားကွတတ၊ သုံးလက်မ လေးလက်မလောက် အပင်ကလေး မြင့်လာပြီး လှတပတလေးဖြစ်လာသည်ကို ဆိုလိုသည်။)

နှမ်းပင်ကလေးတွေ တစ်တောင်၊ တစ်တောင့်ထွာလောက် မြင့်လာပြီ၊ ကြက်ချေးစုလာပြီ၊ ပွင့်ဖူးဆင်ပြီ၊ ခေါင်းလောင်းဆွဲပြီ လက်ရင်းသီးတွေ ဝင်လာပြီ နှမ်းခင်းကြီးက လေတိုက်တိုင်း ယိမ်းကနေပြီဆို ကြည့်ပြီး ပီတိတွေဖြာနေပြီကော။ ချိန်းထားတဲ့ ရည်းစားကလေး ဘွားခနဲ ပေါ်လာတဲ့အခါ ခံစားလိုက်ရသလိုမျိုးလေး။ သီးတံတွေ ရှည်လာပြီ၊ အပွင့်တိတ်ပြီ၊ ပင်ရောင်လွတ်လာပြီ၊ ရိတ်သိမ်းဖို့ နီးလာပြီဆို နှမ်းခင်းကြည့်ပြီး နှမ်းထွက်ကို မှန်းချင်လာပြီ။ ရိတ်ပြီး ၊ ပုံပြီး၊ ထောင်ပြီး၊ နှမ်းထောင်တွေ ခါပြီ၊ နှမ်းတွေရပြီ၊ အိတ်တွေနဲ့ ထည့်ပြီးပြီ၊ အိမ်ပေါ်ရောက်လာပြီဆိုမှ သက်ပြင်းချရတာကလားဗျာ။

နှမ်းဟာ အလွန်မရေရာတဲ့ အမျိုးဗျ့။ ဒါကြောင့်လည်း "မှန်းချက်နဲ့ နှမ်းထွက် လွဲပလေခြင်း" ဆိုတဲ့ စကား ဖြစ်လာတာပေါ့ဗျာ။ သည်နှစ်ဆို ကြည့်ပါလားဗျာ။ နှမ်းပေါ်ကာစက ၁၅ ပိဿာ တစ်တင်း ၁၀၀၀၀ လောက်ကနေ ဖေဖော်ဝါရီ ပထမပတ်မှာ တစ်သောင်းခွဲနီးပါး ဖြစ်သွားခဲ့တယ်။ အခုဆို တစ်သောင်းကို ပြန်ရောက်သွားပြန်ပြီဗျာ။ ဆက်ပြီး ဆင်းသွားဦးမလားလဲ။ မရေရာလိုက်တာဗျာ။ အရှုံးလင်လုပ်ရသလိုပါပဲ။ သည်နေ့ အလုပ်လုပ်ကြတဲ့အခါ ရှေ့ကို ကြိုဖမ်းလို့ မရဘူးဗျ့။ ဖြစ်ချင်တာကို အသာဘေးချိတ်၊ ဖြစ်လာတာကို အကဲခတ်ပြီး လော့ခတ်ကြရတာဗျ့။ ဒါကြောင့် လုပ်ငန်းတစ်ခုကို လုပ်ပြီဆို အရမ်းစိတ်မစောရဘူး။ အရမ်းစိတ်မလှုပ်ရှားရဘူး။ စိတ်အေးအေးထားပြီး ထိန်းရင်း သိမ်းရင်း၊ ပြုပြင်ပြောင်းလဲရင်း၊ ဖာရင်း ဆို့ရင်း၊ အမိအရဆုပ်ကိုင်ရင်း၊ ဖရီးလွှတ်ပေးရင်း စသည်အားဖြင့် ကာလ တစ်ခုအထိ လိပ်ပတ်လည်အောင် စောင့်ကြည့်ရင်း သည်းခံလုပ်ကြရတာဗျ့၊ (လိပ်ပတ်လည်ဆိုသည်မှာ ကျွန်တောတို့ တောအရ ရက်ကန်းရက်တဲ့အခါ ရက်ပြီးသား ဖျင်စကို လိပ်တုံးမှာ ပတ်ရတယ်၊ လိပ်တုံး တစ်ပတ်လည်သွားသည်ကို လိပ်ပတ်လည်သည်ဟု ခေါ်ကြ၏။)

"အပတ်စေ့တော့ နပ်လိမ့်မပေါ့ဟယ်"

ထိုစကား အမှန်ပဲခင်ဗျာ့၊ ကျွန်တော်တို့ အလုပ်လုပ်စားနေကြရသူများဟာ အပတ်စေ့အောင် မနည်းစောင့်ကြရတာ၊ အပတ်စေ့လို့ နပ်တော့မှပဲ စိတ်အေးကြရတာဗျာ့။ အပတ်စေ့မှ နပ်တယ်ဆိုတာ ကျွန်တော်တို့ တောရွာမှာ ထမင်းချက်တဲ့ စကားခင်ဗျာ့။ ထင်းမီးဖိုများနဲ့ ထမင်းချက်ကြတော့ ထမင်းရည်ငှဲ့ပြီးပြီဆို မီးဖိုထဲက မီးကျီခဲတွေ ဆွဲထုတ်၊ အိုးတဖင်စာရအောင် ဖြန့်၊ အဲသည် မီးကျီခဲတွေအပေါ် ထမင်းအိုးတင်၊ ထမင်းနပ်။ တစ်ဖက်က မီးဖို၊ ဖင်အောက်မှာက မီးကျီခဲ၊ အောက်ကပူ၊ ဘေးကပူ၊ ခဏခဏ လှည့်လှည့်ပေး။ ဟော... အပတ်စေ့တော့ ထမင်းစေ့လေးဖျစ်ကြည့်၊ ဟာ... နပ်နေပြီဗျာ။ ဒါကြောင့်အပတ်စေ့မှ နပ်တယ်ဆိုကြတာဗျို့။

(တကယ်လက်တွေ့ လုပ်ကိုင်နေကြသူများကို အထူးရည်ညွှန်းပါ၏)။

## အပ်ငွေအပ်ကုန်ရှင်းတယ်ခင်ဗျာ့ မရှုပ်ဘူးခင်ဗျာ့

"ဟဲလို ကိုသိန်းတန်ရှိလား"

"အပြင်သွားတယ် ဦးလေး"

"ကိုသိန်းတန်က ဘာများမှာခဲ့သေးလဲဟေ့"

"အစ်ကိုကြီးက မှာသွားတယ်၊ ဦးလေးလာရင် ရှင်းပေးလိုက်ပါတဲ့"

"ဘယ်အချိန်လောက်များ အဆင်ပြေမလဲမသိ"

"လာခဲ့လေ ဦးလေး ရတယ်"

ကျွန်တော် နာရီကြည့်လိုက်ရာ ညနေ ၂ နာရီ။ စကားပြောတယ်ဆိုတာ အချိန်နာရီကို ကြည့်ရသေးတယ်ခင်ဗျာ့၊ ယခု ကျွန်တော်နဲ့ စကားပြောသူမှာ

ရှေ့ဆောင်ပွဲရုံမှ ပွဲစားကိုသိန်းတန် ညီမ မမြင့်မြင့်ဌေးပါခင်ဗျာ။ အရောင်းအဝယ်စကားပါ။ ညနေ နှစ်နာရီခွဲဆိုတော့ ပွဲရုံမှာ လူရှင်းနေပြီ။ ပွဲရုံကျ၊ ပဲစင်းငုံ၊ နှမ်းစသည့် ကုန်တွေလည်း ဈေးပြတ်သွားပြီ။ ပဲချိန်၊ ပဲသိမ်း၊ နှမ်းချိန်၊ နှမ်းသိမ်း အလုပ်လည်းပါးသွားပြီ။ သည်အချိန်ကို တမင်ရွေးရတာခင်ဗျာ့။ ကျွန်တော်က ပွဲရုံက ပဲစင်းငုံဖိုး ငွေထုပ်ယူမယ့်လူ၊ မမြင့်မြင့်ဌေးက ငွေထုတ်ပေးမယ့်သူ။

မနက် ၉ နာရီ၊ ၁၀ နာရီ၊ ၁၁ နာရီ သူတို့ပွဲရုံမှာ လူရှုပ်၊ ကုန်ရှုပ်။ တောသား မြို့သား ပွဲစားကုန်သည်၊ အဝယ်တော်၊ ပြန်ပဲ၊ စားကွင်း၊ နှမ်း၊ ပဲစင်းငုံ၊ ပဲတီစိမ်း ကုန်မျိုးစုံခင်ဗျာ့။ လူမျိုးစုံခင်ဗျာ့။ ပွဲစား ခေါင်းမဖော်နိုင်၊ အလုပ်သမား ယားလို့တောင်မကုတ်အား၊ ထမင်းအသာထား၊ ရေတောင်မသောက်ဖြစ်ပါခင်ဗျာ၊ ရှုပ်လိုက်တဲ့အလုပ်။ ဒါကြောင့် လူရှင်းလောက်ပြီထင်တဲ့ အချိန်ကို ချဉ်းကပ်ရတာပါဗျာ။ ဒီဇင်ဘာ ၃၁ ရက်နေ့က ဝယ်၍အပ်ထားသောပဲစင်းငုံ တင်း ၅၀ ကို ဇန်နဝါရီလ ၂၁ ရက်နေ့မှာ ပေါက်ဈေးဖြတ်၍ ငွေထုပ်ယူခြင်းဖြစ်ပါ၏။ ဇာတ်လမ်းအစက ပြန်ကောက်ရမည် ဆိုပါက...

"ဟဲလို... ဦးလေးချမ်းသာလား"

"အေး... ပြော"

"ကျွန်မ ချိုမာရီပါ"

"အေး... မှတ်မိတယ်၊ ညည်းအသံကို ကျက်မိတယ်၊ ဘာလဲ ငွေအပ်ချင်လို့လား"

"ဟုတ်တယ်ဦးလေး"

"ပို့လိုက်လေ"

သည်လိုနဲ့ ကျွန်တော့်ထံသို့ ငွေများရောက်လာခြင်းဖြစ်ပါ၏။ ချိုမာရီက ကျွန်တော့် တူမ၊ သူက ကြည့်မြင့်တိုင် ညဈေးတန်းမှာ ဈေးရောင်းတယ်၊ ရောင်းရတဲ့အမြတ်ငွေထဲက

နည်းနည်းချင်း ဖွဲ့စု၊ အိတ်ကလေးဖောင်းတော့ ကျွန်တော့်ဆီပို့။ သူ့ငွေ ကျွန်တော့်ဆီ ရောက်လာ၊ အထုပ်က တဖြည်းဖြည်းကြီးလာ။ ကျွန်တော်က အတိုးပေးရမှာ။ သူ့ငွေ၊ အတိုးပေးရမည့်ငွေ၊ ကျွန်တော်ဘာလုပ်မလဲ၊ အရင်းအနှီးထဲထည့်ထားရမလား၊ ကုန်ဝယ်ထားရမလား။ သို့နှင့် ကျွန်တော်ပြန့်ပဲဝယ်ထားရလေ၏။ ပဲစင်းငုံ ဝယ်ထားရလေ၏။ ယုံကြည်ရသောပွဲစားများကို အားကိုးအားထားပြုရလေ၏။ ထိုနေ့ ညနေ မမြင့်မြင့်ဌေးထံမှ ငွေရှင်းယူခဲ့ပါလေ၏။ ပဲစင်းငုံဖိုး။

"၆၃ဂဂ ကျပ်နဲ့ ဝယ်အပ်ထားတဲ့ လူတွေတော့ ဈေးလာမဖြတ်ကြသေးဘူးဗျာ"

ဇန်နဝါရီ ၂၂ ရက် နံနက်က အောင်လံမြို့မြောက်ပိုင်း ဇော်ပျံလေးပွဲရုံရောက်တော့ ပွဲစားဇော်ပျံလေးက ဆီးပြောတဲ့စကားခင်ဗျာ့။

"အပ်နမ်းတွေကိုတော့ လေးဆယ့်လေး (၄၅ ပိဿာတစ်အိတ် ၄၄ဂဂ ကျပ်) နဲ့ထုတ်လိုက်ပြီ၊ အခု လေးဆယ့်တစ်နဲ့ ပြန်ခွေထားလိုက်တယ်။ သူက ဘယ်နေ့လာပြီး ဈေးဖြတ်မှန်းမသိတော့ ဒီလိုပဲလုပ်ထားလိုက်တယ်၊ ပင်ကျော်ပေါ့" (ပင်ကျော်ဆိုသည်မှာ ပစ္စည်းတစ်မျိုးကိုပဲ နောက်တစ်ကြိမ်ပြန်ဝယ်၊ ပြန်ရောင်းသည်ကို ပင်ကျော်ရိုက်သည်ဟု ဆိုခြင်းပေတည်း။)

"အဲလိုဆိုတော့ ခုသာခံသာရှိတာပေါ့"

"အေး… ဟုတ်တာပေါ့ကွ"

"အပ်ကုန်တော့ လက်ခံချင်ပါရဲ့ဗျာ၊ ခင်ဗျားအမြင်ပဲ နေရာက ကျပ်နေတယ်"

မှန်တယ်၊ ကိုမြစိန်ပွဲရုံမှာက ကုန်ထားစရာနေရာ မရှိတော့ပါ။

"တောက တက်လာပြီး ပုံထားပါရစေဆိုတာတောင် လက်မခံနိုင်ဘူး ဆရာသမားရေ"

ကိုမြစိန်က ဆက်ညည်းလေ၏။

"တစ်အိတ် ၂၇၀၀၀ ကျပ်ဈေးနဲ့ နမ်းအိတ် ၅၀ ကြိုရောင်းထားတယ်ဗျာ"

၄၅ ပိသာ နမ်းတစ်အိတ် ၂၇၀၀၀ ကျပ်နဲ့ကြိုရောင်းထားသော ပွဲစားမောင်ခိုင်၏ စက်တင်ဘာ ၃၀ ရက်နေ့က ပြောတဲ့စကားခင်ဗျာ့။ ဒီဇင်ဘာ ၃၁ ရက်နေ့မှာ ကုန်အပ်ရမှာ။ နမ်းဈေးကျလိမ့်မည်အထင်နဲ့ ကြိုရောင်းထားခြင်းဖြစ်ပုံရပါ၏။ သူကြိုရောင်းချိန်က နမ်းတစ်အိတ် ၂၉၀၀၀ ခင်ဗျာ့၊ သူကုန်အပ်ရတဲ့နေ့ပေါက်ဈေးက နမ်းနီပြာတစ်အိတ် ၄၂၀၀၀ ပါခင်ဗျာ။ ကတိအတိုင်းအပ်လိုက်ရတာပါပဲ။ အိတ် ၅၀ မို့တော်သေး အိတ် ၅၀၀ ဆို အခက်ပေါ့၊ ကြိုရောင်း ကြိုဝယ် မျက်ခုံးလှုပ်လှသကွယ်။ ကျွန်တော်တို့ အရောင်းအဝယ်လောကမှာ ငွေအပ်တယ်၊ ကုန်အပ်တယ်၊ ဈေးဖြတ်တယ်၊ ငွေရှင်း ယူထားတယ်။ ကုန်ကြိုရောင်းတယ်၊ သတ်မှတ်တဲ့ရက်ရောက်တော့ ကုန်အပ်တယ်။ တစ်ယောက်ကို တစ်ယောက်။ တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုနဲ့လုပ်ကြတာ။ တောမြို့လေးမို့လို့လားမသိ။

## သုံးခွက်တစ်ခွက်တင်

"မောင်ချမ်းသာ ပုဏ္ဏာရိပ်ပင်ကိုသိလား"

"သိပါတယ် ဆရာကြီး"

"ဟို ၁၂ လပတ်လုံး အရွက်စိမ်းနေပြီး နီနီအဆုပ်လိုက် အဆုပ်လိုက်ပွင့်တက်တဲ့ အလှစိုက်ပန်းပင်လေ"

"ဟုတ်ကဲ့ဆရာကြီး၊ ကျွန်တော်တို့ အိမ်ရှေ့ခြံစည်းရိုးမှာ ရှိပါတယ် ဆရာကြီး"

"အေး... အဲဒီ ပုဏ္ဏာရိပ်ရွက် အကိုင်းအခက် အဖူးအပွင့် လက်တစ်ဆုပ်စာလောက် ခူးပြီး သုံးခွက်တစ်ခွက် တင်အောင်ကျို (ရေသုံးပုံတစ်ပုံ ကျန်အောင်ကျို) ပြီး ဖန်ရည်ငုံပေး၊

ဝမ်းခေါင်းထဲမကျစေနဲ့၊ ဘာမှတော့မဖြစ်ဘူး၊ နည်းနည်း တောက်တက်တယ်၊ ငုံပြီးထွေးပစ်၊ တော်တော်လေးငုံမိတော့ လက်ဖက်ရည်ကြမ်းနဲ့ ပလုပ်ကျင်းပစ်၊ နှစ်ရက်လောက်ငုံမိရင် မောင့်ရင့်သွားနာ ယူပစ်သလို ပျောက်သွားလိမ့်မယ်"

ကျွန်တော် ညာဘက်ခြမ်း အောက်အံသွားတစ်ချောင်း ကိုက်ပြီးနာနေရာ ညာဘက်မေးရိုးကြီး တစ်ခုလုံး ရောင်ကိုင်းနေလေ၏။ မြန်မာသမားတော်ကြီး ဦးညဏ်မြင့်က ပြောသည့်အတိုင်း ပုက္ကရိပ်ရွက်ကို သုံးခွက်တစ်ခွက်တင်ပြုတ်၍ ငုံလေရာ နှစ်ရက်မြောက်နေ့တွင် သက်သာ၍ ငါးရက်မြောက်နေ့တွင် သွားကိုက် လုံးလုံးပျောက်လေ၏။

သုံးခွက်တစ်ခွက်တင်။

မြန်မာတိုင်းရင်းဆေးလောကတွင် အလွန်အသုံးများသော ဝေါဟာရ ဖြစ်မည် ထင်ပါ၏။ ခဏခဏ ကြားရ၏။ သုံးခွက်တစ်ခွက်တင် ဆိုသောစကားသည် ဆေးလောကတွင် အသုံးများသကဲ့သို လူလောက စီးပွားရေးလောကတွင်လည်း သုံးကြကုန်သေး၏။ အဓိပ္ပာယ် ဖွင့်ဆိုပုံခြင်းကား မတူညီပါလေ။

"မမ ဘယ်လို သဘောရလဲ၊ ပြည့်စုံက ငါ့နွားဝါကြီးကို ငှားချင်တယ် ပြောနေတယ်"

"အင်း အဲဒီကောင်လေးက ပေးပြတ်ပြတ်၊ ယူပြတ်ပြတ် နာမည်ပျက်မရှိဘူး၊ ငှားလိုက်ပါလားဟယ်၊ ဒါပေမယ့် ကိုလေးသဘောလေ"

ကျွန်တော်က နွားငှားမည်ကြံတိုင်း ကျွန်တော့်အမ မမနင်းဝေကို တိုင်ပင်လေ့ရှိ၏။ သူ့သဘောထားကို တောင်းခံလေ့ရှိလေ၏။ မမက ဆက်ဆံဝရှာ၊ ရှာခံ။ ဘယ်သူ ဘယ်လိုစိတ်ထားမျိုးရှိ၊ သူအကုန်သိ။ မမက ဘယ်သူ့ကိုငှားလိုက်ပါ၊ အမိန့်ချလိုက်၊ ထိုသူကိုငှားလိုက်၏။ အချိန်တန် နွားငှားခ နှမ်းသုံးတင်း ရစမြဲပါခင်ဗျာ။ အစက ပြန်ကောက်ရသည်ရှိသော်။

၁၉၇၈ ခုနှစ် ကျွန်တော့် ယောက္ခမကြီးဒေါ်မြရင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံကြီးတွင် အူမကြီးကင်ဆာရောဂါဖြင့် ကွယ်လွန်သောအခါ အသက် ၇၅ နှစ်အရွယ် ကျွန်တော့်ယောက္ခထီးကြီး ဦးဖိုးချီအား ပြုစုစောင့်ရှောက်ရန် ကျွန်တော်တို့လင်မယားသည် သားနှစ်ယောက်၊ သမီးတစ်ယောက် လက်ဆွဲ၍ ရန်ကုန်မြို့တော်ကြီးမှတဆင့် အောင်လံမြို့နယ်၊ ရေပြည့်ရွာသို့ပြောင်းခဲ့ကြလေ၏။ ရန်ကုန်ကြည့်မြင်တိုင် ရေတွင်းကုန်း ရပ်ကွပ်မှ နေအိမ်ကလေးနှင့် ကြည့်မြင်တိုင်ညဈေးတန်းမှ အထည်ဆိုင်ကလေးကို အပြတ်ရောင်းခဲ့ကြလေ၏။ လျှပ်စစ်မီး ထိန်ထိန်ညီးသော မြို့တော်ကြီးသားဘဝမှ ရေနံဆီမီးခွက်ကလေး မှိတ်တုတ်မှိတ်တုတ် ရွာဇနပုဒ် တောသားကလေးဘဝသို့ ရောက်ကြလေ၏။ ဘဝပြောင်းသော် အလုပ်လည်း ပြောင်းကြရလေ၏။ မြို့ပေါ် အထည်ရောင်းသော ဈေးသည်ဘဝမှ တောရွာ လယ်ထွန်ယာထွန်ရသော လယ်သမား ယာသမားဘဝသို့ ရောက်လေ၏။ အို... ဖြစ်သမျှဘဝ အကောင်းချည်းပေါ့ဟယ်။ တောရွာမှာ အခြေချသောအခါ တောလုပ်တောကိုင် လုပ်ရ၏။ အိမ်နှင့် ဆိုင်ရောင်း၍ ရခဲ့သော ပိုက်ဆံကလေးကို တောရွာထုံးစံ နွားငှားရ၏။ နမ်းပေးပေးရ၏။ (နမ်းကြိုတင်ဝယ်သည်ကို နမ်းပေးပေးသည်ဟုခေါ်သည်။)

၁၉၇၈ ခုနှစ်။ ထိုစဉ်က နွားတစ်ကောင် ၇၀၀-၈၀၀ ကျပ်ဆို ခိုင်းဖြစ်နေပြီ။ ၁၀၀၀-၁၅၀၀ ကျပ်ဆို ငါးမိုးလောက် ကောင်းစွာ ခိုင်းနိုင်သေး၏။ သုံးလေးထောင် လောက်ဆို ခိုင်းနွားကောင်းကြီးများကို ရနိုင်၏။ ကျွန်တော်တို့ နွားငှားစားသူများကား ဘောကြီးများကို မဝယ်၊ တော်ရုံသင့်ရုံ သုံးလေးမိုး ခိုင်းနိုင်လောက်သော ခပ်သင့်သင့် နွားများကိုသာ ဝယ်ရ၏။ ဒါမှ တွက်ချေကိုက်မှာကိုး။ ကျွန်တော့်မှာ ငှားနွား ၁၄-၅ ကောင်ရှိလေ၏။ ငှားနွား ပိုနေသည့်နှစ်ရယ်လို့ မရှိ။ မိုးဦးကျ မိုးသံလေသံကြား ထွန်ယက်ချိန်နီးပြီဆို ခိုင်းနွားမပြည့်စုံသူများက နွားငှားမည့်သူများထံ ချဉ်းကပ်ကြရကုန်၏။ အိမ်သို့ တကူးတက ဖိတ်၊ ကြက်ရိုက် အရက်တိုက်ကြရကုန်၏။ ရှိလို့မဟုတ်ဘူး၊ ချေးငှားဝယ်ရတာ။

"ငှားဖို့ နွားမကျန်တော့ ဘူးကွာ"

"ဒါဆို ဒီဈေးပတ်လိုက်ဝယ်ပေးပါ"

ကျွန်တော်တို့ အောင်လံမြို့က ကြာသပတေးနေ့တိုင်း နွားဈေးရှိတယ်ခင်ဗျာ။ နွားပွဲလို့လဲ ခေါ်တယ်။ အင်မတန် ယုံကြည်စိတ်ချရမည့်သူ၊ အလွန်မျက်နှာ နာရမည့်သူ၊ ကိုယ့်ထဲ ကိုယ့်လူများကျတော့ သည်လိုပဲ နွားဈေးလိုက်သွားပြီး သူတို့ကြိုက်ရာ နွားဝယ်ပေးလိုက်ရသူလည်း ရှိတယ်ခင်ဗျာ။

"မမ ဘယ်လိုလဲ ဖိုးထွန်းစိန်"

"ဟယ်... ကိုလေး သူက သုံးခွက်တစ်ခွက်တင်ဟဲ့"

ဤနေရာတွင် သုံးခွက်တစ်ခွက်တင်ဆိုသော စကားသည် သုံးပုံတစ်ပုံသာ ယုံရ၏။ နှစ်ပုံက မယုံရဟု ဆိုလိုရင်း ဖြစ်လေ၏။

"ကြည့်ပြောလိုက်ပေါ့ဟယ်"

ထိုအခါတွင် ကျွန်တော်သည် လုပသော နားဝင်ချိုသော စကားလုံးများဖြင့် ငြင်းရပြန်လေ၏။ သည်လိုနှင့် တောသားဘဝ ငါးနှစ်မျှ ကြာလေသတည်း။

## အကောင်းမထင်ဘူး မပြောင်းချင်ဘူး

"ဟော့... ခင်ဗျား မပြီးသေးဘူးလား၊ ဖွင့်တော့လေဗျာ"

"ပွဲတော်ရက်မတိုင်မီ ဖွင့်နိုင်လိမ့်မယ်လို့ မှန်းတယ်ဗျာ့"

၂၀၀၃ ခုနှစ် မတ်လ ၁၃၊ ၁၃၆၄ တပေါင်းလဆန်း ၁၁ ရက်နေ့က အောင်လံမြို့ တရော်ကုန်းရပ်ကွက်က ညိမ်းစတိုးသို့ ရောက်သောအခါ ဆရာလုပ်မိသည်။ ညိမ်းစတိုးဆိုတာက ကျောင်းသုံးရုံးသုံးစာအုပ်၊ စာရေးကရိယာ၊ ဂျာနယ်၊ မဂ္ဂဇင်း တင်ရောင်းတဲ့ ဆိုင်ခင်ဗျာ၊ ဆိုင်ပိုင်ရှင် ကိုညိမ်းနဲ့က ညီအစ်ကိုလိုနေကြတာ။

တပေါင်းလပြည့်ကျော်မှာ ကျင်းပမယ့် ကုသိနာရုံ ဘုရားပွဲတော်အမီ ဖွင့်နိုင်ဖို့ ရှေ့မျက်နှာစာနဲ့ အောက်ခင်းကို အချောကိုင်တဲ့ လုပ်ငန်းပြီးသလောက်ဖြစ်နေပါပြီ။ ဆိုင်ကလေးက အရှေ့ဘက် ပြည်လမ်းကို မျက်နှာမူထားတာဗျ။ အဲဒါ နောက်က ဆောက်ပြီးသားတိုက်နဲ့ ဆက်ပြီး အရှေ့ဘက်မျက်နှာကို တိုးချဲ့ဆောက်လိုက်တော့ သူ့ဆိုင်ကလေးက မြောက်ဘက်က လမ်းတိုကလေးဘက်ပြောင်းပြီး မျက်နှာမူလေရာ ပြည်လမ်းဘက်မှ ကြည့်လိုက်လျှင် ဆိုင်ပျောက်သွားလေတော့၏။

"မြင်မှရောင်းရတာ ကိုညိမ်းရ"

"ဟုတ်ပါ့ဗျာ... ဆောက်တုန်း တန်းလန်း မြောက်ဘက်လှည့် ဆိုင်ကို ထင်းခနဲ မမြင်ရတော့ ရောင်းအားထိုးကျသွားတာပဲဗျို့၊ အဲဒါကြောင့် အမြန်ဆုံးလျှော်ခတ်နေတာ"

"အမှန်ပဲခင်ဗျာ့... ကုန်ပစ္စည်းကို ခလုပ်တိုက်မိမှ ရောင်းရတာ၊ ကမ္ဘာ့အရပ်ရပ် ဘယ်နိုင်ငံကြည့်ကြည့် လမ်းပေါ်ဈေးတွေမှာ လူတွေပြည့်ကျပ်နေတာ များတယ်။ (ကျွန်တော်တော့ မရောက်ဘူးဖူး၊ ပိုက်ဆံမရှိလို့ ရုပ်ရှင်တွေကြည့်ပြီးပြောရတာ။) မြန်မာနိုင်ငံ အရပ်ရပ်က မြို့ကြီးတွေတော့ ရောက်ဖူးပါတယ်။ ဖေဖော်ဝါရီ ၂၂ ရက်နေ့က မူဆယ်ရောက်တော့ ပိုသိသာတယ်။ ညနေသုံးနာရီလောက်ဆို မူဆယ် ဈေးကြီးထဲက ကုန်ပစ္စည်းမျိုးစုံ လူတွန်းလှည်းတွေနဲ့ဆွဲထုတ်ပြီး ညဈေး မှာ ခင်းကြပြီ။ ည ၉ နာရီ ၁၀ နာရီ ကြိတ်ကြိတ်တိုးပဲ။

အဲဒါဟာ ဈေးရဲ့သဘော၊ ဈေးသည်ရဲ့ သဘောပါဘဲ။ ဝယ်သူဆိုတာ သိပ်ခက်ခက်ခဲခဲကြီး မရှာချင်ဘူး၊ မကြည့်ချင်ဘူး၊ အချိန်ကုန်မခံနိုင်ဘူးဗျ။ အဲသည်တော့ သူက ကြည့်ထားတယ်။ ဘယ်နေရာလေးမှာ ဘာဆိုင်ရှိတယ်၊ ဘယ်လိုပစ္စည်းတွေ ရတက်တယ်၊ ဘယ်အချိန်ဖွင့်တက်တယ်၊ တချို့ဆို ဆိုင်ပိုင်ရှင် ဘယ်သူဘယ်ဝါကစ အလွတ်ကျက်ထားတာ။ (အလစ်မှာရည်းစားစကားပြောဖို့လည်း ပါတယ်။) မျက်မှန်းတန်းမိနေတဲ့ ဆိုင်ကလေး ရုတ်တရက်ပျောက်သွားရင် မျက်ခြေပြတ်သွားရော၊ ယုန်ကလေးများလို (ကျွန်တော်တို့တောရွာမှာ ယုန်ထောင်တော့မယ်ဆိုရင် ယုန်လမ်းကို အရင်ကြည့်ထားရတယ်။ ယုန်ကလေးတွေက သူတို့ပြေးမယ့်လမ်းမှာ မြက်ပင်ကလေး

တွေကို ကိုက်ဖြတ်ထားကြတယ်။ စားတာမဟုတ်ဘူး၊ ပြေးရလွှားရလွယ်အောင် လမ်းဖောက်ထားတာ၊ အကြောင်းရှိသည်လမ်းကပဲပြေးတယ်၊ လမ်းကြောင်းများရင် မသွားတက်ကြတော့ဘူး။) လူတွေလည်းသည်အတိုင်းပဲ ဝယ်နေကျဆိုင် ဝယ်နေကျ ဖောက်သည်ကို ယုံကြည်တက်ကြတယ်၊ ဈေးများတာနည်းတာ အသာထား ပစ္စည်းကို စိတ်ချတယ်။ ရဲရဲဝယ်တယ် ရဲရဲရောင်းတယ်။ ပစ္စည်းအသစ်၊ မျက်နှာအသစ်၊ လူအသစ် မဆက်ဆံချင်ကြဘူး၊ စကားအသစ်တွေ မပြောချင်ကြဘူးဗျ့။ လူ့သဘာဝ။ ဆိုင်ရှင်အသစ်၊ မျက်နှာအသစ်ဆို ပစ္စည်းဈေးလျှော့ပေးတာတောင် မဝယ်ချင်ဘူး၊ လန့်တန့်တန့်၊ ရွံ့တွန့်တွန့်ဗျာ၊ ဟုတ်မှဟုတ်ရဲ့လား၊ သံသယတွေပွားတက်တယ်။ ကျွန်တော်ဆို သည်အတိုင်းပဲ။

"အိုကေကြီး ပဲဆန်သွင်းချင်တယ်ဗျာ၊ လိုချင်တဲ့ပုံစံ ဖြစ်စေရမယ်၊ ဈေးလည်း လျှော့ပေးမယ်ဗျာ"

အဲသည်လိုမျိုးခဏခဏကြုံရတက်တယ်။

"ဟာ မလုပ်နဲ့ ငါ့မှာ ဖောက်သည်တွေ ရှိပြီးသား"

ငြင်းလွှတ်ရတာ အခါခါဗျာ၊ ဘာကြောင့်လဲဆိုတော့ လူအသစ် မဆက်ဆံချင်၊ စကားအသစ် မပြောချင်လို့ဗျာ။ ဈေးလျှော့ပေးလို့ အမြတ်ပိုရတာနဲ့ မကာမိဘူး၊ တစ်ခါ တစ်ရံမှာ အဖုအထစ်တွေ၊ စကားအလု အငြင်းပြောရတာတွေ ကြုံရတက်တယ်။ (အလုပ်လုပ်နေကြသူတိုင်း ကြုံဖူးမှာပါ။) မိတ်ပျက်ရတက်တယ်။ အဲဒါကြောင့် ဖောက်ပြီးသား ပြေးလမ်းကလေးကိုပဲ အားကိုးတယ်။ ယုန်ကလေးများလိုပဲ။ ဈေးအသစ်ကြီးတွေ မစည်တာ၊ ခြောက်ကပ်နေတာဟာ ဒါကြောင့်ပါဘဲ။ လူတွေဟာ ဝယ်နေကြနေရာလေး၊ ဝယ်နေကျဆိုင်ကလေးကို ဆက်လက်အားပေးနေကြတော့ ဈေးသစ်ကြီး ဘယ်လောက်ကောင်းကောင်း မူလ လက်ဟောင်းဖောက်သည် ဆိုင်ကလေးတွေဟာ စည်ကားမြဲပါပဲဗျာ။ သွားကြည့်ဝယ်ကြည့်ပါ။ လမ်းကြောင်း မပြောင်းချင်ဘူးဗျာ၊ လမ်းကြောင်းပြောင်းရရင် မျက်စိလည်တယ်၊ အချိန်ကုန်တယ်၊ အဝယ်မှားမိရင် ဒေါသထွက်ဦးမယ်၊ အသက်တိုရမယ်ဗျာ။

(ကျွန်တော်ကတော့ အသက်ရှည်ရှည်နေချင်တယ်၊ ပိုက်ဆံရှိရင်ပိုကောင်းတယ်)

## ဥစ္စာကို ဉာဏ်စောင့်လေ၏။

၂၀၀၃ ခုနှစ် မတ်လ ၁၂ ရက်ဗုဒ္ဓဟူးနေ့က အောင်လံမြို့ ဈေးကြီးအရှေ့ဘက်တန်းမှ ဆေးဆိုင်သို့အဝင် ဆိုင်ရှေ့တွင်ရပ်ထားသော ကားအကောင်းစားကလေးတစ်စီးကို သတိပြုမိလေ၏။

"ဟေး... ဒါခင်ဗျားကားလားဗျ"

ဆေးဆိုင်ပိုင်ရှင် ကိုတုတ်ကိုမေးကြည့်မိ၏။ (သတင်းထောက် တယ်စပ်စုသကိုး)

"ကျွန်တော့်ကား မဟုတ်ရပါဘူးဗျာ၊ ဟောဟိုမှာ လာနေပါပြီ ပိုင်ရှင်"

သူညွှန်ရာသို့ကြည့်လိုက်ရာ လူငယ်လင်မယားနှစ်ယောက် ဈေးထဲမှ ဝယ်ခြမ်းပြီး ပြန်ထွက်လာသည်ကို တွေ့လိုက်ရလေ၏။ ကားပေါ်တက် ဂူးခနဲမောင်းထွက်သွားကြလေ၏။

"ထိပ်ပြောင်ကြီးသားလားလို့"

"ဟုတ်ပ့ါ"

"အရင်က ဒီကားမဟုတ်ဘူးလားလို့"

"သိန်း ၁၀၀ အလိုက်ပေးပြီး လဲထားတာ"

"အယ်... တယ်ဟုတ်ပါလား"

"တယ်မဟုတ်ဘူးဗျို့၊ ကလေးက စီးပွားရေးသိပ်မလုပ်တက်သေးဘူး၊ ရှာတဲ့ဘက် အားမသန်ဘူး၊ သုံးတဲ့ဘက် အားသန်နေလို့ သတိပေးနေရတယ်၊ ကျွန်တော်နဲ့က အမျိုးလေဗျာ"

"ဟင်း... ဟင်း... ကိုတုတ်ကလည်း ဝန်ကတော်ကြောင့်ကြဗျာ"

"အင်း... နေ့စဉ်တွေမြင်နေရတော့ စိတ်ပူမိတာပေါ့ဗျာ၊ ဒီကလေးအတွက်ပါဗျာ" ပူမည်ဆိုလည်း ပူလောက်ပါ၏။ ဖြစ်တက်သည့် သဘောတရားလေ။

"ဟာ... ချမ်းလေး လာပေ့"

လက်ဖက်ရည်ဆိုင်ရှေ့ ခုံပုကလေးပေါ်မှ ခေါ်သံကြား၍ ကြည့်လိုက်ရာ...

"ဟင်... ဒင်ကြီး"

သူက ကျွန်တော့်ကိုချမ်းလေး၊ ကျွန်တော်က သူ့ကိုဒင်ကြီး၊ အပြန်အလှန် ချစ်စနိုး ခေါ်ကြလေ၏။ တောသား အချင်းချင်း ငယ်ပေါင်းတွေ။ ထမင်းချိန်နီးနေသော်လည်း သူကိုငဲ့၍ ဝင်ထိုင်၊ ကော်ဖီတစ်ခွက်မှာလိုက်၏။ နာမည်အရင်းက ဦးအောင်ဒင်ခင်ဗျာ၊ အောင်လံမြို့ အရှေ့ဘက် ဖောင်ရိုးဆိုသောရွာကလေး ဇာတိ၊ သူတို့ငယ်စဉ် (၁၉၄၉- ၅၀) က ရွာမှာ မူလတန်းကျောင်း မရှိသေး၊ လောကနိတိပရိတ်ကြီး ဘုန်းကြီးစာသင်ရ၏။ အတန်းစာ မတက်သော်လည်း ဒင်ကြီးကား လာဘ်မြင်သူဖြစ်ရကား အောင်လံမြို့ပေါ်တက် ပွဲရုံထောင်လေ၏။ အပေါင်းအသင်းဆံ့ လူချစ်လူခင်များသဖြင့် နေ့ချင်းညချင်း နာမည်တက်လေ၏။

၁၉၈၀-၁၉၉၀ အောင်လံ မျိုးမြေပဲများ ပဲခူးဈေးကွက်တွင် စန်းပွင့်နေသောကာလ ဒင်ကြီး ပဲခူးအောင်လံ ပဲကုန်ကူးလေရာ ပဲတစ်ရာသီ (သီတင်းကျွတ်- တန်ဆောင်မုန်း-

နတ်တော်) တည်းနှင့် အမြတ်ကောင်းစွာရ၍ ကားတစ်စီးဝယ်နိုင်လေ၏။ ၁၉၉၅-၂၀၀၀ လူစီးအဝေးပြေး မှန်လုံအိတ်စပတ်ကားကြီးများ ခေတ်ထလာသောအခါ ဒင်ကြီး အိတ်စပရက်ထောင်လေ၏။ ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာ ပထမပတ် ဒင်ကြီးနဲ့ ကျွန်တော် သူ့ကားကြီးပေါ်တွေ့၊ အောင်လံ- ရန်ကုန်လမ်းမကြီးပေါ်မှာ-

"ဒင်ကြီး ဘယ်နှစီးလဲဟ"

"ရှစ်စီး၊ ခြောက်စီးကပြေးနေတယ်၊ နှစ်စီးက ဝပ်ရှော့မှာ"

"လုပ်လုချည်လား"

"ရတုန်းရှာရတာပေ့ါဟ ချမ်းလေးရ"

ယနေ့ သူနဲ့လက်ဖက်ရည်ဆိုင်မှာတွေ့တော့ သူ့မှာ ကားတစ်စီးမှ မကျန်တော့ပါ၊ သူကိုယ်တိုင် ရိပ်သာရောက်နေပါ၏။ သူ့သား အငယ်ကောင် လော့်ခတ်ပစ်လိုက်ရာ ကားရှစ်စီးလုံး ကုန်သောဟူ၏။ ဉာဏ်ကလေးနဲ့ထိန်းပြီး ဆ,လုပ်မည်ဆိုပါက ဆုတ်ယုတ်စရာ မရှိ တိုးပွားဖို့သာရှိပါ၏။

"အမေနေမကောင်းဘူး၊ လာခဲ့ဦး"

တစ်နေ့သောအခါ ကျွန်တော်ရှစ်တန်း၊ ကိုးတန်း၊ ၁၀ တန်း (၁၉၆၀- ၆၁- ၆၂-၆၃) နေခဲ့သော မွေးစားအမေ ဒေါ်ကြည်ကြည်အိမ်သို့ ရောက်လေ၏။ လမ်းအနောက်ဘက် တစ်ခြမ်းလုံးတွင် ဒေါ်ကြည်ကြည်နှင့် လမ်းမအရှေ့ဘက်ခြမ်းတွင် ဦးတင်မောင်တို့ နှစ်ဦးသာ သိဟောင်း ကျွမ်းဟောင်းများရှိတော့၏။ အခြားသူများကား နောက်မှ ဝင်လာသော မျက်နှာစိမ်းများဖြစ်ကုန်၏။ မူလနေထိုင်သူများက အိမ်ပေါင်လို့း၍ ထွက်သွားကြလေပြီ။ ထို့ကြောင့်လည်း ကိုတုတ်က မနက်က သူ့တူတော်မောင်အတွက် ရှေ့ရေးတွေးပူနေခြင်း ဖြစ်ပုံရပါ၏။ မိဘလက်ငုတ်ဆက်လုပ်ရမှာ၊ မိဘထက် သာလွန်အောင် ကြိုးစားရမှာဖြစ်ပါသော်လည်း အချို့သောသူများသည်...။ ဥစ္စာကို ထက်မြက်သော ဉာဏ်နှင့် စောင့်ရှောက် ထိန်းသိမ်းနိုင်ကြပါစေသတည်း။

(ဆယ်နှစ်ဆယ်မိုး ရှာထားသောပစ္စည်းဥစ္စာ ဆယ်မိနစ်အတွင်း ပျောက်ပျက်သွားနိုင်သည်။)

## ရှေ့လူမြွေကျော်၊ အလယ်လူမြွေကိုက်၊ နောက်လူမြွေရိုက်

၂၀၀၃ ခုနှစ် မတ်လ ၅ ရက်နေ့က အောင်လံမြို့မြောက်ပိုင်း ရှေ့ဆောင်ပွဲရုံသို့ ရောက်သောအခါ...။

"ပြည်တွင်းသုံး သီးနှံနဲ့ အိတ်စပို့သီးနှံ ဘယ်ဟာရွေးရင်ကောင်းမလဲ ဦးလေးချမ်းသာ"

ပွဲစားကိုသိန်းတန်က ရောက်မဆိုက်မေးလိုက်သောအခါ ကျွန်တော်သည် အကြား အမြင်ရသော ဘိုးတော်ယောင်ယောင်၊ ပေါက်နေသောဂိုဏ္ဍာလိုလို မိုးပေါ်မော့ကြည့် တောင်ကြည့်မြောက်ကြည့် မျက်စိကစားလိုက်ပြီးနောက်။

"ဟာ... ကိုသိန်းတန် ခင်ဗျားကြိုက်ရာသာ လှောင်ပေတော့ဗျို့၊ ကံပဲ"

"ဟင်... ဒါတော့ ဦးလေးချမ်းသာပြောမှလား"

"အေးလေ... ကိုယ်ကလည်း ကိုယ်ပြောနိုင်တာ ကိုယ်ပြောတာကိုးကွယ့်" (အဟဲ... ဘိုးတော်လေသံ)

အမှန်ပါပဲခင်ဗျာ၊ ဘယ်သီးနှံ ဘယ်လ၊ ဘယ်ရက်ရောက်ရင် ဈေးမြောက်မယ်၊ ဘယ်သီးနှံကဖြင့် ဈေးကျမယ် မည်သူမျှ အတတ်မဟောနိုင်ပါခင်ဗျာ့၊ ဘယ်ဗေဒင် ဆရာမှလည်း မဟာဘုတ်ထူ၍ ရနိုင်မည်မထင်ပါ။ ပေါ်တာရှားတာနဲ့ မဆိုင်ဘူးခင်ဗျာ့၊ တက်ချက်တဲ့သီးနှံထိုးတက်ပြီး ကျချင်တဲ့သီးနှံက အဂီစိ ဖောက်ထိုးဆင်းတော့တာပါပဲ။ သည်နေ့မတ်လ ၅ ရက်ပေါက်ဈေးကိုပဲ ကြည့်ပါ။ ပဲစင်းငုံအနီ ၂၀ ပိဿာ တစ်တင်း ၆၂၀၀ ကျပ်၊ နီဖြူကြား ၅၉၀၀ ကျပ်၊ ကုလားပဲ (ဂျပန်မျိုး) ၆၅၀၀ ကျပ်၊ နှမ်းနီ ၄၅ ပိဿာ

တစ်အိတ် ၃၄၀၀၀ ကျပ်၊ နမ်းပြာ ၃၃၀၀၀ ကျပ်၊ နမ်းဖြူ ၃၂၀၀၀ ကျပ်၊ ပဲကြီးအသစ် ၂၀ ပိသာတစ်တင်း ၈၀၀၀ ကျပ်၊ ၇၀၀၀ ကျပ်၊ ခြောက်လပဲ ပြန့်ပဲဆန် (ဆီဆန်) တစ်ပိသာ အောင်လံထိပ်စ ၇၀၀ ကျပ်။ ဒါက မတ်လ ၅ ရက်နေ့ကဈေးဗျာ။ မတ်လ ၈ ရက်နေ့ကျတော့ ဈေးကတစ်မျိုးဗျာ။

နမ်း ၃၃၀၀၀ ကျပ်၊ ပြန့်ဆန်က ၆၅၀ ကျပ်၊ ပဲကြီး ၆၀၀၀ ကျပ် ပဲစင်းငုံ ၅၅၀၀ ကျပ်။ ထပ်ကျသွားပြန်ပြီ။ ခုရက်တွေ ဝယ်လို့ အရမ်းကောင်းပေါ့။ သို့သော် လူတိုင်းမဝယ်နိုင်ပါခင်ဗျာ။ ဇန်နဝါရီလဆန်းပိုင်းက အောက်ဈေးနဲ့ဝယ်ထားပြီး ဖေဖော်ဝါရီ (၇) ရက် အမြင့်ဆုံး ဈေးမြောက်ခဲ့သောအချိန် ပဲစင်းငုံတစ်တင်း ၉၀၀၀ ကျပ်နှင့် ရောင်းလိုက်ရသူများ၊ နမ်းတစ်အိတ် ၄၄၀၀၀ ကျပ်နှင့် ရောင်းလိုက်ရသူများသာ ဝယ်နိုင်ပါလိမ့်မည်။ ဝယ်နိုင်ကြပါသည်။ သူတို့က ရှေ့လူမြွေကျော် အုပ်စုထဲ ပါဝင်သူများ ဖြစ်ပါ၏။ ဖိုးကံကောင်းများဖြစ်ပါ၏။ တော်ပေစွ ဦးနှောက်။ အဲ... အလယ်လူ မြွေကိုက်ခံထားသူများကတော့ မျက်နှာညှိုပုတ်ပုတ် မလှုပ်ရဲချ မလှုပ်နိုင်ပါခင်ဗျာ ဇန်နဝါရီ လကုန်ပတ် ၂၇၊ ၂၈၊ ၂၉ ပဲစင်းငုံတစ်တင်း ကျပ် ၈၀၀၀ အထက် ဝယ်ထည့်ထားပြီးနောက် ဖေဖော်ဝါရီ (၇) ဈေးအမြင့်ဆုံးအချိန် (တစ်တင်း၉၀၀၀) ကျပ်တွင် ကျပ် (၁၀၀၀) ဈေးမျော်မိ၍ လက်မလွှတ်သေးဘဲ ထားသူများခမျာ ယနေ့ ၆၀၀၀၊ ၅၅၀၀ ကျပ်တွင် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ၊ ကျဈေးနှင့် လိုက်ဝယ်ပါမည် အားခဲထားသော်လည်း လက်ထဲတွင် သီးနှံသာရှိ၊ ပိုက်ဆံမရှိဗျာ။ မြွေကျော်အုပ်စု ထဝယ်နေသည်ကို မြင်ရသောအခါ ငါးကြော်စားနေသော ပူစီကလေးကို မနာလို ဝန်တိုဖြစ်နေသော အမြီးကောက်ကောက် အကောင်ကဲ့သို့ရှိနေချေ၏။

"အမှန်အတိုင်းပြောတာ ကိုသိန်းတန်၊ ဘယ်သူမှ အတက်မဟောနိုင်တာ ဈေးနှုန်းပဲဗျာ့၊ အတက်ပြောနိုင်ရင် မောင်ချမ်းသာတို့ သူဌေးဖြစ်တာကြာလှပေါ့"

"ဦးလေးချမ်းသာလဲ ဈေးကြီးမိထားတယ်ဆိုပါတော့"

"ဟာ... ပြောမှ ပြောတက်ပလေ၊ မောင်ချမ်းသာ ဘာသားနဲ့ထုထားတာမှတ်လို့ မြေပဲဆားလှော်လှော်ဖို့ လက်ထွင်မြေပဲဆန် အတင်း ၂၀ လောက် ပိုက်ဘော မိနေပါရောလားဗျာ"

ယနေ့မတ်လ ၈ ရက်နေ့ လူချင်းဆုံမိတော့ ၅ ရက်နေ့ကစကားကို အစပြန်ကောက်ကြလေ၏။ အမှန်ပဲခင်ဗျာ့၊ ဈေးတက်နေစဉ်က တစ်ပိဿာ ၁၀၀၀ ကျပ်ဈေးနဲ့ ပိဿာချိန် ၃၀၀၀ လောက်ဝယ်ထည့်ထားမိလေရာ ယနေ့ တစ်ပိဿာ ၇၀၀ ကျပ်ထိ ကျနေသောအခါ ဝယ်ချင်လျှက်နဲ့ မဝယ်နိုင်ဖြစ်နေသော မောင်ချမ်းသာပါခင်ဗျာ။ ရှေ့လူမြွေကျော် တော်ပေစွ လူစွမ်းကောင်း။ အလယ်လူမြွေကိုက် မောင်ချမ်းသာလူမိုက်။ နောက်လူ မြွေရိုက်၊ အနေတော်တုံးပြီး မီးအေးအေးနဲ့ အသာကလေး နပ်စားလိုက်ရုံပါပဲ။

## ပြန်ပြောဖို့တော်တော်ခက်လိမ့်မယ်

၂၀၀၃ ခုနှစ် မတ်လ ၁၇ ရက်နေ့ နေ့ ၁၂ နာရီ။

"ကရင် ကရင်ရင်... ကရင်ရင်"

လေးချက်မပြည်ခင် ကျွန်တော် ကောက်ကိုင်လိုက်သည်။

"ဟေ့... သူငယ်ချင်း မင်းပြန်ရောက်နေပြီလား"

"အေး... ရောက်ပြီလေ အသွား အပြန်ရှစ်ရက် တည်းပါ"

"ဘယ်အထိ ရောက်ခဲ့လဲ"

"ရွှေလီ အထိပါပဲကွာ"

"ဘယ်လိုလဲ မင်းလုပ်ငန်း အဆင်ပြေရဲ့လား"

"ကောင်းတယ်ကွ၊ မင်းကော"

"ငါတော့ အရောင်းအဝယ်ပါးတယ်ကွာ၊ မင်းအလုပ်ကမှ ဟန်ကျသေး၊ ငါ ရောင်းမကောင်းလို့ တွင်ခုံတွေ သူများငှားထားရတယ်ကွ။"

"ငါ့ဟာလေးကတော့ စမ်းတွင်းလေးပါကွာ၊ တစိမ့်စိမ့် ပုံမှန်ပါပဲ"

ရန်ကုန်၊ တောင်ဒဂုံစက်မှုဇုန်မှ ကျွန်တော့်သူငယ်ချင်း မောင်သောင်းက ဖုန်းဆက်ခြင်းဖြစ်ပါ၏။ သူက တွင်ခုံများ ထုတ်လုပ်ရောင်းချနေသူ ဖြစ်ပါသည်။ အတို အရှည်လိုက်၍ ခြောက်သိန်း၊ ခုနစ်သိန်းမှ ၁၄-၅ သိန်းထိ ဈေးရှိပါသည်။ ကျွန်တော်ရွှေလီမှ ပြန်ရောက်လာပြီလား၊ အကျိုးအကြောင်း သတင်းမေးခြင်းလည်း ပါဝင်ပါသည်။ မနက်တုန်းက မင်္ဂလာဆောင် အခမ်းအနားတစ်ခုတွင် အပေါင်းအသင်း များက ဆိုကြပြန်သည်။

"အိုကေကြီးပဲ ကောင်းတယ်၊ ပုံမှန်ဝင်ငွေလေးနဲ့ သူ့အလုပ်ကမိုးမခေါင်ဘူး"

သူက ပဲစင်းငုံ၊ နှမ်း၊ မြေပဲ၊ ဆန် လှောင်ကုန်ထိထားသဖြင့် လေဖြတ်ခံထားရသူကဲ့သို့ ဖြစ်နေပါသည်။

"ဦးလေး... ကံကောင်းတယ်နော်"

ဟာ... လာပြန်ပြီတစ်ယောက်။

မတ်လ ၁၅ ရက်ပြည်မှ အပြန်ကားပေါ်တွင် ကားဒရိုင်ဘာလေးက ဆိုလေသည်။ ကံကောင်းတယ်တဲ့။

ဘယ်လိုမြင်ပြီး အကဲဖြတ်လိုက်ပါလိမ့်။

"ခိုင်သွားပြီနော်၊ အေးဆေးပဲ၊ နည်းကလေးများ ညွှန်စမ်းပါဦး ဆရာကြီးရဲ့"

သူက တစ်မျိုးဗျာ။

"ဘယ်သူမှ လိုက်မမီဘူးနော်၊ အောင်လံမှာတော့ ခင်ဗျားက ထိပ်ကပဲ၊ ခင်ဗျား အားကျပြီး ထလုပ်လိုက်၊ မြတ်သွားလိုက်ပဲ"

ဘယ်လိုထင်မြင်ချက်များပေးပေး ကျွန်တော့်ကတော့ ခေါင်းကလေးညိတ်၍သာ နေလိုက်ပါ၏။ ဘယ်တုန်းက၊ ဘာကြောင့်၊ ဘယ်လိုဆိုပြီး ဘာတစ်ခုမျှရှင်းမပြခဲ့ပါ။ စကား အလုအငြင်းပြောရ၊ ငြင်းရခုန်ရလျှင် မိတ်ပျက်သွားမည် စိုးသောကြောင့်ဖြစ်ပါသည်။ ကံကြောင့်၊ ဉာဏ်ကြောင့် ဂီရိယကြောင့် အမျိုးမျိုးမြင်နေကြသော်လည်း တချို့နေရာတွင် ကျွန်တော်နှင့် သဘောထားခြင်းမတိုက်ဆိုင်ပါ။ ယနေ့ကျွန်တော် တွေ့ရှိထားသော အချက်သုံးချက်ကို ထုတ်ပြောပါမည်။

ပထမအချက် မုန့်ဈေးကွက်ကို အမြဲမပြတ် လေ့လာနေပြီး ဈေးကွက်ရဲ့ တောင်းဆိုချက်၊ လိုအပ်ချက်ကို အမီ လိုက်ဖြည့်ဆည်းပေးနေရပါ၏။ ဘယ်လိုမုန့်မျိုးတွေ ရောင်းကောင်းနေသလဲ၊ ဘယ်ဈေးတွေ ရောင်းနေလဲကြည့်၊ ကျွန်တော့်မြေပဲဆားလှော် ဘယ်နေရာ ရောက်နေသလဲတွက်၊ ဝယ်စားတဲ့လူ လက်လှမ်းမီအောင် ဘယ်ဈေး သတ်မှတ်သလဲ၊ ဘယ်လိုထုတ်ပိုး ဖြန့်ဖြူးမလဲစဉ်းစား၊ စဉ်းစားတွက်ချက်ပြီးမှ အဆင်ပြေသလို ပြုပြင်ရောင်းချပေးရပါတယ်။ ဈေးနှုန်း၊ အထုပ်ရဲ့ပမာဏ တရားသေ ယူထားလို့မရ။

ဒုတိယအချက်၊ အရည်အသွေးခင်ဗျာ့၊ မြေပဲဆားလှော် လုပ်သက် ၁၀-၄-၅ နှစ်တွင်း တွေ့ရှိလာခဲ့သော အရည်အသွေးများထဲမှ လူကြိုက်အများဆုံး အရသာ၊ ဝယ်စားသူအများစု လက်ခံတဲ့အရသာကို စံချိန်တစ်ခုအဖြစ် သတ်မှတ်ပြီး ထိုစံချိန်အတိုင်း တစ်နှစ်ပတ်လုံး ရရှိအောင် ထုတ်လုပ်ပေးရပါ၏။ ပြောလိုက်တော့ အလွယ်လေးပဲနော်၊ လက်တွေ့မှာ မလွယ်ပါခင်ဗျာ့၊ မြေပဲဆန်ကုန်ကြမ်းရဲ့ သတ္တိက အမျိုးမျိုးခင်ဗျာ့၊ မိုးမြေပဲဆန်၊ စကပဲဆန်၊ စားကွင်း၊ မကွေး၊ စပိန်၊ ဆောင်းမြေပဲဆန်၊ ကျွန်းမြေပဲဆန်၊ ကုန်းမြေပဲဆန် စသည်အားဖြင့် ပဲဆန်အမျိုးမျိုးရှိလေရာ အနုအရင့်၊ အကျစ်အပွ သတ္တိအမျိုးမျိုး ကွဲပြားကြလေ၏။ သတ္တိကိုလိုက်၍ အစပ်ဟပ်ဖော်မြူလာကို ပြောင်းပေးရသည်။ လှော်နံ့ဓားထစ်၍မရ။

မြန်မာနိုင်ငံမှာ တစ်နှစ် ၃၆၅ ရက်အတွင်း အပူအအေး အပြောင်းအလဲ ငါးရက်တစ်ကြိမ်ခန့် ခြားနားနေရာ အပြောင်းအလဲ အနေအထားကို အမိအရ ဖမ်းဆုပ်ပြီး

ရေပေးရေယူ လုပ်ရတယ်ခင်ဗျာ့။ အချိန်အတိုးအလျှော့ လုပ်ပေးရတယ်ခင်ဗျာ့။ တတိယအချက်က ကျွမ်းကျင်လုပ်သား (ဒါကတော့ ကုန်ထုတ်နေတဲ့လူတိုင်း သိပြီးသားပါ)။ ကျွမ်းကျင်လုပ်သားက ထုတ်လုပ်မှ ကုန်ကောင်း၊ ပစ္စည်းကောင်း ထွက်ပါသည်။ တတ်ယောင်ကား စမ်းတဝါးဝါး လုပ်သားက ထုတ်လုပ်ပေးလိုက်သော ပစ္စည်းသည် မကောင်းတစ်ဂက် ကောင်းတစ်ဂက်တွေ ထွက်လာတက်၏။ အရည်အသွေးနိမ့်လိုက် မြင့်လိုက် ပုံမမှန်သော စားသုံးကုန်ပစ္စည်းကို အဘယ်ဂယ်သူက သဘောကျမလဲဗျာ၊ ဘယ်သူကကော ယုံကြည်တော့မှာလဲဗျာ။ အဲဒါကြောင့် ကျွမ်းကျင်လုပ်သားဟာလည်း အလွန်မှ အရေးကြီးတယ်ဗျာ့။ ချုပ်လိုက်ရင်တော့ မိမိရဲ့လုပ်ငန်းအပေါ် အာရုံစူးစိုက်ထားပြီး အဆင်ပြေအောင် ပြုပြင်ပြောင်းလဲနေခြင်းသည် လုပ်ငန်းအောင်မြင်မှု၊ ရေရှည်တည်တံ့မှု၏ အဓိကအချက်ဖြစ်ကြောင်းတွေ့ရတယ်ဗျာ။ ကျွန်တော်မြင်တာပြောတာနော်၊ မှားရင်လည်း ထောက်ပြကြ၊ ဘယ်သူမဆို ပါဂင် ဆွေးနွေးနိုင်ပါတယ် ခင်ဗျာ၊ အကြံပေးရင်လည်း လက်ခံတယ်။

## ငါမသေဘူး ရေကူးတက်တယ်

၂၀၀၃ ခုနှစ် မတ်လ ၁၄ ရက်နေ့က အောင်လံမြို့ မြောက်ပိုင်း ရှေ့ဆောင်ပွဲရုံသို့ ရောက်သောအခါ...။

"ဟာ... ဟော့ကောင် ငစံ၊ မင်းဘယ်လိုလုပ်လိုက်တာလဲ"

"အဆင်ပြောင်းမလို့လေကွာ"

"ဘယ်လိုအဆင်ပြောင်းမှာလဲဟ၊ လင်းစမ်းပါဦး"

"ဒီအတိုင်း လက်မှိုင်ချပြီး ငုတ်တုတ်ထိုင်နေမယ့်အစား အဆင်ပြောင်းတာ ကောင်းလိမ့်မယ်ဆိုပြီး ဆော်လိုက်တာပဲကွာ"

ထိုနေ့ကပဲစင်းငုံတစ်တင်း ၅၅၀၀ ကျပ်ပေါက်လေ၏။ ၆၂၀၀ နဲ့ထည့်ခဲ့သော ပဲစင်းငုံအိတ် ၂၀၀ (တင်း၃၀၀) ကိုဖိုးစံသည် တစ်တင်း ၇၀၀ အရှုံးခံ၍ ၅၅၀၀ ကျပ်နှင့် ရောင်းလေသည်။ ဖေဖော်ဝါရီ (၇) ရက်နေ့က တစ်တင်း ၉၀၀၀ ကျပ်ဖြစ်စဉ်က မရောင်းဖြစ် လိုက်ပါ။

"ဒီလိုကွာ ၉၀၀၀ ဖြစ်တုန်းက မရောင်းမိ၊ ခုတိုင်းရောင်းမယ်ဆိုလည်း ရှုံးနေ၊ ဒါပေမယ့် ခုလောလောဆယ် အရှုံးကိုကာမိဖို့ ငါအကြံတစ်ခုရတယ်ကွ"

"အဲ... လုပ်စမ်း"

"အခု... ငါ ဆီစက်ခပ်သေးသေးတစ်လုံး လည်နေတာရှိတယ်မဟုတ်လား၊ အဲဒါကို အကြီးဖြစ်အောင်လုပ်မယ်၊ ဒါမှမဟုတ် အသေးတစ်လုံး ထပ်ဆင်မယ်ကွာ၊ စက်တစ်လုံးတောင် ထပ်မှာပြီးနေပြီ"

"ဟော... တယ်ဟုတ်ပါလား"

ကျွန်တော်သူ့အကြံကို သဘောကျသွား၏။ ဂိုထောင်ထဲမှာ ကျစျေးနဲ့ ပိတ်မိနေသော ပဲစင်းငုံများကို ထုတ်ရောင်းပြီး ငွေရပေါက်တစ်ခုဖြစ်အောင် ဖန်ဆင်းခြင်းဖြစ်လေ၏။ ဖိုးစံကား ကျွန်တော်တို့ အထဲတွင် ဦးနှောက် အလွန်ပြေးသူ ဖြစ်ပါ၏။ ဖိုးစံကား ကျွန်တော့်အိမ်မှ မြေကြွက်များကဲ့သို့ အလွန်ညဏ်ကောင်းသူဖြစ်ပါ၏။ ကျွန်တော်သည် နှစ်စဉ် ဩဂုတ်လ မြေပဲတောင့်အသစ်ပေါ်သည့်မှစ၍ ပဲတောင့်များ ဝယ်ရသည်။ မြေပဲတောင့်လှော်၍ရောင်းသည်။ မြေပဲတောင့်အစိုများကို နေလှန်းရသည်။ ပဲတောင့်များနေလှန်းသောအခါ ပထမ တစ်ရက်နှစ်ရက် ၁၀-၉ ရက်ထိ မြေကြွက်များ ရောက်မလာသေး။ ၁၄-၅ ရက်လှန်းမိသောအခါ သူတို့ရောက်လာပြီ။ မြေပဲတောင့်များကို ဆွဲစားကြလေပြီ။ လူလစ်ပြီဆိုပါက ပဲလှန်းဖျာပေါ်တက်ပြီး ပြောင်ချီလေသည်။ ပဲတောင့်များသယ်လေသည်။ ကြည့်စမ်း။ ဖျာအောက်နားလေးက မြေကြီးထဲမှာ သူ့တွင်းဝဗျာ့။

ကျွန်တော် ပဲလှန်းတာ သူတို့ဘယ်လိုသိပါလိမ့်၊ နာခေါင်းခင်ဗျာ့၊ နာခေါင်းကသိသွားတာ။ မြေပဲဆိုတာ ကြွက်အလွန်ကြိုက်တဲ့ အစာကလားခင်ဗျာ။ တောထဲ မြေပဲခင်းမှာဆို တွင်းအောင်းပြီး မြေကြီးထဲက ပဲတောင့်တွေကိုစားစားပစ်ကြတာ။

"ကျွန်တော် ပဲလှန်း၊ သူတို့ ပဲအနံ့ရပြီဆိုတော့ မြေကြီးထဲကနေ တွင်းဖောက်ပြီး ပဲတောင့်ဆီ အရောက်လာကြတာဗျို့။ ဖျာအောက်တည့်တည့်ကို ရောက်အောင် တွင်းဖောက်ထားတာ။ တစ်ခါတလေ ပဲလှန်းတဲ့ဖျာတောင် အောက်ကနေ တဂျစ်ဂျစ်နဲ့ ကိုက်နေလိုက်သေးဗျာ။ မြေပဲတွေ လှမ်းပြီးပြီ။ ပဲတောင့်တွေခြောက်ပြီ၊ လေးတင်းဂင် အိတ်တွေနဲ့ထည့်ချုပ်၊ ထပ်ထားလိုက်ပြီ၊ သံမံတလင်းပေါ်မှာ။ သိပ်မကြာဘူးဗျို့။ သံမံတလင်း နှုတ်ခမ်းအစပ်မှာ ကြွက်ကျစ်စာတွေ တွေ့ရပြီ။ ကြွက်တွင်းရောက်လာပြီ။ ဟိုးအဝေးကြီးကနေ သည်အရောက် ဖောက်လာတာဗျို့။ ညမှောင်မှောင် လူအလစ်၊ ခွေးအလစ်၊ ကြောင်အလစ်မှာ လုစ်ခနဲထွက်လာပြီ။ ကျွန်တော့်ပဲအိတ်တွေ ဖောက်ကြပြန်ပြီဗျာ။ အမလေး သည်ကြွက် မလွယ်ပါလားနော်။ ဖိုးစံကား ကျွန်တော့်မိတ်ဆွေ တရုတ်ကြီးလင်မယားနစ်ယောက်ကဲ့သို့ ဘဂကို သတ္တိရှိရှိ ရင်ဆိုင်ရဲသူဖြစ်ပါ၏။

မှတ်မှတ်ရရ ၁၉၇၂ ခုနှစ်ကဗျာ၊ ကျွန်တော် ကြည့်မြင့်တိုင်ညဈေးနားကပ်နေတဲ့ ရေတွင်းကုန်းမှာ အိမ်ကလေးတစ်လုံးဂယ်တယ်၊ ပျဉ်ထောင်သွပ်မိုး အိမ်ကလေး၊ ရေမီးအစုံ၊ ငွေတစ်သောင်းပဲပေးရတယ်။ တစ်သောင်းဆိုလို့ ပေါ့သေးသေးမထင်နဲ့။ အဲသည်တုန်းက ရွှေတစ်ကျပ်သားမှ ၄ဂဂ ရယ်။ အိမ်ဂယ်ပြီး မကြာဘူးဗျို့။ ည ၁၁ နာရီလောက်ကြီး ကြည့်မြင့်တိုင်ညဈေးနားက တရုတ်ကြီးလက်ဖက်ရည်ဆိုင် မီးလောင်ပါလေရော။ မီးသတ်ကားတွေ လေးဖက်လေးတန်က ညှပ်ပတ်၊ ကြည့်မြင့်တိုင် ညဈေးက ရေလည်းပေါတော့ သူ့ဆိုင်တစ်ဆိုင်ပဲ မီးသင့်တယ်။ ဘေးအိမ်တွေ မကူးဘူးဗျာ။ နောက်နေ့မနက်ကျတော့ တရုတ်ကြီးလင်မယား မီးလောင်ပြင်မှာ ကုန်းကုန်းကွကွ ဟိုဟာ သည်ဟာ လိုက်ကောက်နေတာ တွေ့ရတာပဲ။ သုံးလလောက်ပဲ ကြာမယ်ထင်တယ်။ မီးသင့်ထားတဲ့တိုင်တွေ ထိုးထိုးထောင်ထောင် မည်းမည်းမှောင်မှောင်ကြားထဲမှာ တဲထိုးပြီး လက်ဖက်ရည်ဆိုင် ပြန်ဖွင့်နေပြီဗျာ။ မကြာဘူးဗျို့ လက်ဖက်ရည်ဆိုင် အလုပ်လည်း ပြန်ပြီးတန်းမိလာတယ်။ မုန့်ဆိုင်မှာဆိုလည်း ဖောက်သည်တွေနဲ့ သီးနေပြီဗျာ။ အာဂလင်မယားဗျာ။ အလုပ်လုပ်ဖို့လူဖြစ်လာတယ်လို့များ ခံယူထားလေရော့လားမသိ၊ အဲသည်မြင်ကွင်းကို သည်နေ့ထိ စိတ်မျက်စိထဲမှာ မြင်ယောင်နေတုန်းပဲဗျာ။ ဖိုးစံဟာ

ကျွန်တော်တို့ ငယ်ငယ်က လက်ဆော့ခဲ့ကြတဲ့ တောင်ပို့က ခြကလေးတွေနဲ့လည်း တူတယ်ဗျာ။

ကျွန်တော်တို့ ငယ်ငယ်က အောင်လံမြို့နယ်၊ ဆက်ဆူဂရွာမှာ နွားကျောင်းကြရတယ်။ နွားတွေလွှတ်ထား၊ လုပ်ခင်းကိုင်ခင်းထဲ ဂင်မစားအောင် လိုက်လှည့်၊ တုတ်ကလေး လက်ကကိုင်၊ ဓားမတိုလေးခါးထိုးလို့။ လယ်ကမ်းပါးက ခြတောင်ပို့ဆိုတာတော့ ကျွန်တော့်တို့ နိုပ်စက်ခံဖို့ ဖြစ်တည်လာရသလိုပဲ။ ဟိုကောင်က ခေါက်၊ သည်ကောင်ကထု၊ ကျွန်တော်တို့ပြန်ပြီဆို သူ့ခမျာ တုံးလုံးပတ်ခေါက်၊ မရှုရက်စရာဗျာ။ အဲသည်နောက် နှစ်ရက်၊ သုံးရက်ကြာ အဲသည်နေရာ ပြန်ရောက်၊ အပေါက်တွေပိတ်ဆို့၊ အချွန်အတက်တွေထွက်၊ ဟော ပီပီပြင်ပြင် လှတပတ၊ ခြတောင်ပို့ကလေးတစ်ခု ဖြစ်နေပြန်ပါပြီဗျာ။

## ကံမကောင်းခြင်းသည် ကံကောင်းခြင်းပေတည်း

"အလှူဖိတ်စာ လာပို့တာ၊ ဆက်ဆက်လာခဲ့နော်"

"ဟင်ခင်ဗျားကိုယ်တိုင်ကြီး တကူးတကဗျာ"

"လူရင်းလည်းလူရင်း ဆရာသမားလည်းဖြစ်တာမို့ အထူးဦးစားပေးပေါ့ဗျာ"

ပွဲစားကိုကံမြင့်ကိုယ်တိုင် မော်တော်ဆိုင်ကယ်ကြီးနဲ့ ဖြီးခနဲ ပေါက်ချလာပြီး ဖိတ်စာပို့သွားလေ၏။ ဖတ်ကြည့်လိုက်တော့ တူတွေ သားတွေကို ရှင်ပြု၊ သမီးကလေးကို နားထွင်း၊ သူကိုယ်တိုင် ဒုလ္လဘရဟန်း ဝတ်မည့်အစီအစဉ်ခင်ဗျာ။ ဖိတ်စာကလည်း ခံ့ညားသားနားပါတယ်။ ဖိတ်စာတစ်စောင် ကျပ် ၁၀၀ ကျော်လိမ့်မယ်ထင်တယ်။

"ဟော… တယ်ဟုတ်ပါလား"

ကျွန်တော့်လက်ထဲမှ ဖိတ်စာကို ယူဖတ်ကြည့်ပြီးနောက် သမီးက သတင်းပေးလေ၏။

"သူများတွေတော့ ချမ်းသာပြီးရင်း ချမ်းသာပဲဟော့၊ နာမည် ကံမြင့်ဆိုတဲ့အတိုင်း ကံလည်ကောင်းပဲ့ကွာ"

"အဖေကော ထီထိုးကြည့်ပါလား"

"ဟယ်... ငါက ကံမကောင်းဘူးဟ သမီးရ"

အမှန်ပဲခင်ဗျာ၊ ကျွန်တော် ကံကောင်းသူမဟုတ်ပါ။ ကံတိုက်အလုပ်နဲ့ ကျွန်တော်နဲ့ လုံး၀ ကံမစပ်ပါခင်ဗျာ။ ကျွန်တော်ငယ်ငယ်တုန်းက ၁၀ နှစ် ၁၂ နှစ်သားတုန်းက အင်းပေါက်ရွာအနီး အင်ကြင်းပင် ဘုန်းကြီးကျောင်းတွင် နေရလေရာ ဆရာတော် ခရီးရက်ရှည်ထွက်သောအခါ ကျွန်တော်တို့ ကျောင်းသားကလေးများ ဖဲရိုက်ကြလေ၏။ မီးခြစ်ဆံတမ်း ရိုက်ကြတာခင်ဗျာ့။ လေးငါးည မိုးအလင်း ဆက်တိုက်ရိုက်ကြတာဗျာ။ သစ်သားမီးခြစ် တစ်ဘူးမှ ငါးပြားပေးရတာဗျာ၊ ဒါတောင် လေးငါးကျပ်ဖိုးရှုံးတယ်။ ရှုံးတဲ့အပြင် ဆရာတော်က ပြန်အရောက်မှာ သတင်းပေါက်ကြားသွားလို့ ကြိမ်လုံးနဲ့ဆော်လို့ ကျောကော့အောင် ခံလိုက်ရပါသေးဗျာ။ အဲသည်ကောင်းကျိုးမပေးတဲ့ ဖဲပဲခင်ဗျာ့။ ကျွန်တော် ရန်ကုန်မှာအလုပ်ရ၊ ဘော်ဒါမှာနေရတော့ သူငယ်ချင်းတွေစုပြီး ဖဲရိုက်၊ ရှုံးပြန်တာပဲခင်ဗျာ။

ထိုမှတဖန် ၁၉၇၇ ခုနှစ် ရန်ကုန်မှအောင်လံပြန်ရောက်၊ ရန်ကုန်ကအိမ်ကလေး ရောင်းလို့ရတဲ့ငွေနဲ့ နမ်းတစ်တင်း ၂၄၅ ကျပ်နဲ့ နမ်းတင်း ၂၀၀ ၀ယ်လှောင်ထားလိုက် ပါတယ်။ ဂါဆို၊ ဂါခေါင်နမ်းလက်ကျန်ပြတ်ခါနီး နမ်းရှားချိန်မှာ ထုတ်ရောင်းလိုက်ပါတယ်။ ဘယ်မတုံး တစ်တင်း ၁၅၅ ကျပ်မှ အနိုင်နိုင်ရယ်ဗျာ။ သည်နှစ် ပဲတီစိမ်းပေါ်စက ပဲတီစိမ်း ၀ယ်ထည့်ထားလိုက်ပါတယ်။ ရှုံးပြန်တာပဲဗျို့။ ရှုံးတာမမှတ်သေးဘူး၊ ၂၀၀၃ ခုနှစ် ဇန်နဝါရီလဆန်းက ပဲစင်းငုံတစ်တင်း ၆၂၀၀ ကျပ်နဲ့ တင်းတစ်ရာ ၀ယ်ထည့်ထားလိုက် ပါတယ်။ ဖေဖော်ဝါရီ ၇ ရက်နေ့ ၉၀၀၀ ကျပ်ဈေး ဖြစ်တော့ မရောင်းမိ၊ လောဘက တစ်သောင်းကိုမှန်းနေသကိုးဗျာ့၊ တစ်သောင်း မရောက်ဘူးဗျို့၊ ပြုတ်ပြုတ် ကျလာလိုက်တာ သည်နေ့ (မတ်၂၀) တစ်တင်း ၅၅၀၀ ပါတဲ့ဗျာ၊ ရှုံးပြန်ပြီ သည်တစ်ချီ။

ပဲတောင့်ကလေး လှော်ရောင်းပြန်တော့လည်း အခုမျက်ခုံးလှုပ်နေရတယ်ဗျာ။ ဖောက်သည်ယူရောင်းတဲ့လူက နှစ်သိန်းဖိုး အကြွေးမဆပ်သေးလို့ရမလား မရဘူးလား မသိသေးဘူးဗျာ။

"အဲဒါ ကံကောင်းတာပေါ့မောင်ရယ်"

"ဟာကွာ... ဘယ်တုန်းကမှ ကံမကောင်းတဲ့ကောင်ကို ကံကောင်းတယ်လို့ မင်းပဲပြောရက်ပလေကွာ"

ကျွန်တော်က ကျွန်တော့်မိန်းမ ခင်မိငယ်ကို ပြန်ပတ်တယ်ခင်ဗျာ့။

"မိငယ်က ရွဲ့ပြောတာမဟုတ်ဘူး၊ ဒဲ့ပြောနေတာ"

"ဘယ်လိုကွ"

"တည့်တည့်ပြောတာပဲလေ၊ မောင်က တစ်ကြိမ်မှ ကံမကောင်းခဲ့ဘူးမဟုတ်လား၊ အဲဒီတော့ မောင်တို့ မိငယ်တို့က ကံကို ထိုင်စောင့်မနေတော့ဘဲ အလုပ်ကိုပဲ သဲမဲလုပ်တော့ အမြဲကံကောင်းနေတယ်လေ"

"အေး အဲဒီလိုပြောတော့လည်း ဟုတ်ပြန်တာပဲကွ"

မိငယ်ပြောတာ အမှန်ပဲခင်ဗျာ့၊ ထီလည်းမပေါက်၊ ဖဲလည်းမနိုင်၊ ကုန်လှောင်လည်းရှုံး ဘယ်ဘက်ကမှ ဟန်မကျတော့ ကျွန်တော်တို့မိသားစုဟာ သေချာပေါက် ပိုက်ဆံရမယ့်အလုပ်၊ မြေပဲဆားလှော်လေးပဲ အမြဲလှော်ခတ်နေကြတော့ နေ့စဉ် ဝင်ငွေရပြီး အမြဲ ကံကောင်းနေကြတယ်ခင်ဗျာ့။

ဩော်... ကံမကောင်းခြင်းသည်ပင်လျှင် ကံကောင်းဖို့ အကြောင်း ဖန်လာလေသည်တကား။

အားလုံးကံကောင်းကြပါစေ။

## အရှိန်ပျက်သွားရင် အကွက်မလည်တော့ဘူး

"အိုကေကြီး မြေပဲဆားလှော် မလှော်တော့ဘူးဆို"

"ဟယ်... ပေါက်ကရ"

"အအေးဆိုင်ဘက် လုံးလုံးပြောင်းလိုက်ပြီလား"

လာပြန်ပြီဟ တစ်ယောက်။ တကယ်ကြုံရတာပါဗျာ။ မေးကြပြောကြတာကတော့ အကောင်းပါ။ ဒါပေမယ့် အဓိပ္ပာယ်တွေက အမျိုးမျိုးဖွင့်ဆိုလို့ရနေတော့ ကျွန်တော့်မှာ ဖြေရှင်းချက်ထုတ်လို့ကို မပြီးနိုင်တော့ဘူးဗျို့။ မကိုက်တာနဲ့ ရပ်လိုက်သလိုလို၊ သူဌေးဖြစ်သွားတာနဲ့ပဲ ဆက်မလုပ်တော့သလိုလို အမျိုးမျိုး ကောက်ချက်ဆွဲနေကြတာဗျ။ အမှန်က ကျွန်တော့်ဘက်က အမှားဗျ။ ၂၀၁၂ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့မှ ဩဂုတ်လ ၂၄ ရက်နေ့အထိ တစ်လခွဲလောက် အလုပ်ရပ်ထားခဲ့ရတယ်။ မြေပဲဆန်ဈေးက တစ်တင်းကို ၁၅၀၀၀ ကျပ်ကနေ ၁၈၀၀၀ အထိတက်သွားလို့ ဘယ်လိုမှ လုပ်လို့မဖြစ်တော့တာနဲ့ ရပ်ထားခဲ့မိတာ။ ဆက်ခနဲဖြတ်လိုက်ရော တုံ့ခနဲ ရပ်သွားတော့တာပဲဗျို့။ အရှိန်နဲ့ပြေးနေတဲ့ လှည်း၊ နွားနှစ်ကောင်၊ နဖားကြိုးကို ဖွတ်ဆွဲပစ်လိုက်တော့ နွားနှစ်ကောင် ပတပ်ရပ်တဲ့ပြီး လှည်းရပ်သွားတဲ့ ပုံစံမျိုးနဲ့ တစ်ထရာတည်းပါပဲဗျာ။ မြေပဲဆန် အသစ်ပေါ်လာ၊ ဈေးကလည်း ချိုတာနဲ့ ဩဂုတ်လ ၂၅ ရက်နေ့မှာ ပြန်လှော်ချေတော့ ပထမဆုံးရင်ဆိုင်ရတာက အလုပ်သမားခင်ဗျာ့၊ မြေပဲဆားလှော်လုပ်ငန်းရပ်ထား၊ သူတို့လည်းတပ်ပျက်သွား၊ ဟိုရောက်သည်ရောက် ရောက်ကုန်၊ ကိုယ့်လူကို မနည်းပြန်ရှာ၊ ပြန်စုယူရတယ်ခင်ဗျာ့၊ ပွဲခင်းထဲမှာ ကလေးပျောက်သွားတဲ့ သားသည် မိခင်လိုပါပဲ။ လူစုလို့ရပြီ၊ ပြန်လှော်ပြီ၊ မြေပဲဆားလှော်တွေထွက်လာပြီ။ မိတ်သစ်ကိုထားလို့ မိတ်ဟောင်းကိုပဲ မနည်းကုပ်ကပ် စည်းရုံးနေရတော့တယ်ဗျာ။ အခြား မြေပဲဆားလှော်တွေ

တင်ရောင်းတဲ့ဆိုင်က တင်ရောင်းနေပြီဗျာ။ သူတို့ကြားထဲ အတင်း ဖြတ်ိုးနေရတော့တယ်ဗျို့။ ခေါင်းနဲ့တိုက်၊ တံတောင်နဲ့တွက်၊ ဖနောင့်တက်နင်း ဘောလုံး အတင်းလိုက်လုနေရတဲ့ ဘောသမားနဲ့ တူသေးတော့တယ်။

"ဟော့... ဟော့... မလုပ်နဲ့၊ မလုပ်နဲ့၊ တို့မနစ်က ရပ်ထားမိလို့ အရှိန်ပျက်သွားခဲ့ပြီမဟုတ်လား၊ ဇူလိုင်၊ ဩဂုတ်နှစ်လစာ ပီပါနဲ့ ထည့်လှောင်ထားတော့ ဟော့"

အခုမတ်လ စတုတ္ထအပတ်ထဲမှာ မြေပဲဆန်တွေ ပီပါနဲ့ထည့်လှောင်နေရပြီခင်ဗျာ့။ နှစ်လစာ ပဲပြတ်တဲ့အချိန် ထုတ်လှော်နိုင်အောင်။ လုပ်ငန်းတစ်ခုမှာ အရှိန်ပျက်သွားပြီ ဟော့ဆို ပြန်ထူလို့ သိပ်ဟန်မကျချင်တော့ဘူးဗျာ။ အမြစ်ကကျွတ်ပြီး လဲကျသွားတဲ့သစ်ပင်၊ ပြန်ထူ၊ မြေဖို့၊ ရေလောင်းရသလိုပဲ၊ ပြန်စည်မည် မသိ၊ မစည်မည် မသိ။ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်နေ့က မူဆယ်မှ ရွှေလီကိုသွားတော့ ကြယ်ခေါင်မှ ရွှေလီလမ်းတစ်လျှောက် ကျွန်း (လမ်းလယ်က မြေကွက်) တွေပေါ်မှာ ညောင်ပင်ကြီးတွေ အပင်လိုက်ရွှေ့စိုက်ထားတာ တွေ့ရသဗျာ့၊ မြေဖို့ရေလောင်းတုန်း၊ အရွက်ထွက်မယ်၊ အဖူးထွက်မယ် မထွက်ဘူး၊ ပြန်ရှင်မယ် မရှင်ဘူး မသိနိုင်သေးပါဘူးဗျာ။ ညောင်ပင်ကြီးတွေကို အမြစ်က တူးယူပြီး ရွှေ့စိုက်တာဆိုတော့ အရှိန်ကသေစပြုနေပြီ။ အားမနည်းယုတ်နေပြီဗျာ၊ အရှိန်ပြန်ရအောင် စည်ပင်လာအောင် အချိန် တော်တော်ယူရဦးမှာဗျာ။

လုပ်ငန်းမှာလည်း သည်သဘောပဲပေါ့ဗျာ နှစ်ကာလရှည်ကြာ ပျိုးထောင်လာတဲ့ လုပ်ငန်း အရှိန်ရနေတဲ့လုပ်ငန်းဟာ ခဏလေး ရပ်ထားလိုက်တယ်ဆိုရင်ပဲ အရှိန်က သေသွားရောဗျာ။ လုပ်ငန်းမှာ အရှိန်ဟာ အရေးကြီးတယ်ဗျာ့။ သည်နေရာမှာ အရှိန်ဆိုတာ ဩဇာပါဂါကို ဆိုလိုချင်တာမဟုတ်ဘူးခင်ဗျာ့။ စပိ (speed) ပြောရင်ရမလားပဲ။ ဆရာ မောင်စူးစမ်းမှ သိမှာ၊ ကျွန်တော်ကတော့ ဘာသာမပြန်တက်ဘူး။ အရှိန်ဆိုတာ လုပ်ငန်းအရှိန်အဟုန်ကောင်းစွာနဲ့ ပုံမှန်လည်ပတ်နေတာကို ဆိုလိုတာပါဗျာ။ နေးလွန်းအားကြီးလို့၊ ဒါမှမဟုတ် ရပ်သွားလို့ အရှိန်ပျက်သွားရင်တော့ သွားကရောဗျို့။ အရှိန်ပျက်သွားရင် အကွက် မလည်တော့ကြောင်းပါခင်ဗျာ။

## ညစ်မထားနဲ့ မကောင်းစားဘူး

"ဟဲလို ကိုဂင်းလား"

"ကျွန်တော် ကိုနိုင်ပါ"

"အယ်... မသီတာကို မြေပဲဆန်မှာထားတာလေးရှိလို့"

"ခဏလေးကိုင်ထား"

မကြာမီ မသီတာအသံဝင်လာ၏။

"ကျွန်တော် မောင်ချမ်းသာပါ"

"ဪ... ဦးလေး၊ ဦးလေးမှာထားတဲ့ ပဲဆန်ရမယ်၊ ရှယ်ပဲ၊ နက်ဖြန်လာကြည့်လှည့်၊ ကြိုက်မှယူ၊ တနင်္ဂနွေနဲ့ တပေါင်းလပြည့် နှစ်ရက်ဆက် ပိတ်တယ်လေ။ ဒီနေ့မှ စုပြုံဝင်လာတာ၊ အိတ် ၁၅၀ လောက်ပါတယ်။ ရွေးသာတယ်၊ ပဲလည်းကောင်းတယ်၊ ဒီနေ့အပြီးရွေးထားလိုက်မယ်၊ နက်ဖြန်ယူပေါ့။ ဪ... ဦးလေး ဟို..."

"အေးပါဟယ်... ငါသဘောပေါက်ပါတယ်၊ လက်ငင်းချေမှာပါ"

မတ်လ ၁၈ ရက်၊ တပေါင်းလပြည့်ကျော် ၁ ရက်နေ့၊ နေ့လည် ၂ နာရီမှာ ပြည်မြို့က ဂင်းသီရိပွဲရုံကို လှမ်းဆက်နေတာခင်ဗျာ့။ နှစ်စဉ်သည်လို တပေါင်းတန်ခူးဆို သူတို့ပွဲရုံက ပဲဆန်ဝယ်နေကြခင်ဗျာ့၊ ကျွန်းပဲဆန် လုလုချောချောကြီးတွေ ရတက်တယ်။ မြေပဲဆားလှော်အတွက် အနေတော်ပဲ။ ခါတိုင်းနှစ်တွေကတော့ မြေပဲဆန် ငါးသိန်းဖိုး ယူတယ်ဆို နှစ်သိန်းခွဲက လက်ငင်း၊ ကျန်နှစ်သိန်းခွဲက အကြွေးခင်ဗျာ့၊ သူတို့ကလည်း ဘယ်လောက်ကြာကြာ ခံနိုင်ရည်ရှိတယ်၊ အားမနာရဘူး၊ သည်နှစ်ကတော့ ပုံစံတစ်မျိုးလေ။ လွန်ခဲ့တဲ့တစ်ပတ်လောက်က ပဲဆန်အရောင်းအဝယ် စကားပြောကြ ကတည်းက အလိုက်တသိပါပဲ၊ ခါတိုင်းနှစ်တွေလို အကြွေးမထားဘူး၊ လက်ငင်းချေမယ်လို့

စကားခံခဲ့တယ်ဗျာ၊ လက်ငင်းချေနိုင် လက်ငင်းဝယ်နိုင်မှ ငွေကလည်မှာလေ။ ဒါကြောင့် လက်ထဲငွေမရှိ မဝယ်ချင်ဘူး။ ကိုယ့်ကြောင့် သူတစ်ပါး ဝန်ပိမှာစိုးလို့။ လွန်ခဲ့သော ၁၅ ရက်လောက်ကလည်း လူတစ်ယောက်က ကမ်းလှမ်းတယ်။

"အိုကေကြီးရေ... လက်ငင်းရမယ်ဆိုရင် ပဲဆန်အချိန် ၅ဝဝ လောက် ရောင်းချင်တယ်ခင့်ဗျာ၊ တစ်ပိသာ ၁ဝဝ လျှော့ပေးမယ်၊ ဘယ်လိုလဲ"

လက်ငင်းချေနိုင်မချေနိုင် ကိုယ့်လက်ထဲရှိတဲ့ငွေလေးနဲ့ ဟပ်ကြည့်ရသေးတယ် ခင်ဗျာ့၊ နိုင်ပြီဆိုမှ ခေါင်းညိတ်ရတယ်။

"ဦးလေး ငွေတစ်သောင်းလောက် ခဏလှည့်ပါဦး၊ ဆန်ဝယ်စရာငွေမရှိလို့"

တစ်နေ့ ကျွန်တော့်တူမလေး သန်းသန်းလှတစ်ယောက် မြို့လှချိုင်းစုရွာမှ ကျွန်တော့်ထံ လာအပူကပ်လေ၏။

"ပွဲရုံမှာ ပြန့်ပဲတောင့် အချိန် ၁၅ဝ အပ်ထားတာကို ဈေးလာဖြတ်တာ ငွေမရခဲ့လို့"

"ဟယ်... ဘယ်သူ့ပွဲရုံတုံးဟ"

သူက တရော်ကုန်းရပ်ကွက်မှ ပွဲရုံတစ်ခုနာမည် ပြောပြလေ၏။

"ပွဲစားကပြောတယ် သူတို့တောင်မှ ပဲတောင့်တွေ မရောင်းရသေးလို့ ရှုတိုင်းယဉ်ဆန်ပွဲရုံက ဆန်ကို အကြွေးယူစားနေတယ်လို့ ဆိုတယ်"

"ဟာ... ဒါဆို အလွယ်ပေါ့ဟ၊ ကျွန်မကိုပဲတောင့်ဖိုး ငွေမရှင်းပေးနိုင်ရင် ဆန်အကြွေး ယူပေးပါလို့ ပြောပါလားဟ၊ နင့်မှာလည်းပါးစပ်ပါသားပဲ"

"ဘယ်နေ့လိမ့်မလဲ ပြောတာပေါ့"

"ဒီတော့ဘာပြောလဲ"

"ပွဲစားမကြီးကပြောတယ် သူတို့အတွက်ပဲ အကြွေးယူစားတယ်၊ သူများအတွက် အကြွေးယူမပေးနိုင်ဘူးလို့ ပြောလွှတ်လိုက်တယ်၊ အဲဒါကြောင့် ဦးလေးဆီရောက်လာတာ"

"အယ်ကောင်းရော ပွဲရုံကအမှု ငါ့ဆီလာပတ်တာပဲ၊ အမှန်ကတော့ အဲဒီပြဿနာက ပွဲရုံကဖြေရှင်းပေးရမှာဟ၊ ငါ့ဆီလာစရာမလိုဘူး၊ ငွေမရှိဘူးဆိုတာ မယုံပါဘူးဟာ၊ အဲဒီပွဲစားမကြီးဆီမှာ ရွှေတစ်ပိဿာရှိတယ်ဆိုပြီး သူကိုယ်တိုင် တဖွဖွကြွားနေတာပါဟာ၊ လူတိုင်းအသိပါ၊ နင့်ကိုမပေးချင်လို့ တမင်ညစ်ထားတာပါဟာ"

"ဦးလေးရယ် တစ်သောင်းတည်းပါ"

"အေးပါ... နင့်ကိုငါအငတ်မထားပါဘူး၊ နင့်နဲ့ငါအမျိုးတော်နေတာကိုးဟဲ့၊ မပေးချင်လို့ မဟုတ်ဘူး၊ သဘောတရားကိုပြောပြတာ"

နေရင်းထိုင်ရင်း အိတ်ထဲမှ ငွေတစ်သောင်း ထွက်သွားလေ၏။ ညတကာနစ္ဆ သင်္ဟော၊ အဟောဂုတ ဩဘ်ကောင်းပေစွတကား။ အလွယ်ပဲခင်ဗျာ့၊ 'ပြေလည်ဘူး' ဆိုတာလေး အကြောင်းပြုပြီး အမျိုးမျိုး ထစ်ကြညစ်ကြတော့တာပဲဗျာ။ ပြည်မှာဖြန့်တဲ့ မြေပဲတောင့်ဖောက်သည်ဆီမှာ ရမည့်ငွေ တစ်သိန်းရှစ်သောင်း၊ မကြာခဏ သွားတောင်းပါ သော်လည်း တစ်ပြားမှမရသေးပါ။ ပွဲစားတစ်ယောက်ကတော့ ပေးစရာရှိသော အကြွေးများကို မပေးသေးဘဲ ထက်ဂက်ဈေးကျသွားသော ကားတစ်စီးကို ဂယ်စီးပစ်လိုက်လေ၏။ ခပ်တည်တည်ပဲ။ ရရမည့်ကြွေးရှင်ကတော့ လည်ပင်း တစ်ရှည်ရှည် ဗျာ၊ ဖြစ်နေကြတာ။

ဟယ်... ဖြစ်ရလေလောက။

လူတွေရဲ့စိတ်ဓာတ်နဲ့ပဲဆိုင်တာပါ။

အင်း... ဟုတ်တာပေါ့။

ညစ်ထားလို့များ ကောင်းစားမယ်ထင်သလား။ ဟား... ဟား... ဖေးပါသေးတယ်။

ဆီဆမ်းပြီးသားပါခင်ဗျား

"ဟော့ကောင်ချမ်းသာ ပဲကြီးလှော် ယူဦးကွာ၊ ထန်းရည်နဲ့အတော်ပဲ"

"ဟာ ငါ့မှာ နစ်ပိသာလောက်ကို ရှိနေသေးတာကွ၊ ထန်းရည်နဲ့ မြည်းဖို့ ဂယ်ထားတာ"

"ယူပါဦးသူငယ်ချင်းရာ၊ အရမ်းရှုံးနေလို့ပါ"

"ကဲ... ကဲ... နမူနာပေး"

သူကနာမူနာပြတယ်ခင်ဗျာ့။

"ဟင်... မင်းကလည်း အတူးအခြစ်တွေကော၊ ကိုက်ဖဲ့တွေရော၊ ဆန်ခါနဲ့ချပြီး သန့်ပစ်မှ ရောင်းပန်းလှတော့မှာပေါ့ကွ"

"ဟာကွာ... အလိုလိုမှ ရှုံးရတဲ့အထဲ"

"ဟော့ကောင်... ရှုံးကာမှရှုံးရော၊ သန့်သန့်ပြန့်ပြန့် လှလှပပလေးမှ ဈေးကွက်ဝင်မှာ မောင်"

ကျောင်းနေဖက်သူငယ်ချင်း မောင်ပေရှုးသည် ပဲကြီး ဂယ်လှောင်ထားရာမှ မတရားဈေးကျသဖြင့် ပဲကြီးလှော်လှော်ပြီး ငွေပေါ်ရောင်းနေလေ၏။

"ဦးရီးတို့များ လှည့်ကြည့်ဖော်တောင်မရဘူး"

"လှည့်ကြည့်ပါတယ်ဟယ်၊ ဟင် နင့်မှာ ငါးတွေအများကြီး ကျန်ပါသေးလား၊ ကဲ... ငါးရှူသုံးကောင် အရှိချိန်လိုက်၊ ကြော်စားမှာ အိုးဝင်လုပ်ပေးလိုက်နော်"

ငါးသည်မသည် ကျွန်တော်ရွေးပေးသော ငါးခူကြီးသုံးကောင်ကို အညှီဆီထုတ်၊ ဂမ်းဗိုက်ကိုခွဲ၊ ကြော်လို့ဖြစ်အောင် မွှန်းပေးလေ၏။ သူတို့ အရောင်းပါးပြီဆို ကျွန်တော်တို့ ဂယ်လို့ကောင်းတယ်ခင်ဗျာ၊ မျက်နှာက ပြုံး၊ အသံကချို၊ လက်ကသွက်၊ ကိုယ်လိုချင်တဲ့ပုံစံ စိတ်တိုင်းကျခင်ဗျာ။ အဲ... ဟဲ... ဟင်း... ဟင်း... သူတို့ဈေးရောင်းကောင်းနေ ဂယ်သူတွေပိုင်းအုံနေလို့ကတော့ အနားမကပ်နဲ့တော့ဗျို့၊ နှုတ်ဆက်ဖို့ခေါ်ဖို့ဝေးစွ၊ လှည့်တောင်မကြည့် မတော်တဆ မြင်သွားရင်တောင် မမြင်ချင်ယောင်ဆောင်နေတယ်ဗျာ၊ မစားကောင်းတဲ့အသီး ပဒိုင်းသီးကြီးများမှတ်နေလားမသိ။

"ဟင်... အတက်တွေအားကြီးပါလား၊ အလုပ်မရှိအလုပ်ရှာလို့ဟယ်"

"ထမင်းဆိုင်တွေကမှာလို့"

"ဟော"

ငရုတ်သီး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ အဓိကထားရောင်းသော ဈေးသည်မ မဲတူဆိုင်မှာ တပည့်မကလေးတစ်ယောက်က ကြက်သွန်ဖြူ အကောင်းကြီးတွေ အတက်ဖဲ့နေတယ်ဗျာ၊ ဗန်းကြီးတစ်ချပ်၊ အမောက်အဖြိုးရနေပါပြီ။ ဈေးထဲက ကုန်ခြောက်ဆိုင်တွေမှာ ကြက်သွန်ဖြူအတက်ပဲ့များ အပုံလိုက် အပုံလိုက် တွေ့ရလေရှိသော်လည်း အမှုမဲ့အမှတ်မဲ့သာ နေခဲ့မိလေ၏။ ချိန်ရင်းတွယ်ရင်း သယ်ယူရွှေ့ပြောင်းရင်း ပဲ့ကျသွားသည့် အတက်ပဲ့များကိုစုထားသည်ဟု ထင်ခဲ့မိသည်။ ညံ့လိုက်လေခြင်းမောင်ချမ်းသာ ဟား... ဟား... ဒါနဲ့များ လူတက်ကြီးလုပ်ပြီး စီးပွားရေး ဆောင်းပါးတွေရေးနေပါသတဲ့၊ ဟဲ... ဟဲ။ အခုမှသိရပါသဗျာ။ ထမင်းဆိုင်တွေကိုသွင်းဖို့ တမင် အတက်ဖဲ့ထားကြတာပါတဲ့ဗျာ။ အခွံသင်ပေးမှ ယူမယ်ဆိုရင်လည်း သင်ပေးမှာပါပဲ။ ကိုယ်ကရောင်းချင်သကိုး။

"ဦးချမ်းသာရေ ရေသန့်ဘူးခွံအကြည်လေးတွေရရင် စုထားပေးပါဗျာ"

"အမလေး ပေါပွဲဗျာ၊ ကျုပ်တို့အဒေးဆိုင်မှာ"

ပြည်မြို့တွင်ဖွင့်ထားသော ကျွန်တော့်သားရဲ့ အအေးဆိုင်မှာ တစ်ခါသောက် ရေသန့်ဘူးခွံ အကြည်တွေ အားကြီးပါ။

"ဘာလုပ်ဖို့လဲ ဆရာသမားရဲ့"

"ဆီထည့်ရောင်းဖို့လေဗျာ့၊ ဘူးကြည့်တစ်ဘူး ဆီငါးဆယ်သားအကိုက်ပဲ၊ ဘူးကြည်ဆိုတော့ အရောင်ကိုမြင်သာတယ်ဗျာ့၊ လူတွေကဆီလာဝယ်ရင် အခွံပါမလာခဲ့ဘူးဗျာ့၊ အဆင့်သင့် ငါးဆယ်သားဝင်ဘူးတွေ ထည့်ထားလိုက်တော့ အကိုက်ပဲလေ"

ဆီစက်သမားဆိုတာကလည်း နမ်းကလေးဝယ်၊ ဆီကလေးကြိုတ်၊ စားအုန်းဆီကလေးနဲ့ရော၊ တင်ကလိန်ချိတ်၊ အိပ်နေလို့မရဘူးလေဗျာ။ ဝယ်သူ မဝယ်ချင်ဝယ်ချင်အောင် ဖန်တီးကြရတာကိုးဗျာ့။ ကြည့်ပါလား၊ ပုဆိုးဆိုချုပ်ပြီးသား၊ တံဆိပ်ခွာပြီး တန်းကောက်ဝတ်လိုက်ရုံပဲ။ ဘယ်လောက် လွယ်ကူလိုက်သလဲဗျာ။ ဆန်ဆိုလည်း ရွေးပြီးသား ပြာပြီးတီးပြီး၊ လုံးစင်းအိုးဝင်ဗျာ။ ငရုတ်မှုန့်၊ မဆလာ၊ နနွင်းအားလုံး အဆင့်သင့်ချည်းပဲ။ ဟော်တယ်ကြီးတွေကိုကြည့်ဦးမလား တယ်လီဖုန်းအဆင်သင့်၊ တီဗီအဆင့်သင့်၊ စလောင်းအဆင်သင့်၊ အိပ်ရာဆိုခင်းပြီးသား၊ သန့်လို့ပြန့်လို့၊ ရေခဲသေတ္တာမှာ ဘီယာအသင့်၊ အချိုရည်အသင့်၊ ရေသန့်ဘူးအသင့်ဗျာ။ ရေပူချိုးမလား၊ ရေအေးချိုးမလား၊ အပူအအေးစပ်ချိုးမလား၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆပ်ပြာ၊ တစ်ရှူးပေပါ အဆင့်သင့်ပါဗျာ။ မွေးကာစ အူဂဲနီလေးကို အမိအဖများက လိုလေသေးမရှိ စောင့်ရှောက်တဲ့ အတိုင်းပါပဲ။ ငါးခြောက်ဆို ဖုတ်ပြီး၊ ထုပြီး၊ ကြက်သွန်လှီးပြီး ဆီဆမ်းပြီး၊ အဆင်သင့်ဖြစ်အောင် စီစဉ်လေ့ရှိတဲ့ အိမ်ရှင်မကောင်းလိုပါပဲခင်ဗျာ။ ခုခေတ်ကြီးထဲမှာ ဘာမဆိုလိုလေသေးမရှိပါတဲ့ခင်ဗျာ။ ဝယ်သူရဲ့ အလိုကို လိုက်ကြရတာ။

## ငါ့နားမကြား တောင်ကြီးကွယ်လို့ထား

"ဒီအကျီကလေးထည့်လျှော်ပေးပါဦး"

ဒေါ်မူးစေ့က ခေါင်းလည်းမညိတ်၊ လှည့်လည်းမကြည့်ဗျာ။

"ဒီမှာ ဒေါ်မူးစေ့"

ကျွန်တော် ခပ်ကျယ်ကျယ်ကလေး အော်လိုက်၏။ သူလှည့်မကြည့်။

"ဒေါ်မူးစေ့"

ကျွန်တော် အသံကုန်အော်လိုက်ရာ ကျွန်တော့်မိန်းမခင်မိငယ် ပျာပျာသလဲ ရောက်လာလေ၏။

"မောင်... သူက နားလေးတယ်"

"အို... စောစောက ပြောရောပေါ့ကွာ"

ကျွန်တော့်အင်္ကျီကို ဒေါ်မူးစေ့မျက်နှာ ရှေ့တည့်တည့်သွားပြီး ခြေဟန် လက်ဟန်ဖြင့် ပြောရ၏။ ထိုအခါ ပြုံးရွှင်စွာ။

"ထည့်ခဲ့"

တစ်ခွန်းထဲပြောပြီး အဂတ်လျှော်မြဲ ဆက်လျှော်နေလေ၏။ အလျှော်သည်မကြီး ဒေါ်မူးစေ့ကား အတော်နားလေးသူကြီးပါ တကား။ လေးသည်ဆိုသည်ထက် ပင်းသည်ဟု ဆိုက ပိုပြီးမှန်ချေမည်။ ဒေါ်မူးစေ့အကြောင်း တွေးနေရင်းမှ ကျွန်တော့်အမေ ဒေါ်အေးခင်ကို သတိရမိလေသည်။ ကျွန်တော့်အမေကား ဆတ်ဆူဂရွာကလေးတွင် နားလေးမကြီးဘွဲ့ကို ခံယူထားသူဖြစ်ပါ၏။ အခု သူမရှိတော့ပါ။ လွန်ခဲ့သော နှစ်ပေါင်း ၄၀ က ကွယ်လွန်သွားခဲ့လေပြီ။ သို့သော် ကျွန်တော့်အမေသည် သမိုင်းတွင်ကျန်ရစ်သူ ဖြစ်ပါ၏။ တကယ်ပင် နားပင်းလေသလော။ ပင်းချင်ယောင် ဆောင်နေသလော။ မည်သူမျှအတိအကျ မပြောတတ်ပါ။ အကြောင်းမှာ သူကြားချင်တာကြားပြီး မကြားချင်တာ မကြားခြင်းပေတည်း။ မကြားလိုသော စကားကို ပင်းချင်ယောင်ဆောင်နေလိုက်၏။

လက်တွေ့ခင်ဗျာ့။ ကျွန်တော်တို့သားအမိ တိုးတိုးတိတ်တိတ် ပြောတာကျတော့ သူကြားနေပြန်ရောဗျာ။ အဲ... ဘေးလူတွေပြောတာကျတော့ မကြားပြန်ဘူးတဲ့ဗျာ။

အော်ပြောမှ ကြားရသတဲ့ဗျာ။ အသိရခက်တဲ့ အမေပါဗျာ။ ဘေးလူတွေ အကျယ်ကြီး အော်ပြောနေကြသော်လည်း ကျွန်တော်ကတော့ တိုးတိုးလေးပဲ ပြောရတယ်ဗျာ။ သူ့ဂါဒက ခပ်ကောင်းကောင်းခင်ဗျာ့၊ စီးပွားရေးသမားတွေ နမူနာယူဖို့ ကောင်းတယ်။ ကျွန်တော်တို့ စီးပွားရေးလောကမှာ မှန်တာတွေရော၊ မမှန်တာတွေရော၊ ဟုတ်တာတွေ ရော၊ မဟုတ်တာတွေရော သတင်းပေါင်းစုံ အတင်းမျိုးစုံ ကြားရတတ်တယ်။ သည်အထဲက ကိုယ်နဲ့ဆိုင်တာ ကိုယ့်အတွက် အသုံးတည့်တာကို ကြားထားလိုက်ပြီး မဆိုင်တာ အသုံးမတည့်တာကို ကြားမထားလိုက်တော့ဘူး၊ ဘယ်ဘက်နားကဝင် ညာဘက်နားကထွက်၊ ညာကဝင် ဘယ်ကပြန်ထုတ်၊ သည်လို လုပ်ရတယ်ဗျာ။ ကြားသမျှအားလုံး ဦးခေါင်းထဲ ထည့်ထားရင် ဘာမျှလုပ်ကိုင်လို့ဖြစ်မှာ မဟုတ်တော့ဘူးဗျာ။ အာရုံက သတင်းနောက်ကပ်ပါနေတော့ ကိုယ့်လုပ်ငန်းဟာပြီး အကုန်လုံး လွဲလွဲချော်ချော် ဖြစ်ကုန်တော့မှာဗျာ။ ကျွန်တော့်ဆီမှာ မြေပဲဆားလှော် လှော်တဲ့သူတွေလည်း သည်အတိုင်းပဲဗျာ။ ကြားချင်တာကြားပြီး မကြားချင်တာ မကြားကြဘူးဗျို့။သူတို့က မြေပဲဆားလှော် လှော်နေတယ်။ အနီးအနားမှာ ဆိုင်းတခြိမ့်ခြိမ့်နဲ့ နတ်ပွဲကနေတယ်။ သူတို့ကြားတော့ ကြားတယ်၊ ဒါပေမယ့် မကြားလည်း မကြားဘူးဗျာ့။ သူတို့အလုပ်ထဲ အာရုံကို နှစ်ထားကြတော့ စိတ်က အလုပ်ထဲမှာပဲ ရောက်နေတော့ မကြားချင်ရင် မကြားဘဲနေလို့ရတာပေါ့ဗျာ။ လူ့စိတ်ဗျာ၊ ခက်သား။

"ခင်ဗျား ကြားပြီးပလား"

"ဟင့်အင်း... ဘာများလဲ၊ ဆိုစမ်းပါဦး ငါ့ဆရာရဲ့"

ထိုအခါ သတင်းဖောက်သည်ချသူက အားပါးတရ လျှာလိပ်ပါးလိပ် အသားကုန် ပြောလေတော့၏။

နားထောင်သူကလည်း...

"ဟာ... ဟုတ်လား၊ အင်း... လုပ်စမ်းပါဦး"

စသည်ဖြင့် အားပေးနေလေ၏။ အမှန်က အဲသည်သတင်းကို ကြားပြီးသားဗျာ့။ လန့်သွားအောင်လို့ ဆက်နားထောင်နေတာဗျာ့။

"ဟင် ငါသိပြီးသားကြီးပါကွာ"

သည်လိုပြောလိုက်ရင် နောက်တစ်ခါ သတင်းမရနိုင်တော့ဘူးဗျာ။ ပြောမည့်သူက လန်သွားပြီဗျာ။ အဲဒါကြောင့် တချို့များ သိပြီးသော်လည်း မသိဟန်ဆောင်ပြီး နားထောင်ကြ၊ သတင်းနှိုက်ကြတာဗျာ။ ဒါဟာ အပေါင်းအသင်းလည်း ဝင်ဆံ့တယ်၊ သတင်းစုံလည်း သိရတယ်။ ဘာဆက်လုပ်ရမယ်ဆိုတာလည်း အကဲဖြတ်လို့ ရတယ်ဗျာ။ ကျွန်တော့်အမေပေးခဲ့သော အမွေ။

ဟား... ဟား...

ငါ့နားမကြား တောင်ကြီးကွယ်လို့ထား။

ဟား... ဟား...

ဂေစားမျှစား

"အရောင်းအဝယ်ပါးတယ်၊ မေးထားလို့ရသေးတယ်၊ ဒီည ပွဲကြည့်ချင် ကြည့်ကြဦး"

ကျွန်တော့်မိန်းမ ခင်မိငယ်က သူ့တပည့်ကလေးတွေ ပွဲကြည့်ဖို့ ဖျာဝယ်ခိုင်းနေတယ်ခင်ဗျာ့၊ ဖျာဖိုး သူကပေးမှာ။ အောင်လံမှာ ပွဲတော်ရက်ခင်ဗျာ့၊ နှစ်စဉ် တပေါင်းလပြည့်ကနေ လပြည့်ကျော် ၁၀၊ ၁၁၊ ၁၂ ရက်အထိ ကျင်းပလေ့ရှိတယ်။ ကုသိနာရုံဘုရားပွဲ။ အလုပ်လုပ်တဲ့အခါ သည်လိုပဲ၊ ဆရာနဲ့ တပည့် တင်းခံနေကြရင် ဟန်မကျတော့ဘူးခင်ဗျာ့။ အဲသည်လုပ်ငန်း။ အလုပ်လုပ်တယ်နော်၊ ပိုက်ဆံရတယ်။ မလုပ်ဘူးနော်၊ ပိုက်ဆံမရဘူး။ ပိုက်ဆံပေးခိုင်းနေတာပဲ၊ ငဲ့စရာမလိုဘူး။ သည်လိုစိတ်မျိုးတွေ နှစ်ဦးနှစ်ဖက် မမွေးကြရဘူးခင်ဗျာ့။

အမှန်ကတော့ အလုပ်သမားနဲ့ အလုပ်ရှင် ဆရာနဲ့ တပည့်ဆိုတာ သေချာတွေးကြည့်ရင် ဂေစားမျှစားတွေပါဗျာ။ တပည့်မှာ ငွေရေးကြေးရေး အခက်အခဲ၊ လူမှုရေးအခက်အခဲ ရှိပြီဆို ဆရာက ပြုံးပြုံးကြီးကြည့်နေလို့ မရဘူးဗျာ၊ သူတို့အရေးမှာ ဝင်ပါရတယ်။ နှုတ်ကူခြင်း၊ လက်မခြင်း၊ ငွေကြေးထောက်ပံ့ခြင်း စသဖြင့် တကယ် အလုပ်ဖြစ်သွားအောင် ကူညီကြရတယ်။ ဆရာ့မှာ လူရေးတန်းရေးရှိမယ်၊ ချက်ရေး ပြုတ်ရေး ဧည့်ခံရေးရှိမယ်ဆို တပည့်တွေက ပိုင်းလုံးတတ်ကြတယ်။ ဘေးကပ်မနေကြဘူး။ အပြန်အလှန်။ အဲသည်လိုပဲ လုပ်ငန်းဟာ ပုံမှန်လည်ပတ်တာပါခင်ဗျာ။ လုပ်ငန်းလည်ပတ်မှ ပိုက်ဆံရ၊ သည်ပိုက်ဆံထဲက အရင်းအနှီး ကုန်ကျစရိတ်တွေနုတ်၊ ရလာတဲ့ အကျိုးအမြတ်ထဲက ခွဲဝေမျှစားကြရတာကလားဗျာ။

"ကရင်... ကရင်... ကရင်ရင်"

"ဟဲလို... အမိန့်ရှိပါခင်ဗျာ"

"ဦးလေး ကျွန်တော် မြင့်တိုးပါ"

"အယ်... ပြော ကိုမြင့်တိုး၊ ဘာအကူအညီပေးရမလဲ"

"တခြားမဟုတ်ဘူး ဦးလေး၊ ဦးလေးတို့ အလုပ်သမားတွေကို ဘယ်နှုန်းတွေပေးနေလဲ သိချင်လို့"

"သြော်... အေး... အေး"

ကျွန်တော်က ကျွန်တော့်တပည့်တွေရဲ့ နေ့စားနှုန်း၊ ပုတ်ပြတ်နှုန်း၊ အနိမ့်ဆုံး အမြင့်ဆုံး နှုန်းထားတွေကို ပြောပြလိုက်တယ်။

"ကျေးဇူးပဲ ဦးလေး"

ကိုမြင့်တိုးဆိုသော ကျွန်တော့်တူခင်ဗျာ့၊ သူက အလုပ်သမား ရာနှင့်ချီရှိနေသော အလုပ်ရုံကြီးကို ကြီးကြပ်နေရသူ။ လက်ရှိစီးပွားရေး အခြေအနေ၊ လက်ရှိဆန်ဈေးနှုန်း၊

အချို့ပွဲရုံများတွင် ယနေ့ရှိနေသော ပွဲရုံလုပ်သားများ၏ ဝင်ငွေစသည်တို့ကို သိရှိလိုသဖြင့် ကျွန်တော့်ဆီကိုလည်း ဖုန်းဆက်မေးခြင်း ဖြစ်ပုံရပါ၏။ သူ့လူတွေကို ဘယ်လောက်ပေးရင် ကောင်းမလဲ ချိန်ဆလို့ရအောင်။ ဟိုနေ့က ပြည်မြို့ရောက်တော့ ဝင်းသီရိပွဲရုံက အလုပ်သမားများ တစ်နေ့ ၂၀၀၀၊ ၂၅၀၀ကျပ် ရကြသည်ဟု ဆိုပါ၏။ ကုန်အဝင်များပြီး လုပ်ခဝင်ငွေများခြင်း ဖြစ်ပါ၏။

အောင်လံပွဲရုံများမှာလည်း ကုန်အဝင်အားကောင်းသော ပွဲရုံ၊ အရောင်းအဝယ် ကောင်းသော ပွဲရုံများမှ လုပ်သားများ ဝင်ငွေကောင်းကြပါ၏၊ သီးနှံလှိုင်ချိန်မှာ ၂၀၀၀ ဆိုတာ အသာကလေးပါ။ နည်းနည်းတော့ ပိုပင်ပန်းတာပေါ့။ တချို့များ အလုပ်သမားများကို အလှည့်ကျ နားပေးထားရတယ်ဗျာ၊ ဆင်းချင်တဲ့သူ ဆင်း၊ ဆင်းနိုင်သလောက် ဆင်း၊ သည်လိုလုပ်လို့ မရဘူးဗျာ။ အားလုံးပြုံဆင်း၊ အားလုံးပြုံနားဆို အလုပ် ဟာ သွားမှာပေါ့ဗျာ။ ပွဲရုံနဲ့ ပွဲစားနဲ့ အလုပ်သမား ဈေးစားမျှစားလေ။ အလုပ်သမားအချင်းချင်းလည်း ဈေးစားမျှစားပေါ့ဗျာ။

အလုပ်လုပ်ကြတယ်ဆိုရမှာ "ငါကိုဖြုတ်ထားနိုင်မှ" အလုပ်ဖြစ်ကြတာကလားဗျာ။ ငါဆိုတာကြီးကိုသာ ရှေ့တန်းတင်လို့ကတော့ အားလုံးဟာ ငါတွေဖြစ်သွားကြပြီ၊ ဘာမျှကို လုပ်စားလို့ မရတော့ဘူးဗျို့။ လုပ်လည်း လုပ်လုပ်ပဲ ဖြစ်မှာပဲ။ ဘာမျှထူးထူးခြားခြား အောင်အောင်မြင်မြင် ပြောင်ပြောင်မြောက်မြောက် ဖြစ်မလာနိုင်ပါဘူးဗျာ။ တွေ့ဖူးပေါင်း များလှပါပြီဗျာ။

## မလည်ရှုပ်

"သန့်ပြီးသား ခုနစ်အိတ်ရှိတယ်၊ နစ်အိတ်က သန့်နေတုန်း၊ ၁၀ နာရီလောက်ဆို ပြီးမယ်၊ အချိန်လေးရာကျော်လောက်တော့ ရနိုင်တယ် ဦးလေး"

၂၀၀၃ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့က ပြည်မြို့ ဝင်းသီရိ ပွဲရုံရောက်တော့ ပွဲစားကိုဝင်းရဲ့ ဇနီး မသီတာက ပြောပြတယ်ခင်ဗျာ။ ကျွန်တော့် မြေပဲဆားလှော် လုပ်ငန်းအတွက် မြေပဲသွားဆွဲတာ။

"နောက် ကားတစ်စီး ဝင်လာတယ်ဟေ့"

ပွဲရုံလုပ်သားတွေ ကားပေါ်ပါကုန်များကိုချ၊ ပလက်ဖောင်းပေါ် ခေတ္တပုံထားသည့် ပဲအိတ်များကို ဆွဲ၊ ကတ္တားနဲ့ချိန်။

"ပိဿာ ၂၈"

"၂၁ ပိဿာ"

"၂၁ ခွဲ"

ပဲစင်းငုံအိတ်တွေကို ချိန်ပြီး သိမ်းနေတာခင်ဗျာ့။ ကုန်ချိန်သူက အော်ပြော၊ စာရေးကလိုက်မှတ်၊ ပဲစင်းငုံ၊ ပဲကြီး၊ ကုလားပဲ၊ ဘိုကိတ်၊ နေကြာ၊ မြေပဲဆန် ကုန်ကမျိုးစုံခင်ဗျာ့။ ပွဲရုံထဲမှာ ပဲအိတ်၊ တောကလာတဲ့ညှော်သည်၊ ပွဲစား၊ အဂယ်တော်၊ ပွဲရုံလုပ်သား၊ များလိုက်တဲ့လူ၊ များလိုက်တဲ့ ကုန်။ ပွဲစားက တစ်ဖက်ဂယ်လက်ကို လှမ်းပြီးတယ်လီဖုန်းနဲ့ ချိတ်၊ ဈေးစကားပြော၊ ဈေးက မပြတ်တပြတ်၊ ထပ်ထပ်သာကျနေ။ ဈေးဖြတ်၊ သည်ဘက်က ရောင်းလက်ကို ပြတ်ဈေးပြော၊ ကုန်ဖိုးတွက်၊ ငွေချေ။

"ဦးလေး ပေးထားနှင့်ဦး၊ နောက်မှ လိုတာ ပိုတာ ရှင်းကြတာပေ့ါ"

ငွေမလည်လို့ ဖောချွေးပြန်နေသော ပွဲစားကို ကိုယ်ချင်းစာမိ၊ ပါသည့်ငွေထဲက သုံးသိန်းကြိုထုတ်ပေး၊ ကုန်ချိန်ဖို့ အလှည့်ရောက်အောင် စောင့်၊ ကျွန်တော့်အလှည့် တော်တော်နဲ့ ရောက်မည့်ပုံမပေါ်၊ ဖိုက်က ဆာလှပြီ၊ ဆာနေလို့ မဖြစ်သေး၊ ကုန်ချိန်ပြီးမှ ကားနဲ့ ချိတ်ရဦးမှာ၊ ကုန်တင်ဖို့ နောက်ကျသွားရင် ကားရဖို့ခက်နိုင်တယ်၊ အောင်လံကားတွေက အပြန်မှာ ပြည်မြို့က ဆန်အိတ်တွေ တင်ရဦးမှာ။ ဆန်အိတ်တွေနဲ့ ပြည့်နေပြီဆို ကျွန်တော့်ပဲဆန်အိတ်ကလေးတွေ ယက်ကလယ်လိုက်နေဦးမှာ။

"ကဲ ဦးလေးကို အလှည့်ပေးလိုက်မယ်၊ သူကအောင်လံပြန်ရမှာ၊ သူ့ပဲအိတ်တွေ ထွက်သွားရင် ဘိုကိတ်ပဲအိတ်တွေထားဖို့ နေရာရဦးမှာ"

မသီတာပြောပြောဆိုဆို လုပ်သားများကို ညွှန်ကြား၊ လုပ်သားများက အလိုက်တသိ ကြားဖြတ်ချိန်ပေး၊ နည်းနည်းလေးပါ၊ အချိန်သုံးဆယ် အိတ်ကလေး ၁၅ လုံးထဲပါ။ ကျွန်တော့်ကို ချိန်ပေးပြီးတော့ တောကျတွေ ဆက်ချိန်၊ စျေးဖြတ်ငွေရှင်းပေး။

"အထဲမှာ အသက်ရှူကျပ်လို့ အပြင်ထွက်လာတာဗျာ"

ပွဲစားကိုဂင်းက ပွဲရုံအပြင်ထွက်၊ ကွမ်းယာဂယ်စား။ ကျွန်တော့်ပဲအိတ်များ ချိန်၊ ချုပ်၊ ပြီးတော့ ကားသမားနဲ့ ချိတ်။

"ဟာ... အိုကေကြီး၊ ဘယ်နအိတ်လဲ"

"၁၅ လုံးထဲပါကွာ"

"ဟော့... သွားတင်ချေကြ၊ ဂင်းသီရိမှာတဲ့"
ပဲအိတ် ကားပေါ်ရောက်မှ ကပျာကသီ ဆိုင်မှာ ထမင်းစား၊ ကမန်းကတန်းစားပြီး ဆိုက်ကားခေါ်၊ သားအငယ်ကောင် ဖွင့်ထားတဲ့ အအေးဆိုင်သို့ သွား၊ အကျိုးအကြောင်းမေး။

"ဆိုက်ကားစောင့်နေတယ်၊ ငါပြန်မယ်"

"ဟင်... အဖေကလည်း အရေးတကြီး"

"ပဲဆန်လာဂယ်တာကွာ၊ ငွေမလည်တာနဲ့ ပွဲစားလည်း ခေါင်းရှုပ်၊ ငါ့အလုပ်လည်း နောက်ကျ၊ ကားက တော်ကြာထွက်မှာကွ၊ မြန်မြန်လစ်မှ ဖြစ်မယ်၊ အေးပါကွာ၊ အေးအေးဆေးဆေး နောက်တစ်ခါ လာပါဦးမယ်"

ပြည်မြို့က နေ့လယ်တစ်နာရီခွဲထွက်၊ ဟိုနေရာ ကုန်ချ၊ သည်ရွာကုန်ချနှင့် ညနေ ၄ နာရီခွဲမှ အိမ်သို့ရောက်ပေတော့၏။ ပါလာသည့် ပဲဆန်အိတ်များကို ချ၊ ရေအေးတစ်ခွက်သောက်၊ အမောဖြေထိုင်မည်လို့ ရှယ်ရုံရှိသေး၊ ကိုစံအုန်းနဲ့

ကိုထွန်းပေါက်ချလာ။ မော်တော်ဆိုင်ကယ်တစ်စီးနဲ့။ သူတို့က ကျွန်တော့်ထံ ပဲဆန်သွင်းနေကျလူတွေ။

"ပြည်ကိုချည်း သွားဆွဲမနေနဲ့ဦး ဆရာသမား၊ ကျွန်တော်တို့ ပဲဆန်တွေလည်း ဖြုန်းပေးဦး"

"မိငယ်ရေ... ဒီလိုလုပ်ကြရအောင်လား"

"ပြော... ဘယ်လိုဆို အဆင်ပြေမလဲ"

"ဒီလိုကွာ... အခု မောင်တို့ လက်ရှိပဲဆန်ကိုလျှော်နေ၊ သူတို့လူတွေလည်း အလုပ်ရအောင် ပဲဆန်အထွင်ခိုင်းလိုက်၊ ရလာတဲ့ပဲဆန်ကို ပီပါတွေနဲ့ ထည့်ထားရင် ဘယ်နှယ့်နေမလဲ၊ ဇူလိုင်၊ ဩဂုတ်နှစ်လစာကွာ၊ သူတို့လည်း အလုပ်ရပ်မထားရ၊ မောင်တို့လည်း အလုပ်တစ်ခု ပြီးသွားတာပေါ့"

"ကောင်းသားပဲ မောင်"

"ကဲ... ကိုစံအုန်းတို့ ကိုထွန်းတို့ ထွင်ကြပေတော့၊ ပီပါထဲ ထည့်ထားမယ်၊ ဒါထက်ဈေးက..."

"ဟာ... ဒါကတော့ ရေမြင့်ကြာမြင့်၊ ရေနိမ့်ကြာနိမ့်ပေါ့၊ လောလောဆယ် ငွေပေါ်ဖို့က အရေးကြီးနေတာ၊ ၈၀၀ ဆို ဘယ်နှယ့်နေလဲ"

ကိုစံအုန်းက ကိုထွန်းဘက်လှည့်ပြော၊ ကိုထွန်းက သဘောတူကြောင်း ခေါင်းညိတ်။

"မလည်တော့လည်း လည်အောင် လှည့်ကြရတော့မှာပေါ့ဗျာ၊ ရှုံးလည်း ဘယ်တတ်နိုင်တော့မလဲ"

ကိုထွန်းက ကိုစံအုန်းနဲ့ ကျွန်တော့်ဘက် လှည့်ပြော၊ မလည်လို့ ရှုပ်နေတာကို ခုလို မျက်နှာချင်းဆိုင် ညှိလိုက်ကြတော့ အထိုက် အလျောက်တော့ ရှင်းသွားပြန်တာ ပေါ့လေ။ ရှုံးတော့ ရှုံးတာပေါ့။


WWW.MMTEASHOP.COM
“မောင်ချမ်းသာ၏ ချမ်းသာနည်း”
(1)
Typing by - han soe tun